# ချီးမွမ်းခြင်း နှင့် ဝတ်ပြုကိုးကွယ်ခြင်း

# ဘုရားသခင်အား

# ဝတ်ပြုကိုးကွယ်သူများဖြစ်လာခြင်း

**A.L.** နှင့် **Joyce Gill** ပြုစုသည်

**www.Gill Ministries.com**

# ၁တိကာ


| | | |
|---|---|---|
| သင်ခန်းစာ (၁) | ချီးမွမ်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်း | ၆ |
| သင်ခန်းစာ (၂) | ဝတ်ပြုကိုးကွယ်ခြင်း၏ပုံစံ | ၁၅ |
| သင်ခန်းစာ (၃) | ဘုရားသခင်၏ ချီးမွမ်းခြင်းလမ်းညွှန်ချက် | ၂၄ |
| သင်ခန်းစာ (၄) | ချီးမွမ်းခြင်းသည် ဘုရားသခင်၏ ကောင်းကြီးများကို ယူဆောင်လာသည်။ | ၃၂ |
| သင်ခန်းစာ (၅) | ချီးမွမ်းခြင်းနှင့် စပ်ဆိုင်သောကျမ်းစကား | ၄၂ |
| သင်ခန်းစာ (၆) | ချီးမွမ်းခြင်းအတွက် ဘုရားသခင်၏ ထေရဝါဒ ရည်ရွယ်ချက် | ၅၂ |
| သင်ခန်းစာ (၇) | တေးဂီတနှင့်ဆိုင်သော တူရိယာများ | ၆၁ |
| သင်ခန်းစာ (၈) | ချီးမွမ်းခြင်း၏ ရုပ်ပိုင်းဆိုင်ရာ ဖော်ပြချက် | ၆၉ |
| သင်ခန်းစာ (၉) | ချီးမွမ်းခြင်းကို တားဆီးသောအရာများ | ၇၉ |
| သင်ခန်းစာ (၁၀) | ချီးမွမ်းခြင်းယဇ်ပူဇော်ခြင်း | ၈၈ |
| သင်ခန်းစာ (၁၁) | ချီးမွမ်းခြင်း၌ ကျွန်ုပ်တို့၏ ပရောဟိတ်အငန်းအတာ | ၉၇ |
| သင်ခန်းစာ (၁၂) | ယဇ်ပုရောဟိတ်များကဲ့သို့ အသက်ရှင်ခြင်း | ၁ ၆ |
| သင်ခန်းစာ (၁၃) | ချီးမွမ်းကိုးကွယ်ခြင်းအားဖြင့် အောင်မြင်ခြင်း | ၁၁၄ |
| သင်ခန်းစာ (၁၄) | ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းးကို ဦးဆောင်ခြင်း | ၁၂၂ |
| သင်ခန်းစာ (၁၅) | ချီးမွမ်းကိုးကွယ်ခြင်းကို ဦးဆောင်သူ၏ အမှုဆောင်ခြင်း | ၁၃၁ |

# နိဒါန်း

အာရုန်၏ အနွယ်ဝင်များသည် မောရှေ၏တဲတော်၌ ဝင်ထွက်၍ ဝတ်ပြုခြင်းဆိုင်ရာ ဝတ္တရားများကို လုပ်ဆောင်ပြီးနောက်ဆက်၍ ရှောလမုန်၏ဗိမာန်တော်၌လည်း အထက်ပါနည်းတူ ဆက်လက်လုပ်ဆောင်သကဲ့သို့ ယနေ့ကျွန်ုပ်တို့ယုံကြည်သူ ယဇ်ပရောဟိတ်များသည်လည်း ဘုရား သခင်၏ မျက်မှောက်တော်ထဲသို့နေ့စဉ်ဝင်ရ၏။

မောရှေ၏တဲတော်အတွင်းသို့တံခါးဖြင့်ဝင်ရ၏။ ယုံကြည်သူတိုင်း ထိုတံတိုင်းအတွင်းသို့ဝင် နိုင်၏။ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းရာဌာန၌ ဘုရားသခင်၏အမှုကို ဆောင်ရွက်ရန် တံတိုင်း တော်အတွင်းသို့ဝင်ရ၏။ ပဋိညာဉ်သေတ္တာရှိသော အသန့်ရှင်းဆုံးသော ဌာန၌သာ ယဇ်ပုရောဟိတ် မင်းသည် တစ်နှစ်လျှင် တစ်ကြိမ်သာဝင်ရ၏။

မြေကြီးပေါ်၌ရှိသော ထိုအသန့်ရှင်းဆုံးသောဌာန(Holy of Holies)သည် ကောင်းကင် ဘုံ၌ရှိသော ဘုရားသခင်၏ ပလ္လင်ကိုပုံဆောင်ခြင်းပင်ဖြစ်သည်။ ကရုဏာပလ္လင်တော်၏ ဖုံးလွှမ်း ခြင်းခံရသော ပဋိညာဉ်သေတ္တာသည် ကောင်းကင်ဘုံပလ္လင်ကို မြေကြီးပေါ်၌ပုံစံပြုထားခြင်း ပင်ဖြစ်သည်။ အသန့်ရှင်းတကာ့ အသန့်ရှင်းဆုံး၌ နေချင်သောဆန္ဒသည် ဘုရားသခင်၏ မျက်မှောက် တော်၌ နေလိုခြင်းပင်ဖြစ်သည်။

သခင်ယေရှုကားတိုင်၌ အသက်တော်စွန့်လွှတ်ချိန်၌ လူနှင့်ဘုရားသခင်အားခြားနား ထားသည့် ဗိမာန်တော်ကန့်လန့်ကာသည် အထက်မှအောက်သို့ အံ့သြဘွယ်ရာ စုတ်ပြဲသွားသည်။ လူသည်အပြစ်အားဖြင့် ဘုရားသခင်နှင့် ကွဲကွာဖို့ရန် မဟုတ်တော့ချေ။ လူ၏အပြစ်သည် ခွင့်လွှတ်ခြင်းခံရသည်။ ယခုမူကား ယောကျ်ားနှင့်မိန်းမသည် ဘုရားသခင်၏ ရှေ့တော်သို့ တိုးဝင်ခွင့် ရပြီ။

ဓမ္မဟောင်းကာလ ယဇ်ပုရောဟိတ်များကဲ့သို့ အထံတော်သို့သာ၍ တိုးဝင်ချဉ်းကပ် နိုင်ခြင်းအားဖြင့် ယနေ့ခေတ်ကာလ အတွက်လည်း ယုံကြည်သူ ယဇ်ပရောဟိတ်များ အနေနှင့် ချီးမွမ်းဝတ်ပြုခြင်းဖြင့်အထံတော်သို့ နေ့စဉ်တိုးဝင်နိုင်လေသည်။ ကျွန်ုပ်နှင့် အတူတကွ ပူးပေါင်း၍ အထံတော်သို့ တိုးဝင်နိုင်လေသည်။ အထံတော်သို့ တိုးဝင်ရန် နာခံမှုနှင့် ပုံသက်သေပြရန် လိုသည်။ အထံတော်သို့ ကျွန်ုပ် တို့ဝင်ရောက်ရန် ဘုရားသခင်ဆန္ဒရှိသော်လည်း ပထမဦးဆုံး ဒါဝိတ် မင်းကြီး၏ လမ်းညွှန်မှုမှာ-

**"ကျေးဇူးတော်ကြီးပါသည်ဟု ဝန်ခံလျက်၊တံခါးတော်တို့ကိုဝင်း၊ ဂုဏ်တော်ချီးမွမ်းလျက် တန်တိုင်းတော်တို့ကို ဝင်းဝင်ကြလော့။ ကျေးဇူးတော် ကိုချီးမွမ်း၍ နာမတော်ကို ကောင်းကင်ကြီး ပေးကြ လော့။" ဆာလံ-၁၀၀း၄**

သူ၏တံခါးတော်အတွင်းသို့ ချီးမွမ်းခြင်းအားဖြင့်ဝင်ရသည်။ ကျေးဇူးကန်းသော နှလုံးသား များအားဖြင့်ကိုယ်တော်၏ တံခါးတော်အတွင်းသို့ ကျွန်ုပ်တို့မရောက်နိုင်။ အထံတော်သို့ ဝင်ရောက် တိုင်း နှလုံးသားအားဖြင့် ဘုရားသခင်အား ပထမဦးဆုံးသော ကျေးဇူးတော်ချီးမွမ်းခြင်းသီချင်း အားဖြင့်ဝင်ရောက်သင့်သည်။

တံခါးတော်အားဖြင့်ဝင်ရောက်၍ ကျွန်ုပ်တို့သည် တံတိုင်းတော်အတွင်းသို့ ရောက်ရှိ လာပြီး ရှေ့တော်မှောက်သို့တိုးဝင်ခြင်းအမှုသည်လည်းသာ၍ တိုးတက်လာသည်။ တံတိုင်းတော် အတွင်း၌ ချီးမွမ်းခြင်းအားဖြင့် ဝတ်ပြုရန်ညွှန်ပြခြင်းခံရသည်။ ဟာလေလုယာ ဟုခေါ်သော အသန့်ရှင်းတကာ့ အသန့်ရှင်းဆုံးသောဌာနအတွင်း ကိုယ်တော်၏အံ့သြဘွယ်ရာ အဖြစ်တော်ကို ဝတ်ပြုကိုးကွယ် ရန်အတွက် အရင်းနှီးဆုံးကျွမ်းဝင်မှုရှိရန်လိုအပ်သည်။ ဤနေရာ၌ ဝမ်းမြောက်စွာ အထံတော်သို့ ဝင်လျှက်တေးဂီတတီးမှုတ်ခြင်းကို ဖော်ပြသောအားဖြင့် ကိုယ်တော်ရှေ့တော်မှောက်၌ ကခုန်ကြသည်။

တံတိုင်းတော်အတွင်း၌ ချီးမွမ်းခြင်းအားဖြင့် တဝဲလည်လည်ရှိနေစဉ် ဘုရားသခင်နှင့် သာ၍နီးကပ်လာရန် ကျွန်ုပ်တို့၏ အတွင်းဝိညာဉ်သည် တစုံတရာ၏ ဆွဲငင်ခြင်းကိုခံစား လာရသည်။ တဖြည်းဖြည်းနှင့် ကိုယ်တော်၏ အဖြစ်တော်သည် ကျွန်ုပ်တို့ကို လွှမ်းမိုးလာသည်။ ကျွန်ုပ်တို့သည် သာ၍မြင့်သော ချီးမွမ်းခြင်းပုံစံအတွင်းသို့ ဝင်ရောက်လာပြီး အတွင်းကျသော အသန့်ရှင်းဆုံးသော အရပ်သို့ ရောက်ရှိလာ တော့သည်။

ထိုအခါရုတ်တရက် ကျွန်ုပ်တို့၏ကခုန်ခြင်းနှင့် လက်ခုပ်တီးခြင်းတို့ကိုကျွန်ုပ်တို့ ရပ်ဆိုင်းပစ် လိုက်ကြသည်။ ဘုရားသခင်၏ရှေ့မှောက်ကိုရောက်ရှိလာ၍ ကိုယ်တော်အား ကြည်ညိုလေးစား အံ့ဩချီးမွမ်း ခြင်းဖြင့်ကျွန်ုပ်တို့လက်များကိုချီလျှက် ကိုယ်တော်၏ရှေ့မှောက်၌ ကိုးကွယ်မိလျက်သား ဖြစ်လာတော့သည်။ တေးဂီတစီးဆင်းမှုသည် ရပ်ဆိုင်းလုနီး ပါးနှေးသွားသည်။ ဘုရားသခင် မျက်မှောက်တော်၏ သန့်ရှင်းစင်ကြယ်မှုသည် ကျွန်ုပ်တို့အားလွှမ်းမိုးလာသည်။ ရှေ့သို့ဆက်၍ တိုးဝင်သော်ခံစားချက်မျက်ရည်များ စီးဆင်းလာသလို တခါတရံမှာ သီဆိုခြင်း၊ တီးမှုတ်ခြင်း ကိုရပ်တန့်ပြီး ကိုယ်တော်ရှင်၏ သန့်ရှင်းသော မျက်မှောက်တော်၌ တိတ်ဆိတ်စွာ ဝတ်ပြုကိုးကွယ် မိတော့သည်။ မိမိ၏ပတ်ဝန်းကျင်ကိုလည်း သတိမထားမိတော့ပဲ ဘုရားသခင် တစ်ပါးတည်းကိုသာ သတိထားမိတော့သည်။ ကိုယ်တော်၏ ရှေ့တော်မှောက် ၌ရပ်တည်လျက် ကျွန်ုပ်တို့သည် သူ၏ မေတ္တာထဲ၌ နှစ်မြုပ်ပျောက်ဆုံးတော့သည်။ -

ကန့်လန့်ကာအတွင်းပိုင်းသို့ဝင်ရောက်သော် ယဇ်ပုရောဟိတ်မင်းများကဲ့သို့ပင် ကျွန်ုပ်တို့ သည်လည်း မိမိတို့၏တိုးဝင်ချဉ်းကပ်မှုကို မေ့လျော့သလောက်ဖြစ်လာသည်။ ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးသောအရပ်၌ ရပ်နေမိပြီးဘုရားသခင်၏ မျက်မှောက်တော်၌ ကိုယ်တော်နှင့် ရင်းနှီး ကျွမ်းဝင်လျက်ဘိသိတ်တော်ကို ဖော်ပြ၍မရနိုင်လောက်အောင်ခံစားရသည်။ မြောက်များစွာ သောသူတို့သည် ဦးညွတ်လျက်သော်၄င်း ပြပ်ဝပ်လျက်သော်၄င်း အချို့တို့သည် ဝိညာဉ်တော်၌ လူးလွန့်လျက်ရှိတော့သည်။ ဘုရားသခင်၏ပဋိညာဉ် သေတ္တာတော်သည် ရှောလမုန်မင်း၏ ဗိမာန်တော် အတွင်းသို့ ပထမဦးဆုံး ယူဆောင်ခြင်းခံရစဉ်က-

**"ယဇ်ပုရောဟိတ်တို့သည် သန့်ရှင်းရဌာနထဲကထွက်ကြသောအခါ ထာဝရဘုရား၏ အိမ်တော်သည် မိုးတိမ်နှင့်ပြည့်၏။ ထိုသို့ထာဝရဘုရား၏ အိမ်တော်သည် ဘုန်းတော် နှင့်ပြည့်လျက်၊ မိုးတိမ်တော်ကြောင့် ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကိုဆောင်ရွက် လျက်ရပ်၍မနေနိုင်ကြ။" ၃ရာ-၈း၁၀-၁၁**

ယနေ့ အနည်းငယ်သော ယုံကြည်သူတို့သာ ထိုအတွေ့အကြုံကို ခံစားရသည်။ ကျွန်ုပ်တို့၏ နှလုံးသားတို့ကို ပြင်ဆင်သင့်သည်။ ကိုယ်တော်ရှင်၏ညွှန်ကြားချက်နှင့် ပုံစံတော် အားဖြင့်သာ အထံ တော်သို့ဝင်ရောက်နိုင်သည်။ ချီးမွမ်းခြင်းကို ကန့်သတ်၍ ကိုးကွယ်ခြင်းမဟုတ်ဘဲ တံတိုင်းတော် အတွင်း၌ ကျွန်ုပ်တို့၏ ခန္ဓာစိတ်ဝိညာဉ်ကို လွတ်လပ်စွာ ဖွင့်ပေး၍ ကိုးကွယ်ခြင်းဖြစ်သည်။

ကိုယ်တော်ရှင်နှင့်သာ၍နီးဖို့ရန် ကျွန်ုပ်တို့တိုးဝင်သင့်သည်။ သတိုးသမီးနှင့်အပြန်အလှန် အတွင်း ကျကျဆက်ဆံဖို့ရန် ကိုယ်တော်ဆန္ဒရှိသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် နီးသထက် နီးဖို့ရန်တိုးဝင်လျက် ချဉ်းကပ်ခြင်းဖြင့် ကိုယ်တော်နှင့် တလုံးတဝတည်းဖြစ်သည့်တိုင်အောင် ချဉ်းကပ် သင့်သည်။ ကျွန်ုပ်တို့၏နှလုံးသားတို့သည် စဉ်ဆက်မပြတ် အထံတော်၌ ရှိရခြင်းကိုမျှော်လင့်လျှက် ထိုတန်ဖိုးရှိသော၊ စင်ကြယ်သသော၊နှုတ်ဖြင့်ဖော်ပြ၍မမှီသော၊ ထိုစစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းကို ဆာငတ်သင့်သည်။

အတွင်းသို့ ကျွန်ုပ်တို့သည် တစ်ခါတည်းဝင်ပြီးသော် ကိုယ်တော်ရှေ့မှောက်မှ ပြန်လည် နောက်ဆုတ် မထွက်ခွာသင့်ပေ။ ကျွန်ုပ်တို့သည် ဆက်လက်၍ ကိုယ်တော်နှင့်နီးနှောနေသင့်သည်။ ထိုကဲ့သို့လုပ်ဆောင် လျှင်ကျွန်ုပ်တို့၏ အသက်တာများ ပြောင်းလဲသွားလိမ့်မည်။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အကျွမ်းဝင်၍ မေ့မရနိုင်သော စွဲလန်းမှုဖြင့် ကိုယ်တော်၏

အသွင်သဏ္ဍာန်သည် ကျွန်ုပ်တို့၏ဝိညာဉ်အပေါ် စွဲထင်ကျန်ရစ်ခဲ့လိမ့်မည်။ ကိုယ်တော်၏ ရှေ့တော် မှောက်၌သာ၍ အချိန်ယူလေလေ သာ၍အကျွမ်းဝင်လေလေ ကျွန်ုပ်တို့၏အတွင်းလူသည်လည်း ကိုယ်တော်၏ သဏ္ဍာန်သို့ပြောင်းလဲလာပြီး ကိုယ်တော်နှင့်သာ၍တူလေလေ ဖြစ်လာသည်။ သားတော်ယေရှုခရစ် ၏သဏ္ဍာန်နှင့် တူလာလေလေ ကျွန်ုပ်တို့သည်ကိုယ်တော်ကဲ့သို့ဖြစ်လာသည်။ ဤနေရာ၌ ကျွန်ုပ်တို့ သည် အမြင့်ဆုံးသောတလုံးတဝတည်း အဆင့်သို့ရောက်ရှိလာသည်။ ဤနေရာ၌ ကိုယ်တော်ထံမှ ရှင်းလင်းသောစကားကို ကြားရသည်။ ကျွန်ုပ်တို့၏နှလုံးသားမှ ဝိုကြွေးသံတို့သည် ဆာလံဆရာ ဒါဝိတ်မင်း၏ (ဆာ-၄၂း၁-၂) တွင်ရေးထားသကဲ့သို့

**"သမင်ဒရယ်သည် ရေစီးသောချောင်းကို တောင့်တသကဲ့သို့၊ အကျွန်ုပ်ဝိညာဉ်သည် ကိုယ်တော်ကို တောင့်တပါသည်ဘုရား။" ဆာ-၄၂း၁-၂**

ဖမ်းဆီးသိမ်းသွားခြင်းခံရသော ပဋိညာဉ်သေတ္တာတော်ကို ယေရုရှလင်မြို့တော်သို့ ပြန်ယူဆောင်လာသောသူသည် ဒါဝိတ်မင်းကြီးပင်ဖြစ်သည်။ ဒါဝိတ်မင်းကြီးသည် ဘုရားသခင် စိတ်တော်နှင့်တွေ့သောသူဖြစ်၍ ဘုရားသခင်၏ရှေ့တော်မှောက်သို့ ရင်းနှီးစွာတွေ့ရှိဆက်ဆံဖို့ အစဉ်တစိုက် ရှာဖွေနေသူဖြစ်၏။ ရှောလမုန်မင်းကြီး၏ ဗိမာန်တော် မဆောက်မှီ ထိုသေတ္တာ သည် ဒါဝိတ်၏တဲတော်ထဲ၌ ဘုရားသခင်၏ မျက်မှောက်တော်ရှေ့နှစ်ပေါင်း (၄၀)တိုင်တိုင် တည်နေခဲ့သည်။ ဤနေရာ၌လူနှင့်ဘုရားကိုခွဲခြားစေသော ပိတ်ကန့်လန့်ကာမရှိချေ။ ပဋိညာဉ်သေတ္တာကား ကိုးကွယ် ဝတ်ပြုသောသူ ရှေ့မှောက်၌လွတ်လပ်စွာတည်ရှိနေသည်။ ဒါဝိတ်၏တဲတော်၌ တစ်ခုတည်းသော ပူဇော်သက္ကာမှာ စဉ်ဆက်မပြတ်ချီးမွမ်းခြင်းပူဇော်သက္ကာပင်ဖြစ်သည်။ ယနေ့အသင်းတော်များ၌ ဝတ်ပြုကိုးကွယ်သောပုံစံသည် ဒါဝိတ်၏တဲတော်၌ ဝတ်ပြုကိုးကွယ်သော ပုံစံအတိုင်းပင်ဖြစ်သည်။ တမန်တော်ယာကုပ်က အာမုတ်အနာဂတ္တိကျမ်း- ၉း၁၁-၁၂ ကို ကိုးကား၍(တမန် ၁၅း၁၆-၁၈)၌

**"ကျန်ကြွင်းရစ်သောဧဒုံအမျိုးသားမှစ၍ ငါ၏နာမဖြင့် သမုတ်သော တစ်ပါးအမျိုးသား အပေါင်းတို့ကို သိမ်းယူစေခြင်းငှာ လဲလျက်ရှိသော ဒါဝိတ်၏တဲကို ထိုကာလ၌ ငါဆောက်တည်ပြန်မည်။ အက်ကွဲရာများကို စေ့စပ်မည်။ ဖြိုပျက်ရာများကိုလည်း ပြုပြင်ပြီးလျှင် ထိုတဲကိုရှေးကာလ၌ ရှိသကဲ့သို့မတ်စေပြန်မည်ဟု ဤအမှုအရာကို စီရင်တော်မူသော ထာဝရဘုရား၏ ဗျာဒိတ်တော် ရှိ၏။"-အာမုတ်-၉း၁၁-၁၂**

ဘုရားသခင် ကြိုတင်ပြင်ဆင်သော စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းကို အသင်းတော်များ၌ ယနေ့သာ၍စုံလင်ပြည့်စုံလာကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဒါဝိတ်ကဲ့သို့ ကျွန်ုပ်တို့ တစ်ဦးချင်းစီတိုင်းသည်(ယနေ့ခေတ်ကာလ၏လန်းဆန်းသော)အသက်စမ်းရေအားဖြင့်လန်းဆန်း သောအခါသမယ ကို ဆာငတ်သင့်ပေသည်။ ကိုယ်တော်၏ မျက်မှောက်တော်သို့တိုးဝင်၍ ကျွန်ုပ်တို့၏ဝိညာဉ်ကို လန်းဆန်းစေလျက် အသစ်သောတန်ခိုးနှင့် ကိုယ်တော်ကိုတော်ကို ချီးမွမ်း ကိုးကွယ်ကြပါစို့။

သင်သည် ဘုရားသခင်၏မျက်မှောက်တော်သို့ တိုးဝင်ချဉ်းကပ်လျှက် အသက်တာ ကိုပြောင်းလဲစေ သောစစ်မှန်သည့်ဝတ်ပြုကိုးကွယ်မှုအားဖြင့် ဘုရားသခင်နှင့် အတွင်းကျကျရင်းနှီး ဆက်ဆံစေရန် ကျွန်ုပ်ဆုတောင်းလျက်နေပါသည်။

# အခန်း (၁)

# ချီးမွမ်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်း

## နိဒါန်း

ယနေ့ယနေ့ကမ္ဘာပေါ်တွင် သန့်ရှင်းသောဝိညာဉ်၏ လန်းဆန်းစေမှုနှင့် အသစ်သောသက်ဝင်လှုပ်ရှားမှုများ ကိုလက်တွေ့ခံစားနေရသည်။ များစွာသောအသင်းတော်များ၌ ခြောက်သွေ့ငြီးငွေ့စွာဖြင့်ဝတ်ပြုကိုးကွယ်ကြ၍ ထုံးတမ်းစဉ်အလာအတိုင်း ဟောင်းနွမ်းသော ဓမ္မတေးသီချင်းများကိုစိတ်မပါတပါဖြင့်သီဆိုခဲ့ကြသည်။ သို့သော်လည်း ယနေ့မတွေ့ကြုံဖူးသော ဆန်းသစ်သည့်အရာများဖြင့် အသင်းတော်၌ယုံကြည်သူများသည် မတ်တပ်ရပ်လျက် ချီးမွမ်းခြင်း၊ လက်ခုပ်တီးခြင်း၊ တခါတရံ ဘုရားသခင်ရှေ့၌ မြူးထူးစွာကခုန်ခြင်း အချို့တို့မှာ ဒူးထောက်လျက် ဘုရားသခင်ထံသို့ လက်ကိုချီပင့်၍ မျက်ရည်များစီးကျလျက် စဉ်ဆက် မပြတ်ကိုးကွယ်ခြင်း၊ ဝိညာဉ်တော်နှင့်ပြည့်စုံသောသီချင်းသစ်များဖြင့် ဘုရားသခင်၏ မျက်မှောက်တော်၌ နှစ်မြုပ်ခြင်းဖြင့်စစ်မှန်သော ဝတ်ပြုခြင်း၏အနှစ်သာရကို လက်တွေ့ ခံစားနေရပြီ။

တူရိယာတန်ဆာပလာ အမျိုးမျိုးတို့သည်လည်း အသင်းတော်၌ ပြန်လည်အသုံးပြုခြင်းခံရပြီး ဘုရားသခင်၌ အသက်တာဆက်ကပ်ခြင်းမရှိ၊ အနည်းအကျဉ်းမျှသာမိတ်သဟာရရှိသော အဆိုတော်များ၊ ဓမ္မသံစုံအဖွဲ့များ၏ ဖျော်ဖြေခြင်းကို မနှစ်မြို့မခံစားလိုတော့ပေ။ ယနေ့ဓမ္မပရိတ်သတ်များသည် ဘုရားသခင်၏အသစ်သော ဘိသိတ်အားဖြင့် ဝတ်ပြုကိုးကွယ်ခြင်း အတွေ့အကြုံအသစ်ကို ခံစားလိုကြသည်။ မကြာခဏဆိုသလို ဘုရားသခင်၏ ဘုန်းတန်ခိုးသည်ဓမ္မပရိတ်သတ်အလယ်သို့ ဆင်းသက်၍ လှိုင်းတန်ပိုးများကဲ့သို့ တလိမ့်ပြီးတလိမ့် ဆင်းသက်ခဲ့ပြီး ကမ္ဘာ့ပထမဦးဆုံးသောဗိမာန်တော်ကို အနုမောဒနာပြုခဲ့စဉ်က အတွေ့အကြုံအတိုင်းဘုရားသခင်၏ ဘုန်းတန်ခိုးတော်သည်မိုးတိမ်ကဲ့သို့ ဆင်းသက်သဖြင့်လူတို့သည် ရပ်၍မနေနိုင်ကြပေ။

**"ယဇ်ပုရောဟိတ်တို့သည် သန့်ရှင်းရာဌာနထဲကထွက်လာကြသောအခါ၊ ထာဝရဘုရား၏ အိမ်တော်သည်မိုးတိမ်တို့နှင့်ပြည့်၏။ ထိုသို့ထာဝရဘုရား၏ အိမ်တော်သည် ဘုန်းတော်နှင် . ပြည့်လျက်၊ မိုးတိမ်တော်ကြောင့် ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကိုဆောင်ရွက်လျက် ရပ်၍မနေနိုင်ကြ။"** ၃ရာ-၈း၁၀-၁၁

## ဒါဝိတ်၏နိုးဆော်ချက်

ဒါဝိတ်သည်ဒါဝိတ်သည်ဘုရားသခင်အား မည်ကဲ့သို့ ချီးမွမ်းရမည်ကိုသိသောသူတစ်ယောက်ဖြစ်သည်။ ယနေ့အသင်းတော်အတွင်းတွင် ဝတ်ပြုကိုးကွယ်ရာ၌ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အပေါ်သို့ ဘိသိတ်သွန်းလောင်းတည်ရှိဖို့ရန် ဒါဝိတ်၏နိုးဆော်ချက်များကို ဗဟိုပြုကြပါစို့။

**"သန့်ရှင်းရာဌာနတော်၌ ဘုရားသခင်ကိုချီမွမ်းကြလော့၊ ဘုန်းတော်ထင်ရှားရာကောင်းကင် မျက်နှာကြက်ပေါ်မှာ ချီးမွမ်းကြလော့။ အလွန်တရာကြီးမြတ်တော်မူခြင်းရှိသည်အတိုင်း ချီးမွမ်းကြလော့။တံပိုး မှုတ်လျက်ဘုရားသခင် ကိုချီးမွမ်းကြလော့။ တယောနှင့်စောင်းကိုတီး လျက်ချီးမွမ်းကြလော့။ ပတ်သာတီးတီးလျက်၊ ကခုန်လျက်နှင့် ချီးမွမ်းကြလော့။ ကြိုးနှင့်ပြည့်စုံသော တူရိယာကိုတီးလျက်၊ နှဲခရာကိုမှုတ်လျက်ချီးမွမ်းကြလော့။ အသံကျယ် သောသံလွင်ကို တီးလျက်ချီးမွမ်းကြလော့။ အကြီးဆုံး သောလင်းကွင်းကို လည်းတီးလျက်ချီးမွမ်းကြလော့။ အသက်ရှိသောသူအပေါင်းတို့သည် ထာဝရဘုရားကို ချီးမွမ်းကြစေ။ ဟာလေလုယာ။" ဆာလံ-၁၅၀း၁-၆**

ထိုအချက်များကို နှလုံးသွင်းကြပါစို့။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချီးမွမ်းသင့်ပါသည်။

## <u>အဓိပ္ပါယ်ဖွင့်ဆိုချက်</u>

### ➢ ချီးမွမ်းခြင်း

ချီးမွမ်းခြင်းဆိုသည်မှာ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ လုပ်ဆောင်ချက်အားလုံးကို ကျေးဇူးတင်ကြောင်း နှလုံးသားဖြင့် လှိုက်လှဲစွာဖော်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့အတွက် အံ့သြဖွယ်ကောင်းကြီး များကိုပြင်ဆင်ပေးသောကြောင့် (ရုပ်ပိုင်းခန္ဓာအားဖြင့်သော်၎င်း၊ နှုတ်ခမ်းအားဖြင့်သော်၎င်း) ကျေးဇူးတင်ကြောင်းကို နှလုံးသားမှပွင့်လင်းစွာ ဖော်ပြခြင်းဖြစ်သည်။

### ➢ ဝတ်ပြုကိုးကွယ်ခြင်း

ကိုးကွယ်ခြင်းသည် ချီးမွမ်းခြင်း၏ အမြင့်ဆုံးသောအပိုင်းဖြစ်သည်။ ကျွန်ုပ်တို့ အတွက် (အံ့သြဖွယ်ကောင်းကြီးမင်္ဂလာများ သွန်းလောင်းခြင်း) သွန်းလောင်းသော အံ့ဖွယ်ကောင်းကြီးမင်္ဂလာအရာများကိုကျော်လွန်၍၊ ဘုရားသခင်၏ပုဂ္ဂိုလ်၊ ဘုရားသခင်၏ သဘောသဘာဝနှင့်

စိတ်စေတနာပြည့်ဝ စုံလင်သော ဂုဏ်ရည်ကိုလေးစား ကြည်ညိုစွာဖြင့် အံ့သြချီးမွမ်း ခြင်းအရာကို ဖွင့်ပြခြင်းပင်ဖြစ်သည်။

# ချီးမွမ်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်းကို နှိုင်းယှဉ်ခြင်း

## ချီးမွမ်းခြင်း

**ချီးမွမ်းခြင်းသည်**

- နှုတ်ဖြင့်ဖော်ထုတ်ပြောဆိုခြင်း
- လေးစားအံ့သြမှုကိုဖော်ပြခြင်း
- ချီးမွမ်းပြောဆိုခြင်း
- ချီးကျူးခြင်း
- ချီးကျူးဂုဏ်ပြုခြင်း
- သြဘာပေးခြင်း
- ချီးမွမ်းခြင်း (နှုတ်ဖြင့်စာဖြင့်ချီးကျူးဂုဏ်ပြုသည်)
- အလွန်ချီးကျူးခြင်း

ဘုရားသခင်သည် အဘယ်မျှလောက် အံ့သြဘွယ်ကောင်းကြောင်းနှင့် ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးခဲ့ပြီးသမျှသော အရာများအပေါ် ဖော်ထုတ်ပြောဆိုခြင်း၊ သီဆိုချီးမွမ်းဂုဏ်ပြုခြင်း ဖြစ်သည်။

## ကိုးကွယ်ခြင်း

**ကိုးကွယ်ခြင်းသည်**

- ကိုးကွယ်ဆည်းကပ်ထိုက်သောအရာကိုဖော်ပြခြင်း
- ကြောက်ရွံ့တုန်လှုပ်ရိုသေမှုကို ခံစားရခြင်း
- ဝတ်ပြုကိုးကွယ်ခြင်းအရာရှေ့၌ ပြပ်ဝပ်ခြင်း
- လေးစားကြည်ညိုခံထိုက်ခြင်း
- ကိုယ်တော်၏ဘုန်းတော်ကိုနေရာပေးခြင်း

ကိုးကွယ်ခြင်းသည် ဘုရားသခင်အား တိုက်ရိုက်စကားပြော၊ တိုက်ရိုက်သီဆိုခြင်းဖြစ်သည်။ သင်သည် သင့်အတွက် ဘုရားသခင်ပြုခဲ့သမျှသောအရာအားလုံးကို တွေးတောစဉ်းစားခြင်း အမှတ်ကို ကျော်လွန်၍ (သင်ကိုယ်တိုင် ဘုရားသခင်၏

မျက်မှောက်တော်ရှေ့၌) ကိုးကွယ်ခြင်းအတွင်းသို့ ဝင်လျက်ကိုယ်တော်ကို ပကတိတိုက်ရိုက်ကိုးကွယ်ခြင်း (တိုက်ရိုက်ဖူးတွေ့ခြင်း)ဖြစ်သည်။

## ➢ အထွဋ်ထိပ်ဆုံးသောချီးမွမ်းခြင်း

ကိုးကွယ်ခြင်းသည် ချီးမွမ်းခြင်း၏ အထွဋ်အထိပ်ဆုံးသော ပုံစံဖြစ်သည်။

**ပထမဦးဆုံး**

➢ ၂လုံးသား၏စိတ်သဘောထားဖြစ်သည်။

➢ ကြည်ညိုဖွယ်ရာလုပ်ငန်းများအတွက် ဖန်ဆင်းရှင်နှင့်အတူ ချီးမွမ်းကိုးကွယ်ခြင်းဖြစ်သည်။

➢ အတွင်းနှလုံးသား ရှင်မြူးခြင်း၏ အစပြုရာဖြစ်သည်။

➢ ဘုရားသခင်၏ ကြီးမြတ်ခြင်းနှင့်ဝတ်ပြုရန် ထိုက်တန်ခြင်း အပေါ် နက်နက်စွာ အာရုံစူးစိုက်ခြင်း

၎င်းနောက် ထိုကဲ့သို့သောဆင်ခြင်မှုနှင့် စိတ်၏ခံစားမှုများ အစဉ်မပြတ်စီးဆင်းလာခြင်းဖြစ်သည်။ ဝတ်ပြုခြင်းသည် ပြီးဆုံး၍ ပြန်လှည့်လာခြင်းမဟုတ်ပဲ ဆက်၍တိုးဝင်ခြင်းဖြစ်သင့်သည်။ နောက်ဆုံးနက်နဲသော ဖော်ပြခြင်းအမှုအရာ၌ ကြည်ညိုလေးစားခြင်း၊ အံ့သြတုန်လှုပ်ခြင်းနှင့် ရိုသေ ကိုးကွယ်ခြင်းတို့ကို စိတ်ဝိညာဉ်၌သွန်းလောင်းဖော်ပြခြင်းပင်ဖြစ်သည်။

# ချီးမွမ်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်းကို နှိုင်းယှဉ်ခြင်း

ကိုးကွယ်ခြင်းအမှုအရာအတွင်းသို့ မဝင်ရောက်မှီ ကိုးကွယ်ခြင်းသည် မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်တို့ သိနားလည်ဖို့ လိုအပ်ပါသည်။

### နာမ်ဝိညာဉ်အားဖြင့်

ကျွန်ုပ်တို့သည် ဘုရားသခင်အား စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းအရာ၌ အတွင်းနှလုံးသား ဝိညာဉ်အားဖြင့်သာလျှင် ဝတ်ပြုကိုးကွယ်နိုင်သည်။

**ယော - ၄း၂၄ "ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နာမ်ဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏"**

နာမ်ဝိညာဉ်အားဖြင့် ဝတ်ပြုကိုးကွယ်ခြင်းဆိုသည်မှာ စိတ်နှလုံးအကြွင်းမဲ့ကိုးကွယ်ခြင်းကို ဆိုလိုသည်။ နာမ်ဝိညာဉ်အားဖြင့် ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာ၏ အဆိုအရ

ကျွန်ုပ်တို့၏ နှလုံးသား (သို့) ဝိညာဉ်ဟူသော အနက်ရှိုင်းဆုံးသော အတွင်းနှလုံးသားထဲမှ လာခြင်းဖြစ်သည်။

## သစ္စာတရားအားဖြင့်

သစ္စာတရားအားဖြင့် ကိုးကွယ်ခြင်းဆိုသည်မှာ ကိုယ်တော်အား ကိုးကွယ်လျက် ကျွန်ုပ်တို့၏ နက်ရှိုင်းသော အတွင်းနှလုံးသားကို ကိုယ်တော်ထံ၌ စစ်ကြောခွင့်ပြုခြင်းဖြစ်သည်။

**သုတ္တံ - ၂၀း၂၇ "လူ၏စိတ်ဝိညာဉ်သည် ကိုယ်အတွင်း၌ ရှိရှိသမျှတို့ကို စစ်ဆေးသော ထာဝရဘုရား၏ မီးခွက်ဖြစ်၏"**

**ယောဟန် - ၁၄း၁၆-၁၇ "ငါသည် ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပစ္စာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံယူနိုင်ကြ၊ ထိုဝိညာဉ်တော်သည် သင်တို့နှင့် အတူ တည်နေ၍ သင်တို့၌ရှိတော်မူသောကြောင့် သင်တို့သိရကြ၏။"**

# မိမိကိုယ်ကို သန့်ရှင်းစေခြင်း

ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဇာတိအသွေးအသားဖြင့် ကိုးကွယ်၍မရသကဲ့သို့ ဘုရားသခင်၏ ဝိညာဉ်အားဖြင့် ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဝတ်ပြုကိုးကွယ်မှုကို ဆောင်ရွက် နိုင်ရန် ဇာတိအသွေးအသား တပ်မက်မှုများ ဆင်ခြင်မှုများနှင့် ဒုစရိုက်များကို ဆေးကြောစင်ကြယ်စေရန် အရေးကြီးလှပေသည်။

**ကောလောသဲ ၃ း ၅ "ထို့ကြောင့် မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာပူပန်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်းဖြစ်သော လောဘလွန်ကျူးခြင်းတည်းဟူသော မြေကြီးပေါ်မှာရှိသော သင်တို့၏ ကိုယ်အင်္ဂါတို့ကို သေစေကြလော့။"**

**ကောလောသဲ ၃ း ၁၆-၁၇ "ခရစ်တော်၏ နှုတ်ကပ်တော်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာ တည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုး မျိုးအားဖြင့်၊ အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍၊ နူးညွတ်သော စိတ် နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့။ စကားပြော သော်၎င်း၊ အမှုဆောင်ရွက်သော်၎င်း၊ သခင်ယေရှု၏ နာမတော်ကိုထောက်၍ ခပ်သိမ်းသော**

**အမှုတို့ကိုပြုမူလျက်၊ ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကို အမှီပြု၍ ခမည်းတော်ဘုရား သခင်ရှေ့၌ ဝန်ခံကြလော့။"**

မိမိကိုယ်ကို မိမိစင်ကြယ်စေလျက် သန့်ရှင်သောနှလုံးသားဖြင့် ဘုရားသခင်အား ကိုးကွယ်ရမည်။ ဇာတိအသွေးအသားဖြင့် ဘုရားသခင်အားကိုးကွယ်၍မရ။ ဘုရားသခင်နှင့် မစပ်ဆိုင်သော အရာအားလုံးကို အကယ်၍ ကျွန်ုပ်တို့သည် စွန့်ပယ်ရှားလျှင် ကျွန်ုပ်တို့၌ အဘယ်အရာမျှ မကျန်ရစ် သော်လည်း ကျွန်ုပ်တို့ဝိညာဉ်မှုကား ဘုရားသခင်၏ ဝိညာဉ်တော်ကို ကိုးကွယ်ရန်အလို့ငှါ ကျန်ရှိနေဦး မည်။

# ကျွန်ုပ်တို့၏ ဦးဆုံးစံနမူနာဖြစ်သူအာဗြဟံ

## အာဗြဟံ၏ဝတ်ပြုခြင်း

ပထမဦးဆုံးသော သမ္မာကျမ်းစာ၏ ဝတ်ပြုခြင်းနှင့်ဆိုင်သော ကိုးကားချက်များသည် အာဗြဟံနှင့်ဆက်နွယ်လျက်ရှိသည်။

**ကမ္ဘာ ၂၂ း ၅ "ငယ်သားနှစ်ယောက်တို့အား၊ သင်တို့သည် ဤအရပ်၌မြည်းနှင့်အတူ နေရစ်ကြလော့။ ငါသည်သားနှင့်အတူ ထိုအရပ်သို့သွား၍ ကိုးကွယ်ခြင်းကိုပြုအံ့၊ ထိုအမှုပြီးမှ သင်တို့ဆီသို့ ပြန်လာဦးမည် ဆိုလေ၏။"**

## အဦးဆုံးပေါ်ပေါက်သောနည်းဥပဒေ

သမ္မာကျမ်းစာကို အနက်ဖွင့်ရာ၌ သူ၏နိယာမတရားရှိ၍ ၄င်းကို "အဦးဆုံးပေါ်ပေါက်သောနည်းဥပဒေ"ဟုခေါ်သည်။

ပထမဦးဆုံးသော "ဝတ်ပြုကိုးကွယ်ခြင်း" ဆိုသည့်ဝေါဟာရကို အသုံးပြုသည့် အဖြစ်အပျက်ကား အာဗြဟံသည် ဣဇာက်နှင့်အတူ မောရိယတောင်သို့ အသွား၌ မိမိ၏ကျွန်များကို ပြောဆိုသည်ကို တွေ့ရသည်။ ဝတ်ပြုကိုးကွယ်ခြင်းဟူသည် လေးနက်သောအကြောင်းအရာ ကို ဤနေရာ၌ ပထမဦးဆုံးတွေ့ရသည်။

## အာဗြဟံ၏နာခံခြင်း

အာဗြဟံသည် ဘုရားသခင်၏ အမိန့်တော်ကို တုံ့ပြန်ခြင်းသည် နာခံမှုတစ်ခုပင်ဖြစ်သည်။ အမိန်တော်ကို တုံ့ပြန်ခြင်းသည် နာခံမှုတစ်ခုပင်ဖြစ်သည်။ အမိန့်တော်ကို နာခံရန် အာဗြဟံ ၏ တုံ့ပြန်ခြင်းသည်

ကျွန်ုပ်တို့အတွက် နာခံခြင်းနှင့် စပ်ဆိုင်သော လိုက်နာရန် ပုံသက်သေ တစ်ရပ်ပင်ဖြစ်သည်။ ဣဇက်သည်ဂတိထားခြင်း ခံရသောအား တစ်ယောက်ဖြစ်၍ ဘုရား သခင်က အာဗြဟံအား ပေးထားသောပဋိညာဉ်ကို ပြည့်စုံစေမည့်သူဖြစ်သည်။

## ပြင်းထန်သောပူဇော်သက္ကာ

ဤတစ်ကြိမ်၌ ဝတ်ပြုကိုးကွယ်ဖို့ရန် လုပ်ဆောင်မှုသည် အမှန်စင်စစ် ခဲယဉ်းပြင်းထန်သော ပူဇော်ခြင်းတစ်ခုဖြစ်သည်။ ဤကဲ့သို့ ဝတ်ပြုရန် လုပ်ဆောင်ချက်သည် အာဗြဟံအဖို့ အကောင်းဆုံးနှင့် သူတတ်နိုင်သမျှအမြင့်ဆုံး ပူဇော်သက္ကာကို ဘုရားသခင် တောင်းဆိုခြင်းဖြစ်သည်။

ဝတ်ပြုကိုးကွယ်ရန် လုပ်ဆောင်မှုသည် တစ်ဦးတစ်ယောက်စီတိုင်းအတွက် ကြီးမား ပြင်းထန်သော ပူဇော်သက္ကာအဖြစ်ရှိဆဲပင် ဖြစ်သည်။

**ရောမ - ၁၂ း ၁-၂ "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့် ပြည့်စုံသော ယဇ်ကို သင်တို့သည် ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ် သော ဝတ်ကိုပြုမည်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီပုံသဏ္ဌာန်ကို မဆောင်ကြနှင့် ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သိနိုင်မည့်အကြောင်း စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။"**

စစ်မှန်သော ဝတ်ပြုခြင်းဆိုသည်မှာ တစ်စုံတစ်ယောက်၏ စိတ်နှလုံး အကြွင်းမဲ့နှင့် ပြီးပြည့် စုံလင်သော ဆက်ကပ်အပ်နှံခြင်းတခုသာလျှင် ဖြစ်သည်။

## နာခံမှုဖြင့်လုပ်ဆာင်ခြင်းသည် ယုံကြည်ခြင်းဖြစ်သည်

ဝတ်ပြုကိုးကွယ်ခြင်း၏ လုပ်ဆောင်မှုသည် ယုံကြည်ခြင်းဖြင့် နာခံလုပ်ဆောင်မှုပင် ဖြစ်သည်။ အာဗြဟံအနေနှင့် ဝတ်ပြုကိုးကွယ်သည်ဟု မိမိကိုယ်မိမိ ထင်မှတ်လိမ့်မည်မဟုတ်ပေ။ နာခံ လုပ်ဆောင်ဆောင်မှုတခုသည် ယုံကြည်ခြင်း၏ လုပ်ဆောင်မှုတခုအဖြစ်သို့ ပြောင်းလဲသွား သည်။

## မိမိကိုယ်မိမိဆက်ကပ်အပ်နှံခြင်း

ဣဇက်ကို အသေသတ်ခြင်းသည် အာဗြဟံအတွက် အရာခပ်သိမ်းသေဆုံးခြင်းပင်ဖြစ်သည်။ ပဋိညာဉ်နှင့် စပ်ဆိုင်သော ဂတိတော်အားလုံးသည် ထိုသား၏မွေးဖွားခြင်းအပေါ်၌ အခြေခံ

လျက်ရှိသည်။ သူ၏ယုံကြည်ချက်အားလုံးသည် ဣဇက်နှင့်ပတ်သက်လျက်ရှိ၍ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် ဘုရားသခင်ထံ၌ လုံးလုံးဆပ်ကပ်အပ်နှံခြင်းပင်ဖြစ်သည်။

အာဗြဟံသည် ဝတ်ပြုကိုးကွယ်ရန် နာခံမှုကြောင့် ဘုရားသခင်သည် ထိုချီးမွမ်းခြင်း ယဇ်ကို ခံယူလျက် ထူးခြားသော ယုံကြည်ခြင်း ဆုကျေးဇူးကို ယူဆောင်စေသည်။ ထိုယုံကြည်ခြင်းသည် ဣဇက်ကို ပူဇော်ဖို့ ဝန်ခံရန် ပြီးပြည့်စုံခဲ့သည်။

**ဆာလံ - ၂၂ း ၃ " ကိုယ်တော်မူကား၊ ဣသရေလအမျိုးသားတို့ ချီးမွမ်းရာ၌ ကျိန်းဝပ်လျက် သန့်ရှင်းခြင်း ရှိတော်မူ၏။"**

အာဗြဟံသည် မိမိသားကို ယဇ်ပူဇော်ရန် ယူဆောင်လာခြင်း အမှုသည် အမြင့်ဆုံးနှင့် အဆုံး စွန်းသော ပူဇော်သက္ကာ၏ စံနမူနာဖြစ်လာသည်။ နောင်သောအခါ မိမိသားတော် ယေရှုခရစ်ကို ဘုရားသခင်က တင်လျှပူဇော်ခွင့်ပြုခြင်းကို ကျွန်ုပ်တို့တွေ့ရသည်။ (ဖြစ်နိုင် စရာ အကောင်းဆုံးသော အရာတစ်ခုမှာ) ခိုင်မာသော အကြောင်းပြချက်တစ်ခုမှာ အာဗြဟံ အနေနှင့် ဣဇက်အား ပူဇော်ရမည့်နေရာ၌ ယေရှုသည် ကားတိုင်ယဇ်ပလ္လင်ထက် အသက် စတေးခံခဲ့ရသည်။

ကျွန်ုပ်တို့၏ ဆန္ဒများ၊ ရည်ရွယ်ချက်များ၊ အစီအစဉ်များတို့ကို စတေး၍ ဘုရား သခင်၏ စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းထဲသို့ တိုးဝင်သင့်သည်။

## ချီးမွမ်းခြင်း၏အကျိုးကျေးဇူး

---

**ရှောလု**

**ဝိညာဉ်ဆိုးများ၏ နှောက်ယှက်မှုကိုခံရသည်။**

**၁ရာ - ၁၆ း ၁၄-၁၇ " ထာဝရဘုရား၏ ဝိညာဉ်တော်သည် ရှောလုမှ ထွက်သွား၍၊ ထာဝရဘုရားထံတော်က ဆိုးသောဝိညာဉ်သည် နှောက်ရှက်တတ်၏ရှောလု၏ ကျွန်ုပ်တို့က လည်း ယခုမှာ ဘုရားသခင်ထံတော်က ဆိုးသောဝိညာဉ်သည် ကိုယ်တော်ကို နှောက်ယှက် တတ်ပါ၏။**
**ခစားသောကိုယ်တော်၏ ကျွန်ုပ်တို့သည် သာယာစွာ စောင်းတီးတတ်သောသူကို ရှာဖွေရမည့်အကြောင်း အရှင်အမိန့်ရှိတော်မူပါ။ ဘုရားသခင့်ထံတော်က ဆိုးသောဝိညာဉ် လာသောအခါ သူသည်စောင်းတီးသဖြင့် ကိုယ်တော်သည် ချမ်းသာရတော်မူမည်ဟု လျှောက်လျှင် ရှောလုက၊ သာယာစွာတီးတတ်သောသူကို ငါ့အဘို့ရှာဖွေ၍ ငါ့ထံသို့ ခေါ်ခဲ့ ကြဟု ကျွန်ုပ်အား အမိန့်တော်မူသော်၊"**

**၁ရာ - ၁၆ း ၂၃ "ဘုရားသခင်ထံတော်က ဆိုးသောဝိညာဉ်သည် ရှောလုအပေါ်မှာ ရောက်သောအခါ၊ ဒါဝိတ်သည် စောင်းကိုယူ၍ တီးသဖြင့် ဆိုးသောဝိညာဉ်သည် ထွက်သွား ၍ရှောလုသည် သက်သာလျက် ပကတိကျန်းမာလျက် ရှိတတ်၏။"**

**တေးဂီတသည် ရွေးနှုတ်ခြင်းဘိတ်သိတ်ကို ယူဆောင်လာသည်။**

နှောက်ယှက်တတ်သော ဝိညာဉ်တို့သည် ရှောလုထံသို့ သက်ရောက်လာသောအခါတိုင်း ဒါဝိတ်သည် စောင်းကိုယူ၍ တီးခတ်ပေးရသည်။ ထိုသို့ချီးမွမ်းခြင်း သီချင်းကိုတီးခတ် သီဆိုသောအခါ ရှောလုမှာ သက်သာရာရ၍ နေကောင်းလာပြီး ထို့နောက် နှောက်ယှက်သော ဝိညာဉ်ဆိုးသည် ရှောလုထံမှာ ထွက်သွားလေသည်။

ဂီတပညာရှင်များနှင့် သီချင်းသည်များသည် (ကျင်လည်စွာ) ကျွမ်းကျင်စွာ တီးမှုတ် သီဆိုတတ်ရန်လိုသည်။ ရှောလု၏ ကျွန်များက ကျွမ်းကျင်စွာ တီးမှုတ်နိုင်သော ဂီတပညာရှင် ကို ရှာတွေ့နိုင်၍ ဒါဝိတ်သည် တန်ခိုးနှင့် ပြည့်ဝသော တေးဂီတ ဘိသိတ်ရှိကြောင်း သူတို့ တွေ့မြင်ဖူးခဲ့သည်။ ထို့ကြောင့် ဒါဝိတ်ကို ရွေးချယ်ခြင်းဖြစ်သည်။

# ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

---

၁။ "ချီးမွမ်းခြင်း"ကို သင်နားလည်သလို ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုပြပါ။

၂။ "ဝတ်ပြုကိုးကွယ်ခြင်း" ကို သင်နားလည်သလို ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုပြပါ။

၃။ မိမိ၏သား ဣဇက်အား ယဇ်ကောင်အဖြစ် တင်လှူပူဇော်ရန် အာဖြဟံ၏ ထူးခြားသော စရိုက်သည် ဘာကိုဖေါ်ပြပါသနည်း။

# အခန်း (၂)

# ဝတ်ပြုကိုးကွယ်ခြင်း၏ပုံစံ

## တဲတော်၌ဝတ်ပြုကိုးကွယ်ခြင်း

သမ္မာကျမ်းစာအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ဆိုင်သော အခြေခံသဘောတရား နောက်တခုမှာ "ကြိမ်ဖန်များစွာ ဖော်ပြခြင်း ဥပဒေသပင်" ဖြစ်သည်။ ဤဥပဒေသ၏ အဆိုအရ ထူးခြားသောအဖြစ်အပျက် မကြာခဏဖော်ပြခြင်းခံရပါက ဤအရာသည် အလွန်အရေးကြီးကြောင်းကိုရည်ညွှန်းသည်။ ဓမ္မဟောင်း၌ တဲတော်နှင့်ပတ်သက်၍ အခန်းကြီး(၅၁)ခန်းတိုင်တိုင် ဖော်ပြခံရခြင်းဖြင့် တဲတော်သည် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးကြောင်း ဘုရားသခင် က သိစေသည်။

## ဓမ္မဟောင်းမှ တဲတော်များနှင့် ဗိမာန်တော်များကို ပြန်လေ့လာခြင်း

---

တဲတော်အချို့နှင့် ဗိမာန်တော်အချို့တို့သည် ဓမ္မဟောင်းကျမ်းထဲ၌ ဖော်ပြခြင်းခံရသည်။ ထိုနေရာတို့သည် ဘုရားသခင်နှင့် ဓမ္မပရိတ်သတ်များ ဆုံတွေ့ရာနေရာ၊ ဘုရားသခင်၏ မျက်မှောက်တော်သို့ ချဉ်းကပ်ရာနေရာဖြစ်သောကြောင့် ထိုအရပ်တို့၏ အရေးပါသော အခြေခံအချက်တို့ကို သိရှိရန်လိုအပ်သလို ထိုအရပ်တို့၏ တစ်ခုနှင့်တစ်ခု ခြားနားချက်ကို လည်း သိရန်အလွန်အရေးကြီးသည်။

**မောရှေ၏တဲတော်**

မောရှေတည်ဆောက်သော တဲတော်၏ပုံစံ အတိအကျကို ဘုရားသခင်က မောရှေအား ပေးခြင်းဖြစ်သည်။ တဲတော်မည်သည်မှာ ကန္တာရခရီးတစ်လျှောက် ဣသရေလလူမျိုးတို့ အတွက် ဘုရားသခင်နှင့် ဆုံတွေ့ရာအလွယ်တကူ ရွှေ့ပြောင်းနိုင်သော တဲပင်ဖြစ်သည်။ မောရှေ၏တဲတော်သည် ဓမ္မဟောင်းကာလ ဝတ်ပြုကိုးကွယ်ရာနေရာဖြစ်သည်။ ပဋိညာဉ်သေတ္တာတော်၏ ယာယီကိန်းဝပ်ရာနေရာဖြစ်သည်။ ထိုနေရာသည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်သကဲ့သို့ ယဇ်ပုရောဟိတ်များ ဘုရားသခင်ရှေ့၌ အစေခံရာနေရာဖြစ်သည်။ ဣသရေလသားသမီးများ အပြစ်သို့နှစ်မွန်းသောအခါ မကြာခဏဆိုသလို ထိုသေတ္တာတော်သည်လည်း ရန်သူများလက်သို့ ကျရောက်ရသည်။ မေရှေ၏ တဲတော်သည် ရှိလောမြို့၌ အတည်တကျ အခြေဆိုက်ခဲ့သည်။

**ဒါဝိတ်၏တဲတော်**

ဒါဝိတ်သည် စစ်သူရဲတစ်ဦးဖြစ်သောကြောင့် ဘုရားသခင်သည်သူ့အား ဗိမာန်တော် တည်ဆောက်ခွင့်မပေးချေ။ ဘုရားသခင်သည် ဗိမာန်တော်၏ ပုံစံကိုသာ ဒါဝိတ်အားပေး၍

ဗိမာန်တော်တည်ဆောက်ရန်

လိုအပ်သောပစ္စည်းကိရိယာများကို သူသည် ရှာဖွေ စုဆောင်း ပေးသည်။

ရှောလမုန်၏ဗိမာန်တော်တည်ဆောက်ခြင်း မပြုမှီ ဖိလိတ္တိလူတို့ထံမှ ပြန်လည် ရောက်ရှိလာသော ပဋိညာဉ်သေတ္တာတော်သည် ဒါဝိတ်၏တဲတော်၌ ပြန်လည်နေရာကျ သည်။ ဒါဝိတ်တဲတော်၏ အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်ကို အထူးတလည် သီးခြား ဝတ်ပြုရန်အတွက် သရုပ်ဖော်ခြင်းပင်ဖြစ်သည်။

ဒါဝိတ်၏တဲတော်သည် ပြတင်းပေါက်တစ်ခုကဲ့သို့ဖြစ်၍ ဓမ္မသစ်ဝတ်ပြုကိုးကွယ်ခြင်း ကို ကြည့်မျှော်ရန်ဖြစ်သည်။ ပြတင်းပေါက်၏ ဘောင်သည် ဓမ္မဟောင်း၏တဲတော်ဖြင့် ကွပ် ထား၍ အတွင်း၌ကား လုံးဝခြားနားသည်။ ဘုရားသခင်၏ ပဋိညာဉ်သေတ္တာကို ထင်ရှားစွာ မြင်ရ၍ ယဇ်ပုရောဟိတ်တို့သည်လည်း တံခါးတော်အတွင်းသို့ ကျေးဇူးတင်ခြင်းဖြင့်၎င်း၊ တံတိုင်းတော်အတွင်းသို့ ချီးမွမ်းခြင်းဖြင့်၎င်း ဝင်လာကြသည်။ သီးခြားကာထားသော ကုလာကာနှင့် အသန့်ရှင်တကာ့ အသန့်ရှင်းဆုံးသော အကန့်လည်း မရှိတော့ဘဲ တစ်ခု တည်းသော ပူဇော်သက္ကာမှာ ချီးမွမ်းခြင်းယဇ်ပင်ဖြစ်သည်။

ဤပြတင်းပေါက် (ဒါဝိတ်၏တဲတော်)သည် ရှောလမုန်မင်း၏ ဗိမာန်တော် တည်ဆောက်သည့်တိုင်အောင် နှစ်ပေါင်း(၄၀)ကြာခဲ့သည်။ ၎င်းနောက်ပြတင်းပေါက်ကို ပိတ်ပြီး ပဋိညာဉ်သေတ္တာတော်သည်လည်း ရှောလမုန်ဗိမာန်တော်အတွင်းသို့ ပြောင်းရွှေ့ခြင်း ခံရသည်။ တိရစ္ဆာန်ယဇ်ပူဇော်ခြင်းကို နားနေရာမှ ပြန်လည်၍ယဇ်ပူဇော်လာကြသည်။

**ရှောလမုန်၏ဗိမာန်တော်**

ရှောလမုန်ဗိမာန်တော်၏ ပုံစံသည် မောရှေတဲတော်၏ ပုံစံနှင့်အတူတူပင်ဖြစ်သည်။ ပဋိညာဉ်သေတ္တာတော်၏ နောက်ဆုံးတည်နေရာလည်းဖြစ်သည်။ ဤအရာသည် ယာယီတဲ မဟုတ်တော့ပဲ ကျောက်ဖြူနှင့် ရွှေဖြင့်ပြုလုပ်သော အစဉ်ကိန်းဝပ်ရာအရပ်ဖြစ်သည်။

သို့သော် ရှောလမုန်၏ ဗိမာန်တော်သည် နှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းခဲ့သည်။ တစ်ပါးအမျိုးသားများနှင့် စစ်ပြိုင်ရာမှ ဣသရေလတို့စစ်ရှုံးပြီး ဆက်ကြေးပေးရာ၌ ဗိမာန် တော်မှ ရွှေတန်ဆာတို့ကို တပါးအမျိုးသားဘုရင်များအား ပေးဆက်ရသည်။ ဗိမာန်တော်၏ နံရံများ၊ တိုင်များ၊ တံခါးများမှ ရွှေများကိုခွာယူကြသည်။ တစ်ကြိမ်၌ ယုဒရှင်ဘုရင် မနာရှေ သည် ဗိမာန်တော်အတွင်း၌ ဗာလအဖို့ယဇ်ပလ္လင်ကို တည်သော သောဒုံမြို့သားတို့၏ ကိုးကွယ်ရာများနှင့် အတွင်းတံတိုင်း၌ ကိုးကွယ်မှုနှင့် သက်ဆိုင်သော “မြင်း” များကို မြင်းဇောင်း၌ထားသကဲ့သို့ ထားရှိသည်။

နောက်ဆုံး ရှောလမုန်၏ ဗိမာန်တော်သည် ခါလဒဲလူမျိုးများ၏ လုံးဝပျက်ဆီးခြင်း ကိုခံရပြီး တန်ဖိုးရှိသောအတွင်းပစ္စည်းများကို ဗာဗုလုန်မြို့သို့ ဆောင်ယူခြင်းခံရသည်။ ဗိမာန် တော်မှာ မီးရှို့ဖျက်ဆီးခြင်းခံရ၍ ပြိုကျပျက်ဆီးခဲ့သည်။

## ဇေရုဗဗေလ၏ ဗိမာန်တော်

၅၂၀ ဘီစီ ၌ ဤဗိမာန်တော်ကို တည်ဆောက်၍ ရှောလမုန်၏ ဗိမာန်တော်လောက် မခမ်း နားသော်လည်း သာ၍ကြီးသည်။ ရှောလမုန်တည်ထောင်သော ဗိမာန်တော်အတွင်းရှိ ပရိ ဘောဂများထက် အတွင်းပစ္စည်းများသာ၍ နည်းသွားသည်၊ သေတ္တာတော်မူကား လုံးဝ ပျောက်ဆုံးနေတော့သည်။

## ဟေရုဒ်မင်း၏ဗိမာန်တော်

ယုဒပြည်ကို ဟေရုဒ်မင်း အုပ်စိုးသောအခါ ဇေရုဗဗေလ၏ ဗိမာန်တော်ကို ပြန်လည် တည်ဆောက်ခဲ့သည်။ ဘုရားကို ဝတ်ပြုကိုးကွယ်ရန်အတွက် စိတ်စေတနာဖြင့် တည်ဆောက် ခြင်းမဟုတ်။ သူသည် အဆောက်အဦးကြီးများကို တည်ဆောက်လိုသော ဆန္ဒပြင်းပြ၍ သူ့လက်ထက်၌ ထူးဆန်းခမ်းနား ကြီးကျယ်သော အဆောက်အဦးများစွာ ဆောက်လုပ်ခဲ့ သည်။ ဇေရုဗဗေလ တည်ဆောက်သော ဗိမာန်တော်သည် သူ့ရသခံစားဖို့ရန်အတွက် ထည်ဝါခြင်းမရှိခဲ့။ ဤဗိမာန်တော်၌ သခင်ယေရှုဝင်ထွက်သွားလာခဲ့၍၊ ယဇ်ပုရောဟိတ် များသည်လည်း သူတို့၏တာဝန်များကို လည်ပတ်လုပ်ဆောင်ခဲ့ပြီး ငွေလဲလှယ်သူများ၏ စားပွဲခုံများကို ယေရှုမှောက်လှန်ခဲ့သော ဗိမာန်တော်ဖြစ်သည်။

**မဿဲ ၂၁ း ၁၂-၁၃ “ယေရှုသည် ဘုရားသခင်၏ ဗိမာန်တော်သို့ ဝင်တော်မူပြီးလျှင်၊ ဗိမာန်တော်၌ ရောင်းဝယ်သောသူအပေါင်းတို့ကို နှင်ထုတ်၍၊ ငွေလဲသောသူတို့၏ ခုံများကို ၄င်း၊ ချိုးငှက်ရောင်းသောသူတို့၏ တိုင်နေရာကို၄င်း တွန်းလှဲတော်မူလျက် ငါ့အိမ်ကို ဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့ဟု ကျမ်းစာ၌လာသော်လည်း သင်တို့သည် ထိုအိမ် ကိုထားပြတွင်းဖြစ်စေကြပြီးတကားဟု မိန့်တော်မူ၏။”**

ကားတိုင်တော်၌ သခင်ယေရှုအသေခံစဉ် သန့်ရှင်းရာဌာနနှင့် အသန့်ရှင်းဆုံးဌာနကို စည်းခြားထားသော ကုလားကာသည် (၆ လက္မအထူရှိမည်) အံ့သြဘွယ် အထက်မှ အောက်သို့ စုတ်ပြဲသွားသည်။

ယုဒလူတို့၏ ရာဇဝင်တလျှောက် ယဇ်ပုရောဟိတ်မင်းတစ်ဦးတည်းသာလျှင် သန့်ရှင်းရာဌာန မှ အသန့်ရှင်းဆုံးဌာနအတွင်း ဝင်ထွက်သွားလာနိုင်၍ အသန့်ရှင်းဆုံးဌာနသည် သေတ္တာ တော်ကျိန်းဝပ်ရာဖြစ်သည်။ ဗိမာန်တော်ကုလားကာ၏ အထက်မှအောက်သို့ စုတ်ပြဲသွားခြင်း ၏ နိမိတ်သည် လူနှင့်ဘုရားကို ပိုင်းခြားထားသည့်

အတားအဆီးအား ဖယ်ရှားပစ်ခြင်းပင် ဖြစ်သည်။ ယခုမူကား လူတို့သည် ဘုရားရှေ့တော်မှောက်သို့ ဝင်ထွက်သွားလာခွင့်ရှိပြီ။

ကျောက်တစ်ခုပေါ် တစ်ခုတင်၍မတင်ရဟု ယေရှုပရောဖက် ပြုခဲ့သည့်အတိုင်း ရောမလူတို့အားဖြင့် (အေဒီ ၇၀)၌ ဗိမာန်တော်သည် ဖျက်ဆီးခြင်းခံရသည်။ ဗိမာန်တော်နှင့် တံတိုင်းသည် လုံးဝမီးလောင်ဖျက်ဆီးခြင်းခံရ၍ ရွှေများသည် ကျောက်ကြိုကျောက်ကြား အရည်ပျော်စီးဝင်သွားသည်။ စစ်သားများသည် ၄င်းကျောက်တုံးများကို ဖယ်ရှား၍ ၄င်းရွှေ များကို ပြန်ရယူခြင်းကြောင့် သခင်ယေရှုခရစ်တော်၏ ပရောဖတ်ပြုချက်ပြန်၍ ပြည့်စုံ ခဲ့သည်။

**မဿဲ - ၂၄ း ၂ " ယေရှုကလည်း၊ ဤအရာအလုံးစုံကို သင်တို့သည် မြင်ကြသည်မဟုတ် လော။ ငါအမှန်ဆိုသည်ကား၊ မဖြိုမချဘဲ ကျောက်တခုပေါ်မှာ တခုမျှ မတည်မနေရဟု မိန့်တော်မူ၏"။**

## သေတ္တာတော်ကို နောက်ယောင်ခံလိုက်ခြင်း

မောရှေ၏တဲတော်မှ ယဇ်ပရောဟိတ်ဧလိ၏ ခေတ်တိုင်အောင် သေတ္တာတော်သည် တဲတော်၌ရှိခဲ့သည်။ ဧလိနှင့်သားများအား အပြစ်ဒဏ်စီရင်ခြင်းဖြင့် သေတ္တာတော်သည် ရန်သူနောက်သို့ပါသွားသည်။

**၁ရာ - ၂ း ၃၀-၃၂ "ထိုသို့ပြုသောကြောင့်၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရ မိန့်တော်မူသည်ကား၊ သင့်အမျိုး၊ သင့်အဘ၏အမျိုးသည် ငါ့ရှေ့မှာအစဉ်သွားလာရ လမ့်မည်ဟု ငါဆိုမိသော်လည်း တဖန်ထာဝရဘုရားမိန့်တော်မူသည်ကား ထိုဂတိသည် ငါနှင့် ဝေးပါစေ။ ငါ့ကိုချီးမြှောက်သောသူတို့ကို ငါချီးမြှောက်မည်။ ငါ့ကိုမထီမဲ့မြင်ပြုသောသူတို့ သည် ဂုဏ်သရေပျက်ရကြလိမ့်မည်။ သင်၏အမျိုးတွင် အိုသောသူတယောက်မျှမရှိစေခြင်းငှါ၊ သင်၏လက်ရုံးနှင့် သင့်အဆွေအမျိုး၏ လက်ရုံးကို ငါဖြတ်သောအချန်ကာလရောက် လိမ့်မည်။ ဣသရေလအမျိုးအား ငါပေးသောစည်းစိမ်ရှိရာ အိမ်ပေါ်မှာ ဘေးဥပဒ်ရောက် ကြောင်းကို သင်မြင်ရလိမ့်မည်။ သင်၏အမျိုးတွင် အိုသောသူတယောက်မျှ အစဉ်မရှိရ။"**

သေတ္တာတော်သည် စစ်ပွဲအပြီး ဖိလိတ္တိလူတို့နောက်ပါသွား၍ ရန်သူနယ်မြေတစ်ခု လုံးသို့ ယူဆောင်ခြင်းခံရပြီး ရောက်လေရာဒေသ၌ တရားစီရင်ခြင်းနှင့် ရုတ်တရက် ဘေးဒုက္ခများကို ရန်သူတို့အပေး ဘုရားသခင်သက်ရောက်စေခဲ့သည်။

**၁ရာ ၅ း ၁-၄၊ "ဖိလိပ္ပိတို့သည် ဘုရားသခင်၏ သေတ္တာတော်ကိုယူ၍ ဧဗနေဇာမြို့မှ အာဇုတ်မြို့သို့ဆောင်သွားကြ၏။ ဘုရားသခင်၏ သေတ္တတော်ကို ဒါဂုန်ကျောင်းထဲသို့**

သွင်း၍ဒါဂုန်အနားမှာထားကြ၏ အာဇုတ်မြို့သားတို့သည် နံနက်စောစောထကြသောအခါ ဒါဂုန်သည် ထာဝရဘုရား၏ သေတ္တာတော်ရှေ့၌ မြေပေါ်မှာလဲ၍ ပြပ်ဝပ်လျက်ရှိသည်ကို တွေ့သဖြင့် သူကိုယူ၍ သူ၏နေရာ၌တင်ထားပြန်ကြ၏ တဖန် နံနက်စောစောထကြသော အခါ ဒါဂုန်သည် ထာဝရဘုရား၏ သေတ္တာတော်ရှေ့၌ မြေပေါ်မှာလဲ၍ ပြပ်ဝပ်လျက် ခေါင်း နှင့်လက်ဝါးနှစ်ဘက်ပြတ်၍ တံခါးခုံပေါ်မှာတင်လျက် ဒါဂုန်ကိုယ်တိတိရှိသည်ကို တွေ့ကြ၏။"

၁ရာ - ၅ း ၆-၇ "အာဇုတ်မြို့နယ်ရှိနေသော သူတို့အပေါ်မှာ ထာဝရဘုရားသည် လေးသောလက်တော်နှင့် ဖျက်တော်မူ၏။ မြင်းသရိုက်အနာနှင့်လည်း ဒဏ်ခတ်တော်မူ၏။ အာဇုတ်မြို့သားတို့သည် ထိုအမှုကိုမြင်လျှင် ဣသရေလအမျိုး၏ ဘုရားသခင်သည် ငါတို့နှင့် ငါတို့ဘုရား ဒါဂုန်အပေါ်မှာ လေးသောလက်တော်ကို တင်တော်မူသည်ဖြစ်၍ ထိုဘုရား၏ သေတ္တာတော်ကို ငါတို့တွင် မရှိစေရဟုဆိုလျက်"

## ယေရုရှလင်မြို့သို့သေတ္တာတော်ကိုပို့ဆောင်ခြင်း

ဘုရားသခင်၏ ဒဏ်ခတ်ခြင်းကြောင့် ဖိလိပ္ပိလူတို့သည် သူတို့၏ ယဇ်ဆရာတို့ကိုခေါ်၍ သေတ္တာတော်ကို မည်သို့ပြန်ပို့ဆောင်ရမည်ကို မေးကြ၏။ လှည်းသစ်၌ သားငယ်ရှိသော နွားမနှစ်ကောင်ကို ကစေ၍ မောင်းနှင်းသူမပါဘဲ ဣသရေလနယ်သို့ တိုက်ရိုက်ပြန်စေသည်။

ဖိလိတ္တိလူတို့သေတ္တာတော်ကို လှည်းပေးတင်ရန် ဘုရားသခင်ခွင့်ပြုခဲ့သည်။ သို့သော် ဘုရားသခင်၏ လူတို့ ထိုသို့ပြုသောအခါ အဘယ်အမှုအရာဖြစ်လာသည်ကို ကြည့်ပါ။

၁ရာ ၆ း ၇-၈ " ယခုမှာ လှည်းသစ်ကိုလုပ်ပြီးမှ ထမ်းပိုးမတင်၊ သားငယ်ရှိသော နွားမနှစ် ကောင်ကို လှည်း၌ကက၍၊ နွားသငယ်တို့ကို သူ့နေရာသို့ပို့ကြလော့။ ထာဝရဘုရား၏ သေတ္တာ တော်ကို လှည်းပေါ်မှာတင်၍ ပြန်ပေးလိုက်သော ဒုစရိုက်ပြေရာ ပူဇော်သက္ကာတည်းဟူသော ရွှေတန်ဆာတို့ကို သေတ္တာတော်နားမှာ အခြားသော သေတ္တာ၌ထားပြီးလျှင် လွှတ်လိုက်၍ သွားပါလေစေ။"

## ကျွန်ုပ်တို့အား သတိပေးချက်

ဒါဝိတ်သည် ကိရယတ်ယာရိမ်မြို့မှ ဇိအုန်တောင်သို့ သေတ္တာတော်ကို ရွှေ့သောအခါ ပထမ အကြိမ်၌ ပြင်းထန်စွာ တားမြစ်အပြစ်ပေးခြင်းခံရသည်။

၁ရာချုပ် - ၁၃ း ၇၈-၈ "ဘုရားသခင်၏ သေတ္တာတော်ကို လှည်းသစ်ပေါ်မှာတင်၍ အဘိနဒပ်အိမ်ထဲက ထုတ်ကြ၏။ ဩဇနှင့် အဟိဩသည် လှည်းကိုနှင်ကြ၏။ ဒါဝိတ်နှင့်

**ဣသရေလအမျိုးသားအပေါင်းတို့သည် သီချင်းဆိုလျက် စောင်း၊ တယော၊ ပတ်သာ၊ နှဲခရာ၊ ခွက်ကွင်း တံပိုးတို့ကို ကိုင်လျက် ထာဝရဘုရားရှေ့တော်၌ အားထုတ်၍ တီးမှုတ်ကြ၏”**

**၁ရာချုပ် -၁၃ း ၁၀ “ထိုသို့သေတ္တာတော်ကို ကိုင်သောကြောင့် ထာဝရဘုရားသည် ဩဇကို အမျက်ထွက်၍ ဒဏ်ခတ်တော်မူသဖြင့် ဩဇသည် ဘုရားသခင်ရှေ့တော်၌ သေလေ၏။**

ဤနေရာ၌ သိနှင့်ပြီးသားလုပ်နေကျ ဝတ်ပြုကိုးကွယ်ခြင်းနည်းအတိုင်း နာခံခြင်းမရှိကြောင်း တွေ့ရသည်။ ဒါဝိတ်နှင့်တာဝန်ရှိသကဲ့သို့ ကျွန်ုပ်တို့သည်လည်း သင့်လျော်သော ဗိမာန်တော်တွင်းလုပ်ထုံးလုပ်နည်းကို လိုက်နာရမည်၊ ဝတ်ပြုကိုးကွယ်သောအခါ ဘုရားသခင် နှစ်သက်သောနည်းဖြင့်သာလျှင် ကိုးကွယ်ရမည်။

**ချီးမွမ်းခြင်းသည်နာမခံခြင်းကိုမကာကွယ်နိုင်**

ဒါဝိတ်နှင့်သူ၏လူတို့သည် သေတ္တာတော်ကို လှည်းဖြင့်သယ်ဆောင်လာကြသော်လည်း သေတ္တာတော်ကို လေဝိသားများက သစ်သားထမ်းပိုးဖြင့် ထမ်းသယ်ဘို့ရန် ဘုရားသခင် အမိန့်တော် ပညတ်တော်ရှိခဲ့သည်။ ဘုရားသခင်၏ ပလ္လင်တော်ကို လှည်းဖြင့်သယ်ယူခွင့်မရှိ။ ဘုရားသခင်အထူးခွဲခန့်မှတ်သားသော သူတို့သာ သယ်ဆောင်ရန်သာဖြစ်သည်။

ချီးမွမ်းသီချင်းဆိုခြင်း၊ တေးဂီတတီးမှုတ်ခြင်းဖြင့် ဒါဝိတ်နှင့်သူ၏လူများက ဘုရားရှင်ရှေ့၌ လုပ်ဆောင်သော်လည်း နာမခံမှု၏ အပြစ်ဒဏ်ကား သေမှုသေခင်းဖြစ်သည်။

နောက်ဆုံး ဘုရားရှင်၏ညွှန်ကြားချက်အတိုင်း နာခံမှုဖြင့် လုပ်ဆောင်မှသာ သေတ္တာတော်ကို သယ်ယူလာနိုင်သည်။

**၁ရာချုပ် ၁၅ း ၂ “ဒါဝိတ်က၊ ဘုရားသခင်၏ သေတ္တာတော်ကိုထမ်း၍ ရှေ့တော်၌ အမှုတော်ကို အစဉ်စောင့်စေခြင်းငှါ ထာဝရဘုရားသည် လေဝိသားတို့ကို ရွေးချယ်တော်မူသောကြောင့် အခြားတပါးသော သူတို့သည် ဘုရားသခင်၏ သေတ္တာတော်ကို မထမ်းရကြ ဟုဆိုလျက်”**

ဝတ်ပြုကိုးကွယ်ရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်မျက်မှောက်၌တည်ဘို့ရန် ဆန္ဒရှိသော်လည်း လူ့နည်းလူ့ဟန် (ကိုယ့်နည်းကိုယ့်ဟန်)နှင့် လုပ်ယူ၍မရချေ။ ကိုယ်တော်၏ မျက်မှောက် တော်၌ ရောက်ရှိရန် ကိုယ်တော်တိုင် အချိန်တိုင်း ဦးဆောင်မှသာဖြစ်နိုင်သည်။ ယခင်တစ်ပတ်က အသုံးပြုခဲ့သော ‘လှည်း’ တည်းဟူသော သီချင်း၊ နာရီ၊ ပုံစံ၊ ပုံသေနည်း က ယခုတစ်ပတ်၌ အလုပ်မဖြစ်နိုင်တော့ပေ။

တဲတော်၌ ဝတ်ပြုကိုးကွယ်ရာတွင် ချီးမွမ်းခြင်းသည် အလွန်အရေးပါသည်။ ဇိအုန်တောင် ပေါ်ရှိ ဒါဝိတ်၏တဲတော်သို့ သေတ္တာတော်ကို ဒါဝိတ်ကိုယ်တိုင် ယူဆောင်လာသည်။ စိတ်ဝင်စားစရာကောင်းသော အချက်မှာ သေတ္တာတော်ကို မောရှေ၏တဲတော်အတွင်းသို့ ပြန်လည်သွတ်သွင်းရန် ဘုရားရှင်သည် ဒါဝိတ်ကို မညွှန်ကြားပေ။ သို့သော် ဒါဝိတ်၏ ကျန်သော အသက်တာပိုင်းနှင့် ရှောလမုန်၏ ဗိမာန်တော်မတည်မှီကာလအတွင်း သေတ္တာတော်ကို ဒါဝိတ်၏တဲတော်၌ တည်နေခွင့်ပြုသည်။

၁ရာချုပ် - ၁၆ း ၁ "ထို့သို့ ဘုရားသခင်၏ သေတ္တာတော်ကို ဆောင်ခဲ့၍ ဒါဝိတ်ဆောက်နှင့် သောတဲအလယ်၌ ထားပြီးမှ၊ မီးရှို့ရာဇ်နှင့် မိဿဟာယယဇ်တို့ကို ဘုရားသခင်ရှေ့တော်၌ ပူဇော်ကြ၏။

၁ရာချုပ် - ၁၆ း ၄-၉ "တဖန် ထာဝရဘုရား၏ သေတ္တာတော်ရှေ့မှာ အမှုတော်ကို ဆောင်ရွက်၍၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို အလှည့်အတိုင်း ချီးမွမ်းစေခြင်းငှါ ခန့်ထားတော်မူသော လေဝိသားများဟူမူကား၊ ခွက်တွင်း တီးသော အကြီးအကဲအာသပ်၊ သူ့နောက်စောင်းတယောတီးသော ဇာခရိ၊ ယေလ၊ ရှေမိ၊ ရာမုတ်၊ ယေဟေလ၊ မတ္တိသိ၊ ဧလျာဘ၊ ဗေနာယ၊ ဩဗဒေဒုံ၊ ယေလကစုနှင့်၊ ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်ရှေ့မှာ အစဉ်တံပိုးမှုတ်သော ယဇ်ပုရောဟိတ် ဗေနာယနှင့် ယဟာဇေလတည်း၊ ထိုနေ့၌ ဒါဝိဒ်သည် အာသပ်နှင့် သူ့ညီတို့အားအပ်သော ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းရာ ဆာလံသီချင်းသစ်ဟူမူကား၊ ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းကြလော့၊ နာမတော်ကို ပဌနာပြုကြလော့၊ အမှုတော်တို့ကို လူများတို့ အား ပြသကြလော့၊ ထာဝရဘုရားကို သီချင်းဆိုကြလော့။ ဆာလံသီချင်းကိုဆိုကြလော့။ အံ့ဘွယ်သောအမှုတော် အပေါင်းတို့ကို ဟောပြောကြလော"

၁ရာချုပ် - ၁၆ း ၃၁, ၃၄ "ကောင်းကင်သည် ဝမ်းမြောက်ခြင်းရှိစေ၊ မြေကြီးသည်လည်း ရွှင် လန်းခြင်းရှိစေ၊ ထာဝရဘုရား စိုးစံတော်မူသည်ဟု တပါးအမျိုးသားတို့တွင် ဟောပြော ကြစေ" "ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်မပြဲ တည်သော ကြောင့် ဂုဏ်ကျေးဇူးကို ချီးမွမ်းကြလော့"။

## ဝတ်ပြုရန်အတွက် အသုံးပြုသော တူရိယာများ

ဒါဝိတ်၏တဲတော်၌ ဝတ်ပြုကိုးကွယ်ရန် တူရိယာများစွာကို အသုံးပြုကြသည်။

ဆာလံ - ၁၀၅ း ၁-၆ "သန့်ရှင်းရာ ဌာနတော်၌ ဘုရားသခင်ကို ချီးမွမ်းကြလော့၊ ဘုန်းတော်ထင်ရှားရာ ကောင်းကင်မျက်နှာကြက်ပေါ်မှာ ချီးမွမ်းကြလော့၊ ထူးဆန်းသော

တန်ခိုး တော်များကြောင့်၊ ဘုရားသခင်ကို ချီးမွမ်းကြလော့၊ အလွန်တရာ ကြီးမြတ်တော်မူခြင်းရှိသည် အတိုင်း ချီးမွမ်းကြလော့၊

တံပိုးမှုတ်လျက် ဘုရားသခင်ကို ချီးမွမ်းကြလော့၊ တယောနှင့် စောင်းကိုတီးလျက် ချီးမွမ်းကြလော့။ ပတ်သာတီးလျက်၊ ကခုန်လျက်နှင့် ချီးမွမ်းကြလော့။ ကြိုးနှင့်ပြည့်စုံသော တူရိယာကိုတီးလျက်၊ နှဲခရာကိုမှုတ်လျက် ချီးမွမ်းကြလော့။ အသံကျယ် သော သံလွင်ကို တီးလျက် ချီးမွမ်းကြလော့။ အကြီးဆုံးသော လင်းကွင်းကိုလည်းတီးလျက် ချီးမွမ်းကြလော့။ အသက်ရှိသောသူအပေါင်းတို့သည် ထာဝရဘုရားကို ချီးမွမ်းကြစေ။ ဟာလေလုယာ။"

ဤတိုတောင်းသော ဆာလံသီချင်း၌ ဘုရားရှင်ကို ချီးမွမ်းရန် တူရိယာ(၇)မျိုးကို ဒါဝိတ်အသုံး ပြုခဲ့သည်။ အရေးကြီးဆုံးနှင့် နောက်ဆုံးအသုံးပြုသော တူရိယာမှာ ကျွန်ုပ်တို့၏ အသံပင် ဖြစ်သည်။

- ➢ တံပိုး
- ➢ စောင်း
- ➢ ရှေးခတ်ဆောင်
- ➢ တချွင်ချွင်မည်သောတူရိယာ
- ➢ ကြိုးတပ်တူရိယာများ
- ➢ နှဲခရာ
- ➢ လင်းကွင်း

## ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်း၏တန်ခိုး

### ➢ မိုးတိမ်ဘုန်းတော်

ဒါဝိတ်၏တဲတော်မှ ရှောလမုန်၏ ဗိမာန်သို့ သေတ္တာတော်ကို သယ်ယူရာ ဘုရားသခင်၏ ဘုန်းတော် ဗိမာန်တော်အတွင်း ဆင်းသက်လာသည့်တိုင်အောင် ယဇ်ပုရောဟိတ်များနှင့် လူများတို့သည် ကျေးဇူးတော်ချီးမွမ်းကြသည်။

၂ရာချုပ် ၅ း ၁၃-၁၄ "သီချင်းဆိုသောသူတို့နှင့်ဝိုင်းလျှင် ထာဝရဘုရား၏ ဂုဏ်ကျေးဇူး တော်ကို ချီးမွမ်း၍ ထောမနာပြုခြင်းငှါ တညီတညွတ်တည်း အသံပြိုင်လျက်၊ ကောင်းမြတ် တော်မူသည်။ ကရုဏာတော် အစဉ်အမြဲတည်သည်ဟု တံပိုးခွက်ကွင်း အစရှိသော တူရိယာ မျိုးနှင့်အတူ အသံကိုလွှင့်၍ ထာဝရဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းကြသောအခါ ထာဝရ ဘုရား၏ အိမ်တော်သည် မိုးတိမ်နှင့်ပြည့်၏။ ထိုသို့ဘုရားသခင်၏

**အိမ်တော်သည် ထာဝရ ဘုရား၏ ဘုန်းတော်နှင့်ပြည့်လျက်၊ မိုးတိမ်တော်ကြောင့် ယဇ်ပုရောဟိတ်တို့သည် အမှုတော် ကို ဆောင်ရွက်လျက်ရပ်၍မနေနိုင်ကြ၊”**

**အသင်းတော်အတွင်းနာမှုနာပုံစံ**

အနှစ် ၄၀ တိုင်တိုင် သေတ္တာတော်ကို မြင်ခွင့်ရသကဲ့သို့ ဒါဝိတ်၏ တဲတော်သည် အသင်းတော်တွင်း ဘုရားသခင်ကို စုပေါင်း၍ သီးသန့်ကိုးကွယ်သည့်ပုံစံဖြစ်သည်။

**တမန် - ၁၅ း ၁၆-၁၇ “ကျမ်းစာလာသည်ကား၊ ငါ၏နာမဖြင့် သမုတ်သော တပါး အမျိုးသားအပေါင်းတည်းဟူသော ကျန်ကြွင်းရစ်သော သူတို့သည် ထာဝရဘုရားကို ရှာစေခြင်းငှါ နောက်မှငါပြန်လာမ်။ လဲလျက်ရှိသော ဒါဝိတ်၏တဲကို ဆောက်တည်ပြန်မည်။ ပြိုပျက်ရာများကိုလည်း ပြုပြင်ပြီးလျှင် ထိုတဲကိုမတ်စေပြန်မည်ဟု”**

**အာမုတ် ၉ း ၁၁-၁၂ “ ကျန်ကြွင်းရစ်သော ဧဒုံအမျိုးသားမှစ၍ ငါ၏နာမဖြင့် သမုတ်သော တပါးအမျိုးသားအပေါင်းတို့ကို သိမ်းယူစေခြင်းငှါ၊ လဲလျက်ရှိသော ဒါဝိတ်၏တဲကို ထိုကာလ ၌ငါဆောက်တည်ပြန်မည်။ အက်ကွဲခြာများကို စေ့စပ်မည်။ ပြိုပျက်ရာများကိုလည်း ပြုပြင်ပြီး လျှင် ထိုတဲကို ရှေးကာလ၌ ရှိသကဲ့သို့ မတ်စေပြန်မည်ဟု ဤအမင‌အေရာကို စီရင်တော်မူ သော ထာဝရဘုရား၏ ဗျာဒိတ်တော်ရှိ၏။”**

ဒါဝိဒ်၏တဲတော်၌ နဂိအနေအထားအတိုင်း ဝိညာဉ်သဘောဆန်သော ကိုးကွယ်မှုအား ဘုရားသခင်တည်စေသည်။ ခရစ်တော်၏ ခန္ဓာတည်းဟူသော တဲတော်၌ (အသင်းတော်) စွဲမြဲမှတ်သားလောက်သော ဝတ်ပြုကိုးကွယ်မှုပုံစံများကို ဘုရားသခင်ပြန်၍ တည်စေလိမ့်မည် မှာ အမှန်ပင်ဖြစ်သည်။

# ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

---

၁။ ဒါဝိဒ်၏ ခေတ်ကာလဝတ်ပြုရာတဲတော်သည် ပိတ်သင်တိုင်းနှင့် ဆင်ယာင်သောတဲဖြစ်၏ ယနေ့ ဒါဝိတ်၏တဲကား မည်သို့နည်း။

၂။ ပထမဆုံးအကြိမ် ပဋိညာဉ်သေတ္တာတော်ကို သယ်ဆောင်လာရန် ဒါဝိတ်မင်းကြီး၏ ကြိုးပမ်း လုပ်ဆောင်မှုတွင် အဘယ်ကြောင့် ဩဇသေဆုံးရပါသနည်း။

၃။ မောရှေ၏ တဲတော်နှင့် ဒါဝိတ်၏တဲတော်၌ ကိုယ်စားပြုဝတ်ပြုကိုးကွယ်ခြင်းပုံစံ မည်သို့ ခြားနားကြောင်းရှင်းပြပါ။

# အခန်း (၃)

## ချီးမွမ်းခြင်းနှင့်ဆိုင်သော ဘုရားသခင်၏လမ်းညွှန်ချက်

သူ၏ဓမ္မပရိတ်သတ်အားလုံးသည် ချီးမွမ်းကိုးကွယ်သောသူအားလုံးဖြစ်စေရန်၊ ဘုရားသခင် သည် ကျမ်းစာတော်အားဖြင့် ညွှန်ကြားချက်များစွာပေးထားသည်။ နှုတ်ကပတ်တော်ကို အချိန်ယူ၍ဖတ်ခြင်း၊ လေ့လာခြင်းအားဖြင့် ထိုအနက်အဓိပ္ပါယ်ကို သိလာစေရန် အလွန် အရေးကြီးပေသည်။

- ➢ အဘယ်ကြောင့် ကိုယ်တော်ကို ချီးမွမ်းသင့်သနည်း။
- ➢ မည်သူတို့က ကိုယ်တော်ကို ချီးမွမ်းရမည်နည်း။
- ➢ မည်သည့်အချိန်၌ ကိုယ်တော်ကို ချီးမွမ်းရမည်နည်း။
- ➢ မည်သည့်နေရာ၌ ကိုယ်တော်ကို ချီးမွမ်းရမည်နည်း။

## အဘယ်ကြောင့်အရှင်သခင်အားကျွန်ုပ်တို့ချီးမွမ်းသင့်သနည်း။

---

### ကိုယ်တော်သည်ထိုက်တန်သောကြောင့်

➢ ကျေးဇူးတင်ရန်ထိုက်တန်သောကြောင့် (ဆာ-၁၀၇ း ၁-၂, ၈ )

"ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ် အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ ရန်သူ၏လက်မှ ထာဝရ ဘုရားနှုတ်၍ အရှေ့အနောက်တောင်မြောက် အရပ်ရပ်ထဲက စုသိမ်းသောသူတည်း ဟူသော ရွေးတော်မူသော သူတို့သည် ဝန်ခံကြစေ။"

"လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့် အံ့ဘွယ်သော အမှုတော်တို့ကို ထောက်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။"

➢ ချီးမွမ်းရန် ထိုက်တန်သောကြောင့် ( ၂ရာ - ၂၂ း ၄ )

"ချီးမွမ်းအပ်သော ထာဝရဘုရားကို ငါတောင်းလျှောက်၍ ရန်သူတို့လက်မှ ကယ်တင်ခြင်းသို့ ရောက်၏။"

➢ ကြီးမြတ်ခြင်း ( ဆာ - ၄၈ း ၁ )

"ထာဝရဘုရားသည် ကြီးမြတ်တော်မူ၏၊ သန့်ရှင်းသော တောင်တော်ပေါ်မှာ ငါတို့ဘုရားသခင်၏ မြို့တော်တွင် အထူးသဖြင့် ထောမနာချီးမွမ်းခြင်းကို ခံထိုက်တော်မူ၏"။

➢ ထူးဆန်းသောအံ့ဘွယ်တန်ခိုးတော် ( ဆာ - ၁၅၀ း ၂ )

"ထူးဆန်းသောတန်ခိုးတော်များကြောင့်၊ ဘုရားသခင်ကို ချီးမွမ်းကြလော့။ အလွန်တရာကြီး မြတ်တော်မူခြင်းရှိသည်အတိုင်း ချီးမွမ်းကြလော့။"

ကိုယ်တော်သည် အဆုံးစွန်သော အခွင့်အာဏာ၊ အမြင့်ဆုံးတန်ခိုး၊ အရပ်ခပ်သိမ်းအားလုံးရှေ့၊ အရာအားလုံးထက် ကြီးမြတ်သည်။

➢ ကျွန်ုပ်တို့အားရွေးနုတ်ခြင်း ( လုကာ - ၁၀ း ၂၀ )

"သို့သော်လည်း နတ်ဆိုးကို နိုင်ရသောကြောင့်သာ ဝမ်းမြောက်ခြင်းမရှိကြနှင့်။ သင်တို့၏ နာမည်များသည် ကောင်းကင်စာရင်း၌ ဝင်သည်ကိုဝမ်းမြောက်ခြင်းရှိကြလော့ဟု မိန့်တော်မူ၏။"

➢ ဘုရားသခင်ဘုန်းထင်ရှားစေရန် ( ဆာ - ၅၀ း ၂၃၊ ဆာ ၆၉ း ၃၀ )

"ကျေးဇူးတော်ချီးမွမ်းခြင်း ယဇ်ကိုပူဇော်သောသူသည် ငါ၏ဘုန်းကို ထင်ရှားစေသောသူဖြစ်၏။ မိမိသွားလေသာလမ်းကို ဆင်ခြင်သောသူအားလည်း ကယ်တင်တော်မူခြင်း ကျေးဇူး ကိုငါပြမည်ဟု ဘုရားသခင်မိန့်တော်မူ၏။"

"ငါသည် ဘုရားသခင်၏ နာမတော်ကို ထောမနာသီချင်းဆိုမည်၊ ကျေးဇူးတော်ကိုပြ၍ ဘုရားသခင်ကို ချီးမွမ်းမည်။"

## ချီးမွမ်းရည်ညွှန်ကြားခြင်း

➢ ဒါဝိတ်အားဖြင့် ( ဆာ - ၁၄၉ း ၁ )

"ထာဝရဘုရား ရှေ့တော်၌ အသစ်သော သီချင်းကိုဆို၍ သန့်ရှင်းသူတို့ စည်းဝေးရာ၌ ဂုဏ်တော်ကို ချီးမွမ်းကြလော့။"

➢ ပေါလုအားဖြင့် ( ဧဖက် - ၅ း ၁၉ )

"ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်း ပြောဆိုဘတ်ရွတ်၍၊ နူးညွတ် သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူးဧ၍ သီချင်းဆိုကြလော့။"

➢ ယောဟန်အားဖြင့် ( ဗျာ - ၁၉ း ၅)

“ပလ္လင်တော်ပေါ်က ထွက်သောအသံကား၊ ဘုရားသခင်၏ ကျွန်အပေါင်းတို့နှင့် ဘုရားသခင် ကိုကြောက်ရွံ့သောသူ အကြီးအငယ်အပေါင်းတို့ ငါတို့ဘုရားသခင်ကို ချီးမွမ်းကြလော့ဟု ဆိုသတည်း။”

ကောင်းမြတ်တော်မူသောကြောင့်

ဆာ - ၉၂ း ၁-၂ “ ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်း၍ အမြင့်ဆုံးသော ဘုရား၏ နာမတော်ကို ထောမနာသီချင်းဆိုခြင်းငှါ၄င်း၊ စောင်းနှင့်တကွ ကြိုးဆယ်ပင်ရှိသော တူရိယာ၊ တယော၊ မီကျောင်းတို့ကိုတီး၍၊ ကရုဏာတော်နှင့်သစ္စာတော်ကို နံနက်အချိန်၊ ညအချိန် အစဉ်အတိုင်း ပြခြင်းငှါ၄င်း လျောက်ပတ်ပေ၏။”

နှစ်သက်ဘွယ်ဖြစ်သောကြောင့်

ဆာ - ၁၄၇ း ၁ “ ထာဝရဘုရားကို ချီးမွမ်းကောင်းသည်ဖြစ်၍ ချီးမွမ်းကြလော့။ ငါတို့၏ ဘုရားသခင်ကို ထောမနာပြုခြင်းသည် သာယာလျောက်ပတ်သည်ဖြစ်၍ ထောမနာ သီချင်း ဆိုကြလော့။”

လျှောက်ပတ်သောကြောင့်

ဆာလံ - ၃၃ း ၁ “ဖြောင့်မတ်သောသူတို့၊ ထာဝရဘုရားကို အမှီပြု၍ ရွှင်လန်းစွာ သီချင်း ဆိုကြလော့။ ထောမနာပြုခြင်းအကျင့်သည် သဘောဖြောင့်သောသူတို့နှင့် ထိုက်တန်လျောက် ပတ်ပေ၏။”

အချို့တို့သည် ဘုရားသခင်ကို ချီးမွမ်းရန် ကြောက်ရွံ့ကြသည်။ အကြောင်းမှာ ထိုသို့ပြုခြင်း၌ ဂုဏ်မြင့်သည်ဟု သူတို့မခံစားနိုင်သောကြောင့်ဖြစ်၍ ဤအရာသည် နှုတ်ကပတ်တော်နှင့် ဆန့်ကျင်သည်။

၂ရာ - ၆ း ၁၄-၁၆ , ၂၁-၂၃ “ဒါဝိတ်သည်လည်း ပိတ်သင်တိုင်းကို ဝတ်လျက်၊ ထာဝရ ဘုရားရှေ့တော်၌ အားထုတ်၍ ကလေ၏။ ထိုသို့ဒါဝိတ်နှင့် ဣသရေလအမျိုးသား အပေါင်း တို့သည် ကြွေးကြော်လျက်၊ တံပိုးမှုတ်လျက်၊ ထာဝရဘုရား၏ သေတ္တာတော်ကို ဆောင်ခဲ့ကြ ၏။ ထာဝရဘုရား၏ သေတ္တာတော်သည် ဒါဝိတ်မြို့ထဲသို့ဝင်သောအခါ၊ ရှောလု၏သမီး မိခါလသည် ပြတင်းပေါက်ဖြင့်ကြည့်၍၊ ဒါဝိတ်မင်းကြီးသည် ထာဝရဘုရားရှေ့တော်၌ ကလျက်ခုန်လျက်လာသည်ကိုမြင်၍ စိတ်နှလုံးထဲ၌ မထီမဲ့မြင်ပြု၏။”

"ဒါဝိတ်ကလည်း၊ သင့်အဘနှင့် သူ၏အဆွေအမျိုးအပေါင်းတို့၏ ကိုယ်စား၊ ငါ့ကိုရွေး ကောက်၍ ထာဝရဘုရား၏လူ၊ ဣသရေလအမျိုးကို အုပ်စိုးသော မင်းအရာ၌ ခန့်ထားတော် မူသော ထာဝရဘုရားရှေ့တော်တွင် ပြုသည်မဟုတ်လော။ ထာဝရဘုရားရှေ့တော်တွင် ငါ ကခုန်မည်။ ထိုမျှမက ငါသာ၍နှိမ့်ချမည်။ သင်ပြောသော ကျွန်မများမူကား၊ ငါ့ကိုချီးမွမ်းကြ လိမ့်မည်ဟု မိခါလကို ပြန်ပြော၏။ ရှောလု၏သမီး မိခါလသည် တသက်လုံးသားကို မဘွား မမြင်ရ။"

## ဘုရားသခင်သည် ချီးမွမ်းခြင်း၌ ကျိန်းဝပ်တော်မူသည်

ဆာလံ ၂၂ - ၃ " ကိုယ်တော်မူကား၊ ဣသရေလအမျိုးသားတို့ ချီးမွမ်းရာ၌ ကျိန်းဝပ် လျက် သန့်ရှင်းခြင်း၊ ရှိတော်မူ၏။"

အကယ်၍ ကျွန်ုပ်တို့နှလုံးသည် ချီးမွမ်းခြင်းနှင့် ပြည့်နေလည်း ဘုရားနှင့် ပြည့်နေခြင်းပင် အကယ်၍ ကျွန်ုပ်တို့အိမ်သည် ချီးမွမ်းခြင်းနှင့် ပြည့်လျင် ဘုရားဝိညာဉ်နှင့်ပြည့်ခြင်းပင် ဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တော်ဖြင့် ပါတ်ရစ်ခြင်းသည် မိမိကိုယ်ကို ချီးမွမ်းခြင်း ဖြင့် ပါတ်ရစ်ခြင်းပင်ဖြစ်သည်။

## ချီးမွမ်းခြင်းသည် ခွန်အား၊ အင်းအားတို့ကို ထုတ်လွှတ်သည်။

နေဟမိ ၈ း ၁၀ (ခ) " ချိုသောအရည်ကို သောက်ကြလော့။ ဆင်းရဲသောသူတို့အား ဝေမျှ ကြလော့။ ဤသည်နေ့ရက်သည် ငါတို့ဘုရားရှင်အဘို့သန့်ရှင်း၏။ ဝမ်းမနည်းကြနှင့်၊ ထာဝရ ဘုရားပေးတော်မူသောအခွင့်နှင့် အားယူ၍ ဝမ်းမြောက်ကြလော့ဟု လူအပေါင်းတို့အား ဆိုကြ၏။

ဆာ - ၂၈ း ၇ "ငါတောင်းလျှောက်သောအသံကို နားထောင်တော်မူပြီ။ ထာဝရဘုရား သည ်ငါ၏ခွန်အားဗလ၊ ငါ၏အကွယ်အကာ ဖြစ်တော်မူ၏။ ငါ့နှလုံးသားသည် ထိုဘုရားကို ကိုးစား၍၊ ငါ့ကိုစောင့်မတော်မူသောကြောင့်၊ ငါ့နှလုံးသည် ရွှင်လန်းလျက်ရှိ၏။ သီချင်းဆို လျက် ဂုဏ်တော်ကို ငါချီးမွမ်းမည်။

## ချီးမွမ်းခြင်းသည် ပြည့်ဝစုံလင်မှုကိုယူဆောင်လာသည်။

ချီးမွမ်းတတ်သော ဝိညာဉ်သည် ဘုရားရှင်နှင့်အတူ ရှိနေရခြင်းအတွက် ဝမ်းမြောက်၍ သူ၏ နှလုံးသား တောင့်တခြင်းကို ဘုရားသခင်က ပြည့်စုံစေသည်။

ဆာ - ၃၇ း ၄ "ထာဝရဘုရားသည် မွေ့လျော်ခြင်းရှိလော့။ သို့ပြုလျှင်၊ စိတ်နှလုံး အလို ပြည့်စုံရသော အခွင့်ကို ပေးတော်မူမည်။

ကျွန်ုပ်တို့ရယူခြင်းမတိုင်မီ ချီးမွမ်းခြင်းကို ရှေးဦးစွာ ပေးဆက်ရသည်။ အကြောင်းမှာ ချီးမွမ်းခြင်းကို ကျွန်ုပ်တို့ ဦးစားပေးရန် ထုံးနည်းစဉ်လာရှိသည်။ ၄င်းနောက် ကျွန်ုပ်တို့၏ နှလုံးသား အလိုဆန္ဒကို ဘုရားသခင် ပြည့်ဝစေလိမ့်မည်။

**ချီးမွမ်းခြင်းသည် အောင်မြင်မှုနှင့် ကျန်းမာခြင်းကို ယူဆောင်လာသည်။**

ဆာ - ၁၈ း ၃ "ချီးမွမ်းအပ်သော ထာဝရဘုရားကို ငါတောင်းလျှောက်၍ ရန်သူတို့လက်မှ ကယ်တင်ခြင်းသို့ရောက်၏။"

၂ ရာချုပ် ၂၀ း ၂၁-၂၂ "လူများနှင့်တိုင်ပင်ပြီးမှ ထာဝရဘုရား၏ကရုဏာတော်သည် အစဉ် အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့ဟု တပ်ရှေ့မှာချီသွားလျက်၊ သန့်ရှင်းခြင်းအသရေကို ချီးမွမ်းရသောသီချင်းသည်တို့ကို ထာဝရဘုရားအဘို့ ခန့်ထားတော် မူ၏။ ထိုသူတို့သည် ချီးမွမ်းရာသီချင်းကို ဆိုစပြုကြသောအခါ၊ ယုဒပြည်ကိုတိုက်အံ့သောငှါ လာသော၊ စိရတောင်သားတို့ကို အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့ တဘက်၌ ထာဝရ ဘုရား ချောင်းမြောင်းစေတော်မူသဖြင့်၊ အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့သည် အထိ အခိုက်ခံရသောကြောင့်၊ တဖန်စိရတောင်သားတို့ကို သုတ်သင်ပင်ရှင်းခြင်းငှါ လှန်၍တိုက် သဖြင့် အကုန်အစင်သတ်ပြီးမှ တယောက်ကိုတယောက် တိုက်ခိုက်၍ ပျက်စီးခြင်းသို့ ရောက် ကြ၏။

နေ့စဉ်ရင်ဆိုင်ရသော ဘဝအသက်တာတိုက်ပွဲတိုင်းမှာလျှင် ချီးမွမ်းခြင်းသည် အောင်မြင် မှုထံသို့ ပို့ဆောင်သောနည်းလမ်းဖြစ်သည်။

# မည်သူတို့ကဘုရားသခင်ကို ချီးမွမ်းရမည်နည်း

---

**အသွေးအသားရှိသူအားလုံး**

ဆာ - ၁၄၅ း ၂၁ (ခ) " ခပ်သိမ်းသောသူတို့သည် သန့်ရှင်းသော နာမတော်ကို ကမ္ဘာ အဆက်ဆက်ကောင်းကြီးပေးကြစေ။

**ကျွန်ုပ်၏ဝိညာဉ်**

ဆာ - ၁၀၃ း ၁-၂ " အိုငါ့ဝိညာဉ်၊ ထာဝရဘုရားကိုကောင်းကြီးပေးလော့။ ငါ၏အထဲမှာ ရှိသမျှတို့၊ သန့်ရှင်းသော နာမတော်ကို ကောင်းကြီးပေးကြလော့။ အိုငါ့ဝိညာဉ်၊ ထာဝရ ဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော်အပေါင်းကို မမေ့ချော့နှင့်။"

အသက်ရှူသောသတ္တဝါအားလုံး

ဆာ - ၁၀၅ း ၆ “ ထာဝရဘုရား၏ကျွန် အာဗြဟံအမျိုး၊ ရွေးကောက်တော်မူသော ယာကုပ်အနွယ်တို့၊ ”

လူအားလုံး

ဆာ - ၆၇ း ၃,၅ “ အိုဘုရားသခင်၊ လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။

“အိုဘုရားသခင်၊ လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။”

ဆာ - ၇၉ း ၁၃ “ သို့ဖြစ်၍ ကိုယ်တော်ထံ၌ ကျက်စားသော သိုးစုတည်းဟူသော ကိုယ်တော်၏လူ အကျွန်ုပ်တို့သည် ကိုယ်တော်ကို အစဉ်မပြတ် ချီးမွမ်း၍၊ ဂုဏ်ကျေးဇူးတော် ကို အစဉ်အဆက် ဖြစ်လတံ့သောသူတို့ အာဘော်ပြုကြပါမည်။

ဖြောင့်မတ်သူများ

ဆာ - ၁၄၀ း ၁၃ “ အကယ်စင်စစ် တရားသောသူတို့သည် နာမတော်ကို ချီးမွမ်းကြပါလိမ့် မည်။ သဘောဖြောင့်သောသူတို့သည် အထံတော်၌ နေရကြပါလိမ့်မည်။

ဖြူစင်သောသူများ

ဆာ - ၁၄၅ း ၁၀ “အိုထာဝရဘုရား၊ ဖန်ဆင်းတော်မူသမျှတို့သည် ဂုဏ်တော်တို့ကိုပြ၍ ကိုယ်တော်၏ သန့်ရှင်းသူတို့သည် ကောင်းကြီးပေးကြပါ၏။”

ရွေးနှုတ်ခြင်းခံရသူ

ဆာ - ၁၀၇ း ၁-၂ “ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော် အစဉ်အမြဲ တည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။”

ဘုရားကိုကြောက်ရွံ့သောသူများ

ဆာ - ၂၂ း ၂၃ “ထာဝရဘုရားကို ကြောက်ရွံ့သော အချင်းတို့၊ ချီးမွမ်းခြင်းကိုပြုကြလော့။ ယာကုပ်အမျိုးအပေါင်းတို့၊ ဂုဏ်ကျေးဇူးတော်ကို ဘော်ပြုကြလော့။ ဣသရေလ အမျိုး အပေါင်းတို့၊ ကိုယ်တော်ကို ကြောက်ရွံ့ကြလော့။”

ဘုရားသခင်၏ကျွန်များ

ဆာ - ၁၁၃ း ၁ “ထာဝရဘုရား၏ ကျွန်တော်တို့၊ ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းကြ လော့။ ချီးမွမ်းကြလော့။”

ဆာ - ၁၃၄ း ၁ “ထာဝရဘုရား၏ အိမ်တော်၌ ညဥ့်ယံစောင့်သော ထာဝရဘုရားကို ကောင်းကြီးပေးကြလော့။”

ဆာ - ၁၃၅ း ၁ “ထာဝရဘုရား၏ နာမတော်ကို ချီးမွမ်းကြလော့။”

ကောင်းကင်တမန်အားလုံး

ဆာ - ၁၄၈ း ၂ “ဘဝဂ်ပေါ်မှာ ချီးမွမ်းကြလော့။ ကောင်းကင်တမန်အပေါင်းတို့၊ ထာဝရဘုရားကို ချီးမွမ်းကြလော့။ ကောင်းကင်ဗိုလ်ခြေအပေါင်းတို့ ချီးမွမ်းကြလော့။”

ဖန်ဆင်းခံရသောအရာအားလုံး

ဆာ - ၁၄၈ း ၇-၁၀ "ဂုဏ်တော်ချီးမွမ်းလျက် ထာဝရဘုရားရှေ့တော်၌ သီချင်းဆိုကြလော့၊ စောင်းတီး၍၊ ငါတို့၏ဘုရားသခင်ကို ထောမနာသီချင်းဆိုကြလော့။ ကောင်းကင်ကို မိုဃ်းတိမ်များနှင့် ဖုံးလွှမ်းသဖြင့်၊ မြေကြီးဘို့ မိုဃ်းရေကိုပြင်ဆင်၍၊ တောင်များပေါ်မှာ မြက် ပင်ကိုပေါက်စေတော်မူ၏။ မြည်တတ်သော ကျီးကန်းကလေးမှစ၍၊ တိရစ္ဆာန်များတို့ကို ကျွေးမွေးတော်မူ၏။ မြင်း၏ခွန်အားနှင့် လူ၏လျင်မြန်ခြင်းကို အားရနှစ်သက်တော်မူခြင်းမရှိ။

ဘုရင်များနှင့်လူသားအားလုံး

ဆာ - ၁၄၈ း ၁၁-၁၃ "ကြောက်ရွံ့သောသူနှင့် ကရုဏာတော်ကို မြော်လင့်သောသူတို့ကို ထာဝရဘုရား နှစ်သက်တော်မူ၏။ အိုယေရုရှလင်မြို့၊ ထာဝရဘုရားကို ချီးမွမ်းလော့။ အိုဇိအုန်မြို့၊ သင်၏ဘုရားသခင်ကို ချီးမွမ်းလော့။ အကြောင်းမူကား၊ သင်၏တံခါး ကန့်လန့် တို့ကို ခိုင်မာစေ၍၊ သင်၏အထဲမှာ သားသမီးများကို ကောင်းကြီးပေးတော်မူ၏။"

# ဘယ်အချိန်မှာ ချီးမွမ်းရမည်နည်း

နံနက်ယံမှညတိုင်အောင်

ဆာ - ၁၁၃ း ၃ "နေထွက်ရာမှသည် နေဝင်ရာတိုင်အောင်၊ ထာဝရဘုရား၏ နာမတော်သည် ချီးမွမ်းဘွယ်ဖြစ်၏။"

တနေကုန်

ဆာ - ၇၁ း ၈ "ဂုဏ်သရေတော်နှင့် ယှဉ်သော ထောမနာစကားကို ကျွန်ုပ်သည် နေ့တိုင်း အစဉ်မြွက်ဆိုပါစေသော။"

ကျွန်ုပ်တို့အသက်ရှင်သမျှကာလပတ်လုံး

ဆာ - ၁၄၆ း ၂ "ထာဝရဘုရားကို ချီးမွမ်းမည်။ ငါဖြစ်စဉ်ကာလပတ်လုံး၊ ငါ၏ဘုရားသခင်ကို ထောမနာ သီချင်းဆိုမည်။"

စဉ်ဆက်မပြတ်

ဆာ - ၃၄ း ၁ "ငါသည်ခပ်သိမ်းသော ကာလတို့၌ ထာဝရဘုရားကို ကောင်းကြီးပေးမည်။ ဂုဏ်ကျေးဇူးတော်ကို အစဉ်မပြတ် မြွက်ဆိုမည်။ "

ညှိုးငယ်သောအခါ

ဆာ - ၄၂ း ၁၁ "အိုငါ့ဝိညာဉ်၊ သင်သည်အဘယ်ကြောင့် ညှိုးငယ်သနည်း။ ငါ့အထဲမှာ အဘယ်ကြောင့် မငြိမ်မဝပ်ရှိသနည်း။ ဘုရားသခင်ကို မြော်လင့်လျက် နေလော့။ ငါကို ကယ်တင်တော်မူသောအရှင်၊ ငါကိုးကွယ်သော ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း ထောမနာပြုရလေအံ့သတည်း။"

အမြဲတမ်း

ဧဖက် - ၅ း ၂၀ "ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင်ယေရှု ခရစ်၏ နာမတော်ထောက်၍၊ ခမည်းတော်ဘုရားသခင်ရှေ့၊ ကာလအစဉ်မပြတ် ဝန်ခံကြ လော့။"

# ဘယ်နေရာမှာ ချီးမွမ်းမလဲ။

လူပရိတ်သတ်ထဲ၌

ဆာ - ၂၂ း ၂၂, ၂၅ "အကျွန်ုပ်သည် သိတင်းတော်ကို ညီအစ်တို့အား ကြားပြောပါမည်။ ပရိတ်သတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်းပါ။"

"အကျွန်ုပ်သည် မဟာပရိတ်သတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်း၍၊ ကိုယ်တော်ကို ကြောက်ရွံ့သော သူတို့ရှေ့မှာ၊ သစ္စာကတိထားသည့်အတိုင်း သစ္စာဝတ်ကို ဖြေပါမည်။

ဆာ - ၁၀၇ း ၃၂ "လူပရိတ်သတ်၏အလယ်မှာ ထာဝရဘုရားကို ချီးမြှောက်၍ အသက်ကြီး သူတို့၏ အစည်းအဝေး၌ ချီးမွမ်းကြစေ။"

ဆာ - ၁၄၉ း ၁ "ထာဝရဘုရားရှေ့တော်၌ အသစ်သောသီချင်းကိုဆို၍၊ သန့်ရှင်းသူတို့ စည်းဝေးရာ၌ ဂုဏ်တော်ကို ချီးမွမ်းကြလော့။"

သန့်ရှင်းရာဌာနတော်၌

ဆာ - ၁၅၀ း ၁ "သန့်ရှင်းရာဌာနတော်၌ ဘုရားသခင်ကို ချီးမွမ်းကြလော့။ ဘုန်းတော် ထင်ရှားရာ ကောင်းကင်မျက်နှာကြက်ပေါ်မှာ ချီးမွမ်းကြလော့။"

တိုင်းနိုင်ငံတို့၌/လူမျိုးတိုင်း၌

ဆာ - ၁၀၀ း ၄ "ကျေးဇူးတော်ကြီးပါသည်ဟု ဝန်ခံလျက်၊ တံခါးတော်ကို၎င်း၊ ဂုဏ်တော် ချီးမွမ်းလျက် တန်တိုင်းတော်ကို၎င်း ဝင်ကြလော့။ ကျေးဇူးတော်ချီးမွမ်း၍ နာမတော်ကို ကောင်းကြီးပေးကြလော့။"

များစွာသောလူပရိတ်သတ်အလယ်၌

ဆာ - ၁၀၉ း ၃၀ " အကျွန်ုပ်သည် နှုတ်မြွက်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို အလွန်ချီးမွမ်းပါမည်။ များစွာသောသူတို့အလယ်၌ ချီးမွမ်းပါမည်။"

# ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁။ ဘုရားသခင်အား ချီးမွမ်းသင့်သည့်အကြောင်းပြချက် ၃ - ချက်ကိုဖော်ပြပါ။

၂။ မည်သည့်အချိန်၌ ဘုရားသခင်ကို ချီးမွမ်းမည်နည်း။ သမ္မာကျမ်းစာမှ အထောက်အထား တစ်ခုကို ပြ၍ သင်၏ကိုယ်ပိုင်အတွေ့အကြုံမှ အထောက်အထားတစ်ခုစီပြပါ။

၃။ သင့်ကိုယ်သင့်အတွက်သော် လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း၊ ခွန်အား ဖြစ်စေမည့် ကျက်မှတ်ရန် ကျမ်းပိုဒ် ၃-ပိုဒ်ကို အစီအရီ ချရေးပါ။

# အခန်း (၄)

# ချီးမွမ်းခြင်းသည် ဘုရားသခင်၏ကောင်းကြီးများကိုယူဆောင်လာသည်

# ချီးမွမ်းခြင်းသည် ရွှသွန်းသည့်မိုးကဲ့သို့လည်ပါတ်ခြင်း

**ရေသံသရာလည်သကဲ့သို့**

ကျေးဇူးတော်ချီးမွမ်းခြင်းသည် ရေ၏သံသရာလည်သကဲ့သို့ ဖြစ်စဉ်အကြောင်း ကျမ်းစာ၌ ဖော်ပြသောနေရာများစွာရှိခဲ့သည်။

- ➢ ကမ္ဘာပေါ်ရှိ ရေအငွေ့ပျံသွားသည်။
- ➢ ရေငွေ့သည် လေထုထဲ၌ တိမ်မိစိုင်တိမ်ထုဖြစ်သွားသည်။
- ➢ ၎င်းနောက် မြေပေါ်သို့ ပြန်ရာချသည်။

**ချီးမွမ်းခြင်း၏ သံသရာလည်ပုံ**

ချီးမွမ်းခြင်းသည် အဆုံးမရှိသော အရာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ချီးမွမ်းခြင်းယဇ်ပူဇော်၍ ထိုချီးမွမ်းခြင်းက ကျွန်ုပ်တို့အား

- ➢ ကောင်းကြီးမင်္ဂလာ
- ➢ အောင်မြင်ခြင်း
- ➢ ကြီးထွားရင့်ကျက်ခြင်းကို ပြန်ပေးသည်။ ပြန်ယူလာသည်

**အာမုတ် ၅ း ၈, ၉ း ၆ "ခိမကြယ်စုနှင့် ခသိလကြယ်ကို ဖန်ဆင်းထားသော၊ သေမင်းအရိပ် ကို နံနက်အလင်းဖြစ်စေခြင်း၄ါ၄င်း၊ နေ့အလင်းကို ညဥ့်အမိုက် ဖြစ်စေခြင်း၄ါ၄င်း စီရင်ထ သော၊ ပင်လယ်ရေကိုခေါ်၍ မြေပေါ်မှာသွန်းလောင်ထသော၊ ထာဝရဘုရားတည်းဟူသော ဘွဲ့နာမရှိထသော၊**

**"အထက်အခန်းတော်တို့ကို ကောင်းကင်၌ဆောက်၍၊ အောက်တိုက်တော်ကို မြေကြီးပေါ်မှာ တည်တော်မူ၏ သမုဒ္ဒရာရေကိုခေါ်၍ မြေကြီးပြင်၌ သွန်းလောင်းတော်မူ၏။ ကောင်းကင် ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရဘုရားတည်းဟူသော ဘွဲ့နာမရှိတော်မူ၏။"**

ဘုရားသခင်သည် ကောင်းကြီးမင်္ဂလာကို သွန်းလောင်းသည်။

ရေကို အငွေ့ပျံ့စေ၍ မိုးကိုရွာသွန်းစေသကဲ့သို့ သူ့အား ချီးမွမ်းရန် ဘုရားသခင်ခေါ်ယူတော်မူခြင်းသည် ကျွန်ုပ်တို့အပေါ် ကောင်းကြီးမင်္ဂလာ သွန်းလောင်းရန်ဖြစ်သည်။

ယောဘ ၃၆ း ၂၇, ၂၈ "ရေကိုသုန်ဖျင်းစေ၍၊ အထက်သို့ဆွဲယူတော်မူသဖြင့်၊ ရေငွေ့ရှိသည့် အတိုင်း မိုဃ်းရွာတတ်၏။ မိုဃ်းတိမ်မှာ လူတို့အပေါ်သို့ မိုဃ်းပေါက်ကျ၍၊ များစွာသော မိုဃ်းရွာတတ်၏။"

ဟောရှေ ၆ း ၃ "ပညာကိုလည်း ရကြလိမ့်မည်။ ထာဝရဘုရားကို သိခြင်းငှါ လိုက်ရှာကြလိမ့်မည်။ ထွက်တော်မူချိန်သည် နံနက်ကဲ့သို့ဖြစ်လိမ့်မည်။ ရွာသောမိုဃ်းနှင့် မြေအပေါ်သို့ ရွာသော နောက်မိုဃ်းကဲ့သို့ သက်ရောက်တော်မူလိမ့်မည်။

ဟေရှာယ ၄၅ း ၈ " မိုဃ်းကောင်းကင်တို့၊ အထက်မှယိုကြလော့။ မိုဃ်းတိမ်တို့သည် တရားမိုဃ်းရွာကြစေ။ မြေကြီးသည်ပွင့်၍ ကယ်တင်ခြင်းအသီးကို သီးစေ။ ဖြောင့်မတ်ခြင်း တရားသည် တပြိုင်နက်ပေါက်စေ။ ထိုသို့ ငါထာဝရဘုရား ဖန်ဆင်း၏။"

ချီးမွမ်းခြင်းသည်အပေါ်သို့ပျံတတ်၍ ကောင်းကြီးသည် ဆင်းသက်လာသည်

ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ ချီးမွမ်းခြင်းကို ဆက်သလျှင် ထိုချီးမွမ်းခြင်းကို ကောင်းကြီးမင်္ဂလာအဖြစ်သို့ ပြောင်းလဲစေလျက် ကျွန်ုပ်တို့အပေါ်သို့ ပြန်လည် သွန်းလောင်းစေသည်။

သုတ္တံ - ၁၁ း ၂၅ "စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကို ရေလောင်း သောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကို ခံရလိမ့်မည်။

ဆာ - ၆၇ း ၅-၆ " အိုဘုရားသခင် ၊ လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ မြေသည်မိမိဘဏ္ဍာကို ပေး၍၊ ဘုရားသခင်တည်းဟူသော ငါတို့၏ဘုရားသခင်သည် ငါတို့ကို ကောင်းကြီးပေးတော်မူ၏။"

ဆာ - ၁၄၇ း ၇-၈ "ဂုဏ်တော်ကို ချီးမွမ်းလျက် ထာဝရဘုရားရှေ့တော်၌ သီချင်းဆိုကြလော။ စောင်းတီး၍ ငါတို့၏ဘုရားသခင်ကို ထောမနာသီချင်းဆိုကြလော။ ကောင်းကင်ကို မိုဃ်းတိမ်များဖြင့် ဖုံးလွှမ်းသဖြင့်၊ မြေကြီးဘို့ မိုဃ်းရေကို ပြင်ဆင်၍ တောင်များပေါ်မှာ မြက် ပင်ကိုပေါက်စေတော်မူ၏။"

ဇာခရိ - ၁၀ း ၁ "နောက်မိုဃ်းရွာရာကာလတွင် မိုဃ်းရွာစေမည်အကြောင်း၊ ထာဝရဘုရား ထံတော်၌၊ ဆုတောင်းကြလော။ ထာဝရဘုရားသည် လျှပ်စစ်ကို ပြင်ဆင်၍

များစွာ မိုးရွာ စေသဖြင့်၊ ခပ်သိမ်းသောလူတို့အဘို့ လယ်ပြင်၌ အပင်ကို ပေါက်စေတော်မူမည်။"

မဆုံးနိုင်သော သံသရာ

**ယာကုပ် ၅ း ၇ "ထို့ကြောင့်ညီအစ်ကိုတို့ သခင်ဘုရားကြွလာတော်မူသည့်တိုင်အောင် သည်းခံလျက် စောင့်နေကြလော့။ အကယ်၍ လယ်လုပ်သောသူသည် အရင်မိုယ်း၊ နောက်မိုယ်းကို ရသည့်တိုင်အောင် အဘိုးထိုက်သော မြေအသီးကို သည်းခံလျက် စောင့်နေ ၍မျှော်လင့်တတ်၏။"**

လယ်လုပ်သူသည် လယ်စိုက်ချိန်၌ စပါးရိတ်နိုင်ခြင်းမရှိဘဲ သည်းခံသကဲ့သို့ အချိန်တန်လျှင် အသီးအနှံနှင့် ကောင်းကြီးကို ပြန်ရိတ်သိမ်းရမည်။

နေသည် ပင်လယ်ပြင်အပေါ် ရောင်ခြည်ဖြာသကဲ့သို့ လူသားအပေါင်းတို့အပေါ်သို့ ဘုရားသခင်သည် ကောင်းကြီးမင်္ဂ ဖြာဝေစေချင်သော ဆန္ဒသဘောသဘာဝ ရှိသည်။

မိမိအပေါ်ဖြာဝေသွန်းလောင်းတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်ကို တုန့်ပြန်သောအားဖြင့် လူ၏နှလုံးသားတို့သည် ဘုရားသခင်ထံသို့ နွေးထွေးနှီးနှောဖို့ရန် လိုအပ်သည်။

နေပူရှိန်သည် ပင်လယ်ရေကို အငွေ့ပျံတတ်စေရန် ဖန်တီးသကဲ့သို့ လူတို့၏ ချီးမွမ်းခြင်းသည်လည်း ဘုရားသခင်ထံ ပြန်တတ်ဖို့လိုသည်။

ချီးမွမ်းခြင်းတို့သည် ကောင်းကြီး မိုးတိမ်တို့မှ ဖြစ်ပေါ်စေသည်။ ထိုမိုးတိမ်တို့ကို ပေါင်းခံရည်အဖြစ်မှ မြေပြင်ပေါ်သို့ မိုးရွာသွန်းစေသည်။ ထိုမိုးရေများတို့သည် ပင်လယ်တွင်းသို့ စီးဆင်းသောမြစ်များကို ဖြစ်စေသည့်နည်းတူ ပင်ရင်းအဝမှဖြစ်စဉ်တို့သည် တဖန်ပြီးတဖန် ပြန်ဖြစ်ပြန်သည်။

# ချီးမွမ်းခြင်း၏အကျိုးကျေးဇူးများ

ဘုရားသခင်ကို လုပ်ဆောင်ခွင့်ပြုသည်

**တမန် - ၁၆ း ၂၅, ၂၆ "သန်းခေါင်အချိန်၌ ပေါလုနှင့်သိလတို့သည် ပဌနာပြု၍ ဘုရားသခင်ကို ချီးမွမ်းလျက် သီးချင်းဆိုလေ၏။ ထောင်ထဲမှာနှောင်ဖွဲ့ခြင်းကို ခံရသောသူတို့သည် နားထောင်ကြ၏။ ထိုခဏခြင်းတွင် မြေကြီးသည်ပြင်းစွာလှုပ်သောကြောင့် ထောင်ခြေရင်း လည်း လှုပ်ရှား၏။ တံခါးရှိသမျှတို့သည် ချက်ခြင်းပွင့်၍ လူအပေါင်းတို့သည် နှောင်ဖွဲ့ခြင်း နှင့်လွတ်ကြ၏။"**

မြေကြီးဘဏ္ဍာကိုဆပွားထုတ်ပေးသည်

ဆာ - ၆၇ း ၅ , ၆ "အိုဘုရာသခင်၊ လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ လူများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။ မြေသည်မိမိဘဏ္ဍာကိုပေး၍၊ ဘုရားသခင်တည်းဟူသော ငါတို့၏ဘုရားသခင်သည် ငါတို့ကိုကောင်းကြီးပေးတော်မူ၏။"

အောင်မြင်ခြင်းကို ယူဆောင်လာသည်။

၂ရာချုပ် ၂၀ း ၂၀ , ၂၂ "ဧဖရိမ်တောင်သားဖြစ်သော ဗိခရိ၏သားရှေဘအမည်ရှိသော သူသည် ရှင်ဘုရင် ဒါဝိဒ်ကိုပုန်ကန်ပြီ။ ထိုသူကိုအပ်လော။ အပ်လျှင်ဤမြို့မှ ငါထွက်သွား မည်ဟု ပြောဆိုသော်၊ မိန်းမက သူ၏ဦးခေါင်းကို ကိုယ်တော်ရှေ့သို့ ပစ်ချပါမည်ဟုဆိုပြီးမှ။"

ကျန်းမာခြင်းကိုယူဆောင်လာသည်။

သုတ္တံ - ၁၇ း ၂၂ "စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏။ စိတ်ပျက်ခြင်းမူကား၊ အရိုးတို့ကို သွေ့ခြောက်စေတတ်၏။"

ငြိမ်းချမ်းရေးကိုယူဆောင်လာသည်။

ဟေရှာယ - ၆၀ း ၁၈ "သင်၏ပြည်၌ အနိုင်အထက် ပြုခြင်းအသံကို နောက်တဖန် မကြား ရ။ သင်၏နယ်အတွင်းတွင် လုယူဖျက်ဆီးခြင်းမရှိရ။ သင်၏မြို့ရိုးကို ကယ်တင်ခြင်းဟူ၍၄င်း၊ မြို့တံခါးတို့ကို ချီးမွမ်းခြင်းဟူ၍၄င်း သမုတ်ရလိမ့်မည်။ "

ကျွန်ုပ်တို့အား ပြောင်းလဲစေခြင်း

ကျွန်ုပ်တို့ ကိုးကွယ်သော ဘုရားသခင်ကဲ့သို့ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုန်းအသရေ ထဲသို့ ပြောင်းလဲခဲ့ပြီ။

၂ကော ၃ း ၁၁, ၁၈ "ပယ်ရှင်းရသောအရာသည် ဘုန်းရှိလျှင်၊ တည်နေသောအရာသည် သာ၍ ဘုန်းရှိလမ့်မည်။

ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့ သခင်ဘုရား၏ဘုန်းအသရေ တော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော် မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေ တိုးပွား၍ ပုံသဏ္ဍာန်တော်နှင့် အညီ ပြောင်းလဲ ခြင်းရှိရကြ၏။"

၁ယော ၃ း ၁-၂ “ဘုရား၏သားတော်ဟုခေါ်ဝေါ်ခြင်းအခွင့်ကိုငါတို့သည် ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ လောကီသားတို့သည် ဘုရားသခင်ကိုမသိသောကြောင့် ငါတို့ကိုလည်း မသိကြ။ ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့ သည်ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော် မူသည့်အတိုင်းကို ငါတို့သည်မြင်ကြလတံ့။”

## ဘုရားသခင်၌ ဝမ်းမြောက်ခြင်းရှိကြလော့။

### ဝမ်းနည်းသောမျက်နှာ

ဝမ်းနည်းခြင်းမျက်နှာထားသည် ကျေးဇူးမတင်တတ်သော နှလုံးသားကို ဖော်ပြခြင်းပင် ဖြစ်သည်။

**နေဟမိ - ၂ း ၁-၂ “အာတဇေရဇ်မင်းကြီးနန်းစံနှစ်ဆယ်၊ နိသန်လတွင် ရှေ့တော်၌ တင်သောစပျစ်ရည်ကို ငါကိုင်၍ ဆက်လေ၏။ အထက်ကတခါမျှ ရှေ့တော်၌ ညှိုးငယ်သော မျက်နှာကို မပြဘူးသည်ဖြစ်၍၊ ရှင်ဘုရင်က၊ ကျန်းမာလျက်နှင့် အဘယ်ကြောင့် မျက်နှာညှိုး ငယ်သနည်း။ ဝမ်းနည်းဟန်ရှိပါသည်တကားဟု။”**

နေဟမိ၏ ဝမ်းနည်းကြေကွဲမှုမျက်နှာထားကို ရှင်ဘုရင်ရိပ်မိသောအခါ နေဟမိထိတ်လန့် သွားသည်။ ထိုဝမ်းနည်းခြင်းမျက်နှာထားသည် ရှင်ဘုရင်၏ အမှုတော်ကို ဆောင်ရွက်ရာ၌ မပျော်ပိုက်ကြောင်းကို ဖော်ပြသကဲ့သို့ ဖြစ်နေ၍ ထိုအမှုအရာကြောင့် သူ့အနေနှင့် သေဒဏ် ကျခံနိုင်သည်။

မပျော်ရွှင်သော စိတ်ထားနှင့် ဘုရင်ရှေ့တော်မှောက် ဝင်ရောက်ခံစားခြင်းသည် ဘုရင်ကို စော်ကားခြင်းပင်ဖြစ်သည်။ မပျော်ရွှင်သောပုံစံဖြင့် ဘုရားသခင်မျက်မှောက်တော်သို့ ဝင်ရောက်ခြင်းသည် ကိုယ်တော်ဘုရားက ကျွန်ုပ်တို့အား ပေးသမျှအရာများ လုပ်ပေးပြီး သောအရာများ၊ ပြင်ဆင်ပေးသောအရာများ၊ ကြံစည်ရည်ရွယ်သောအရာများအပေါ် ကျွန်ုပ်တို့ မပျော်ပိုက်နိုင်ကြောင်းကို ရည်ညွှန်းဖော်ပြနေခြင်းပင်ဖြစ်တော့သည်။

### ဝမ်းမြောက်ရန်အမိန့်ပေးသည်

ကျွန်ုပ်တို့သည် သခင်ဘုရားရှေ့၌ ဝမ်းမြောက်ရန် အမိန့်ပေးခြင်းခံရပြီးဖြစ်သည်။

တရား - ၁၂ း ၇, ၁၁, ၁၂ "ထိုအရပ်၌ သင်တို့၏ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ စားကြရမည်။ ပြုလေရာရာ၌ သင်တို့၏ဘုရားသခင် ထာဝဘုရားကောင်းကြီးပေးတော်မူသဖြင့်၊ ကိုယ်တိုင်မှစ၍၊ အိမ်သူအိမ်သားတို့သည် ရွှင်လန်းခြင်းကို ပြုရကြမည်။

နာမတော်ကို တည်စေဘို့ရာ၊ သင်တို့၏ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်ရှိရမည်။ ထိုအရပ်သို့ ငါမှာထားသမျှ အတိုင်း၊ သင်တို့မီးရှို့ရာယဇ် အစရှိသော ယဇ်များ၊ ဆယ်ဘို့တစ်ဘို့ ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော်သက္ကာ ထာဝရဘုရား အာဂတိ ရှိသည်အတိုင်း၊ မြတ်သောပူဇော်သကာတို့ကို ဆောင်ခဲ့ရကြမည်။

ကိုယ်တော်မှစ၍ သားသမီးကျွန်ယောကျ်ားမိန်းမတို့နှင့် ကိုယ်အဘို့မရှိ၊ အမွေမခံရဘဲ၊ သင်တို့၌တည်းခိုသော လေဝိသားတို့သည် သင်တို့၏ဘုရားသခင် ထာဝရဘုရားရှေ့တော်၌၊ ရွှင်လန်းခြင်းကို ပြုရကြမည်။"

၁ ရာချုပ် - ၁၆ း ၁၀ "သန့်ရှင်းသောနာမတော်၌ ဝါကြွားဝမ်းမြောက်ကြလော့။ ထာဝရဘုရားကို ရှာသောသူတို့သည် စိတ်နှလုံးရွှင်လန်းကြစေ။"

ဆာ - ၃၃ း ၁ " ဖြောင့်မတ်သောသူတို့၊ ထာဝရဘုရားကို အမှီပြု၍ ရွှင်လန်းစွာ သီချင်းဆို ကြလော။ ထောမနာပြုခြင်းအကျင့်သည် သဘောဖြောင့်သောသူတို့နှင့်ထိုက်တန် လျော် ပတ်ပေ၏။"

လု - ၁ း ၄၆ , ၄၇ "မာရိကလည်း၊ ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို ချီးမွမ်း၏၊ ငါ့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင်ကို အမှီပြု၍ ငါ့ဝိညာဉ်သည် ရွှင်လန်းခြင်းရှိ၏။"

မိ - ၄ း ၄ "လူအပေါင်းတို့သည် ကိုယ်ပိုင်သောစပျစ်ပင်၊ ကိုယ်ပိုင်သောသင်္ဘောသဖန်းပင် အောက်မှာထိုင်ကြလိမ့်မည်။ ကြောက်စေသောသူတယောက်မျှ မရှိရ။"

**ဝမ်းမြောက်ခြင်းနှင့်ရွှင်လန်းခြင်းဆိုက်ရောက်လာခြင်း**

ဝမ်းမြောက်ခြင်းနှင့် ရွှင်လန်းခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အနက်ဖွင့်ပြခြင်း နှင့် နှလုံးသွင်းခံယူခြင်းမှလာသည်။

ယေရမိ ၁၅ း ၁၆ "ကောင်ကင်ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်တွေ့သောနှုတ်ကပတ်တော် စကားကို ခံယူပါပြီ။ နှုတ်ကပတ်တော်သည် အကျွန်ုပ်ဝမ်းမြောက် ရွှင်လန်းစရာ အကြောင်းဖြစ်ပါ၏။"

## မျိုးစေ့ကိုစိုက်ပျိုးပြီးနောက်

ကျွန်ုပ်တို့၏နှလုံးသား၌ ဘုရားရှင်၏ နှုတ်ကပတ်တော်ကို စိုက်ပျိုးခြင်းခံရပြီးနောက် ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် " ထွက်ခွာသွားနိုင်သည် " "ဆက်လက်လျှောက်လှမ်းနိုင်သည်"

**ဟေရှာယ ၅၅ း ၁၀-၁၂ "မိုဃ်းရေနှင့်မိုဃ်းပွင့်တို့သည် မိုဃ်းကောင်းကင်မှ ဆင်းသက်၍ နောက်တဖန်မပြန်၊ မြေသည်မျိုးစေ့ကြဲသောသူအား မျိုးစေ့ကို၎င်း၊ အစာစားသောသူများ အစာကို၎င်းပေးမည်အကြောင်း၊ မြေကိုစိုစေသဖြင့်၊ အပင်ပေါက်စေ၍၊ အသီးကိုသီးစေသကဲ့ သို့၊ ထို့အတူ ငါ၏နှုတ်ကပတ်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲ ငါ့ထံသို့မပြန်ရ။ ငါ့အလိုကိုပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌အောင်လိမ့်မည်။ သင်တို့သည် ဝမ်းမြောက် သော စိတ်နှလုံးနှင့်ထွက်၍၊ ချမ်းသာစွာပို့ခြင်းကို ခံရကြလိမ့်မည်။ တောင်ကြီးတောင်ငယ် တို့သည် သင်တို့ရှေ့မှာ သီချင်းဆိုသံနှင့် ကြွေးကြော်၍၊ တော၌ရှိသမျှသော အပင်တို့သည် လပ်ခုပ်တီးကြလိမ့်မည်။"**

## ဝမ်းမြောက်ခြင်းဖြင့်စာတန်ကိုတားဆီးပါ

ကျွန်ုပ်တို့၏ နှလုံးသားတို့၌ နှုတ်ကပတ်တော်မျိုးစေ့စိုက်ပျိုးပြီးသောအခါ စာတန်သည် ဘာကိုကြိုးစားပြီး လုပ်မည်နည်း။ စာတန်သည် ရုတ်တရက်ရောက်ရှိလာပြီး တိုက်ခိုက်မှုအားဖြင့်၎င်း၊ ဖိစီးနှိပ်စက်မှုအားဖြင့်၎င်း၊ ကျွန်ုပ်တို့အထဲမှ ထိုမျိုးစေ့ကို ခိုးယူရန် ကြိုးစားပေမည်။ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းကို ဆန့်ကျင်၍၎င်း၊ ဆုံးရှုံးစေခြင်းအားဖြင့်၎င်း ကျွန်ုပ်တို့၏နှလုံးသားအတွင်းမှ စိုက်ပျိုးပြီးသော နှုတ်ကပတ်တော်ကို ခိုးယူခွင့်ပြုခြင်းနှင့်အတူတူပင်ဖြစ်သည်။

**မာကု ၄ း ၄ , ၁၄-၁၇ "အစေ့ကိုကျဲသည်တွင် အချို့သောအစေ့တို့သည် လမ်း၌ကျသဖြင့် ၊ မိုဃ်းကောင်းကင်ငှက်တို့သည် လာ၍ကောက်စားကြ၏။"**

**မျိုးစေ့ကြဲသောသူသည် တရားစကားကိုကြဲ၏။ တရားစကားကို လမ်း၌ကြဲခြင်းအကြောင်းအရာကား၊ တရားစကားကို ကြားသည်ရှိသော်၊ စာတန်သည်ချက်ခြင်းလာ၍ နှလုံး၌ကြဲသော တရားစကားကို နှိုက်ယူတတ်သည်ဟု ဆိုလိုသတည်း။ ကျောက်ပေါ်သောအရပ်၌ ကြဲခြင်း အကြောင်းအရာကား၊ တရားစကားကိုကြား၍ ဝမ်းမြောက်သောစိတ်နှလုံး ချက်ခြင်းခံယူ သော်လည်း စိတ်နှလုံး၌ အမြစ်မစွဲ ခဏသာတည်သဖြင့် တရားစကားကြောင့်အမှုအခင်းနှင့် ညှင်းဆဲခြင်းကို ခံရသောအခါ ချက်ခြင်းဖောက်ပြန်တတ်သည်ဟု ဆိုလိုသတည်း။**

ကိုယ်တော်၏ နှုတ်ကပတ်တော်မျိုးစေ့သည် ကျွန်ုပ်တို့၏ နှလုံးသား၌ ကျိန်းဝပ်၍ သူ၏ ဝမ်းမြောက်ခြင်းသည်လည်း ကျွန်ုပ်တိုပအတွင်း၌ ကျန်ရစ်တည်ရှိနေပေမည်။

**ယောဟ - ၁၅ း ၁၀ , ၁၁ "ငါသည်ငါ့ခမည်းတော်၏ ပညတ်တော်ကို စောင့်ရှောက်၍ ခမည်းတော်၏ မေတ္တာ၌ တည်နေသကဲ့သို့ သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌တည်နေကြလိမ့်မည်။ သင်တို့၌ ငါ၀မ်းမြောက်စရာအကြောင်း တည်စေခြင်းငှါ၄င်း သင်တို့ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ၄င်း၊ ဤစကားကိုသင်တို့အား ငါဟော ပြော၏။"**

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံခြင်းဖြင့် သူ၏ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၌ တည်နေပေမည်။ သူ၏ဝမ်းမြောက်ခြင်းသည်ယာယီမဟုတ်။ တစိတ်တဒေသလည်းမဟုတ်။ သွယ်ဝိုက်သောအကြောင်းအရာလည်းမဟုတ် (Circumstanfial) လုံးဝ ပြည့်စုံခြင်းဖြစ် သည်။

**ဟေဗြဲ - ၁၀ း ၃၂-၃၃ "သင်တို့သည် အလင်းသို့ရောက်ပြီးသည်နောက်၊ လူများရှေ့မှာ ကဲ့ရဲ့ညှင်းဆဲခြင်းကို ခံရသဖြင့်၊ ထိုသို့ခံရသောသူတို့နှင့် ဆက်ဆံသောအပေါင်းအဖေါ် ဖြစ်သဖြင့်၄င်း၊ ကြီးစွာသောဆင်းရဲဒုက္ခဝေဒနာများကို ဆိုင်ပြိုင် တိုက်လှန်ခြင်းနှင့် တွေ့ကြုံ သောအထက်ကာလ အချိန်ကို အောက်မေ့ကြလော။"**

**၁ပေ - ၄ း ၁၂-၁၃ "ချစ်သူတို့၊ သင်တို့ကို စုံစမ်းစရာဘို့ယခုခံရသော မီးစစ်ခြင်းအရာကို ကား၊ သင်တို့၌ အံ့ဩဘွယ်သောအရာဖြစ်သည်ဟု ထင်မှတ်၍၊ အံ့ဩခြင်းမရှိကြနှင့်။ သင်တို့ သည် ခရစ်တော်၏ ဆင်းရဲကို ဆက်ဆံကြသည်ဖြစ်၍၊ ဘုန်းတော်ပေါ်ထွန်းသော အခါ အလွန်ဝမ်းမြောက်ရွှင်လန်းမည်အကြောင်း၊ ယခုပင် ဝမ်းမြောက်ကြလော့။"**

**မဿဲ - ၅ း ၁၁-၁၂ "ငါ့ကြောင့်သင်တို့ကို ကဲ့ရဲ့ညှင်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏ အကျိုးသည်ကြီးလှပေ၏။ သင်တို့ရှေ့က ပေါ်ထွန်းသော ပရောဖက်တို့ကို ထိုနည်းတူညှင်းဆဲကြပြီ။"**

**ယောဟ - ၁၆ း ၂၂ "ထိုနည်းတူ၊ ယခုတွင်သင်တို့သည် ဝမ်းနည်းခြင်းရှိကြသော်လည်း၊ နောက်တဖန်သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည် စိတ်နှလုံးဝမ်းမြောက်ခြင်းရှိကြလိမ့် မည်။ ထိုဝမ်းမြောက်ခြင်းကို အဘယ်သူမှ လုယက်ဖျက်ဆီးခြင်းငှါ မတတ်နိုင်။"**

## ဝမ်းမြောက်ခြင်းသည် ခွန်အားကိုယူဆောင်လာသည်

ကျွန်ုပ်တို့ရွှင်လန်းစွာဖြင့် ဘုရားသခင်အား ချီးမွမ်းလျက် ကိုယ်တော်၏ ခွန်အားကို လက်ခံရရှိပေမည်။

**နေဟမိ - ၈ း ၁၀ "သွားကြလော့၊ မြိန်စွာသောအစာကိုစားကြလော့။ ချိုသောအရည်ကိုသောက်ကြလော့။ ဆင်းရဲသောသူတို့အား ဝေမျှကြလော့။ ဤသည်နေ့ရက်သည် ငါတို့ဘုရားရှင်အဘို့ သန့်ရှင်း၏။ ဝမ်းမနည်းကြနှင့်၊ ထာဝရဘုရားပေးတော်မူသော အခွင့်နှင့်အားယူ၍ ဝမ်းမြောက်ကြလောဟု လူအပေါင်းတို့အားဆိုကြ၏။"**

## ဝမ်းမြောက်ခြင်းသည် အပြစ်ဒုစရိုက်ကိုအောင်မြင်သည်။

ရွှင်လန်းဝမ်းမြောက်ခြင်းသည် အပြစ်ဒုစရိုက်နှင့် စာတန်ကို အောင်မြင်ရန် သော့ချက်ဖြစ် သည်။ ကျွန်ုပ်တို့သည် ရွှင်လန်းဝမ်းမြောက်စွာ ကတိတော်ကို စွဲကိုင်လျှင် ခံယူလျှင် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ၌ ခွန်အားနှင့်၄င်း၊ အောင်မြင်ခြင်းနှင့်၄င်း ခံစားရပေလိမ့်မည်။

**၁ယော ၂ း ၁၃ , ၁၄ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူတို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။ ငါတို့သည် ဘုရားသခင်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီ တစုံတခုသောဆုကို တောင်းလျှင်၊ ဘုရားသခင်သည် နားထောင်တော် မူ၏။"**

## ဝမ်းမြောက်ခြင်းသည်မူလအနေအထားသို့ ပြန်တည်ရန်ယူဆောင်လာသည်။ ပို့ဆောင်စေသည်။

အကယ်၍စာတန်က ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းကို ခိုးယူ၍ ကျွန်ုပ်တို့၏ နှုတ်ကပတ်တော်မျိုးစေ့နှင့် ကျွန်ုပ်တို့၏ ကောင်းမြတ်ခြင်းများ၊ အောင်မြင်ခြင်းများ ပျောက်ဆုံးသွားပါက ထိုအရာများအားလုံးကို ပြန်ရနိုင်သည်။

ဘုရားသခင်၏ အိမ်တော်၌ ဝမ်းမြောက်စွာ ကျွန်ုပ်တို့၏ အသံကို မြင့်၍ချီးမွမ်းခြင်းယဇ်ကို ဆက်ကပ်လျှင် ဖမ်းဆီးထားခံရခြင်းမှ ကျွန်ုပ်တို့ လွတ်မြောက်၍ စတန်ခိုးယူသမျှသော အရာအားလုံးကို သူကပြန်ပေးရလိမ့်မည်။

**ယေရမိ - ၃၃ း ၉-၁၁ "ဤမြို့သည် ငါ၀မ်းမြောက်စရာ အကြောင်း၊ မြေပေါ်မှာခပ်သိမ်းသော လူမျိုးတို့တွင် ချီးမွမ်းစရာအကြောင်း၊ ဂုဏ်သရေတော် ကျော်စောစရာအကြောင်းဖြစ်လိမ့်မည်။ ဤမြို့သားတို့အား ငါပြုသမျှသော ကျေးဇူးကို လူအမျိုးမျိုးတို့သည် ကြားသိကြ လိမ့်မည်။ ဤမြို့၌ငါပြုစုသမျှသော စည်းစိမ်ချမ်းသာကို ထောက်၍ ကြောက်ရွံ့တုန်လှုပ်ကြ လိမ့်မည်။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ လူမရှိ၊**

တိရိစ္ဆာန်မရှိ၊ ဆိတ်ညံ့ပြီဟု သင်တို့ ဆိုတတ်သော ဤအရပ်၌၄င်း လူမရှိ။ တိရိစ္ဆာန်မရှိ ၊ နေသောသူမရှိ၊ ဆိတ်ညံ့သော ယုဒမြို့ များ၊ ယေရုရှလင်လမ်းများတို့၌၄င်း၊ နောက်တဖန်ဝမ်းမြောက်သောအသံ၊ ရွှင်လန်းသောအသံ၊ မင်္ဂလာဆောင်သတို့သားအသံ၊ မင်္ဂလာဆောင်သတို့သမီးအသံ၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်၊ ကောင်ကင်ဗိုလ် ခြေအရှင် ထာဝရဘုရားကို ချီးမွမ်းကြလောဟု ဆိုသောသူတို့၏အသံ၊ ချီးမွမ်းရာ ပူဇော်သကာကို ဗိမ္ဗာန်တော်သို့ ဆောင်ခဲ့သော သူတို့၏အသံကို ကြားရကြလိမ့်မည်။ အကြောင်းမူကား၊ သိမ်းသွားခြင်းကိုခံရသော ပြည်သားတို့ကို ငါဆောင်ခဲ့၍၊ အရင်ကဲ့သို့ နေစေမည်ဟု မိန့်တော်မူ၏။"

ခုနှစ်ဆပြန်ပေးရလိမ့်မည်။

ကျွန်ုပ်တို့သည် ရွှင်လန်းသကဲ့သို့ ကျွန်ုပ်တို့ထံမှ ခိုးယူသွားသော အရာများကို (ရဆ) ပြန်ပေး ရန် စာတန်ထံမှ တောင်းဆိုနိုင်သည်။

ယော - ၁၀ း ၁၀ " သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာလာတတ်၏။ ငါမူကားသိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှါ လာသတည်း။

သုတ္တံ - ၆ း ၃၀-၃၁ "မွတ်သိမ့်သော စိတ်ပြေစေခြင်းငှါ၊ ခိုးသောသူပင် အပြစ်မလွတ်ရ။ တွေ့မိလျှင် ၇-ဆပြန်ပေးရမည်။ ကိုယ်အိမ်၌ ရှိသမျှသော ဥစ္စာတို့ကို လျော်ရမည်။

ယခုပင် စတင်၍ ဝမ်းမြောက်ရွှင်လန်းကြပါစို့

# ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁။ ချီးမွမ်းခြင်းသည် ရေသံသရာလည်ပုံနှင့်အတူတူဖြစ်ကြောင်းဖော်ပြပါ။

၂။ ချီးမွမ်းခြင်း၏ အကျိုးကျေးဇူး ၂-ရပ်ကိုဖော်ပြပါ။

၃။ "သခင်ဘုရား၌ ဝမ်းမြောက်ခြင်း" ၏အကြောင်း ၂-ရပ်ကိုဖော်ပြပါ။

# အခန်း (၅)

# ချီးမွမ်းခြင်းနှင့် စပ်ဆိုင်သော ကျမ်းစကား

## ဓမ္မဟောင်းကျမ်းမှ ချီးမွမ်းခြင်းကို ပြန်ဆိုချက်

ဓမ္မဟောင်းကျမ်းထဲ၌ ချီးမွမ်းခြင်းဆိုသည့်စကားလုံးကို ထူးခြားကွဲပြားသော ဟေဗြဲစကားများ (ဝေါဟာရ)အားဖြင့် ဖော်ပြခဲ့ကြသည်။ ဤဝေါဟာရတို့ကို လေ့လာခြင်းဖြင့် ယနေ့ ဘုရားသခင်ကို ချီးမွမ်းခြင်း အဓိပ္ပါယ်ကို ပိုမိုရှင်းလင်းသော နားလည်းမှုတခုကို ဖေါ်ပြသည်။

ဟေဗြဲဘာသာဖြင့် ချီးမွမ်းခြင်း စကားလုံးကို ဖော်ပြရာ၌ စိတ်တတ်ကြွမှုနှင့် လုပ်ဆောင်ပါ၊ ပါဝင်သည်။

### Halal

"Halal" ချီးမွမ်းခြင်းကို "Halal" "ဟာလေ" ဆိုသည့်စကားနှင့် အဓိပ္ပါယ်ပြန်ဆိုထားရာ ဓမ္မဟောင်းကျမ်း၌ အကြိမ်ပေါင်း (၆၀)ခန့် ပါရှိသည်။ ဆိုလိုသည်မှာ သူ၏ချီးမွမ်းခြင်းသည် သူ့ (ဘုရားသခင်) ထံမှလာသည်။ (နံဝိညာဉ်နှင့် သစ္စာနှင့်)

- ➢ ပုံသက်သေအဖြစ်ပြရန်

**ဆာ - ၂၂ း ၂၂ "ကျွန်ုပ်သည်သိတင်းတော်ကို ညီအစ်ကိုတို့အား ကြားပြောပါမည်။ ပရိတ်သတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်းပါမည်။"**

- ➢ ဝါကြွားရန်

**ဆာ - ၁၀၂ း ၁၈ "ထိုအကြောင်းအရာကို နောင်ဖြစ်လတံ့သော လူမျိုးအဘို့ရေမှတ်ရမည်။ ပြုပြင်တော်မူလတံ့သောလူတို့သည် ထာဝရဘုရားကို ချီးမွမ်းကြလိမ့်မည်။"**

- ➢ ချီးကျူးဂုဏ်ပြုရန်

**ဆာ - ၃၅ း ၁၈ "ကျေးဇူးတော်ကြီးလှပါ၏ဟု မဟာပရိတ်သတ်အလယ်မှာ အကျွန်ုပ်ဝန်ခံပါမည်။ များစွာသောလူစုတွင် ကိုယ်တော်ကိုချီးမွမ်းပါမည်။"**

- ➢ စိတ်အားထက်သန်စွာ ပြော၍ဖော်ပြသည်။

**ဆာ - ၁၀၇ း ၃၂ "လူပရိတ်သတ်၏အလယ်မှာ ထာဝရဘုရားကို ချီးမြှောက်၍ အသက်ကြီးသူတို့၏ အစည်းအဝေး၌ချီးမွမ်းကြစေ။"**

➢ ဂုဏ်အသရေချီးမြှင်ရန်

ဆာ - ၆၄ း ၁၀ **"ဖြောင့်မတ်သောသူသည် ထာဝရဘုရား၌ ဝမ်းမြောက်၍ ခိုလှုံလိမ့်မည်။ သဘောဖြောင့်သောသူအပေါင်းတို့သည် ဝါကြွားကြလိမ့်မည်။"**

➢ အလင်းလင်းစေရန်

ယောဘ - ၄၁ း ၁၈ **"သူချေဆတ်သောအခါ အလင်းတောက်တတ်၏။ သူ့မျက်စိသည် နံနက် မျက်တောင်ခတ်သကဲ့သို့ဖြစ်၏။"**

စစ်မှန်သော ချီးမွမ်းခြင်း၌ ရှင်းလင်း၍ ထူးခြားကွဲပြားသော ခိုင်မာသော ဖွင့်ဆိုချက်ရှိရန် လိုသည် စစ်မှန်သော ရည်ရွယ်ချက်၌ ရှုပ်ထွေးမနေသင့်ပေ။ ဤသည်မှာ ချီးကျူးဂုဏ်ပြုခြင်း နှင့် သခင်ဘုရား၌ ဝါကြွားခြင်းတည်းဟူသော မှတ်တမ်းမှတ်ရာများဖြစ်သည်။

၂ ရာချုပ် - ၂၀-၂၂ **"နက်ဖြန်နံနက်စောစောထ၍၊ တေကောတောသို့ ထွက်သွားကြ၏။ သွားကြစဉ်တွင် ၊ ယောရှဖတ်သည်ရပ်၍ အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ နားထောင် ကြလော့။ သင်တို့၏ ဘုရားသခင်ကို ယုံကြည်ကြလော့။ သို့ပြုလျှင် တည်ကြည်ကြလိမ့်မည်။ ပရောဖက်တော်တို့ကို ယုံကြည်ကြလော့။ သို့ပြုလျှင် အောင်မြင်ကြလိမ့်မည်ဟု မိန့်တော် မူ၏။ လူများနှင့်တိုင်ပင်ပြီးမှ၊ ထာဝရဘုရား၏ ကရုဏာတော်သည် အစဉ်အမြဲတည် သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမါမ်းကြလော့ဟု တပ်ရှေ့မှာချီးသွားလျက်၊ သန့်ရှင်း ခြင်းအသရေကို ချီးမွမ်းရသော သီချင်းသည်တို့ကို ထာဝရဘုရားအဘို့ ခန့်ထားသောတ်မူ၏။ ထိုသူတို့သည် ချီးမွမ်းရာသီချင်းကို ဆိုစပြုကြသောအခါ၊ ယုဒပြည်ကို တိုက်အံ့သော ငှါလာသော၊ စိရတောင်သားတို့ကို အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့ တဘက်၌ ထာဝရဘုရား ချောင်းမြောင်းစေတော်မူသဖြင့်၊ အမ္မုန်အမျိုးသား၊ မောဘအမျိုး သားတို့သည် အထိအခိုက်ခံရသောကြောင်၊"**

**Tehillah** (Halal ဆိုသည့်စကားမှဆင်းသက်လာသည်)

"Tehillah" ဆိုသည့်ဝေါဟာရ၏ လေနက်စေသော အဓိပ္ပါယ်သည် ဆက်လက်သီဆိုခြင်း ဖြစ်သည်။ ထိုစကားလုံးကို ဓမ္မဟောင်း၌ ၅၇-ကြိမ်တိုင် အသုံးပြုသည်ကို တွေ့ရသည်။

➢ ရှင်းလင်းသော ချီးမွမ်းခြင်းသီချင်းကိုဆိုပါ

ဆိုလိုသည်မှာ ဘုရားသခင်အား ချီးမွမ်သည့်၊ အဓိပ္ပါယ်ရှင်းလင်းသည့် သီချင်းကို ဖွင့်ထုတ် သီဆိုရန်ဖြစ်သည်။

ဆာ - ၁၁၉ း ၁၇၁ “အထုံးအဖွဲ့တော်တို့ကို သွန်သင်တော်မူသောအခါ၊ အကျွန်ုပ်၏နှုတ် သည် ချီးမွမ်းခြင်းကို မြွက်ဆိုပါမည်။”

➢ ကိုယ်တော်အား ဂုဏ်တော်ချီးမွမ်းသီဆိုရန်

ဟဗ - ၃ း ၃ “ဘုရားသခင်သည် တေမန်မြို့မှ၄င်း၊ သန့်ရှင်းသောဘုရားသည် ပါရန်တောင်မှ၄င်း ကြွတော်မူ၏။ ဘုန်းတော်သည် မိုဃ်းကောင်းကင်ကို ဖုံးအုပ်လျက်၊ မြေကြီးသည် ဂုဏ်အသရေတော်နှင့် ပြည့်စုံလျက်ရှိ၏။”

➢ ကိုယ်တော်အကြောင်းကိုဝါကြွားရန်

စကားလုံးအားဖြင့်၄င်း၊ တေးဂီတအားဖြင့်၄င်း ကိုယ်တော်အကြောင်ကို ဝါကြွားရန်။

တရား - ၁၀ း ၂၁ “ထာဝရဘုရားသည် သင်၏ဂုဏ်အသရေ၊ သင်၏ဘုရားသခင်ဖြစ်တော်မူ၏။ သင်သည် ကိုယ်မျက်စိနှင့် မြင်သည်အတိုင်း၊ ကြောက်မက်ဘွယ်သော အမှုအရာကြီးတို့ကို သင့်အဘို့ပြုတော်မူပြီ။”

**Shabach** (ရှာဘက်)

➢ ကျယ်သောအသံနှင့်ကြွေးကြော်ရန်

ဆာ - ၆၃ း ၃ “ကရုဏာတော်သည် အသက်ထက်သာ၍ကောင်းသောကြောင့်၊ အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းရပါမည်။”

➢ အောင်ပွဲကြောင့် ရွှင်လန်းစွာကြွေးကြော်ရန်

ဒံ - ၂ း ၂၃ “အကျွန်ုပ်ဘိုးဘေးတို့၏ ဘုရားသခင်၊ အကျွန်ုပ်အား ပညာအစွမ်းသတ္တိကို ပေးသနား၍၊ အကျွန်ုပ်ကိုဆုတောင်းသည်အတိုင်း၊ ရှင်ဘုရင်၏အိပ်မက်ကို ဖွင့်ပြတော်မူသော ကျေးဇူးတော်ကို ချီးမွမ်းထောမနာ ပြုပါ၏ဟု ဒံယေလမြွက်ဆိုပြီးမှ၊”

➢ အောင်မြင်မှု၌ဘုန်းတော်ထင်ရှားစေရန်

ဆာ - ၁၁၇ း ၁ “လူမျိုးအပေါင်းတို့၊ ထာဝရဘုရားကို ချီးမွမ်းကြလော။ လူအနွယ်အပေါင်း တို့၊ အလွန်ချီးမွမ်းကြလော့။”

ချီးမွမ်းခြင်း၌ အမြဲတမ်း ဆူညံနေရန် မလိုအပ်ပါ။ အချိန်တိုင်း ကြွေးကြော်နေရန်လည်း မလိုအပ်ပါ။ ဘုရားသခင်ထံ ချီးမွမ်းခြင်း၏ အပြုအမူ၌ အံဝင်ဂွင်ကျသော အချိန်မှသာလျှင် ထိုကြွေးကြော်မှုကို သုံးပါ။

ဆာ - ၄၇ း ၁ "လူအပေါင်းတို့၊ လက်ခုပ်တီးကြလော့။ ဘုရားသခင်ထံသို့ အောင်သံကို လွှင့်၍ ကြွေးကြော်ကြလော့။"

**Zamar**

"ဇမ်မာ"ဆိုသည်မှာ -

➢ ကြိုးတပ်တူရိယာကို တီးခတ်ခြင်းဖြစ်သည်။

➢ တူရိယာအသံနှင့် လိုက်ဖက်သော ချီးမွမ်းခြင်းသီချင်းကို သီဆိုနိုင်သော ညာဉ်ဖြစ်သည်။ (အာရုံရှိခြင်း)

ဆာ - ၁၀၈ း ၁-၃ "အိုဘုရားသခင်၊ အကျွန်ုပ်နှလုံးသည် တည်ကြည်ပါ၏။ သီချင်းဆိုပါမည်။ ဝိညာဉ်ပါလျက် ချီးမွမ်းထောမနာပြုပါမည်။ တယောနှင့်စောင်းတို့ နိုးကြလော့။ ငါသည်စောစောနိုးမည်။ အိုထာဝရဘုရား၊ ပရိတ်သတ်အလယ်၌ ကိုယ်တော်ကို ချီးမွမ်းပါမည်။ လူမျိုးတို့တွင် ကိုယ်တော်အား ထောမနာသီချင်း ဆိုပါမည်။"

**Yadah**

"ယာဒါ" ဆိုသည်မှာ -

➢ ကျေးဇူးတော်ဝန်ခံခြင်းကို ရှေ့သို့ထုတ်ပေးခြင်းဖြစ်သည်

ဆာ - ၁၀၉ း ၃၀ "အကျွန်ုပ်သည် နှုတ်မွတ်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို အလွန်ချီးမွမ်းပါမည်။ များစွာသောသူတို့အလယ်မှာ ချီးမွမ်းပါမည်။"

➢ ဘုရားသခင်ထံသို့ လက်နှစ်ဘက်ကို ဆန့်၍ကျေးဇူးတင်ချီးမွမ်းရန် စဉ်းစား ဆင်ခြင်ခြင်း။

ဆာ - ၃၃ း ၂ , ၁၃၄ း ၂ "စောင်းတီး၍ ထာဝရဘုရားကို ချီးမွမ်းကြလော့။ ထောမနာပြုခြင်းအကျင့်သည် သဘောဖြောင့်သောသူတို့နှင့် ထိုက်တန်လျောက်ပတ်ပေ၏။"

" သန့်ရှင်းရာဌာနတော်သို့ လက်ကိုချီ၍၊ ထာဝရဘုရားကို ကောင်းကြီးပေးကြလော့။"

➢ ဝန်ခံခြင်း

၂ရာချုပ် - ၇ း ၃ "ထိုသို့မီးကျ၍ ထာဝရဘုရား၏ဘုန်းတော်သည် အိမ်တော်ပေါ်မှာ သက်ရောက်သည်ကို ဣသရေလအမျိုးသားအပေါင်းတို့သည် မြင်လျှင်၊ ကျောက်ခင်းအရပ်၌ မြေပေါ်မှာပြပ်ဝပ်လျက် ကောင်းမြတ်တော်မူသည်၊ ကရုဏာတော်အစဉ်အမြဲ တည်သည်ဟု ထာဝရဘုရားကိုကိုးကွယ်၍ ဂုဏ်တော်ချီးမွမ်းကြ၏။"

## Towadah

“တိုဒါ” Toudah သည် Yadah ကဲ့သို့အဓိပ္ပါယ်ကို အခြေခံ၍ ဆင်းသက်လာသည်။

➢ လက်ကိုဆန့်၍ ကြည်ညိုလေးစားစွာဖြင့် ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းခြင်း ဖြစ်သည်။

**ဆာ - ၄၂ း ၄ “ထိုအချင်းအရာကို ငါအောက်မေ့၍နေစဉ်တွင်၊ ငါ့စိတ်နှလုံးသည် ကြေကွဲ လျက်ရှိ၏။ အကြောင်းမူကား၊ ငါသည် လူစုများနှင့်ပေါင်းဘော်လျက်၊ ရွှင်လန်းခြင်းအသံ၊ ထောမနာပြုခြင်းအသံတို့ကို ပြိုင်ဆို၍၊ ဓမ္မပွဲခံသောလူစုများနှင့်အတူ ဘုရားသခင်၏ အိမ်တော်သို့ ဖြေညင်းစွာ သွားလှလေပြီ။”**

➢ ကျေးဇူးတင်ကြောင်း ဖော်ပြချက်ကို ယဇ်ဖြင့်ကိုးကွယ်ဆည်းကပ်ခြင်း

**ဆာ - ၅၀ း ၂၃ “ကျေးဇူးချီးမွမ်းခြင်း ယဇ်ကိုပူဇော်သောသူသည် ငါ၏ဘုန်းကို ထင်ရှားစေ သောသူဖြစ်၏။ မိမိသွားသောလမ်းကို ဆင်ခြင်သောသူအားလည်း၊ ကယ်တင်တော်မူခြင်း ကျေးဇူးကို ငါပြမည်ဟု ဘုရားသခင်မိန့်တော်မူ၏။”**

## Barak

“ဘရက်(ခ)” Barak ဆိုသည်မှာ လေးစားကြည်ညိုစွာဖြင့် ဒူးထောက်ဝန်ခံခြင်း။

**ဆာ - ၉၅ း ၆ (ခ) “ငါတို့ကိုဖန်ဆင်းသောမူသော ထာဝရဘုရား၏ရှေ့တော်၌ ဒူးထောက် ကြကုန်အံ့။”**

တစုံတဦးရှေ့မှာဒူးထောက်ခြင်းဆိုသည်မှာ ထိုသူ၏ သာလွန်သော ဂုဏ်ဒြပ်နှင့် ထိုက်တန်မှု ရှေ့မှာ မိမိကိုယ်ကို နှိမ့်ချကြောင်း ပုံသက်သေပြခြင်းဖြစ်သည်။

## Shachah

“ရှာခါ” ကိုးကွယ်ခြင်းဆိုသည်စကားကို ဟေဗြဲဘာသာနှင့် များစွာအနက်ဖွင့်လင့်ကစား ဘုရားသခင်ထံသို့ ကိုးကွယ်ခြင်းမည်သည် ဟေဗြဲဘာသာစကားတခုမှာ -

➢ နှိမ့်ချစွာဦးညွှတ်ခြင်းဖြစ်သည်။

Shachah “ရှာခါ” ဆိုသည်မှာ ဘုရားသခင်ကို ဝတ်ပြု၍ မြတ်နိုးကိုးကွယ်ရာ၌ မိမိကိုယ်ကို နှိမ့်ချလျက် ဦးညွှတ်ခြင်းဖြစ်သည်။ တနည်းအားဖြင့် ကိုယ်ခန္ဓာအနေအထားအရ ပြပ်ဝပ် ကိုးကွယ်ခြင်းမရှိလင့်ကစား စိတ်နှလုံးအနေအထားမှာ နှိမ့်ချခြင်းကိုပြသည်။

**ဆာ - ၉၅ း ၆ (က) “ ပြပ်ဝပ်၍ ကိုးကွယ်ကြကုန်အံ့။”**

# ဟေဗြဲဘာသာမှ ချီးမွမ်းကိုးကွယ်ခြင်းအဓိပ္ပါယ်ကို ရှာဖွေတွေ့ရှိဖော်ထုတ်ခြင်း

## ကာယအမူအရာဖြင့် သရုပ်ပြခြင်း

ချီးမွမ်းခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာ စိတ်အနေအထားကို ရုပ်ပိုင်းဆိုင်ရာနှင့် ဖော်ပြခြင်းပင်ဖြစ်သည်။ ဘုရားသခင်၏ ဖွင့်ပြချက်နှင့် ကြီးမြတ်ခြင်းကို နှလုံးသားအတွင်းမှ သရုပ်ပြတုန့်ပြန်ခြင်းဖြစ်သည်။

ရုပ်ပိုင်းအမူအရာအချို့မှာ-ချီးမွမ်းခြင်းသည် (တစုံတရာ)လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုအထဲ ၌ ပြဇာတ်-ဂုဏ်ပြုပွဲ၊ ချီးမြှင်ခြင်း အားမာန် တူရိယာများ တီးခတ်ခြင်း၊ လက်မြှောက်ခြင်းနှင့် ဒူးထောက်ဝန်ခံခြင်းတို့ပါဝင်သည်။

အမှန်တကယ်တော့ ချီးမွမ်းခြင်းသည် ထင်ရှားပြသခြင်းတစ်ခုဖြစ်သည်။

## အသံဖြင့်ဖော်ပြခြင်း

များစွာသော ချီးမွမ်းခြင်းအရာ၌ အသံဖြင့်ဖော်ပြချက်များပါဝင်သည်။ ဟေဗြဲဘာသာစကားအားဖြင့် ဖော်ပြသည်မှာ ကြည်သာသော ချီးမွမ်းခြင်းသီချင်းများ၊ ကြည်လင်သောအသံ၊ ဝါကြွားခြင်း၊ သီဆိုခြင်း၊ ကျယ်သောအသံနှင့် ကြွေးကြော်ခြင်း၊ အောင်မြင်သောကြွေးကြော်ခြင်းနှင့် ဘုရားသခင်ကို ကျေးဇူးတင်စွာဖြင့် ဝန်ခံခြင်း ယဇ်ပူဇော်ခြင်းဖြစ်သည်။

## စိတ်၏ခံစားမှုကို လွှတ်ထုတ်ခြင်း

ချီးမွမ်းခြင်းသည် စိတ်ခံစားမှုကို လွှတ်ထုတ်ခြင်းဖြစ်နိုင်သည်။ ဘုရားသခင်အာ ချီးမွမ်းခြင်း သည် စိတ်ခံစားမှုဆိုင်ရာ လေ့ကျင့်ခြင်းမဟုတ်၊ အခန်းအနားမဟုတ်။ ဤအရာသည် ဝိညာဉ် ဆိုင်ရာ နိုးထလုပ်ဆောင်မှုဖြစ်သည်။ စစ်မှန်သော ချီးမွမ်းခြင်းသည် စိတ်လှုပ်ရှားမှုဆိုင်ရာ လွှင့်ထုတ်မှုကို ဆောင်ယူလာသည်။

စိတ်၏ခံစားမှုသည် ဇာတိနှင့် အသွေးအသားအတွက် မလွဲမသွေ လိုအပ်သည့်အရာ မဟုတ် ပေ။

ဘုရားသခင်သည် ကျွန်ုပ်တို့အား စိတ်လှုပ်ရှားမှု (စိတ်ခံစားမှု)ကို ပေး၍ ထိုအရာအားဖြင့် ဘုရားရှင်၏ ဘုန်းတော်ထင်ရှားစေရန်ဖြစ်သည်။ (စိတ်၏လှုပ်ရှားမှု၌ ဂုဏ်ပြုခြင်း၊ အားမာန် နှင့် ကျယ်လောင်စွာ ကြွေးကြော်ခြင်းဖြင့် ဖော်ပြခြင်းတို့ပါဝင်သည်)။

စိတ်လှုပ်ရှားမှု၌ ချီးကျူးဂုဏ်ပြုခြင်း၊ အားမာန်နှင့် ပြောဆိုခြင်း၊ ကျယ်လောင်စွာကြွေးကြော်ခြင်းဖြင့် သဘောထားကို ဖော်ပြခြင်းတို့ ပါဝင်သည်။

**ကြည်ညိုလေးစားခြင်း**

ချီးမွမ်းခြင်း၌ ကြည်ညိုလေးစားသော နှလုံးသားနှင့် လုပ်ဆောင်ရန်ဖြစ်သည်။ ကြည်ညို လေးစားသည်ဆိုရာ၌ ချီးမြှင့်ခြင်းနှင် တစုံတဦးကို သင့်လျော်စွာ မြတ်နိုးခြင်းကို ဆိုလိုသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ ဘိတ်သိတ်နှင့် စီးဆင်းမှု နယ်နမိတ်ပြင်ပ၌ ချီးမွမ်းခြင်း လုပ်ဆောင်မှုများ ပိုလျှံစွာ လုပ်ဆောင်ခြင်းဖြင့် ထိုအထူးဝတ်ပြုကိုးကွယ်ခြင်း အစည်းအဝေး ကို ယိုယွင်းပျက်စီးမှု မဖြစ်ပါစေနှင့်။

ဘုရားသခင်အား ချီးမွမ်းခြင်းသည် မိမိကိုယ်မိမိ ပျော်ရွှင်ဝမ်းမြောက်စေသောအရာမျှသာ မဟုတ်ချေ။ ဘုရားသခင်ထံသို့ ကြည်ညိုလေးစားခြင်း ကျေးဇူးတင်ခြင်းတို့ ဖော်ပြခြင်းဖြင့် ဆက်ကပ်သောအရာဖြစ်သင့်သည်။

**နိဂုံး**

ဟေဗြဲစကားအားဖြင့် နိဂုံးချုပ်နိုင်ပါသည်။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် နံဝိညာဉ်နှင့်၄င်း၊ သစ္စာနှင့်၄င်း ကိုးကွယ်ရမည်။

ချီးမွမ်းခြင်းသည် စိတ်ခံစားမှုကြောင့် လှုပ်ရှားတက်ကြွခြင်းဖြစ်ပေမည်။ သို့သော် ချီးမွမ်းခြင်း သည် ကျွန်ုပ်တို့၏ သွေးသားပျော်ရွှင်မှု သက်သက်ဖြစ်ခြင်းကို ကာကွယ်၍ ဝိညာဉ်အရာကို ဦးစားပေးသောအရာဖြစ်ရမည်။

**ယော - ၄ း ၂၃-၂၄ “ ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၄င်း၊ သစ္စနှင့်၄င်း ကိုးကွယ်ရမည့်အချိန်ကာလသည် လာ၍ ယခုပင်ရောက်လျက်ရှိ၏။ အကြောင်း မူကား ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည် နံဝိညာဉ်နှင့်၄င်း၊ သစ္စာ နှင့်၄င်း ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။”**

## ဓမ္မသစ်ကျမ်းပါ ချီးမွမ်းကိုးကွယ်ခြင်းကို အနက်ပြန်ခြင်း

ဓမ္မသစ်ကျမ်း၌ ချီးမွမ်းခြင်းဆိုသည့်စကားကို ဂရိဘာသာဖြင့် များစွာဖော်ပြအသုံးပြုထား သည်။

ဤစကားလုံးအချို့ကို လေ့လာခြင်းဖြင့် ဘုရားသခင်အား ချီးမွမ်းခြင်းကို ပို၍သက်ဝင်စေ၍ ခံစားမှုအဓိပ္ပါယ်များပို၍ ပေါ်လွင်စေသည်။

## Aineo

➢ ချီးမွမ်းခြင်းယဇ်ပူဇော်ခြင်း(သို့) ချီးကျူးဂုဏ်ပြုခြင်း

ရော - ၁၅ း ၁၁ "လူမျိုးအပေါင်းတို့၊ ထာဝရဘုရားကို ချီးမွမ်းကြလော့။ လူအနွယ်အပေါင်း တို့ အလွန်ချီးမွမ်းကြလော့ဟု လာ၏။"

➢ ကျေးဇူးတင်ကြောင်းအသံကိုမြှင့်၍ ကြွေးကြော်ခြင်း

လု - ၁၉ း ၃၇ "သံလွင်တောင်ပေါ်က ဆင်းရာအရပ်သို့ ရောက်တော်မူသောအခါ တပည့် တော်များအပေါင်းတို့သည် မိမိတို့မြင်ခဲ့ပြီးသော တန်ခိုးတော်များကိုထောက်၍ ဝမ်းမြောက် သောစိတ်နှလုံးနှင့် ဘုရားသခင်ကို ထောမနာပြု၍၊"

## Epaino

➢ သြဘာပေးရန်

၁ပေ - ၁ း ၇ "ပျက်စီးတတ်သောရွှေကို စစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သာ၍မြတ်သည်နှင့်၊ ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်အလို့ငှါ ဖြစ်မည်အကြောင်း၊ အထူးထူး အပြား ပြားသော စုံစမ်းနှောက်ယှက်ခြင်းကိုခံရသောကြောင့်ရှိလျှင်၊ သင်တို့သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်း အထက်ဆိုခဲ့ပြီးသောကျေးဇူးတော်ထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏။"

➢ ချီးကျူးဂုဏ်ပြုရန်

ဧဖက် - ၁ း ၆ "ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေ ခြင်းငှါ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကိုရမည့်အကြောင်း၊ အလိုတော်ရှိသော စေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။"

## Eulogeo

➢ ကောင်းမြတ်ကြောင်းချီးမွမ်းစကားပြောခြင်း

လု - ၁ း ၆၄ "ထိုခဏခြင်းတွင် ဇာခရိသည် နှုတ်ဖွင့်ခြင်း၊ ရှာလွတ်ခြင်းရှိသည်ဖြစ်၍ စကားအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလေ၏။"

**Doxa**

➢ ခမ်းနားကြီးကျယ်ဂုဏ်အသရေရှိသော

Doxa ဆိုသည့်စကားသည် ချီးမွမ်းခြင်းပိုင်ဆိုင်ရာ သြဇာအရှိန်ကို ရုပ်ပိုင်းဆိုင်ရာ ဖော်ပြမှု ထက်သာ၍ မှတ်သားမိအောင် ဖန်တီးပေးသည်။

**Proskuneo**

➢ နှိမ့်ချဦးညွတ်ခြင်း

Proskuneo အရိုအသေပေးသည့်အနေနှင့် မိမိကိုယ်ကို မိမိ အလျှားလိုက် မှောက်လျက် ပြပ်ဝပ်ခြင်းဖြစ်သည်။

**မဿဲ ၂ း ၂ "ယခုဘွားမြင်သော ယုဒရှင်ဘုရင်သည်၊ အဘယ်မှာရှိတော်မူသနည်း။ အရှေ့ ပြည်၌သူ၏ကြယ်ကို ငါတို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှါ ရောက်လာပြီဟု မေးမြန်း ပြောဆိုကြ၏။"**

# ချီးမွမ်းခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်း၏ လိုရင်းအဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်

---

ဆာလံဆိုသည့် စကားသည် "Psalmos ဆဲလ်မို့(စ)" ဟူသည် ဂရိဘာသာစကားမှ ဆင်းသက်လာ၍ သူ၏ယေဘုယျအဓိပ္ပါယ်မှာ "သီဆိုရန်ရေးသားစပ်ဆိုထားသော ကဗျာ" ဟူ၍ဖြစ်သည်။

**Pslmos**

"ဆဲ(လ်)မို့"ဆိုသည်မှာ ဆာလံကို တေးဂီတဖြင့် တွဲဘက်သီဆိုခြင်းဖြစ်သည်။ သူ၏မူလ အဓိပ္ပါယ်ဆိုလိုရင်းမှာ "စောင်းကဲ့သို့သော ကြိုးတပ်တူရိယာကို ခတ်ခြင်း၊ ပွတ်သပ်ခြင်း၊ တီးခြင်း"ဟူ ဆိုလိုသည်။

**Hymn**

Hymn ဆိုသည့်ဝေါဟာရသည် humans ဆိုသည့် ဂရိစကားမှ ဆင်းသက်လာ၍ ဘုရား သခင်ထံ ချီးမွမ်းသီးချင်းဟူသည့် အဓိပ္ပါယ်ရ၍ "humneo" ဟူသည့်စကားအဓိပ္ပါယ်မှာ လည်း "ဘုရားသခင်ထံပါးသို့ ချီးမွမ်းသီဆိုသော တေးသီချင်းတစ်ပုဒ်"ဟူသည့် အဓိပ္ပါယ် ရသည်။

## Spiritual Song

Pneumatikos ode (ဝိညာဉ်ရေးရာသီချင်း)ဟူသည် ဂရိစကား၏ အဓိပ္ပါယ်သည် "သန့်ရှင်းသောဝိညာဉ်တော်က ထိုကာလမှာ ပေးသော အလိုအလျောက်ဖြစ်ပေါ်လာသည့် တေးစာသားနှင့် တေးဂီတသံစဉ် တေးသီချင်း" ဟူ၍ဖြစ်သည်။

# ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁။ ဓမ္မဟောင်းမှ ချီးမွမ်းခြင်းကို ဘာသာပြန်ဆိုသော ဟေဗြဲဘာသာဖြင့် ရှင်းလင်းထားသည့် စကားလုံး၂လုံး၏ အဓိပ္ပါယ်ကိုဖော်ပြပါ။

၂။ ဓမ္မသစ်ကျမ်း၌ဖော်ပြသော ချီးမွမ်းခြင်းဆိုသည့်စကားလုံး ၂-လုံးကို ဖော်ပြပါ။ ဂရိဘာသာ စကားဖြင့်ရှင်းလင်းသည့် ၄င်းတို့၏အဓိပ္ပါယ်ကိုဖော်ပြပါ။

၃။ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းဟူသည့် ဟေဗြဲဘာသာစကား၏ အနက်အဓိပ္ပါယ်ကို ရှင်းပါ။

၄။ ဝတ်ပြုကိုးကွယ်ခြင်းဟူသည့် ဂရိစကားလုံး ၂-လုံး၏ အနက်အဓိပ္ပါယ်ကိုဖော်ပြပါ။

# အခန်း (၆)

# ချီးမွမ်းခြင်းအတွက် ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်

ကျွန်ုပ်တို့သည် ချီးမွမ်းကိုးကွယ်ရန်အတွက် ဖန်ဆင်းခံရသူများဖြစ်သည်။ ဘဝအသက်တာ၌ ကျွန်ုပ်တို့၏ အကြီးမားဆုံးသောဆန္ဒသည် ချီးမွမ်းကိုးကွယ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့အသက်ရှင်ရခြင်း၏ အကြောင်းပြချက်သည် ကိုယ်တော်ကို ကိုးကွယ်ရန်ဖြစ်သည်။ သူတို ကိုးကွယ်ရန်သားနှင့်သမီးများကို ဘုရားသခင်ရှာနေသည်ဟု ရှင်ယောဟန်က ပြောပါသည်။

**ယော - ၄ း ၂၃ “ ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၄င်း၊ သစ္စာတရားနှင့်၄င်း၊ ကိုးကွယ်ရမည့်အချိန်ကာလသည် လာ၍ ယခုပင်ရောက်လျက်ရှိ၏၊ အကြောင်းမူကား၊ ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏။”**

## သီချင်းဆိုခြင်းအရာ၌ ဘုရားသခင်ဝမ်းမြောက်ရွှင်လန်းသည်

သီချင်းသီဆိုခြင်းအားဖြင့် ကျွန်ုပ်တို့အပေါ် ဘုရားသခင် ရွှင်လန်းဝမ်းမြောက်သည်။

**ဇေဖနိ - ၃ း ၁၇ “သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အလယ်၌ရှိ၍၊ တန်ခိုးကြီးသောဘုရားသည် သင့်ကိုကယ်တင်တော်မူလိမ့်မည်။ သင်၌အားရဝမ်းမြောက်တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာ၌ ကျိန်းဝပ်၍၊ သီးချင်းဆိုခြင်းနှင့်တကွ သင်၌ဝမ်းမြောက်တော်မူလိမ့် မည်။”**

ဘုရားသခင်၏ ရွှင်လန်းဝမ်းမြောက်ခြင်းအမှုအရာကို ဟေဗြဲဘာသာစကားအာဖြင့် ဖော်ပြသည်မှာ “ကလျက်၊ ခုန်လျက်၊ ပတ်ချာလှည့်လျက်၊ စိတ်လှုပ်ရှားလျက်၊ အားရရွှင်လန်းခြင်း” ဟူ၍ အဓိပ္ပါယ်ရှိသည်။

ဘုရားသခင်သည် ကလျက်၊ ခုန်လျက် ပတ်ချာလှည့်လျက် စိတ်လှုပ်ရှားလျက် ကျွန်ုပ်တို့ အတွက် ရင်သိမ့်တုန်စွာ အားရရွှင်လန်းရသနည်းဟု ကျွန်ုပ်တို့မေးရန်မေးခွန်းရှိပေသည်။ ဤမေးခွန်းအတွက် တုန့်ပြန်ရန် အဖြေမှာ ပြီးခဲ့သော ထာဝရအတိတ်ကာလဆီ ပြန်ဆုတ် သွား၍ ကောင်းကင်တမန်များ၏ ချီးမွမ်းကိုးကွယ်ရန် လုပ်ဆောင်မှုကို နားလည်ဖို့ရန် လိုအပ်သည်။

## ဖန်ဆင်းခံကောင်းကင်တမန်များ

ကောင်းကင်တမန်များကို တိကျသေချာသောလုပ်ငန်း ဆောင်တာများအတွက် ဘုရားသခင် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ အဓိကကျသော ကောင်းကင်တမန်များကို ခွဲ့ခန့်သည်ဟု ယုံကြည်ရသည်။

➢ ကောင်းကင်တမန်ချုပ် မိက္ခေလသည် ကြီးမားသော စစ်တိုက်သည့် ကောင်းကင်တမန်များကို ဦးဆောင်ကွပ်ကဲရသည်။

➢ ကောင်းကင်တမန် ဂါဗြေလက သတင်းဖြန့်ဝေပို့ဆောင်သူ ကောင်းကင်တမန်များ ကို ဦးစီးကွပ်ကဲရသည်။

**လူစီဖာ**

➢ ဘိတ်သိတ်ခံခေရုဗိန်

ဘုရားသခင်ပလ္လင်တော်ကို ကာကွယ်ရန် ကောင်းကင်တမန် လူစာဖာကို စောင့်ရှောက်သူ ကောင်းကင်တမန် (Guardian Angel or Cherub) ခေရုဗိန်အဖြစ် ဘုရားသခင် ဖန်ဆင်းခဲ့သည်။

ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်ရှိရာ ဂရုဏာပလ္လင်ကို ကောင်းကင်တမန် ခေရုဗိန်က သူတို့၏ အတောင်များဖြင့် ဖြန့်၍ လွှမ်းမိုးသကဲ့သို့ လူစီဖာသည် ဘုရားသခင်၏ ကောင်းကင်ပလ္လင်တော်ကို ဖြန့်၍လွှမ်းမိုးသော ဘိတ်သိတ်တော် ခံခေရုဗိန်ဖြစ်သည်။

➢ နာမည်၏အဓိပ္ပါယ်

ဟေဗြဲဘာသာစကားအရ လူစီဖာ ဆိုသည်မှာ "Heylel" ဟာလေ "Halal" “ဟာလေ” ဆိုသည့်စကားမှ ဆင်းသတ်၍ "hallelujah" ဟာလေလုယာဆိုသည့် စကားကို ရရှိသည်။ ဆိုလိုသည်မှာ - ချီးမွမ်းခြင်း၊ တောက်ပခြင်း၊ ထွန်းလင်းခြင်း၊ ခန့်နားခြင်း၊ ဂုဏ်ပြုခြင်း၊ ဘုန်းထင်ရှားခြင်းနှင့် ထင်ပေါ်ခြင်းဖြစ်သည်။ သူ၏မူလလုပ်ဆောင်ရန် ဖြစ်သည့် ချီးမွမ်းခြင်း နှင့် ကိုးကွယ်ခြင်းနှင့်အညီ လူစီဖာ (Lucifer) လူစီဖာ၏ မူလသည် ဟာလေလုယာ "hallelcujah" ဖြစ်၍ သူသည် မူလဦးစွာ ချီးမွမ်းသောသူ၊ ဘုရားသခင် ဘုန်းရောင်ခြည် တော်ကို ပြန်တောက်ပစေသော ဂုဏ်ပြုချီးမွမ်းသူဖြစ်သည်။

**ဟေရှာ - ၁၄ း ၁၂ “အိုနံနက်သား၊ မိုဃ်းသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီတကား။ အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည်၊ မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရလေပြီတကား။”**

➢ တေးဂီတအတွက် ဖန်ဆင်းခံရသူ

**ယေဇ - ၂၈ း ၁၃ “ဧဒင်အရပ်၊ ဘုရားသခင်၏ ဥယျာဉ်တော်၌ နေပြီ။ သင်၏ခေါင်းပေါ် မှာကျောက်နီ၊ ဥဿဖရား၊ စိန်၊ မျက်ရွဲ၊ ကြောင်၊ နဂါးသွဲ့၊ နီလာ၊ မြ၊ ပတ္တမြားအစရှိသော ကျောက်မြတ်အမျိုးမျိုးတို့ကို ဆောင်းလေ၏။ ရွှေဖြင့်လုပ်သော**

**ပတ်သာ၊ ပုလွေတို့သည် လည်း၊ သင်ဘွားသောနေ့၌ပင် သင့်အဘို့ ပြင်ဆင်လျက်ရှိကြ၏။"**

လူစီဖာသည် တူရိယာကို တီးခတ်ရုံသာမဟုတ်၊ သူကိုယ်တိုင်ပင်လျှင် တူရိယာဖြစ်နေသည်၊ သူ၏အသံသည် တီးခတ်ရသောတူရိယာ၊ ပုလွေ၊ တံပိုးသံ ပါဝင်သော သံစုံတီးဝိုင်းအသံကဲ့ သို့ ဖြစ်သည်။

လူစီဖာသည် ကျောက်မျက်များစွာနှင့် မိမိကိုယ်ကို မွမ်းမံချယ်သ၍ သူလှုပ်ရှားကာ အသက် ရှူလိုက်တိုင်း မြင်ရသည့် ခန်းမားကြီးကျယ်လှပသော အလင်း၏ဘုန်းနှင့် ကောင်းကင်ဘုံ ဆိုင်ရာ အသံဗလံတို့သည် မဆုံးနိုင်အောင် ပြောင်းလဲနေတတ်သည်။

အမိကအုပ်စုသုံးစု ကွဲပြားသော တူရိယာများကို သတိပြုပါ။ ရိုက်ခတ်တီးခတ်ရသည့် တူရိယာ၊ လေမှုတ်တူရိယာနှင့် ကြိုးတပ်တူရိယာများဟု ဖော်ပြခြင်းခံရသည်။

ဘုရားသခင်၏ ပလ္လင်တော်ကို ဖုံးလွှမ်းခြင်းသည် ဘိတ်သိတ်ခံ ခေရုဗိန်၏ ချီးမွမ်းဝတ်ပြု ကိုးကွယ်ခြင်းဖြင့် ပလ္လင်တော်ကို ဖုံးလွှမ်းခြင်းဖြစ်သည်။

ဘုရားသခင်၏ ပလ္လင်တော်ရှေ့မှာ စဉ်ဆက်မပြတ် ချီးမွမ်းဝတ်ပြုကိုးကွယ်ရသော ကောင်း ကင်တမန်များ၏ ဓမ္မသံစုံအဖွဲ့ တေးဂီတသံစုံအဖွဲ့ကို လူစီဖာသည် ဦးဆောင်ခဲ့ သည်။

**ယောဘ - ၃၈ း ၇ "နံနက်ကြယ်တို့သည် တညီတညွတ်တည်း သီချင်းဆို၍၊ ဘုရားသခင် သားအပေါင်းတို့သည် ဝမ်းမြောက်သဖြင့်၊ ကြွေးကြော်ကြစဉ်၊ တိုက်ထောင့်အထွဋ်ကျောက်ကို အဘယ်သူတင်ထားသနည်း။"**

# လူစီဖာသည် ကွက်လပ်ကိုချန်ထားခဲ့သည်

ကောင်းကင်မှ ကျဆင်းလာသော လူစီဖာသည် ကြီးမားသော လွတ်လပ်လဟာကို ကောင်းကင်ဘုံ၌ ဖြစ်ကျန်ရစ်စေသည်။

ဘုရားသခင်ကို တော်လှန်ပုန်ကန်ပြီး ကောင်းကင်ဘုံမှ နှင်ထုတ်ခြင်းခံရစဉ် ကောင်းကင် တမန်များအားလုံး၏ သုံးစုတစ်စုသော ပုန်ကန်သည့် သူ၏ကောင်းကင်တမန်များတို့သည် လည်း (လူစီဖာ)သူနှင့်အတူ လိုက်ပါသွားသည်။

**ဟေရှာ - ၁၄ း ၁၂ "အိုနံနက်သား၊ မိုယ်းသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီတကား၊ အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည်၊ မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရလေပြီတကား။"**

**ယေဇ - ၂၈ း ၁၅,၁၆ "ဘွားသောနေ့မှစ၍ သင်အပြစ်ထင်ရှားသောနေ့တိုင်အောင်၊ ပြုလေရာရာ၌ စုံလင်လျက်ရှိ၏။ သို့ရာတွင် ကုန်သည်ခြင်း များပြားသောအားဖြင့် အဓမ္မအမှု တို့နှင့် ပြည့်စုံ၍ ပြစ်မှားသော အပြစ်ရောက်လေပြီ။ ထို့ကြောင့် ဆိုးယုတ်သော သူကဲ့သို့ သင့်ကို ဘုရားသခင်၏ တောင်တော်ပေါ်က ငါနှင်ထုတ်မည်။ အိုလွှမ်းမိုးသော ခေရုဗိမ်၊ မီးတောက်သောကျောက်တို့ အထဲက သင့်ကိုငါပယ်ရှင်းမည်။"**

**ဗျာဒိတ် - ၁၂ း ၇-၉ "ကောင်းကင်၌စစ်ဖြစ်၏၊ မိက္ခေလနှင့်သူ၏ကောင်းကင်တမန်တို့သည် နဂါးကို စစ်တိုက်ကြ၏။ နဂါးနှင့်သူ၏တမန်တို့သည် စစ်တိုက်၍မနိုင်ကြ။ ကောင်းကင်၌ လည်းသူတို့နေစရာမရှိ။ ထိုအခါ ဤလောကတနိုင်ငံလုံးကို လှည့်ဖြား၍မာရ်နတ်စာတန် အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသော နဂါးကြီးကို၎င်း၊ သူနှင့်အတူ သူ၏တမန်တို့ ကို၎င်း၊ မြေကြီးသို့ချလိုက်ကြ၏။"**

**ဗျာဒိတ် ၁၂ း ၄ (က) သူ၏အမြီးသည် ကောင်းကင်ကြယ် သုံးစုတစုကို ဆွဲငင်း၍မြေကြီးသို့ ချလိုက်လေ၏။"**

လူစီဖာနှင့် သူ၏တမန်များ နှင်ထုတ်ခံရခြင်းဖြင့် ကောင်းကင်ဘုံ၌ ကြီးမားသော ကွက်လပ်ကြီးတစ်ခု ဖြစ်စေကြောင်း ရုတ်တရက်နားလည်သဘောပေါက်စေသည်။

## ဘုရားသခင်သည် ထိုလွတ်လပ်လဟာကို ဖြည့်တင်းခဲ့သည်။

လူစီဖာနှင့် သူ၏တမန်များကြောင့် ဖြစ်ပေါ်လာသည့် ထိုကွက်လပ်ကြီးကို ပြန်ဖြည့်ရန် ဘုရားသခင်အကြံအစည် (အစီအစဉ်)ရှိသည်။

မြေကြီးကမ္ဘာပေါ်၌ လူစီဖာ ( SATAN - စာတန်) နှင့် သူ၏တမန်များ( Demons နတ်ဆိုး) များအပေါ် ကွပ်ကဲအုပ်ချုပ်ရန်အတွက် လူကိုဘုရားသခင် ဖန်ဆင်းခဲ့သည်။

ကမ္ဘာမြေပေါ်၌ စာတန်၏ရှုံးနိမ့်မှုကို လူက သရုပ်ပြရန်ဖြစ်သည်။ ဘုရားသခင်ပြီးနောက် လူသည် ဘုရားသခင်၏ ပလ္လင်မှနေ၍ ဘုရားသခင်နှင့်အတူ ဤလောကကို အုပ်စိုးရန် ဖြစ်သည်။

ထိုကွက်လပ်သည် ယခုပြည့်စုံသွားပြီ။

**ဧဖက် - ၁ း ၂၃ "ထိုအသင်းတော်ကား၊ အလုံးစုံတို့ကို အလုံးစုံတို့နှင့် ပြည့်စုံစေတော်မူသော သူ၏ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ကိုယ်ဖြစ်သတည်း။"**

ယုံကြည်သူယောကျ်ားမိန်းမများသည် ထိုစိုးမိုးသူ ခေရုဗိန်နှင့် သူ၏တမန်များ၏ကိုယ်စား ကွက်လပ်ဖြည့်နေရာယူဘို့ရန် အသင်းတော်က ပေါင်းစပ်ပေးသည်။ ယခုမူကား ဘုရားသခင် ပြီးနောက် အသင်းတော်ဖြစ်သည်။

ဘုရားသခင်က ချီးမွမ်းကိုးကွယ်မှုအတွက် လုပ်ဆောင်ရန် အကြီးမားဆုံးသော ကြံစည်ရည်ရွယ်ချက်ဖြင့် လူသားကိုဖန်ဆင်းခဲ့သည်။

**ဧဖက် - ၃ း ၂၁ "ယေရှုခရစ်တော်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီး တော်မူစေသတည်း။ အာမင်။"**

## စာတန်နှင့်တေးဂီတ

---

### ➢ လူစီဖာသည် ဂီတပညာရှင်ချုပ်ဖြစ်သည်

ကျဆုံးခြင်းမတိုင်မီ လူစီဖာသည် ကောင်းကင်ဘုံ၌ တေးဂီတသမားများ၏ အချုပ်ဖြစ်သည်။

**ယေဇ - ၂၈ း ၁၃ (ခ) " သင်၏ခေါင်းပေါ်မှာ ကျောက်နီ၊ ဥဿဖရား၊ စိန်၊ မျက်ရွဲ၊ ကြောင်၊ နဂါးသွဲ့၊ နီလာ၊ မြ၊ ပတ္တမြားအစရှိသောကျောက်မြတ် အမျိုးမျိုးတို့ကို ဆောင်လေ၏။ ရွှေဖြင့် လုပ်သော ပတ်သာ၊ ပလွေတို့သည်လည်း၊ သင်ဘွားသောနေ့၌ပင် သင့်အဘို့ပြင်ဆင်လျက် ရှိကြ၏။"**

သူ၏တေးဂီတ ဆုကျေးဇူးသည် ဘုရားသခင်ကို ချီးမွမ်းရန်ဖြစ်သည်။ သို့သော် ကျဆုံးခြင်း ပြီးနောက် ထိုဆုကျေးဇူးကို အသုံးပြုလွဲမှားစေခဲ့သည်။

### ➢ တီးထွင်ခြင်းခံခဲ့ရသော တူရိယာများ

ကာဣနမှ ဆင်းသက်လာသော သူတို့သည် တေးဂီတတူရိယာများနှင့် စစ်လက်နက် ကရိယာ ၂-ခုစလုံးကို တီထွင်ခဲ့သည်။

**ကမ္ဘာ - ၄ း ၂၀-၂၂ "ယုဗလအမည်ရှိသော ညီမူကား၊ ၊ စောင်းမျိုး၊ နှဲခရာမျိုးတို့ကို တီးမှုတ်တတ်သောသူ အပေါင်းတို့၏ အဘဆရာဖြစ်လေသတည်း။ ဇိလသည်လည်း၊ သားတုဗလကာဣနကို ဘွားမြင်လေ၏။ သူသည် ပန်းတဉ်း သမား၊ ပန်းပဲသမား အပေါင်း တို့၏ဆရာ ဖြစ်လေ၏။ တုဗလကာဣန၏ နှမကား၊ နေမအမည်ရှိ၏။"**

### ➢ တေးဂီတ၌ ရှုပ်ထွေးခြင်း

စာတန်သည် ရှုပ်ထွေးခြင်းကို ဖန်တီးရေးသားသူဖြစ်၍ တေးဂီတ၌ ရှုပ်ထွေးမှုတို့သည် စာတန်နှင့်ဆိုင်သော လက္ခဏာတစ်ခုဖြစ်သည်။

**၁ကော - ၁၄ း ၃၃ "ဘုရားသခင်သည် ရုန်းရင်းခတ်သောအမှုကို ပြုတော်မမူ။ သန့်ရှင်း သူတို့၏အသင်းတော် အပေါင်းတို့၌ ဖြစ်သကဲ့သို့ အသင့်အတင့် ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏။"**

➢ ရွှေနွားသူငယ်ရုပ်

ဣသရေလတို့သည် နွားသူငယ်ရုပ်တုကိုလုပ်၍ ကိုးကွယ်ရာ မောရှေသည် ထိုရုပ်ထွေးစေ သော တေးဂီတကို ကြားသော်လည်း ပထမ၌ ၎င်း၏ အရေးပါမှုကို ကောင်းစွာ သဘော မပေါက်ချေ။

**ထွက် ၃၂ း ၁၇-၁၈ "လူများကြွေးကြော်သံကို ယေရှုသည်ကြားလျှင်၊ တပ်၌စစ်တိုက်သံကို ကြားပါသည်ဟု မောရှေအားဆို၏။ မောရှေကလည်း ငါကြားသောအသံသည် အောင်၍ ကြွေး ကြော်သံမဟုတ်၊ ရှုံး၍ ငိုကြွေးသံလည်းမဟုတ်၊ သီချင်းဆိုသံဖြစ်သတည်းဟု ပြန်ပြော၏။"**

➢ ရွှေရုပ်တု

သူစိုက်ထူသော ရွှေရုပ်တုကြီးကို ဝတ်ပြုကိုးကွယ်ရန် အမျိုးမျိုးသော တေးဂီတတူရိယာများ ကို အသုံးပြုခြင်းဖြင့် နေဗုခ်ခနေဇာမင်းကြီးသည် သွေးဆောင်ဖြားယောင်းခဲ့သည်။

**ဒံယေလ - ၃ း ၅, ၇ "တံပိုး၊ ခရာ၊ စောင်း၊ ပုလွေ၊ တယော၊ ပတ်သာအစရှိသော တူရိယာမျိုး တီးမှုတ်ခြင်းအသံကို ကြားသောအခါ၊ နေဗုခဒ်နေဇာမင်းကြီးတည်ထား မူသော ရွှေရုပ်တု ကို ပြပ်ဝပ်ကိုးကွယ်ရကြမည်။" (ဒံယေလ ၃း၇)**

## အလိုတော်သည်ကောင်းကင်၌ပြည့်စုံသကဲ့သို့မြေကြီးပေါ်၌ပြည့်စုံပါစေ

သခင်ယေရှုသည် ဆုတောင်းခြင်းနှင့် ပတ်သက်၍ တပည့်တော်များကို ဤသို့သွန်သင်ခဲ့ သည်မှာ "အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံ စေပါ။" "ကောင်းကင်ဘုံ၌ ဘုရားသခင်၏ အလိုတော်သည် မည်သည့်အရာနည်း။" ထိုအရပ်၌ ပြည့်စုံခြင်းသည် မည်သည့်အရာနည်း။

ယောဟန်သည် ကောင်းကင်ဘုံ၌ ယနေ့ဘဲဖြစ်နေသည်ကို တုန်လှုပ်အံ့ဘွယ်သော ရူပါရုံကို ဖွင့်ပြခဲ့၍ အနာဂတ်၌လည်း ဖြစ်ပျက်မည့်အရာတို့ကို ပြခဲ့သည်။ များသောအားဖြင့် ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းတို့ပါဝင်သည်။

### စဉ်ဆက်မပြတ်ချီးမွမ်းခြင်း

ကောင်းကင်သားများတို့သည် ဘုရားသခင်အား အဆက်မပြတ် ကျေးဇူးတော်ချီးမွမ်းကြ သည်။

**ဗျာ - ၄ း ၈-၁၁ "ထိုသတ္တဝါလေးပါးတို့၏ ကိုယ်ပတ်ဝန်းကျင်၌၊ တပါးတပါးလျှင် အတောင် ခြောက်ခုစီရှိ၍၊ အတွင်း၌မျက်စိနှင့်ပြည့်ကြ၏။ သူတို့ကလည်း အနန္တတန်ခိုးနှင့်ပြည့်စုံ၍ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလအစဉ်ရှိတော်မူသော ထာဝရအရှင် ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏၊**

သန့်ရှင်းတော်မူ၏ဟု နေ့ညဥ့်မပြတ်ငြိမ်၍မနေဘဲ ပြောဆိုကြ၏။ ပလ္လင်တော်ပေါ်မှာထိုင်၍၊ ကမ္ဘာအဆက်ဆက် အသက်ရှင်တော်မူသော သူ၏ ဘုန်းအသရေ၊ ဂုဏ်ကျေးဇူးတော်ကို ထိုသတ္တဝါတို့သည် ချီးမွမ်းကြသောအခါ အသက်ကြီးသူ နှစ်ဆယ့်လေးပါးတို့သည် ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူရှေ့၌ ပြပ်ဝပ်လျက် ကမ္ဘာအဆက်ဆက် အသက်ရှင်တော်မူသောသူကို ကိုးကွယ်လျက်၊ "(ဗျာ ၄း၁၁)

## ကုဋေသချေမက

သန်းပေါင်းတရာကျော်သော ကောင်းကင်တမန်များနှင့် သက်ရှိသတ္တဝါများတို့သည် ဘုရားသခင်အား ချီးမွမ်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ကြသည်။

**ဗျာ - ၅ း ၁၁-၁၃ "ထိုအခါငါကြည့်၍၊ ပလ္လင်တော်မှစသော သတ္တဝါတို့နှင့် အသက်ကြီးသူတို့၏ပတ်ဝန်းကျင်၌၊ ကုဋေသချေမက အတိုင်းမသိများစွာသော ကောင်းကင်တမန်တို့၏ အသံကို ငါကြား၏။ ထိုသူတို့ကလည်း၊ အသေသတ်ခြင်းကိုခံခဲ့ပြီးသော သိုးသငယ်သည်၊ တန်ခိုး၊ စည်းစိမ်း၊ ပညာ၊ အစွမ်း၊ သတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းကြီး မင်္ဂလာကို ခံထိုက်တော်မူ၏ဟု ကြီးသောအသံနှင့် ပြောဆိုကြ၏။ ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၊ သမုဒ္ဒရာအထဲ အရပ်ရပ်တို့၌ ရှိရှိသမျှသော ဝေနေယျသတ္တဝါ အပေါင်း တို့က၊ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူနှင့် သိုးသူငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းကြီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူစေသတည်းဟု ပြောဆိုကြသည်ကို ငါကြား၏။"**

သခင်ယေရှုသည် "အလိုတော်သည်ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသောဟု ဆုတောင်းခဲ့သည်။

## စုပေါင်းဝတ်ပြုကိုးကွယ်ခြင်း

ယခုကောင်းကင်ဘုံ၌ စုပေါင်းကိုးကွယ်ချီးမွမ်းခြင်းကို ကျင်းပနေသည့် ထောင်ပေါင်းများစွာသောကောင်းကင်တမန်များနှင့် မရေမတွက်နိုင်အောင် များလှသော နိုင်ငံပေါင်းများစွာ လူမျိုးအသီးသီးနှင့် ဘာသာစကား အမျိုးမျိုးပြောသောသူတို့သည် ဘုရားသခင်ကို ချီးမွမ်းကိုးကွယ်ကြသည်။

**ဗျာ - ၇ း ၉, ၁၀ "ထို့နောက်မှ ငါကြည့်လျှင်၊ အသီးအသီးဘာသာစကားကို ပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍၊ အဘယ်သူမျှ မရေတွက်နိုင်သောလူများအပေါင်း တို့သည် ဖြူသောဝတ်လုံကို ဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက်၊**

ပလ္လင်တော်ရှေ့ သိုးသငယ်ရှေ့မှာ ရပ်နေကြ၏။ သူတို့ကလည်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသော ငါတို့၏ ဘုရားသခင်နှင့် သိုးသငယ်သည် ကယ်တော်မူခြင်းချမ်းသာ ရှိတော်မူစေသတည်းဟု ကြီးသောအသံနှင့် ကြွေးကြော်ကြ၏။"

သခင်ယေရှုသည် မိမိတပည့်တော်များအား "အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့ သို့ မြေကြီးပေါ်မှာလည်း ပြည့်စုံပါစေသော်" ဟုဆုတောင်းရန် သွန်သင်ခဲ့သည်။

## အသစ်သောသီချင်းများနှင့်ကိုးကွယ်ခြင်း

ဗျာဒိတ် - ၁၄ း ၁-၃ "ထို့နောက်မှာငါကြည့်လျှင်၊ သိုးသငယ်သည် ဇိအုန်တောင်ပေါ်မှာ ရပ်နေ၏။ သူ၏နာမနှင့် ခမည်းတော်၏နာမကို နဖူး၌ အက္ခရာတင်သောသူ တသိန်းလေးသောင်းလေထောင်လည်း သူနှင့်အတူရှိကြ၏။ သမုဒ္ဒရာရေသံ၊ ကြီးစွာသော မိုယ်းကြိုးသံကဲ့ သို့ ကောင်းကင်ကအသံကို ငါကြား၏။ ထိုသို့ငါကြားသောအသံသည် စောင်သမားများ စောင်းတီးသောအသံကဲ့သို့ဖြစ်၏။ ပလ္လင်တော်ရှေ့၌၎င်း၊ သတ္တဝါလေးပါးနှင့် အသက်ကြီးသူ တို့၏ရှေ့၌၎င်း၊ သူတို့သည်အသစ်သောသီချင်းကို ဆိုကြ၏။ မြေကြီးမှရွေးနုတ်သောသူ တသိန်းလေးသောင်းလေးထောင်မှတပါး၊ အဘယ်သူမျှထိုသီချင်းကို သင်၍မရနိုင်။"

အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံစေရန် ကျွန်ုပ်တို့ဆုတောင်းရမည်။

## အနာဂါတ်၌ကိုးကွယ်ခြင်း

ကျွန်ုပ်တို့အပါအဝင် သူတော်စင်များတို့သည် စာတန်မာရ်နတ်ကို အပြီးတိုင်ချေမှုန်းပြီးမှ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်နေသည်ကို ယောဟန်မြင်ခဲ့သည်။

ဗျာ - ၁၅ း ၂-၄ "မီးနှင့်ရောသော ဖန်ရေကန်ကဲ့သို့ရှိသည်ကိုလည်း မြင်ရ၏။ သားရဲနှင့် ၎င်း၊ သူ၏ရုပ်တုနှင့်၎င်း၊ သူ၏နာမအရေအတွက်နှင့်၎င်း၊ လွတ်၍အောင်မြင်သောသူတို့ သည်၊ ဘုရားသခင်၏ စောင်းတော်တို့ကို ကိုင်လျက်၊ ဖန်ရေကန်နားမှာ ရပ်နေကြသည်ကို မြင်ရ၏။ ထိုသူတို့သည် ဘုရားသခင်၏ ကျွန်မောရှေ၏ သီချင်းနှင့် သိုးသငယ်၏ သီချင်းကို သီ၍၊ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏ အပြု အမူတို့သည် ကောင်းမြတ်၍ အံ့ဩဘွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏ အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏။ အိုထာဝရဘုရား၊ ကိုယ်တော်ကို မကြောက်ရွံ့ဘဲ၊ နာမတော်ကို မချီးမွမ်းဘဲ အဘယ်သူနေရပါအံ့နည်း။ ကိုယ်တော်တပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ တရားသဖြင့် စီရင်တော်မူခြင်းအရာတို့သည် ထင်ရှား

သည်ဖြစ်၍၊ လူမျိုးအပေါင်းတို့သည်လာ၍ ရှေ့တော်၌ ကိုးကွယ်ကြပါလိမ့်မည်ဟု လျှောက် ဆိုကြ၏။”

ဗျာ - ၁၉ း ၁, ၃ , ၇ “ထို့နောက်မှ ကောင်းကင်ဘုံ၌ စည်းဝေးသောသူအများတို့၏ အသံ ကြီးကား၊ ဟာလေလုယာ၊ ငါတို့ဘုရားသခင်၏ ကယ်တင်တော်မူခြင်း ချမ်းသာ၊ ဘုန်းအသ ရေတန်ခိုးတော်ပေတည်း။ တဖန်တုံ၊ ဟာလေလုယဟူ၍၎င်း၊ သူ၏မီးခိုးသည် ကမ္ဘာအဆက် ဆက်တက်သည်ဟူ၍၎င်း ပြောဆိုကြ၏။ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့၊ ဂုဏ်တော်ချီးမွမ်းကြကုန်အံ့ အကြောင်းမူကား၊ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီ။ သူ၏ မိန်းမသည် ကိုယ်ကို တန်ဆာဆင်ပြီဟု စည်းဝေးသောသူအများတို့၏အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသော မိုဃ်းကြိုးသံကဲ့သို့ငါကြား၏။”

အခုတော့ ကျွန်ုပ်တို့သဘောပါသူ၏ သတို့သမီးဖြစ်သော ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ ပြင်ဆင်၍ ဘုရားသခင်အား ချီးမွမ်းကိုးကွယ်သူဖြစ်ရန် လိုပါသည်။ ယောဟန်က ဆက်လက်၍

ဗျာ - ၁၉ း ၇ “ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့၊ ဂုဏ်တော်ချီးမွမ်းကြကုန်အံ့ အကြောင်းမူကား၊ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကို တန်ဆာဆင်ပြီဟု စည်းဝေးသောသူအများတို့၏အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသော မိုဃ်းကြိုးသံကဲ့သို့ငါကြား၏။”

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

---

၁။ ကောင်းကင်ဘုံ၌ ချီးမွမ်းကိုးကွယ်ခြင်းကို ဦးဆောင်ရန် ဘုရားသခင်သည် မည်သူ့ကို ဖန်ဆင်းခဲ့သနည်း။ အဖြေကိုရှင်းပြပါ။

၂။ ယခင်က ချီးမွမ်းကိုးကွယ်ဦးဆောင်သူ၏ လစ်ဟာစေသော ကွက်လပ်ကို မည်သူ ဖြည့်ပေး သနည်း။ ရှင်းပြပါ။

၃။ တေးသီချင်းနှင့် တေးဂီတအားလုံးကို ဘုရားသခင် မှုတ်သွင်းပါသလား။ ခြားနားချက်ကို သင်မည်ကဲ့သို့ ဆိုမည်နည်း။

# အခန်း (၇)

# ဝတ်ပြုကိုးကွယ်ခြင်းကိုဖေါ်ဆောင်သောတေးဂီတ

## တေးဂီတနှင့်ဆိုင်သောတူရိယာများ

ချီးမွမ်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းကို ဖော်ပြရန် တေးဂီတတူရိယာမျိုးစုံကို မကြာခဏဆို သလို အသုံးပြုကြသည်။

**ဆာ - ၁၅၀ း ၃-၅ "တံပိုးမှုတ်လျက် ဘုရားသခင်ကို ချီးမွမ်းကြလော့။ တယောနှင့်စောင်းကို တီးလျက် ချီးမွမ်းကြလော့။ ပတ်သာတီးလျက်၊ ကခုန်လျက်နှင့် ချီးမွမ်းကြလော့၊ ကြိုးနှင့် ပြည့်စုံသော တူရိယာကို တီးလျက်၊ နှဲခရာကို မှုတ်လျက် ချီးမွမ်းကြလော့။ အသံကျယ်သသော သံလွင်ကိုတီးလျက် ချီးမွမ်းကြလော့။ အကြီးဆုံးသော လင်းကွင်းကိုလည်း တီးလျက် ချီးမွမ်းကြလော့။"**

ဒါဝိတ်အားဖြင့်

မိမိ၏တူရိယာများဖြင့် ချီးမွမ်းခြင်းကို ပူဇော်မည့်တေးဂီတပညာရှင်သည် ချီးမွမ်းကိုးကွယ်ရာ ၌ သာ၍ကောင်းသထက်ကောင်းအောင် နည်းလမ်းရှာဖွေသင့်သည်။

**ဆာ - ၃၃ း ၃ "ရှေ့တော်၌အသစ်သောသီချင်းကို ဆိုကြလော့။ တံပိုးမှုတ်ခြင်းနှင့်တကွ သာယာစွာတီးကြလော့။"**

သဘာဝပင်ကိုယ်တတ်စွမ်းမှုထက် ဝိညာဉ်ရေးရာ တတ်ကျွမ်းမှုကို ပိုလိုအပ်သည်။ ကျွမ်းကျင်လိမ္မာမှု၌ တေးဂီတတီးခတ်တတ်ရုံမျှသာမဟုတ်လဲ ဝိညာဉ်တော်၏ စီးဆင်းခံစားမှုနှင့် နီးနှောဆက်နွယ် ဖွင့်ပြမှုတို့ကိုလည်း သာ၍ပိုင်ခြားနားလည်တတ်ရန် အရေးကြီးသည်။

ဒါဝိတ်၏ စောင်းကိုကျင်လည်စွာ တီးတတ်ခြင်းသည် ရှောလု၏အပေါ် နှောက်ယှက်တတ် သော ဝိညာဉ်ဆိုးနှင်ထုတ်စေ၍ လန်ဆန်းခြင်းနှင့် ကျန်းမာခြင်းကို ဖြစ်စေသည်။

**၁ရာ - ၁၆ း ၂၃ "ဘုရားသခင်ထံတော်က ဆိုးသောဝိညာဉ်သည် ရှောလုအပေါ်မှာ ရောက် သောအခါ၊ ဒါဝိဒ်သည်စောင်းကိုယူ၍ တီးသဖြင့် ဆိုးသောဝိညာဉ်ထွက်သွား၍၊ ရှောလုသည် သက်သာလျက် ပကတိကျန်းမာလျက်ရှိတတ်၏။"**

➢ ယဇ်ပုရောဟိတ်များအားဖြင့်

**၁ရာချုပ် - ၂၃ း ၅ "လေးထောင်တို့သည် တံခါးကိုစောင့်ရကြ၏။ လေးထောင်တို့သည် ဂုဏ်တော်ကို ချီးမွမ်းစရာ တူရိယာတို့နှင့် ထာဝရဘုရား၏ဂုဏ်တော်ကို ချီးမွမ်းရကြ၏။"**

➢ ကောင်းကင်ဘုံ၌

**ဗျာ - ၁၄ း ၂ "သမုဒ္ဒရာရေသံ၊ ကြီးစွာသောမိုယ်းကြိုးသံကဲ့သို့သော ကောင်းကင်ကအသံ ကို ငါကြား၏။ ထိုသို့ငါကြားသောအသံသည် စောင်းသမားများစောင်းတီးသော အသံကဲ့သို့ ဖြစ်၏။"**

# သန့်ရှင်းသောဝိညာဉ်သည် တေးဂီတကို မှုတ်သွင်းသည်

## ဘိသိတ်သွန်းခြင်းကိုစေလွှတ်သည်

သန့်ရှင်းသောဝိညာဉ်သည် တေးဂီတကိုအသုံးပြု၍ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေ ၍ လူတို့၏ အကျင့်စာရိတ္တကိုလည်း တိုးတက်ကောင်းမွန်စေသည်။

အခြားသောဘာသာစကား ပြောခြင်း၊ ဆုကျေးဇူး၊ ထိုဘာသာစကားကို အနက်ပြန်ခြင်း၊ ပရောဖက်ပြုခြင်း၊ အနာရောဂါငြိမ်းခြင်း၊ နှုတ်ကပတ်တော်ကို သိသောဉာဏ်နှင့်ပညာ၊ ယုံကြည်ခြင်း ဆုကျေးဇူးနှင့် နိမိတ်လက္ခဏာအားဖြင့် အလုပ်လုပ်ဆောင်ခြင်းတည်းဟူသော ဆုကျေးဇူးတို့ကို တေးဂီတသည်သာ၍ ဩဇာအရှိန်မြင့်အောင် အကူအညီပေးနိုင်သည်။

**၄ရာ - ၃ း ၁၅-၁၆ "စောင်းသမားကိုခေါ်ခဲ့ဟုဆို၍ စောင်းသမားသည် တီးသောအခါ ထာဝရဘုရား၏လက်တော်သည် ဧလိရှဲအပေါ်သို့ ရောက်၍ ထာဝရဘုရားမိန့်တော်မူသည် ကား၊ ဤချိုင့်ပတ်လည်၌ ဆယ်ပေါင်းတို့ကို လုပ်ကြလော့။"**

## လွတ်လပ်မှုကို ဖော်ကျူးဖွင့်ပြခြင်း

➢ ဖမ်းဆီးသိမ်းသွားခြင်းခံရသောအခါ

ဣသရေလတို့သည် ဖမ်းဆီးသိမ်းသွားခြင်း ခံရသောအခါ သူတို့၏ တေးသီချင်းနှင့် တေးဂီတတို့သည် ရပ်စဲသွားသည်။

**ဆာ - ၁၃၇ း ၁-၄ " ဗာဗုလုံမြစ်တို့အနားမှာ ငါတို့သည်ထိုင်၍ ဇိအုန်မြို့ကို အောက်မေ့ လျက် ငိုကြွေးကြ၏။ ငါတို့စောင်းများကိုလည်း ထိုအရပ်တွင် မိုယ်းမခပင်တို့၌ စွဲထားကြ၏။ အကြောင်းမူကား၊ ထိုအရပ်၌ ငါတို့ကို ဘမ်းသွားချုပ်ထားသောသူနှင့် ငါတို့ကို ညှဉ်းဆဲသော သူတို့က ဇိအုန်သီချင်းကို ငါတို့အား ဆိုကြလော့ဟု သီချင်းဆိုသံကို၄င်း၊ ရွှင်လန်းသော အသံကို၄င်း၊ ငါတို့၌ တောင်းကြပါသည်တကား။ တကျွန်းတနိုင်ငံ၌ ထာဝရဘုရား၏ သီချင်းကို အဘယ်သို့ ဆိုရပါမည်နည်း။"**

နောင်နှစ်ပေါင်း ၇၀ ကြာပြီးနောက် သူတို့ကိုဖမ်းသွားခြင်းမှ ပြီးစီးရပ်စဲသွားသောအခါ သူတို့သည် သီချင်းဆိုခြင်းနှင့်၄င်း ရယ်မောခြင်းနှင့်၄င်း၊ ဝမ်းမြောက်စွာဖြင့် အိမ်ပြန်လာကြသည်။

**ဆာ - ၁၂၆ း ၁-၂ "ဘမ်းသွားချုပ်ထားသော ဇိအုန်သားတို့ကို ထာဝရဘုရား ပြန်လာစေ တောမူသောအခါ၊ ငါတို့သည် အိပ်မက်သောသူကဲ့သို့ ဖြစ်ကြ၏။ ထိုအခါ ငါတို့နှုတ်သည် ရယ်ခြင်းနှင့်၄င်း၊ ငါတို့လျှာသည် သီချင်းဆိုခြင်းနှင့်၄င်း ပြည့်ဝ၏။ တပါးအမျိုးသားတို့ ကလည်း ထာဝရဘုရားသည် သူအဘို့ကြီးသောအမှုကို ပြုတော်မူပြီဟု ဆိုကြ၏။"**

## ဓမ္မဟောင်းကာလမှ ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းဆိုင်ရာတေးဂီတ

### ပထမဆုံးတောင်းဆိုခြင်း

**ကမ္ဘာ - ၄ း ၂၁ "ယုဗလအမည်ရှိသော ညီမူကား၊ ၊ စောင်းမျိုး၊ နှဲခရာမျိုးတို့ကို တီးမှုတ်တတ်သောသူ အပေါင်းတို့၏ အဘဆရာဖြစ်လေသတည်း။**

Yabal (သို့) Jubal ယုဗလ(ဟေဗြဲ)၏ အဓိပ္ပါယ်မှာ တခမ်းတနား စမ်းချောင်းကဲ့သို့ စီးဆင်းခြင်းဟူ၍ အဓိပ္ပါယ်ရသည်။ ဤသည်မှာ ဒဏ္ဍာရီနှင့် နီးနှောပတ်သက်နေကြောင်း ဖေါ်ပြသည်။

### မောရှေ

မောရှနှင့် က္ကသရေလ သားသမီးတို့သည် ဘုရားသခင်အား သီချင်းဆိုကြသည်။

**ထွက် ၁၅ း ၁-၂ "ထိုအခါ မောရှေနှင့် က္ကသရေလအမျိုးသားတို့သည်၊ ထာဝရဘုရားအား သီချင်းဆိုသော စကားဟူမူကား ထာဝရဘုရားသည် ဘုန်းပွင့်လျက် အောင်ပွဲခံတော်မူသည် ဖြစ်၍၊ ကိုယ်တော်အား သီချင်းဆိုပါအံ့။ မြင်းနှင့်မြင်းစီးသူရဲကို ပင်လယ်ထဲသို့ လှဲချတော် မူပြီ။"**

### မိရိအံ

မိရိအံနှင့် က္ကသရေလအမျိုးသမီးအားလုံးသည် ဘုရားသခင်အား သီဆိုသော သီချင်းကို တုန့်ပြန်၍ မိရိအံကိုယ်တိုင် ထိုသီချင်းကို စပ်ဆိုသည်။

**ထွက် - ၁၅ း ၂၀-၂၁ "အာရုန်၏အမဖြစ်သော ပရောဖက်မ မိရိအံသည် ပတ်သာကို ကိုင်၍မိန်းမအပေါင်းတို့သည် ပတ်သာတီးလျက်၊ ကလျက် လိုက်သွားကြ၏။ မိရိအံကလည်း ထာဝရဘုရားသည် ဘုန်းပွင့်လျက် အောင်ပွဲကို ခံတော်မူသည်ဖြစ်၍**

ကိုယ်တော်အား သီချင်းဆိုကြလော့။ မြင်းနှင့် မြင်းစီးသူရဲကို ပင်လယ်ထဲသို့ လှဲချတော်မူပြီဟု သူတို့နှင့် အသံ ပြိုင်၍ ဆိုလေ၏။"

## ကာလေဗလ

ကာလေဗလတို့သည် တေးသီးချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

**တော - ၂၁ း ၁၇ "ထိုအခါ ကာလေဗလအမျိုးက အို တွင်းရေထွက်လော့။ ထွက်အောင် သီချင်းဆိုကြလော့။"**

## ဒေဗောရနှင့်ဗာရက်

ဒေဗောရနှင့် ဗာရက်သည် သူတို့၏ အောင်မြင်မှုအတွက် ဂုဏ်ပြုသီချင်းကို သီဆိုခဲ့သည်။

**တရား - ၅ း ၁-၃ "တဖန်မောရှေသည် ကာလေဗလအမျိုးသားအပေါင်းတို့ကိုခေါ်၍၊ အို ကာလေဗလအမျိုးသားတို့ ယနေ့သင်တို့အား ငါဟောပြောသော စီရင်ထုံးဖွဲ့ချက်တို့ကို သင်တို့သည် သွန်သင်၍ ကျင့်ခြင်းငှါ၊ သတိပြုမည်အကြောင်း နားထောင်ကြလော့။ ငါတို့ ဘုရားသခင် ထာဝရဘုရားသည် ဟောရပ်တောင်၌ ငါတို့နှင့် ပဋိညာဉ်ပြုတော်မူ၏။ ထိုပဋိညာဉ်တရားကို ထာဝရဘုရားသည် ငါတို့ဘိုးဘေးများနှင့်သာ ပြုတော်မူသည်မဟုတ်။ ယနေ့ပင် အသက်ရှင်၍ ဤအရပ်၌ရှိသမျှသော ငါတို့နှင့် ပြုတော်မူ၏။"**

## ကာလေဗလအမျိုးသမီးများ

ကာလေဗလအမျိုးသမီးများက ဂေါလျတ်အပေါ် အောင်မြင်သော ဒါဝိဒ်အတွက် ဂုဏ်ပြုသီချင်းဆိုခဲ့သည်။

**၁ရာ - ၁၈ း ၆-၇ "ဒါဝိဒ်သည် ဖိလိတ္တိ လူကိုသတ်ပြီးမှ ပြန်လာ၍ ရောက်လေရာရာ၌ မိန်းမများတို့သည် ရှောလုမင်းကြီးကို ခရီးဦးကြိုပြုအံ့သောငှါ၊ ရွှင်လန်းသောစိတ်နှင့် သီချင်း ဆိုလျက်၊ ကလျက် ပတ်သာ အစရှိသည်တို့ကို တီးလျက်၊ ကာလေဗလ မြို့ရွာများထဲက ထွက်လာသဖြင့် ရှောလုအထောင်ထောင်၊ ဒါဝိဒ်အသောင်းသောင်း သတ်လေစွတကားဟု အလှည့်လှည့် သီချင်းဆိုကြ၏။"**

## ဒါဝိတ်

ဒါဝိတ်သည် ဘုရားသခင်အား အဆက်အပြတ် ချီးမွမ်းသီဆိုခဲ့သည်။

ဆာ - ၇ း ၁၇ " မိမိခေါင်းထိပ်ပေါ်မှာ သက်ရောက်တတ်၏။ ငါမူကား ထာဝရဘုရား၏ တရားသောအမှုတော်ကို ချီးမွမ်း၍၊ အမြင့်ဆုံးသောထာဝရဘုရား၏ နာမတော်ကို ထောမနာ သီချင်းဆိုပါမည်။

ဆာ - ၁၃ း ၆ "အကျွန်ုပ်၌ ကျေးဇူးပြုတော်မူသောကြောင့် ထာဝရဘုရားကို ထောမနာ သီချင်းဆိုပါသည်။

ဆာ - ၂၁ း ၁၃ " အို ထာဝရဘုရား ကိုယ်တော်သည် အစွမ်းတန်ခိုးတော်အားဖြင့် ချီးမြှောက်ခြင်း၊ ရှိတော်မူစေသတည်း။ အကျွန်ုပ်တို့သည် တန်ခိုးတော်ကို ထောမနာသီချင်း ဆိုကြပါမည်။"

လေဝိ (ယဇ်ပရောဟိတ်များ)

လူဦးရေ ၄၀၀၀ ခန့်က တူရိယာများနှင့် ဘုရားသခင်အား ချီးမွမ်းခဲ့သည်။

၁ရာချုပ် - ၁၅ း ၁၆ "လေဝိသား အကြီးအကဲတို့သည် စောင်း၊ တယော၊ ခွက်ကွင်း အစ ရှိသော တူရိယာမျိုးနှင့် သီချင်းဆိုတတ်သော ညီအစ်ကိုတို့ကို ဝမ်းမြောက်စွာ သံပြိုင်ဆိုစေ ခြင်းငှါ၊ ခန့်ထားရမည့်အကြောင်း အမိန့်တော်ရှိသည်အတိုင်း။"

၂၃ း ၅ "လေးထောင်တို့သည် တံခါးကိုစောင့်ရကြ၏။ လေးထောင်တို့သည် ဂုဏ်တော်ကို ချီးမွမ်းစရာ တူရိယာတို့နှင့် ထာဝရဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းစရာ တူရိယာတို့နှင့် ထာဝရဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းရကြ၏။"

၂ရာချုပ် - ၃၀ း ၂၁ "ယေရုရှလင်မြို့၌ စည်းဝေးသော ဣသရေလအမျိုးသားတို့သည် ခုနစ်ရက်ပတ်လုံး အလွန်ရွှင်လန်းသောစိတ်နှင့် အဇုမပွဲကို ခံကြ၏။ ယဇ်ပရောဟိတ် လေဝိ သားတို့သည် အသံကျယ်သော တူရိယာမျိုးကို တီးမှုတ်လျက် နေ့ညဥ့်မပြတ် ထာဝရဘုရား အား ထောမနာသီချင်း ဆိုကြ၏။"

## ဓမ္မသစ်ကာလမှ ချီးမွမ်းကိုးကွယ်ခြင်း၏တေးဂီတ

---

တပည့်တော်များ

တပည့်တော်များအတူတကွ သီချင်းဆိုကြသည်။

မဿဲ - ၂၆ း ၃၀ "ထိုနောက် သီချင်းဆိုကြပြီးမှ သံလွင်တောင်သို့ ထွက်သွားကြ၏။

ဓမ္မသံစုံ (Hymn) သည် ဘုရားသခင်ထံသို့ ချီးမွမ်းသီဆိုသည့် သီချင်းဖြစ်သည်။

## ပေါလု

တမန်တော်ပေါလုပင်လျှင် ဘိသိတ်သီချင်း သီဆိုရန် အသင်းတော်ကို တိုက်တွန်းညွှန်ကြားခဲ့သည်။

**၁ကော - ၁၄ း ၁၅ " အဘယ်သို့ ပြုရမည်နည်း။ စိတ်နှလုံးနှင့်၄င်း၊ ဉာဏ်နှင့်၄င်း၊ ဆုတောင်းရမည်။ စိတ်နှလုံးနှင့်၄င်း၊ ဉာဏ်နှင့်၄င်း သီချင်းဆိုရမည်။"**

**ဧဖက် - ၅ း ၁၉-၂၀ " ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်း ပြောဆိုဘတ်ရွတ်၍ နူးညွတ်သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူးဧ၍ သီချင်းဆို ကြလော့။ ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင် ယေရှုခရစ်၏ နာမတော်ကို ထောက်၍ ခမည်းတော် ဘုရားသခင့်ရှေ့ ကာလအစဉ်အပြတ် ဝန်ခံ ကြလော့။"**

**ကောလောသဲ - ၃ း ၁၆ "ခရစ်တော်၏ နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့ အထဲ၌ ကြွယ်ဝစွာ တည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုး အားဖြင့် အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကို ပြု၍၊ နူးညွတ်သော စိတ်နှလုံးနှင့် ဘုရားသခင့်ရှေ့တော်၌ တင့်တယ်လျှောက်ပတ်စွာ သီချင်းဆိုကြလော့။"**

## ဓမ္မသီချင်း

ဓမ္မသံစုံသီချင်းများသည် ဘုရားသခင်ထံသို့ ချီးမွမ်းသီဆိုသောတေးသီချင်းများဖြစ်သည်။

## ဝိညာဉ်ရေးရာသီချင်းများ

ဝိညာဉ်ရေးရာသီချင်းများဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်က တိုက်ရိုက်ပေးသော သီချင်းများဖြစ်၍ ဝိညာဉ်၏ပံ့ပိုးမှုဖြင့် စာသားနှင့်သံစဉ်ကို ရရှိပြီး အဆက်မပြတ် သီဆိုသော သီးချင်းဖြစ်သည်။

ထိုသီချင်းများသည် ကာယကံရှင်၏ မိခင်ဘာသာစကားဖြစ်နိုင်သကဲ့သို့ အမျိုးအမည် မသိ သော ဘာသာစကားအားဖြင့်လည်း ရနိုင်သည်။

## အဓိကရည်ရွယ်ချက်

သီချင်းသီဆိုရာ၌ အဓိကရည်ရွယ်ချက်သည် ဘုရားသခင်ကို ချီးမွမ်း၍ ဘုန်းတော်ကို ထင်ရှားစေရန်ဖြစ်သည်။ အကျိုးဆက်တစ်ခုဖြစ်အောင် (သို့) ဖျော်ဖြေမှုတစ်ရပ်အနေနှင့်

သီဆိုခြင်းမဟုတ်။ သူတို့၏သီဆိုခြင်းသည် လူကိုဗဟိုပြုခြင်းမဟုတ်။ ဘုရားသခင်တစ်ပါး တည်းသာနှစ်သက်ရန်နှင့် သူ့ကိုသာလျှင် ဦးတည်၍ သီဆိုခြင်းဖြစ်သည်။

ဟေဗြဲ - ၂ း ၁၂ "သိတင်းတော်ကို အကျွန်ုပ်ညီအစ်ကိုတို့အား အကျွန်ုပ်ကြားပြောပါမည်။ ပရိသတ်အလယ်မှာ ကိုယ်တော်ကိုချီးမွမ်း၍ သီချင်းဆိုပါမည်ဟု လာသတည်း။"

# ချီးမွမ်းခြင်းကို ဝိညာဉ်ရေးရာနှင့် ဖွင့်ပြခြင်း

## အသံအားဖြင့်ဘုရားသခင်ကို ချီးမွမ်းခြင်း

၁ရာချုပ် - ၁၆ း ၉ "ထာဝရဘုရားကို သီချင်းဆိုကြလော့။ ဆာလံသီချင်းကိုဆိုကြလော့။ အံ့ဘွယ်သောအမှုတော် အပေါင်းတို့ကို ဟောပြောကြလော့။"

ဆာ - ၇၁ း ၂၃-၂၄ "ရှေ့တော်၌သီချင်းဆိုသောအခါ၊ ရွှင်လန်းသောနှုတ်ရှိပါလမ့်မည်။ ရွေးတော်မူသော အကျွန်ုပ်၏ဝိညာဉ်လည်း ရွှင်လန်းပါလိမ့်မည်။ အကျွန်ုပ်၏လျှာသည်လည်း ဖြောင့်မတ်တော်မူခြင်းတရာကို အစဉ်မပြတ်ဆိုပါလိမ့်မည်။ အကြောင်းမူကား၊ အကျွန်ုပ်၏ အပြစ်ပြုခြင်း အခွင့်ကိုရှာသော သူတို့သည် မျက်နှာပျက်၍ အရှက်ကွဲခြင်းသို့ ရောက်ကြ ပါ၏"

- ဘုရားသခင်နှင့် စကားပြောခြင်းအလေ့အကျင့်ကို ဖြစ်စေသည်။
- ကိုယ်တော်၏ အံ့ဘွယ်လုပ်ရပ်များကို အလွန်ချီးကျူးခြင်း။
- ကိုယ်တော်ကို ချီးမွမ်းခြင်းဖြင့် နေ့၏နိဒါန်းကို အစပျိုးပါ။
- ပြောဆိုခြင်းဖြင့်၄င်း၊ သီဆိုခြင်းဖြင့်၄င်း ကိုယ်တော်ကို ချီးမွမ်းပါ။
- ချီးမွမ်းခြင်းအလေ့အကျင့်ကို ပုံသွင်းယူပါ။

ဆာ - ၄၀ း ၁၆ "ကိုယ်တော်ကို ရှာသောသူအပေါင်းတို့သည် ကိုယ်တော်၌ ဝမ်းမြောက် ရွှင်လန်းကြပါစေသော။ ကယ်တင်တော်မူခြင်း ကျေးဇူးကို နှစ်သက်သောသူတို့သည် ထာဝရ ဘုရား ဘုန်းကြီးတော်မူစေသတည်းဟု အစဉ်မပြတ် ပြောကြပါစေသော။"

ဆာ ၆၆ း ၈ "အချင်းလူစုတို့ ၊ ငါတို့ဘုရားသခင်ကို ကောင်းကြီးပေးကြလော့။ ဂုဏ်ကျေး ဇူးတော်ကို ချီးမွမ်းသောစကားသံနှင့် ကြွေးကြော်ကြလော့။"

ဘုရားသခင်အား ချီးမွမ်းခြင်းပြုရာ၌ သီဆိုခြင်း၊ ဝမ်းမြောက်ခြင်း စိတ်လှုပ်ရှားမှုကို စဉ်ဆက်မပြတ် ဖော်ပြခြင်းတို့ဖြစ်သည်။ ချီးမွမ်းခြင်းသည် လုံးဝပြည့်စုံသော အစေခံခွန်အားဖြင့် မှန်သောစိတ်လှုပ်ရှားမှု၏ သန်မာသော အသွင်သဏ္ဍာန်ဖြစ်သည်။

## ဘုရားသခင်ထံသို့ ကြွေးကြော်ခြင်း

ထုတ်ဖော်ပြောဆိုခြင်း အချိန်ရှိသကဲ့သို့ ကြွေးကြော်ရမည့်အချိန်လည်းရှိသည်။

ဆာလံ - ၄၇ း ၁ **"လူများအပေါင်းတို့၊ လက်ခုပ်တီးကြလော့။ ဘုရားသခင်ထံသို့ အောင်သံ ကိုလွှင့်၍ကြွေးကြော်ကြလော့။"**

ဇေဖနိ - ၁၂ း ၅(ခ) **"အိုဇိအုန်သတို့သမီး၊ ကြွေးကြော်လော့၊ ဝမ်းမြောက်သဖြင့် အော်ဟစ်လော့။ အကြောင်းမူကား၊ ဣသရေလ အမျိုး၏သန့်ရှင်းသော ဘုရားသည် သင်၏ အလယ်၌ ဘုန်းကြီးတော်မူ၏ဟု မြွက်ဆိုရလိမ့်မည်။**

ဓမ္မရာ - ၆ း ၅ **"ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်သည် တပ်ထဲသို့ ရောက်သောအခါ မြေကြီးအသံမြည်သည့်တိုင်အောင် တပ်သားအပေါင်းတို့သည် ကြွေးကြော်ကြ၏။"**

လု - ၁၉ း ၃၇ **"သံလွင်တောင်ပေါ်က ဆင်းရာအရပ်သို့ ရောက်တော်မူသောအခါ၊ တပည့် တော်များအပေါင်းတို့သည် မိမိတို့မြင်ခဲ့ပြီးသော တန်ခိုးတော်များကိုထောက်၍ ဝမ်းမြောက် သောစိတ်နှလုံးနှင့် ဘုရားသခင်ကို ထောမနာပြု၍၊"**

# ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

---

၁။ ချီးမွမ်းရာ၌ အသုံးပြုခဲ့သော တေးဂီတ တူရိယာအကြောင်း ကျမ်းချက်များဖြင့် ဥပမာပေးပါ။

၂။ ပရောဖက်ပြုရာ၌ တေးဂီတသည် ဘိက်သိတ်ကို သွန်းလောင်းပေးကြောင်း ကျမ်းချက် များဖြင့် ဥပမာပေးပါ။

၃။ ဓမ္မဟောင်းကျမ်းလာ ချီးမွမ်းကိုးကွယ်ရာ၌ အသုံးပြုသော တေးဂီတအကြောင်းကို ဥပမာ ပေးပါ။

၄။ ဓမ္မသစ်ကျမ်း၌ ချီးမွမ်းကိုးကွယ်ရာ၌ အသုံးပြုသော တေးဂီတအကြောင်းကို ဥပမာပေး၍ ဖြေဆိုပါ။

# အခန်း (၈)

# ချီးမွမ်းခြင်း၏ ရုပ်ပိုင်းဆိုင်ရာဖော်ပြချက်

## ချီးမွမ်းခြင်း၏ရုပ်ပိုင်းရာဖော်ပြချက်

---

### မတ်တပ်ရပ်ခြင်း

မတ်တပ်ရပ်ခြင်းသည် ရိုသေခြင်း၏ လက္ခဏာတရပ်ဖြစ်သည်။

၂ရာချုပ် - ၂၀ း ၁၉ " လေဝိအမျိုး၊ ကောဟတ်အနွယ်သားနှင့် ကောရအနွယ်သားတို့သည်၊ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားကို၊ ကျယ်သောအသံနှင့်ချီးမွမ်းခြင်းငှါ ရပ်နေကြ၏။"

ဗျာ - ၇ း ၉ , ၁၀ "ထို့နောက်မှငါကြည့်လျှင်၊ အသီးအသီးဘာသာစကားကို ပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့ အထဲမှထွက်၍၊ အဘယ်သူမျှမရေတွက်နိုင်သော လူများအပေါင်း တို့သည် ဖြူသောဝတ်လုံကိုဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက်၊ ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာရပ်နေကြ၏။ သူတို့ကလည်း ပလ္လင်ပေါ်မှာထိုင်တော်မူသော ငါတို့၏ဘုရား သခင်နှင့် သိုးသငယ်သည် ကယ်တင်တော်မူခြင်း ချမ်းသာရှိတော်မူစေသတည်းဟု ကြီးသော အသံနှင့်ကြွေးကြော်ကြ၏။"

ဆာ - ၃၃ - ၈ "ထာဝရဘုရားကို မြေကြီးတပြင်လုံး ကြောက်ရွံ့စေ။ လောကီနိုင်ငံသား အပေါင်းတို့သည် ရိုသေလေးမြတ်ကြစေ။"

ဆာ - ၁၃၅ း ၁-၂ "ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလော့။ ထာဝရဘုရား၏ အိမ်တော်၊ ငါတို့ဘုရားသခင်၏ အိမ်တော် တန်တိုင်းတွင် အမှုစောင့်သော ထာဝရဘုရား၏ ကျွန်တော်တို့၊ ချီးမွမ်းခြင်းကိုပြုကြလော့။"

### လက်ခုပ်တီးခြင်း

သင်လက်ခုပ်တီးခြင်း၊ ဝမ်းသာခြင်း၊ ရွှင်လန်းခြင်းနှင့် သဘောတူခွင့်ပြုခြင်းကို ဖော်ပြခြင်း ဖြစ်သည်။

ဆာ - ၄၇ း ၁ "လူများအပေါင်းတို့၊ လက်ခုပ်တီးကြလော့။ ဘုရားသခင်ထံသို့ အောင်သံကို လွှင့်၍ ကြွေးကြော်ကြလော့။"

**ဟေ - ၅၅ း ၁၂ “ သင်တို့သည် ဝမ်းမြောက်သောစိတ်နှင့် ထွက်၍၊ ချမ်းသာစွာ ပို့ခြင်းကို ခံရကြလိမ့်မည်။ တောင်ကြီးတောင်ငယ်တို့သည် သင်တို့ရှေ့မှာ သီချင်းဆိုသံနှင့်ကြွေးကြော် ၍၊ တောၥ်ရှိသမျှသော အပင်တို့သည် လက်ခုပ်တီးကြလိမ့်မည်။”**

## ချီတက်ခြင်း

ချီတက်ခြင်းသည် အောင်မြင်ခြင်း စစ်နိုင်ခြင်းကို ရုပ်ပိုင်းဆိုင်ရာဖြင့် သရုပ်ပြခြင်းဖြစ်သည်။ ညွှန်ကြားထားသည့်အတိုင်း ယေရိခေါမြို့ကြီးကို ပတ်ခြာလည်ဝိုင်း၍ ချီတက်ခြင်းဖြင့် စစ်ကို အောင်နိုင်ခဲ့သည်။

**ယောရှု - ၆ း ၂-၅ “ထာဝရဘုရားက ကြည့်ရှုလော့။ ယေရိခေါမြို့၊ ယေရိခေါမင်းကြီးနှင့် တကွ ခွန်အားကြီးသော စစ်သူရဲတို့ကို သင့်လက်၌ငါအပ်လေပြီ။ သို့ဖြစ်၍ မြို့ကိုလှည့်ပတ် ကြရမည်။ ဣသရေလစစ်သူရဲအပေါင်းတို့သည် ခြောက်ရက်ပတ်လုံး လှည့်ပတ်ခြင်းအမှုကို ပြုရကြမည်။ ယဇ်ပုရောဟိတ်ခုနစ်ယောက်တို့သည် သေတ္တာတော်ရှေ့မှာ ယုဘိလတံပိုးခုနစ် လုံးတို့ကို ဆောင်ရကြမည်။ သတ္တမနေ့ရက်၌ ခုနစ်ကြိမ်တိုင်အောင် မြို့ကိုလှည့်ပတ်၍ ယဇ်ပုရောဟိတ်တို့သည် တံပိုးကိုမှုတ်ရကြမည်။ ယုဘိလတံပိုးတို့ကို ရှည်သောအသံနှင့်မှုတ် ၍တံပိုးသံကိုကြားလျှင် လူအပေါင်းတို့သည် ကျယ်သောအသံနှင့် ကြွေးကြော်၍၊ မြို့ရိုးသည် အကုန်အစင် ပြိုလဲရလိမ့်မည်။ ထိုအခါလူများတို့သည် တည့်တည့်တက်ရကြမည်ဟု ယောရှု အားမိန့်တော်မူသည်။”**

သခင်ယေရှုခရစ်တော်၏ သတို့သမီးသည် ရှေ့သို့အတူတကွ ချီတက်သောစစ်တပ်၏ သဏ္ဌာန်ကိုပုံပြသည်။

**ရှောလမုန် - ၆ း ၄, ၁၀ “ငါချစ်သောနှမ၊ သင်သည်တိရဇမြို့ကဲ့သို့လှ၏။ ယေရုရှလင်မြို့ကဲ့သို့ တင့်တယ်၏။ စစ်မျက်နှာကဲ့သို့ ကြောက်မက်ဘွယ်ဖြစ်၏။” (ရှောလမုန် ၆း၁၀)**

## ကခုန်ခြင်း

ကခုန်ခြင်းသည် ချီးမွမ်းခြင်းကိုပုံဖော်ရာ၌ အမြင့်ဆုံးသော သရုပ်ပြခြင်းဖြစ်သည်။ ခန္ဓာကိုယ်တခုလုံးကို အသုံးပြုရန် ကခုန်ခြင်းက တောင်းဆိုသည်၊ ဘုရားသခင်ကို နာခံ၍ ကိုယ်တော်ရှေ့၌ အစွမ်းရှိသမျှကခုန်ခြင်း၌ ချုပ်တီးမှုနှင့် မိမိကိုယ်မိမိ အာရုံစိုက်ခြင်းကို လုံးဝဥဿုံလွှင့်ထုတ်ပေးခြင်းလည်း ပါဝင်သည်။

ဆာ - ၁၄၉ း ၃ " သူတို့သည် ကခုန်လျက်၊ နာမတော်ကို ချီးမွမ်းကြစေ။ ပတ်သာနှင့်စောင်း ကိုတီးလျက် ထောမနာသီချင်းဆိုကြစေ။"

၂ရာ - ၆ း ၁၄ " ဒါဝိဒ်သည်လည်း ပိတ်သင်တိုင်းကို ဝတ်လျက် ထာဝရဘုရားရှေ့တော်၌ အားထုတ်၍ ကလေ၏။"

### ရယ်မောခြင်း

သခင်ဘုရား၌ ဝမ်းမြောက်သောအရာကိုဖော်ပြရာ၌ ရယ်မောခြင်းအားဖြင့်သာ ဖော်ပြနိုင် သည်။ ဘုရားသခင်ရှေ့၌ သန့်ရှင်းသော ရယ်မောခြင်းဖြင့် ကြီးမားသောအနာရောဂါ ငြိမ်းခြင်းနှင့် ရွေးနှုတ်ခြင်းကိုဖြစ်စေသည်။

စစ်မှန်သောရယ်မောခြင်းသည် အတွင်းသဘော၌ ဝမ်းမြောက်ခြင်းကို အပြင်သက်သေ အဖြစ်ဖော်ပြသည်။

ဆာ -၁၂၆ း ၂ " ထိုအခါ ငါတို့နှုတ်သည် ရယ်ခြင်းနှင့်၄င်း၊ ငါတို့လျှာသည် သီချင်းဆိုခြင်း နှင့်၄င်း၊ ပြည့်ဝ၏။ တပါးအမျိုးသားတို့ကလည်း ထာဝရဘုရားသည် သူတို့အဘို့ ကြီးသော အမှုကို ပြုတော်မူပြီးဟု ဆိုကြ၏။"

ယော - ၈ း ၂၀, ၂၁ "ဗိမာန်တော်၌ ဆုံးမဩဝါဒပေးတော်မူစဉ် ဤစကားတော်ကို ဘဏ္ဍာ တိုက်မှာ မိန့်မြွက်တော်မူ၏။ ကိုယ်တော်၏ အချိန်မစေ့မရောက်သေးသောကြောင့် အဘယ် သူမျှကိုယ်တော်ကို မဘမ်းဆီးကြ။

တဖန်ယေရှုက၊ ငါသည်သွားရမည်။ သင်တို့သည် ငါ့ကိုရှာကြလိမ့်မည်။ ကိုယ်အပြစ်၌လည်း သေကြလိမ့်မည်။ ငါသွားရာအရပ်သို့ သင်တို့မရောက်နိုင်ကြဟု မိန့်တော်မူ၏။"

## ကိုးကွယ်ခြင်း၏ရုပ်ပိုင်းဆိုင်ရာဖော်ပြချက်

---

### လက်ကိုချီပင့်ခြင်း

လက်ရှိသဘာဝနယ်ပယ်၌ လက်ကိုချီမြောက်ခြင်းသည် ဝန်ခံခြင်း၊ ဆက်ကပ်အပ်နှံခြင်းဖြစ် သည်။ ဝတ်ပြုခြင်းအရာ၌ လက်မြောက်ခြင်းသည် ယဇ်ပူဇော်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ဆက်ကပ် အပ်နှံခြင်း၏ လက္ခဏာဖြစ်သည်။

ရောမ - ၁၂ း ၁ "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရား သခင်နှစ်သက်ဘွယ်သောလက္ခဏာနှင့် ပြည့်စုံသော ယဇ်ကိုသင်တို့သည် ပူဇော်၍၊ မိမိကိုယ် ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သော

ဝတ်ကိုပြုမည် အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်း နှိုးဆော်ပေ၏။"

ဆာ - ၁၄၁ း ၂ "အကျွန်ုပ်၏ပဌနာသည် မီးရှို့သောနံ့သာပေါင်းကဲ့သို့၄င်း၊ လက်ကိုချီခြင်း သည် ညဦးယံပူဇော်သက္ကာကဲ့သို့၄င်း၊ ရှေ့တော်၌ ပြင်ဆင်လျက်ရှိပါစေသော်။"

ဤသည်မှာ ဘုရားသခင်ကို ဆာငတ်၍လက်ကိုဆန့်ထုတ်ခြင်းဖြစ်သည်။

ဆာ - ၁၄၃ း ၆ "ကိုယ်တော်ထံသို့ လက်တို့ကို ဆန့်ပါ၏။ သွေ့ခြောက်သောမြေကဲ့သို့ အကျွန်ုပ်၏ဝိညာဉ်သည် ကိုယ်တော်ကို တောင့်တပါ၏။"

ဆာ - ၄၂ း ၁-၂ "သမင်ဒရယ်သည် ရေစီးသောချောင်းကို တောင့်တသကဲ့သို့၊ အကျွန်ုပ် ဝိညာဉ်သည် ကိုယ်တော်ကိုတောင့်တပါသည်ဘုရား။ ငါ့ဝိညာဉ်သည် ဘုရားသခင်တည်းဟူ သော အသက်ရှင်တော်မူသောဘုရားကို ငတ်လှ၏။ အဘယ်ကာလမှ ဘုရားသခင်ထံတော် သို့ ရောက်၍ မျက်နှာပြရအံ့နည်း။"

လက်ချီခြင်းသည် တနည်းအားဖြင့် ဘုရားသခင်ကို ကောင်းကြီးပေးသော လက္ခဏာဖြစ်သည်

ဆာ - ၁၃၄ း ၂ "သန့်ရှင်းရာဌာနတော်သို့ လက်ကိုချီ၍၊ ထာဝရဘုရားကို ကောင်းကြီးပေးကြလော့။

ဆာ - ၆၃ း ၄ " ထိုသို့အသက်ရှင်စဉ် ကိုယ်တော်ကို ကောင်းကြီးပေးပါမည်။ နာမတော်ကို အမှီပြုလျက်၊ လက်ကိုချီပါမည်။"

လက်ချီခြင်းသည် ဆုတောင်းခြင်း၊ တောင်းပန်သနားခံခြင်း၏ ရုပ်ပိုင်းဆိုင်ရာ ဖော်ပြချက်ဖြစ် သည်။

ဆာ - ၂၈ း ၂ "အကျွန်ုပ်သည်သန့်ရှင်းသော ဗျာဒိတ်ဌာနတော်သို့ လက်ကိုချီ၍၊ ကိုယ်တော်ကို အော်ဟစ်သောအခါ၊ အကျွန်ုပ်တောင်းလျှောက်သော အသံကို နားထောင် တော်မူပါ။"

၁တိ - ၂ း ၈ "သို့ဖြစ်၍အရပ်ရပ်တို့၌ ယောကျာ်းတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း မရှိဘဲ၊ သန့်ရှင်းသောလက်ကို ချီ၍ဆုတောင်းစေခြင်းငှါငါအလိုရှိ၏။"

## ဦးညွတ်ခြင်းနှင့်ဒူးထောက်ခြင်

ဦးညွတ်ခြင်းနှင့်ဒူးထောက်ခြင်းသည် ကြည်ညိုခြင်းနှင့် လေးစားခြင်းကို လက်ဟန်ခြေဟန်ဖြင့် စကားပြောခြင်းဖြစ်သည်။

ဆာ - ၉၅ း ၆ "လာကြ၊ ပြပ်ဝပ်၍ကိုးကွယ်ကြကုန်အံ့။ ငါတို့ကို ဖန်ဆင်းတော်မူသော ထာဝရဘုရား၏ ရှေ့တော်၌ ဒူးထောက်ကြကုန်အံ့။"

## အလျားလိုက်မှောက်လဲခြင်း၊ ပြပ်ဝပ်ခြင်း

မျက်နှာကိုကြမ်းပြင်၌အပ်လျက် ပြပ်ဝပ်ခြင်းသည်၊ အနက်ရှိုင်းဆုံးသော ရိုသေသမှုပြု၍ ကိုးကွယ်ခြင်း လုံးဝလေးစားကြည်ညိုခြင်း၊ မိမိကိုယ်ကို လုံးဝနှိမ့်ချခြင်းအရာကို လက်တွေ့ ဖော်ပြခြင်းဖြစ်သည်။

**၃ရာ - ၁၈ း ၃၉ "လူအပေါင်းတို့သည် မြင်လျှင် ပြပ်ဝပ်၍၊ ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူ၏ဟု ဝန်ခံကြ၏။"**

**၁ရာချုပ် - ၂၉ း ၂၀ "ပရိတ်သတ်အပေါင်းတို့အားလည်း၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားကို ကောင်းကြီးပေးကြလော့ဟု မိန့်တော်မူသည်အတိုင်း၊ ပရိတ်သတ်အပေါင်းတို့သည် ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရားကို ကောင်းကြီးပေးလျက် ဦးချ၍ ထာဝရဘုရား ကိုငှင်း၊ ရှင်ဘုရင်ကိုငှင်း ရှိခိုးကြ၏။"**

## ငြိမ်ဝပ်ခြင်း

ငြိမ်ဝပ်၍ တိတ်ဆိတ်စွာနေခြင်းသည် ချီးမွမ်းခြင်းကို ဖော်ပြခြင်းတမျိုးဖြစ်သည်။

**ဒေသနာ - ၃ း ၇ "အဝတ်ကိုဆုတ်ရသောအချိန်နှင့် ချုပ်ရသောအချိန်လည်းရှိ၏။ တိတ်ဆိတ်စွာနေရသောအချိန်နှင့် စကားပြောရသောအချိန်လည်းရှိ၏။"**

**ဆာ - ၄၆ း ၁၀ "ငြိမ်ဝပ်လျက် နေကြလော့။ ငါကားဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့။ လူမျိုးတို့တွင် ငါသည်ဘုန်းပွင့်မည်။"**

## မျက်ရည်များ

မျက်ရည်များသည် ဘုရားသခင်၏ ကြီးမားသော ကရုဏာနှင့်ပြင်းပြသော မေတ္တာတော်ကို ခံစားရသောအခါ ပြန်တည်၍ တုန့်ပြန်တတ်သောအရာဖြစ်သည်။

**တမန် - ၂၀ း ၃၆, ၃၇ "ပေါလုဆိုပြီးလျှင်၊ ဒူးထောက်၍ ထိုသူအပေါင်းတို့နှင့်တကွ ဆုတောင်းလေ၏။ ထိုသူအပေါင်းတို့သည် အလွန်ငိုကြွေး၍၊ ပေါလု၏လည်ပင်းကို ဘက်ယမ်းလျက် သူကိုနမ်းကြ၏။"**

မျက်ရည်နှင့်အတူ ချီးမွမ်းခြင်းအရာသည် အလွန်တရာ ကျေးဇူးတင်ခြင်းနှင့် ချစ်ခင်မြတ်နိုးခြင်းကို ဖော်ပြခြင်းဖြစ်သလို ထိုအရာသည် မကြာခဏဆိုသလို အတွင်းအနက်ရှိုင်းဆုံး အပိုင်းမှ စိတ်ခံစားမှုကို လွှတ်ထုတ်လိုက်သကဲ့သို့ အတွင်းကျန်းမာခြင်းသုခကို ခံစားရစေ သည်။

**လုကာ - ၇ း ၃၇, ၃၈ "ထိုသို့စားပွဲ၌ လျောင်းတော်မူသည်ကို ထိုမြို့၌ ဆိုးသောမိန်းမ တယောက်သည် သိလျှင်၊ ဆီမွှေး ကျောက်ဖြူခွက်တလုံးကို ယူခဲ့၍၊ နောက်တော်၌ ခြေတော် အနီးမှရပ်လျက် ငိုကြွေး၍ခြေတော်ပေါ်သို့ မျက်ရည်ကျလျှင် မိမိဆံပင်နှင့်သုတ်လေ၏။ ခြေတော်ကိုလည်း နမ်း၍ ဆီးမွှေးနှင့်လိမ်းလျက် နေလေ၏။"**

မကြာခဏဆိုသလို မျက်ရည်သည် ကြီးမားသော ဝမ်းမြောက်ခြင်းနှင့် အောင်မြင်ခြင်း အတွက် ရှေ့ပြေးဖြစ်သည်။

**ဆာ - ၁၂၆ း ၅ , ၆ "မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူတို့သည် ရွှင်လန်းလျက်၊ စပါးရိတ်ကြလိမ့်မည်။ မျက်ရည်ကျလျက်ကြဲရန် မျိုးစေ့ကိုဆောင်၍ ထွက်သွားသောသူသည် ကောက်လှိုင်းများကို ဆောင်လျက် ရွှင်လန်းသောစိတ်နှင့် အမှန်ပြန်လာလိမ့်မည်။"**

# ကခုန်ခြင်း

---

ကခုန်ခြင်းသည် အခြားသော ချီးမွမ်းခြင်းအပြုအမူများထက်သာ၍ အရေးမကြီးပေ။ သို့ပေမဲ့လည်း ထိုသို့ကခုန်ပြုမူခြင်းသည် အငြင်းပွားစရာကိစ္စများဖြစ်ခြင်းကြောင့် အခြားသော ချီးမွမ်းခြင်းပုံစံများထက် သာ၍ရှင်းပြရန်လိုသည်။

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

ကခုန်ခြင်းသည် အမြင့်ဆုံးသရုပ်ပြမှုအပိုင်းဖြစ်သည်။ ဘုရားသခင်၏ ရှေ့တော်၌ ဝမ်းမြောက်ခြင်း၊ ချီးမွမ်းခြင်းနှင့် ကိုးကွယ်မှုကို ပြသရန်အတွက် ခန္ဓာကိုယ်ကို အသုံးပြုခြင်း တစ်ရပ်ဖြစ်သည်။

ဟေဗြဲနှင့်ဂရိစကား၌ ကခုန်ခြင်းကို ဘာသာပြန်ရာတွင် ခြေထောက်ဖြင့်ခုန်ခြင်း၊ ကြိုးခုန် သကဲ့သို့ ခုန်ခြင်း၊ ခြေအစုံကို တပြိုင်တည်းမြှောက်ခြင်း အဝေးသို့ပြေးခုန်ခြင်းအပြင် အခြား စကားအားဖြင့် သဘာဝဟန်ကို အလိုအလျောက်ဖြေလွှတ်ခြင်းတစ်ခုဖြစ်ပေမည်။

**တမန် - ၃ း ၈ "ရုတ်တရက်ထပြီး မတ်တတ်ရပ်ပြီးလျှင် လှမ်းသွားလေ၏။ သွားလျက်၊ ခုန်လျက်၊ ဘုရားသခင်ကို ချီးမွမ်းလျက်၊ တမန်တော်တို့နှင့် အတူ ဗိမာန်တော်သို့ဝင်လေ၏။"**

**ဆာ - ၁၄၃ း ၉ "အိုထာဝရဘုရား၊ ရန်သူတို့လက်မှ အကျွန်ုပ်ကိုကယ်နှုတ်တော်မူပါ၊ ကိုယ်တော်ကို ခိုလှုံပါ၏။"**

## အခမ်းအနားကျင်းပခြင်း၌

ဣသရေလသားသမီးတို့သည် ကယ်တင်ခြင်းအခမ်းအနား ကျင်းပစဉ်၊ အီဂျစ်ပြည်မှ ဘုရားသခင်၏ ရွေးနှုတ်ခြင်းအရာအတွက် ကခုန်ချီးမွမ်းကြသည်။

**ထွက် - ၁၅ း ၂၀ "အာရုန်၏အမဖြစ်သော ပရောဖက်မ မိရိအံသည် ပတ်သာကိုကိုင်၍၊ မိန်းမအပေါင်းတို့သည် ပတ်သာတီးလျက် ကလျက်၊ လိုက်သွားကြ၏။"**

ပဋိညာဉ်သေတ္တာတော်သည် မိမိမူလနေရာသို့ ပြန်လည်ရောက်ရှိလာသောအခါ သူတို့ရွှင်းလန်းဝမ်းမြောက်ကြသည်။

**၂ရာ - ၆ း ၁၄ "ဒါဝိဒ်သည်လည်း ပိတ်သင်တိုင်းကိုဝတ်လျက်၊ ထာဝရဘုရား၏ရှေ့တော်၌ အားထုတ်၍ ကလေ၏။"**

## ဝိညာဉ်နှင့်ဆိုင်သောကခုန်ခြင်း

ဝိညာဉ်ရေးရာနှင့် စပ်ဆိုင်သော ကခုန်ခြင်းသည် သူ့အလိုအလျောက်ဖြစ်၍ ရှေးကတည်းက ဟန်ဆောင်မှုကင်းသော ပုံစံဖြစ်၍ ကြိုးခုန်သကဲ့သို့ ခြေစုံခုန်ခြင်း၊ ကိုယ်ကိုလှည့်ပတ်ခြင်း၊ ခုန်ခြင်း၊ အဝေးခုန်ခြင်းစသည်ဖြင့် ပုံဖော်သည်၊ တခါတရံ၌ တူရိယာတီးခတ်ခြင်းဖြင့်၄င်း သီဆိုခြင်းဖြင့်၄င်း တွဲဘက်သရုပ်ဖော်လေ့ရှိသည်။

**ဆာ - ၁၄၉ း ၃ "သူတို့သည် ကခုန်လျက်၊ နာမတော်ကိုချီးမွမ်းကြစေ။ ပတ်သာနှင့် စောင်းကိုတီးလျက် ထောမနာသီချင်းဆိုကြစေ။"**

➢ တစ်ဦးအားဖြင့်၄င်း၊ အုပ်စုလိုက်အားဖြင့်၄င်း

ဒါဝိဒ်သည် ဘုရားသခင်ရှေ့တော်၌ ကခုန်သည်။

မိရိအံနှင့် မိန်းမများအားလုံးကခုန်ကြသည်။

ဝိညာဉ်နှင့်စပ်ဆိုင်သော ကခုန်ခြင်းဆိုရာ၌ ဆန့်ကျင်ဘက်လိင်နှင့်တွဲဘက်ကခုန်ခြင်းမျိုး မဟုတ်ပေ။

➢ မိရိအံနှင့် မိန်းမများ အတူတူကခုန်ကြသည်။

➢ လူငယ်များနှင့် လူအိုများ အတူတူကခုန်ကြသည်။

**ယေရမိ - ၃၁ း ၁၂ (က) "ထို့ကြောင့်အမျိုးသားတို့သည်လာ၍၊ ဇိအုန်တောင်ထိပ်၌ သီချင်းဆိုကြလိမ့်မည်။"**

➢ အသက်ကန့်သတ်ချက်မရှိ

ဝိညာဉ်နှင့်ဆိုင်သော ကခုန်ခြင်း၌ လူငယ်နှင့် လူအိုတို့ ကခုန်ကြသည်ဆိုခြင်းဖြင့် အသက်ကန့်သတ်မှုမရှိပေ။

## သီဆိုခြင်းနှင့်ကခုန်ခြင်း

သီဆိုခြင်းနှင့်ကခုန်ခြင်းသည် မကြာခဏဆိုသလို ဒွန်တွဲသွားတတ်သည်။

**၁ရာ - ၂၉ း ၅ " ရှောလုအထောင်ထောင်၊ ဒါဝိဒ်အသောင်းသောင်း သတ်လေစွ တကားဟု အလှည်အလှည့်ကလျက် သီချင်းဆိုကြသောအခါ ဤဒါဝိဒ်ကို ရည်ဆောင်၍ သီချင်းဆိုကြသည် မဟုတ်လော့ဟု အပြစ်တင်သောကြောင့်၊"**

## ကခုန်ချိန်

ကခုန်ရာ၌ သင့်လျော်သော အချိန်ရှိပေသည်။

**ဒေ - ၃ း ၄ "ငိုရသောအချိန်နှင့် ရယ်ရသောအချိန်လည်းရှိ၏။ ညည်းတွားရသောအချိန် နှင့် ကခုန်ရသောအချိန်လည်းရှိ၏။"**

## ဘုရားသခင်ရှေ့တော်၌ ကခုန်ခြင်း

ချီးမွမ်းခြင်းကို ကခုန်ခြင်းဖြင့် သရုပ်ဖော်ရာ၌ ကျွန်ုပ်တို့သည် ကခုန်ခြင်းဖြင့် ကိုယ်တော်ကို ချီးမွမ်းကိုးကွယ်ရမည်ဟု ဆိုသည့် နှုတ်ကပတ်တော်လာသည့်အရာများထဲ၌ တခုအပါ အဝင်ဖြစ်သည်။ မိမိသဘောအရ ထိုသို့ကခုန်ရာတွင် အိန္ဒြေမဲ့သည်ဟု ခံစားရသော်လည်း ကိုယ်တော်ကိုနာခံလျက် အခြားသောယုံကြည်သူများနှင့်တကွ ရှေ့တော်၌ ကခုန်ကြသည်။

## ဝိညာဉ်တော်၌ကခုန်ခြင်း

ဝိညာဉ်တော်၌ ကခုန်ခြင်းဆိုရာဝယ် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် သန့်ရှင်းဝိညာဉ်တော်၏ ထိန်းချုပ်မှုအောက် လုံးဝရောက်ရှိချိန်တွင်ဖြစ်သည်။ ယုံကြည်သူတို့သည် ထိုသို့သော အချိန်၌ သူတို့သည် ဝိညာဉ်ထဲ၌ လုံးဝပျောက်ဆုံး၍ သန့်ရှင်းဝိညာဉ်၏ တန်ခိုးတော်၏ လုံးဝဖမ်းစားညို့ယူမှုကြောင့် မိမိပါတ်ဝန်းကျင်နှင့် မိမိကိုယ်ကိုပင် လုံးဝမေ့လျော့သွား သည့်အထိဖြစ်သည်။

ဘုရားသခင်၏ တော်လျော်သော အချိန်၌ရှိသောအခါ ဝိညာဉ်တော်၏ ဂုဏ်သိက္ခာကို မထိခိုက်စေဘဲ ပြည့်စုံသော အပေးအယူမျှတလျက် ထိုအခဏတာအချိန်ထဲနှင့် ဘုရား သခင်၏ လှုပ်ရှားမှုထဲ၌ နှစ်မြုပ်ခြင်းဖြစ်စေသည်။

### အနေအထားသို့ပြန်လည်ရောက်ရှိရန် ပရောဖက်ပြုချက်

မူလအနေအထားသို့ ပြန်လည်ရောက်ရှိစေသော ကုခုန်ခြင်း၌ ပရောဖက်ပြုချက်ရှိသည်။

**ယေရမိ ၃၁ း ၄ , ၁၃ "အိုဣသရေလတို့သည် မီးကညာ၊ သင့်ကိုတဖန် ငါတည်ဆောက်သောကြောင့်၊ သင်သည်တည်ဆောက်ခြင်းသို့ ရောက်လိမ့်မည်။ သင်သည်တဖန်ပတ်သာနှင့် တန်ဆာဆင်လျက်၊ ရွှင်မြူးခြင်းကိုပြုသောသူနှင့်အတူ ကခုန်လျက်သွားလိမ့်မည်။"**

ကျွန်ုပ်တို့သည် ဝိညာဉ်နှင့်ဆိုင်သော ဣသရေလဖြစ်လျှင် ကျွန်ုပ်တို့အတွက် ဤအရာသည် ယနေ့ပင်ရပြီ။

## သတိပြုရန်

ဇာတိပကတိ၌ ကခုန်ခြင်းသည် ဝိညာဉ်ရေးရာ ယုတ်လျော့ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ ကိုယ်ကျင့်တရားဖောက်ပြန်ခြင်း၊ လောကီဆန်ခြင်း စသည်တို့နှင့် ပြွမ်းနှောလျက်ရှိသည်။ စာတန်မာရ်နတ်သည် ခပ်သိမ်းသောအရာတို့ကို အတုပြုလုပ်သည်။ အတုပြုလုပ်ခြင်းသည် စစ်မှန်သောအရာက ကနဦးမူလရရှိကြောင်းကို သက်သေထူသည်။

### ပြစားရန်သက်သက်မဟုတ်

ဘုရားသခင်အား ချီးမွမ်းကခုန်ခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားပရိတ်သတ်မှ ကခုန်သူ များကို အာရုံပြုသော သရုပ်ပြပွဲမဟုတ်ရချေ။ ထိုမှတပါး ကခုန်ခြင်းသည် ခရစ်ယာန် ပရိတ်သတ်တခုလုံးပါဝင်လျက် ဘုရားသခင်ကို ချီးမွမ်းရာ၌ ပြင်းပြသော ရုပ်ပိုင်းဆိုင်ရာ သရုပ်ဖော်ယင်း အလိုအလျောက် ကခုန်ခြင်းဖြစ်သည်။

ယောကျ်ား၊ မိန်းမအပါအဝင် လူငယ်၊ လူကြီးများပါဝင်ကခုန်ကြသည်။ ယေ ၃၁ း ၁၃ ဟု ယုံကြည်သူများသည် ချီးမွမ်းခြင်း၊ သီဆိုခြင်းကို ရပ်တန့်လျက် ဘုရားရှေ့ ဝိညာဉ်၌ ကခုန်ကြသည့်အချိန်၌ လေ့လာရန်ရပ်ကြည့်နေခြင်း (သို့မဟုတ်) အာရုံပျံ့လွင့်လျက် တနည်း နည်းဖြင့် ရှောင်ကြဉ်ခြင်းမျိုးမဖြစ်သင့်ပေ။ အခြားသူများသည် ဖျော်ဖြေတင်ဆက်ရန် သီးသန့်လူတစ်ချို့ကို ရွေးချယ်လျက် သရုပ်ပြမှုမျိုး ဖန်တီးခြင်းလည်း လုံးဝမဖြစ်စေသင့်ပေ ခန္ဓာစိတ်ဝိညာဉ်တည်းဟူသော စုံလင်သော ပုဂ္ဂိုလ်ပါဝင်လျက် လွတ်လပ်သော စိတ်ရင်း အတိုင်း ချီးမွမ်းခြင်းကို ဖေါ်ကျူးသော ကခုန်ခြင်းမျိုးသာဖြစ်သင့်သည်။ ထိုအရာကို အထူး

သတိထားရမည်။ ကျွန်ုပ်တို့၏ ဝတ်စားဆင်ယင်မှုနှင့် အမူအရာသည် မိမိကိုယ်အတွက် ဆွဲဆောင်မှု မဖြစ်စေဘဲ ကိုယ်တော်၏ ဘုန်းထင်ရှားစေဖို့ရန်သာဖြစ်သင့်သည်။

### အတွင်းသို့ဝင်ရောက်ခြင်း

သန့်ရှင်းသောဝိညာဉ်တော်လှုပ်ရှားမှုကြောင့် ဘုရားရှင်၏ ရှေ့တော်မှောက်သို့ တိုးဝင်၍ ချီးမွမ်းကခုန် ခြင်းကိုပြင်းပယ်သော ယုံကြည်သူများသည် တနည်းအားဖြင့် ဘုရားသခင်အား တော်လှန် ပုန်ကန်ခြင်းဖြစ်သည်။ မိမိကိုယ်မိမိသာ အာရုံပြုဂရုစိုက် ခြင်းနှင့် တစ်စုံတစ်ယောက်သော သူ၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေနိုင်သည်ဆိုသည့် စိုးရိမ်မှုများသည် သန့်ရှင်းသောဝိညာဉ်တော် စီးဆင်းမှုတည်းဟူသော ဝိညာဉ်မီးအရှိန်ကို ငြိမ်းစေသလို ဝိညာဉ်တော်ကို စိတ်နာကြည်း စေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူတစ်ဦးအပေါ် သက်ရောက်ခြင်းဖြင့် ထိုသူ သည် ဇာတိအရာ၌ သေ၍၊ သန့်ရှင်းသောဝိညာဉ်တော်၏ စေခိုင်းမှုကို နာခံသောဝိညာဉ်အရာ၌ မွေးဖွားခြင်းဖြင့် ဒါဝိဒ်ကဲ့သို့ ဘုရင်ဖြစ်လင့်ကစား ဘုရားသခင်၏ ကြီးမြတ်ခြင်းအားလုံးရှေ့ တော်၌ အားသွန်ခွန်စိုက် ကခုန်ခြင်းဖြင့် အလွန်ကြီးမားပြင်ထန်သော ဝိညာဉ်ထိုးဖောက် မှုကြီးများကို ဖြစ်စေတတ်သည်။

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

---

၁။ ကြည်ညိုခြင်း၊ လေးစားဂုဏ်ယူခြင်း အဓိပ္ပာယ်သက်ရောက်စေသော ဟန်မူယာနှင့်တူသော ချီးမွမ်းခြင်းကို ပုံဖော်သည့် ကိုယ်လက်အမူအရာသုံးမျိုးကိုဖော်ပြပါ။

၂။ ဒါဝိဒ်၏ တဲတော်နှင့် ဆက်နွယ်၍ ဝတ်ပြုကိုးကွယ်ရာ၌ မည်သည့်ဟန်အမူအရာ ဖော်ကျူး ခြင်းက ပရောဖက်ပြောချက်ကို အသင်းတော်၌ ပြန်၍တည်စေပါသနည်း။

၃။ ချီးမွမ်းရာ၌ မည်သည့်အမူအရာက သင့်အားမကျေမနပ်မနှစ်မြို့ဘွယ်ဖြစ်စေသနည်း။ ထိုသို့ ထူးခြားသောအသွင်ပြင်ပေါ် ဘုရားသခင်၏ နှုတ်ကပါတ်တော်က မည်သို့ ဆိုထားသနည်း။ အကယ်၍ ဘုရားသခင်က သင့်အား ထိုသို့လုပ်ဆောင်ရန် အလိုရှိပါက သင်သည် ကိုယ်တော်အား စိတ်ပါလက်ပါ ချီးမွမ်းနိုင်ပါမည်လား။

# သင်ခန်းစာ( ၉ )

## ချီးမွမ်းခြင်းကိုတားဆီးသောအရာများ

ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်း၌ မပါဝင်နိုင်ခြင်းသည် ကျွန်ုပ်တို့နှင့်ဘုရားသခင်ကြား၌

အခြေခံကျသောပြဿနာတရပ်ရှိကြောင်းဖေါ်ပြနေသည်။ ယုံကြည်သူတိုင်းသည် မိမိ၏ပြဿနာမှာ မည်သည့်အရာဖြစ်သည်ကိုငှင်း၊မိမိနှင့် ထိုပြဿနာများ မည်သို့ ပတ်သက်နေသည်ကိုငှင်း သိသည်အထိ ကိုယ်တော်ဘုရားအား ရှာဖွေရန် အလွန် အရေးကြီးလှသည်။ ဘုရားသခင်အား ကျွန်ုပ်တို့ ချီးမွမ်းရန် အဆီးအတား ဖြစ်စေ

သော အရာသည် ကျွန်ုပ်တို့အား ကိုယ်တော်နှင့် ဆက်လက် လျှောက်လှမ်းရန်၊ ဆုတောင်းချက်များ အဖြေရရန်၊ အနာရောဂါငြိမ်းရန်တို့အတွက်လည်း အဆီးအတား ဖြစ်လာနိုင်ပေသည်။

**ပေးလေ့ရှိသောအကြောင်းပြချက်များ**

"ကျွန်တော် လူရှေ့သူရှေ့ ထွက်လေ့မရှိဘူး"

"ကျွန်တော်အရမ်းရှက်တတ်တယ်၊ စိတ်မလုံဘူး"

"ကျွန်တော် သိပ်မလုပ်ပြတတ်ဘူး "

မည်သို့ဆိုစေ ချီးမွမ်းခြင်းသည် ဘုရားသခင်၏ အမိန့်တော်ဖြစ်၍ ဆင်ခြေပေးရန် သင့်တော်သော အကြောင်းပြချက် မရှိပါ ။

**ဆာလံ ၁၅၀း၆ အသက်ရှိသောသူအပေါင်းတို့သည် ထာဝရဘုရားကိုချီးမွမ်းကြစေ။ ချီးမွမ်းကြစေ ။**

## ချီးမွမ်းခြင်းကို ဆီးတားခြင်းနှင့် ပတ်သက်သောအရာများ

**အပြစ်**

အပြစ်သည် ကျွန်ုပ်တို့နှင့် ဘုရားသခင်ကြားမှ မိဿဟာယနှင့်ပေါင်းသင်းဆက်ဆံရေးကို ဖျက်ဆီးရုံသာမက ကျွန်ုပ်တို့အား ဘုရားသခင်၏ မျက်မှောက်တော်၌နေရာမကျ ဖြစ်စေသည်။

**ဆာလံ ၆၆း၁၈ ငါသည်စိတ်နှလုံးထဲမှာဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားရှင်သည် နားထောင်တော်မမူ။**

**ဟေရှာယ ၅၉း၂ သင်တို့ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှာ၊ သင်တို့အပြစ်သည် မျက်နှာတော်ကိုလွှဲစေပြီ။**

### ဖြေရှင်းချက်

အဖြေမှာ ကျွန်ုပ်တို့၏အပြစ်နှင့် ဒုစရိုက်များကို ဝန်ချတောင်းပန်လျက် ကိုယ်တော်၏ ခွင့်လွှတ်ခြင်းကိုလက်ခံရန်ဖြစ်သည်။

**၁ယော ၁း၉ ကိုယ်အပြစ်တို့ကိုဖေါ်ပြတောင်းပန်လျှင်၊ ငါတို့အပြစ် များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။**

**အပြစ်တင်ခြင်း**

ကျွန်ုပ်တို့အပေါ် အပြစ်တင်သူမှာ စာတန်ဖြစ်သည်။ဘုရားသခင်မဟုတ်ပါ။

ဘုရားသခင်အား ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန်တောင်းပန်သည့်တချိန်တည်း၌ ကျွန်ုပ်တို့ သည် မိမိကိုယ်ကို ခွင့်လွှတ်ရမည် ဖြစ်သည်။ မိမိကိုယ်ကို အပြစ်တင်ခြင်း၏ ရလဒ် များမှာ. . .

- ➢ *မထိုက်တန်ဟု ခံစားရခြင်း- ထိုအကြောင်းကြောင့်ကျွန်ုပ်တို့သည်ဘုရားသခင် ၏မျက်မှောက်တော်သို့တိုးဝင်ရန် တွန့်ဆုတ်နေတတ်သည်။*
- ➢ *မိမိ၏ မထိုက်တန်ခြင်းကို အလွန်အမင်းအာရုံစိုက်ခြင်းအားဖြင့် ဘုရားသခင်၏ ဂရုဏာနှင့်ကျေးဇူးတော်ကို မေ့လျော့စေသည်။*

## ဖြေရှင်းချက်

**ရောမ၈း၁ ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ တည်၍ ဇာတိပကတိအတိုင်း မကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သော သူတို့သည် အပြစ်စီရင်ခြင်းနှင့် လွတ်ကြ၏။**

- ➢ *သင့်ကိုယ်သင်အာရုံစိုက်ခြင်းမှပြောင်းလဲ၍ယေရှုဘုရားကိုသာအာရုံစိုက်ပါ။*
- ➢ *ယေရှုအကြောင်းကိုကျွန်ုပ်တို့အချိန်ယူ၍ဆင်ခြင်လေလေ ကိုယ်တော့်ကိုသာ၍*
- ➢ *နီးမွမ်းချင်လေလေဖြစ်သည်။*

**ဟေဗြဲ ၁၂း၂ ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည်မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ရှက်ကြောက်သော အရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ပလ္လင်တော်လက်ျာဘက်၌ ထိုင်နေ တော်မူ၏။**

**လောကီဆန်ခြင်း**

လောကီဆန်ခြင်းသည် ကျွန်ုပ်တို့၏ စိတ်ကူးနှင့်အတွေးအခေါ်များကို လောကအရာများ ၌ ဗဟိုပြုစေသည်။

"ဂုဏ်သိက္ခာရှိခြင်း"နှင့် "အဆောင်အယောင်ရှိခြင်း" ကို ဘုရားသခင်အား ကိုးကွယ်ဝတ်ပြုခြင်းထက် ပို၍တပ်မက်စေသည်။

## ဖြေရှင်းချက်

**၁ပေ ၅း၇ သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့်၊ သင်တို့၌ စိုးရိမ်ခြင်း အမှုရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြလော့။**

**ဖိလိပ္ပိ ၄း၈ ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊**

**သမ္မာတရားနှင့်ဆိုင်သောအကျင့်၊**

**လျှောက်ပတ်သောအကျင့်၊**

**ဖြောင့်မတ်သောအကျင့်၊**

**စင်ကြယ်သောအကျင့်၊**

**သူတပါးနှစ်သက်ဖွယ်သောအကျင့်၊**

**ချီးမွမ်းဖွယ်သော အကျင့်ရှိသမျှတို့ကိုငှင်း၊**

ပါရမီတပါးပါး၊ ကောင်းသောသီတင်းတပါးပါးနှင့်ဆိုင်သောအကျင့်တို့ကိုငှင်း၊

နှလုံးသွင်းကြလော့။

၁ယော ၂း၁၅ လောကကိုငှင်း၊ လောက၌ရှိသောအရာတို့ကိုငှင်း၊
မချစ်ကြနှင့်။လောကကိုချစ်သောသူမည်သည်ကား ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ။

ရောမ ၁၂း၂ သင်တို့သည်လောကီပုံသဏ္ဌာန်ကိုမဆောင်ကြနှင့်။ကောင်းမြတ်သော

အရာ၊ နှစ်သက်ဖွယ်သော၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်
အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကိုသင်နိုင်မည့်

အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဌာန် ပြောင်းလဲခြင်းသို့ရောက်ကြလော့။

## လစ်လျူရှုခြင်း

မပူမအေးဖြစ်ခြင်း (သို့မဟုတ်) သခင်ဘုရားအား လစ်လျူရှုခြင်းသည် မကြာခဏ လူ

ပုဂ္ဂိုလ်တဦးတယောက်ကို သခင်ဘုရားအား ချီးမွမ်းကိုးကွယ်ခြင်း မပြုစေရန် ဆီးတားသော
အရာဖြစ်သည်။

ဗျာဒိတ် ၂း၄ သို့သော်လည်း၊ သင်သည်ရှေးဦးစွာသော ချစ်ခြင်းမေတ္တာလျော့ပြီဟု သင်၌
အပြစ်တင်စရာရှိ၏။

### ဖြေရှင်းချက်

အကြွင်းမဲ့နောင်တနှင့်ပြည့်သော နှလုံးသားနှင့် ဘုရားသခင်ထံပြန်လာ၍
နာခံခြင်း၏အပြုအမူအနေနှင့် ကိုယ်တော့်ကို စတင်၍ချီးမွမ်းပါ။

မာလခိ ၃း၇က ဘိုးဘေးတို့ လက်ထက်မှစ၍ သင်တို့သည် ငါစီရင် ထုံးဖွဲ့ချက် တို့ကို
မစောင့်၊ တိမ်းရှောင်ကြပြီ။ ငါ့ထံသို့ ပြန်လာကြလော့။ ငါသည်လည်းသင်တို့ဆီသို့
ပြန်လာမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။

## ပုန်ကန်ခြင်း

ဘုရားသခင်၊ မိဘ သို့မဟုတ် အသင်းတော်၌ဘုရားသခင် ခန့်အပ်ထားသော
အခွင့်အာဏာတို့အား ဆန့်ကျင် ပုန်ကန်ခြင်းသည်  ချီးမွမ်းကိုးကွယ်ခြင်း၏
အဓိကကျသောအဆီးအတား တစ်ခုဖြစ်သည်။

၁ ရာ ၁၅း၂၂-၂၃ ရှမွေလကလည်း၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်
ခြင်း၌အားရတော်မူသကဲ့သို့၊ မီးရှို့ရာယဇ် အစရှိသော ယဇ်မျိုးတို့ကို
ပူဇော်ခြင်း၌အားရတော်မူမည်လော။ အလိုတော်ကို လိုက်ခြင်းသည်  ယဇ်မျိုးထက်
သာ၍ ကောင်း၏။နားထောင်ခြင်းသည် သိုးထီးဆီဥထက် သာကောင်း၏။ငြင်းဆန်
သောသဘောသည်နတ်ဆိုးနှင့် ပေါင်းခြင်းကဲ့သို့ငှင်း၊
ခိုင်မာသောသဘောသည်ဗေဒင်တန်ဆာကိုသုံးခြင်း
ကဲ့သို့ငှင်းအပြစ်ကြီး၏။သင်သည်ထာဝရဘုရား၏စကားတော်ကိုပယ်သောကြောင့်၊ထာဝရ
ဘုရားသည်ရှင်ဘုရင်အရာကိုနှုတ်၍သင့်ကိုပယ်တော်မူပြီဟု ဆို၏။

### ဖြေရှင်းချက်

အခွင့်အာဏာအောက်၌ဝန်ခံ၍ သင်၏ ပုန်ကန်မှုအတွက် နောင်တရပါ။

ဟေဗြဲ ၁၃း၁၇ သင်တို့ကိုအုပ်သောသူတို့၏စကားကို နားထောင်၍ နှိမ့်ချလျက် နေလော့၊
သူတို့သည်ကိုယ်တိုင်စစ်ကြောခြင်းကို ခံရသောသူကဲ့သို့၊ သင်တို့စိတ်ဝိညာဉ်၏

**အကျိုးအလိုငှါ စောင့်နေ ကြ၏။သင်တို့အကျိုးကို မဖြစ်စေတတ်သော ဝမ်းနည်းခြင်းမရှိ၊ ဝမ်းမြောက်ခြင်းရှိ၍၊ သူတို့သည် စစ်ကြောခြင်းကို ခံရမည်**

**အကြောင်း သတိပြုလျက်နေကြလော့။**

## စိတ်ပျက်ခြင်း

များစွာသောသူတို့သည် မိမိတို့၏ပြဿနာများကို အသင်းတော်သို့ မိမိတို့နှင့် အတူ ယူဆောင်လာကြသည်။ အသင်းတော်သို့မရောက်မီ ကျွန်ုပ်တို့၏ နှလုံးသားများအားဘုရားသခင်အား ချီးမွမ်းခြင်းအလိုငှါ ပြင်ဆင်ထားရန် အလွန်ပင် အရေးကြီးပေသည်။

**၂ကော ၄း၈-၉ ငါတို့သည်အမျိုးမျိုးသော နှောင့်ရှက်ခြင်းကို ခံရသော်လည်း၊ အကျိုးနည်းခြင်းသို့မရောက်။မကြံစည်နိုင်အောင် ရှိသော်လည်း စိတ်မပျက် ညှင်းဆဲခြင်းကိုခံရသော်လည်း ရှုံးခြင်းမရှိ။အောက်သို့လှဲခြင်း ခံရသော်လည်းဆုံးရာသို့ မရောက်။**

### ➯ ဖြေရှင်းချက်

ကိုယ်တော်ဘုရားအား ကျွန်ုပ်တို့ စတင်၍ချီးမွမ်းကိုးကွယ်ရန် နာခံသည်နှင့်တပြိုင်နက်

ကျွန်ုပ်တို့ နှလုံးသားထဲမှ စိတ်ဓါတ်ကျခြင်းအားလုံး လွတ်မြောက်သွားပေလိမ့်မည်။

**ဟေရှာယ၅၁း၁၁ သို့ဖြစ်၍၊ထာဝရဘုရားကယ်လွှတ်တော်မူသောသူ တို့သည် ပြန်လာ၍ သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက်ခြင်းသရဖူကို ဆောင်းလျက်ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းခြင်း အခွင့်ကိုရကြ၍ဝမ်းနည်းခြင်းနှင့် ညည်းတွားခြင်းသည်ပြေးသွား ရလိမ့်မည်။**

## အမျက်ဒေါသ

ကျွန်ုပ်တို့သည် အခြားသူများကိုသော်၄င်း၊ မိမိကိုယ်ကိုသော်၄င်း၊ ဘုရားသခင်ကို သော်၄င်း စိတ်ဆိုးလျက်၊ ထိုအမျက်ဒေါသကို မိမိ၏နှလုံးသားထဲ၌ သိုမှီးထားလျှင်

ဘုရားသခင်အား ချီးမွမ်းကိုးကွယ်ရန်မဖြစ်နိုင်ပါ။

**ယာကုပ် ၁း၁၉-၂၀ သို့ဖြစ်၍၊ငါချစ်သောညီအစ်ကိုတို့၊ ခပ်သိမ်းသောသူတို့သည် နားကြားခြင်းငှါလျင်မြန်ကြစေ။ စကားပြောခြင်းငှါ၄င်း၊ အမျက်ထွက်ခြင်းငှါ၄င်း**

**နှေးကြစေ။ လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်။**

### ➯ ဖြေရှင်းချက်

သင့်အပေါ် အမှားကျူးလွန်သောသူများကိုခွင့်လွှတ်၍ သင့်နှလုံးသားထဲ၌ ဒေါသ အမျက်ကို နေရာပေးခြင်းအား ငြင်းပယ်ရန်။

**ဧဖက် ၄း၃၁-၃၂ ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါ်ခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်းတို့ကို၄င်း၊ ခပ်သိမ်းသောမနာလိုခြင်းကို၄င်း၊ သင်တို့မှ ပယ်ရှားကြလော့။- အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည်ခရစ်တော်ကြောင့်သင်တို့၏အပြစ်ကို**

**လွှတ်တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ်ခြင်းရှိကြလော့။**

## စိုးရိမ်ပူပန်ခြင်း

စိုးရိမ်ပူပန်ခြင်းဆိုသည်မှာ သံသယဖြစ်ခြင်းနှင့် မယုံကြည်ခြင်း၏ လက္ခဏာတစ်ခု ဖြစ်ပြီး ယုံကြည်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်ထဲ၌စိုးရိမ်ပူပန်ခြင်း နှင့် ပြည့်နှက်နေလျှင် ချီးမွမ်းကိုးကွယ်ခြင်းထဲ၌ပါဝင်ရန် မဖြစ်နိုင်ပါ။

**ယော ၁၄း၂၇ ငြိမ်သက်ခြင်းကိုသင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကိုသင်တို့အားငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်။သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်။**

### ဖြေရှင်းချက်

ကျွန်ုပ်တို့သည် စိုးရိမ်ပူပန်နေခြင်းအစား ယေရှုဘုရားနှင့် ကိုယ်တော်၏ စကားတော်၌ ရှိသော ဂတိတော်များကိုသာ အကြွင်းမဲ့ အောက်မေ့ဆင်ခြင်လျှက် သခင်ဘုရားပြုသော ကျေးဇူးတော်အမှုများနှင့် ကိုယ်တော်၏ ဘုရားဖြစ်တော်မူခြင်းတို့အတွက်စတင်၍ချီးမွမ်းမည်ဆိုလျှင် ကျွန်ုပ်တို့၏ နှလုံးသားထဲ၌ ငြိမ်သက်ခြင်း၊ ချီးမွမ်းခြင်းတို့နှင့် ပြည့်လျှံလျှက် ထိုချီးမွမ်းခြင်းသည် ကျွန်ုပ်တို့၏နှလုံးသားမှတဆင့် ဘုရားသခင်ထံသို့ စီးဆင်းသွားပေလိမ့်မည်။

**ဖိလိပ္ပိ ၄း၆-၇ အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာ ပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့။ထိုသို့ပြုလျှင်**

**အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။**

## စိတ်ဓါတ်ကျခြင်း

ကျွန်ုပ်တို့တွေ့ကြုံရသောအခြေအနေများကြောင့် စိတ်ဓါတ်ကျခြင်းဝိညာဉ်၏ ကျွန်ုပ်တို့ အပေါ် လွှမ်းမိုးအနိုင်ယူမှုအားခွင့်ပြုခြင်းသည်ကျွန်ုပ်တို့အသက်တာ ထဲ၌ ချီးမွမ်းကိုးကွယ်ခြင်း၏ အရှိန်အဟုန်ကိုရပ်တန့်စေသည်။

**၁ ပေ ၄း၁၂-၁၃ ချစ်သူတို့၊ သင်တို့ကိုစုံစမ်းစရာဘို့ ယခု ခံရသော မီးစစ်ခြင်းအရာကိုကား၊ သင်တို့၌ အံ့သြဖွယ်သော အရာ ဖြစ်သည်ဟု ထင်မှတ်၍၊ အံ့သြခြင်းမရှိကြနှင့်။ သင်တို့သည် ခရစ်တော်၏ဆင်းရဲကို ဆက်ဆံကြသည်ဖြစ်၍၊ ဘုန်းတော်ပေါ်ထွန်းသောအခါအလွန်ဝမ်းမြောက် ရွှင်လန်းမည်အကြောင်း၊ ယခုပင်ဝမ်းမြောက်ကြလော့။**

### ဖြေရှင်းချက်

ချီးမွမ်းခြင်းယဇ် တစ်ခုအနေနှင့် ကျွန်ုတို့စတင်၍ဝမ်းမြောက်ရမည်။ ဘုရားသခင် အား နာခံခြင်း၏ အပြုအမူအနေနှင့် ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းဝတ်လုံကို ဝတ်ခြုံ ရမည်။

**ဟေရှာယ ၆၁း၃ စိတ်မသာညည်းတွားသောဇိအုန်မြို့သားတို့အဘို့ စီရင်၍၊ ပြာအရာ၌ ပေါင်းသရဖူ၊ ဝမ်းနည်းခြင်းအရာ၌ဝမ်းမြောက်ခြင်း ဆီ၊ ညှိုးငယ်စိတ်သဘောအရာ၌ချီးမွမ်းခြင်းအဝတ်တန်ဆာကိုသူတို့အားပေးစေခြင်းငှာငင်း၊ငါ့ကိုစေလွှတ်တော်မူပြီ။ထိုသူတို့သည်ဖြောင့်မတ်ခြင်းသပိတ်ပင်၊ ဘုန်း**

**အသရေတော်ဘို့ ထာဝရဘုရားစိုက် ပျိုးတော်မူသော အပင်ဟူ၍ သမုတ် ခြင်း ကို ခံရကြလိမ့်မည်။**

## အဖဘုရားအပေါ် အမြင်မှားခြင်း

လူများစွာတွင် ဘုရားသခင်အပေါ်၌လွဲမှားသောအနှုတ်လက္ခဏာ ခံစားချက် များ ရှိကြသည်။ဘုရားသခင်သည်သူတို့အပေါ် အမြဲစီရင်နေသည်ဟု ထိုသူတို့ ခံစားနေတတ်လေ့ရှိသည်။တချို့မှာမူ ဘုရားသခင်သည် မည်သူတစ်ယောက်

ကိုမျှ မိမိကိုယ်ကို ကျေနပ်နေရန်အလိုမရှိဟု ထင်မြင်ခံစားနေတတ်ကြသည်။

### ဖြေရှင်းချက်

အဖြေမှာကိုယ်တော်၏နှုတ်ကပတ်တော်၌မွေ့လျော်ခြင်းအားဖြင့်ဘုရားသခင်ကို မှန်ကန်စွာမြင်တတ်လာမည်ဖြစ်သည်။

**ယော ၃း၁၆ ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူ အပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။**

**ရောမ၈း၃၁၊၃၂၊၃၈၊၃၉ သို့ဖြစ်၍ဤအရာများတို့၌အဘယ်သို့ပြောစရာရှိ သနည်း။ ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူလျှင်၊ အဘယ်သူသည် ငါတို့တဘက်၌နေနိုင်မည်နည်း။ မိမိသားတော်ရင်းကို မနှမြောဘဲ၊ငါတို့ရှိ သမျှအဘို့အလို့ငှါစွန့်တော်မူသောသူသည်၊သားတော်နှင့်တကွခပ်သိမ်း သော အရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူ မည်နည်း။ အကြောင်းမူကား၊သေခြင်းဖြစ်စေ၊အသက်ရှင်ခြင်းဖြစ်စေ၊ကောင်းကင် တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက် အရာဖြစ်စေ၊နောင်လာလတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ် စေ၊ဤအရာမှစ၍အဘယ်နိမ္မိတအရာမျှသည်၊ငါတို့သခင်ယေရှုခရစ်တော် အားဖြင့်ခံရသောဘုရားသခင်၏ မေတ္တာတော်နှင့်ငါတို့ကို မကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိ၏။**

## ဘာသာရေးထုံးတမ်းအစဉ်အလာ

ဘာသာရေးသည် ဖိနှိပ်ချုပ်ချယ်၍၊ ရွေးနှုတ်ခြင်းမှာ လွတ်မြောက်စေသည်။

**မဿဲ ၁၅း၆ခ ထိုသို့သင်တို့သည် အဆက်ဆက်ခံသောနည်းဥပဒေသဖြင့် ဘုရားသခင်၏ပညတ်တော်ကိုပယ်ကြ၏။**

### ဖြေရှင်းချက်

အဖြေမှာ ကျွန်ုပ်တို့၏ ထုံးတမ်းအစဉ်အလာ များအား ဘုရားသခင်၏ နှုတ်ကပတ်တော် နှင့် ဂရုပြု နှိုင်းယှဉ်၍ သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့အား သမ္မာတရားနှင့်ညီသောလမ်းကို ပြရန် အခွင့်ပေးရမည်။

## မာန်မာန

မာန်မာနသည် မိမိကိုယ်မိမိ ထင်သင့်သည်ထက်လွန်၍ အထင်ကြီးခံချင်သော စိတ် ဖြစ်သည်။ မာန်မာနသည်လူအားဘုရားသခင်၏ပလ္လင်ပေါ်၌ဘုရားသခင် အစား မိမိကိုယ်ကို နေရာပေးရန် တွန်းပို့သည်။လူ၏ချီးမွမ်းခြင်းကိုခံယူလိုခြင်း သည် ဘုရားသခင်အား ချီးမွမ်းခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။

ယေရှုဘုရားသည် ကိုယ်တော်၏အချိန်ကာလ၌ရှိခဲ့သောမာနထောင်လွှားသော ဘာသာရေးခေါင်းဆောင်များကို ဖော်ပြခဲ့သည်။

**မဿဲ ၂၃း၁၊၂၅-၇ ထိုအခါ ယေရှုသည် တပည့်တော်တို့နှင့် လူအပေါင်း တို့အား ဟောပြောတော်မူသည်ကား၊ ကျမ်းပြုဆရာ၊ ဖာရိရှဲတို့မောရှေ၏ ထိုင်ရာပလင်ပေါ်မှာထိုင်ကြ၏။ သူတို့သည် ပြုသမျှသောအကျင့် အမှုတို့ကိုလူများရှေ့မှာထင်ရှားစေခြင်းငှာ ပြုကြ၏။ ကျယ်သောလက်ဖွဲ့တို့ကိုငှင်း၊ ကြီးသောပန်းပွါးတို့ကိုငှင်း ဝတ်လေ့ရှိကြ၏။ ပွဲသဘင်၊ တရားစရပ်တို့၌ မြင့်မြတ်သော နေရာထိုင်ရာကိုငှင်း၊ ဈေး၌ရိုသေစွာနှုတ်ဆက်ခြင်းကိုငှင်း၊ အရှင်ဘုရား အရှင်ဘုရားဟု လူများခေါ်ဝေါ်ခြင်းကိုငှင်း နှစ်သက်ကြ၏။**

## ဖြေရှင်းချက်

အရှင်းလင်းဆုံးအဖြေမှာ သင့်ကိုယ်သင်နှိမ့်ချရန်ဖြစ်သည်။

**မဿဲ ၂၃း၁၁၊၁၂ သင်တို့တွင်အကြီးဖြစ်သောသူသည် သင်တို့အစေခံ ဖြစ်ရ၏။ အကြင်သူသည် မိမိကိုချီးမြှောက်အံ့၊ ထိုသူသည်နှိမ့်ချခြင်းသို့ ရောက်လတံ့။ အကြင်သူသည် မိမိကိုနှိမ့်ချအံ့၊ထိုသူသည်ချီးမြှောက်ခြင်း သို့ ရောက်လတံ့။**

**ရောမ၁၂း၃ သင်တို့သည်ကိုယ်ကိုထင်သင့်သည်အတိုင်းထက် လွန်၍ မထင်ဘဲ၊ ဘုရားသခင်သည် လူအသီးအသီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော်မူသည်နှင့်အညီ၊ ကိုယ်ကို လျောက်ပတ်စွာထင်ရမည် အကြောင်း ငါသည် ကိုယ်ခံရသော ကျေးဇူးတော်ကို အမှီပြု၍၊ သင်တို့တွင်ရှိသမျှသောသူတို့ကို မှာထား၏။**

# လူကို ကြောက်ရွံ့ခြင်း

အခြားလူများသည် ကျွန်ုပ်တို့အား မည်ကဲ့သို့ထင်မြင်မည်ကို ကြောက်ရွံ့ခြင်း သည် ကျွန်၏စိတ်သဘော ဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော်မှ ကျွန်ုပ်တို့၏ အပြုအမူနှင့် စိတ်သဘောကို ပဲ့ပြင်ရာ၌ အဆီးအတားဖြစ်စေသော အရာ ဖြစ်သည်။လူကိုကြောက်ရွံ့ခြင်းအားဖြင့်ဖြစ်ပေါ်လာသောစိုးရိမ်မှုနှင့်ကြောက်ရွံ့မှုတို့သည်သခင်ဘုရားမည်သူဖြစ်သည်ကိုသိခြင်းနှင့်ကျွန်ုပ်တို့နှင့်ကိုယ်တော်၏ သက်ဆိုင်မှု အပေါ် အာရုံပြုဆင်ခြင်ခြင်းမှ လွဲသွားစေသည်။

မည်ကဲ့သို့သော ကြောက်ရွံ့မှုမျိုးဖြစ်စေ ယုံကြည်ခြင်း၏ဆန့်ကျင်ဘက်ဖြစ် သည်။

**သုတ္တံ ၂၉း၂၅ လူကိုကြောက်ရွံ့ခြင်းသဘောသည်ကျော့ကွင်း ကို ထောင်တတ်၏။ထာဝရဘုရားကို ခိုလှုံသောသူမူကား လုံခြုံလိမ့်မည်။**

**သုတ္တံ ၉း၁၀ ထာဝရဘုရားကိုကြောက်ရွံ့သောသဘောသည် ပညာ၏ မူလအမြစ်ဖြစ်၏။သန့်ရှင်းတော်မူသောဘုရားကိုသိကျွမ်းသောသဘော**

**သည် ဉာဏ်ဖြစ်၏။**

## ဖြေရှင်းချက်

ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်အား ကိုယ်တော်၏နေရာမှန်ကို ပေးသော အခါ၊ ကိုယ်တော်ဘုရား၏ အဖြစ်တော်အတိုင်း ကိုယ်တော်အား စတင်၍သိလာသောအခါ အခြားလူတို့အားကြောက်ရွံ့ခြင်းသည်ပျောက်ကွယ် သွားလိမ့်မည်။

# စာတန်၏ဖိနှိပ်ချုပ်ချယ်ခြင်း

စာတန်သည်ဘုရားသခင်ကိုမုန်းတီးသည်။ထို့ကြောင့်ဘုရားကိုပေးသော

ချီးမွမ်းခြင်းကိုလည်းသူမုန်းတီးသည်။ စာတန်က ချီးမွမ်းခြင်းရှိသမျှ သူ့ထံသို့သာ လာစေခြင်သည်။ သင် ဘုရားသခင်ကို စဉ်ဆက်မပြတ် ချီးမွမ်းလျှင် ထိုနေရာ၌ စာတန်ဆက်၍နေလိမ့်မည်မဟုတ်ချေ။

## ဖြေရှင်းချက်

စာတန်၏ကြီးမားသော ဖိနှိပ်ချုပ်ချယ်ခြင်းအတွက် ဖြေရှင်းချက်မှာ ချည်နှောင် ထားသော နတ်ဆိုးကို နှင်ထုတ်ခြင်းဖြစ်သည်။

**မာကု ၁၆း၁၇က ယုံကြည်သောသူတို့၌ဖြစ်အံ့သော နိမိတ်လက္ခဏာ ဟူမူကား၊ ငါ၏နာမကို အမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတံ့။**

**ယာကုပ် ၄း၇ ထိုကြောင့်၊ ဘုရားသခင်၏ အလိုတော်သို့ လိုက်ကြ လော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည်သင်တို့ထံက ပြေးသွားလိမ့်မည်။**

# လစ်လျူရှုခြင်း

ယုံကြည်သူများစွာ၏ အသက်တာ၌ ကဏ္ဍအတော်များများတွင် ချီးမွမ်း ကိုးကွယ်ခြင်း၏ အရေးပါမှုမှာပျောက်ဆုံးလျက်ရှိသည်။

## ဖြေရှင်းချက်

ဖြေရှင်းချက်မှာထိုအမှုအရာနှင့်ပတ်သတ်၍ဘုရားသခင်ပြောထားသည့်

စကားတော်ကို လေ့လာရန်ဖြစ်သည်။

**ဟောရှေ ၄း၆ ငါ့လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏။ သင်သည်ပညာကို ပယ်သောကြောင့်၊ ငါ့ယဇ်ပုရောဟိတ်အဖြစ်သို့ မရောက်စေခြင်းငှါ သင့်ကို ငါပယ်မည်။ သင်၏ဘုရားသခင့်တရားကို**

**သင်မေ့လျော့သောကြောင့် သင်၏သားသမီးတို့ကို ငါမေ့လျော့မည်။**

# လုပ်ဆောင်ပါ. . မတုန့်ပြန်ပါနှင့်

ယုံကြည်သူများစွာတို့သည်ချီးမွမ်းကိုးကွယ်သောအချိန် "ဇာတိဆန်ဆန်" ပြုမူသောသူတို့ကို အနှုတ်သဘောဖြင့်တုန့်ပြန်လေ့ရှိသည်။ထို့ကြောင့် တချို့ သော ယုံကြည်သူများမှာ အခြားသူများ၏ ဆိုးသွမ်းသော အပြုအမူများဖြင့် တားဆီးပိတ်ပင်ခြင်းကိုရင်ဆိုင်ရကြသည်။ ထိုအရာမှာ နှုတ်ကပတ်တော်နှင့် ညီသောချီးမွမ်းကိုးကွယ်ခြင်းထဲသို့လွတ်လပ်စွာတိုးဝင်ရာ၌အတားအဆီးတစ်ခုပင် ဖြစ်သည်။

## ဖြေရှင်းချက်

ကျွန်ုပ်တို့သည်အခြားသူများကိုတုန့်ပြန်နေမည့်အစား ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်းသာလုပ်ဆောင်ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖွင့်ပြချက်အား လိုလားစွာ နာခံခြင်းဖြင့် တုံ့ပြန်ရန် လိုအပ်သည်။ ဘုရားသခင်၏သားသမီးများအနေနှင့်ကျွန်ုပ်တို့သည် ကိုယ်တော်အားနှလုံးသားမှလာသော ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်းကို စဉ်ဆက် မပြတ် လွတ်လပ်စွာ ဖော်ပြရမည်ဖြစ်သည်။

တုံ့ပြန်တိုက်ခိုက်ခြင်းသည် ဘာသာရေးဓလေ့ထုံးစံနှင့် လူကိုကြောက်ရွံ့ ခြင်း၌ တင်းကျပ်စွာ ပိတ်ပင်ခြင်းနှင့် ချည်နှောင်ခြင်းခံရစေသည်။ နှုတ်ကပတ်တော် အတိုင်း လုပ်ဆောင်ခြင်းသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်အတူအကြွင်းမဲ့ လွတ်လပ်စွာ စီးဆင်းလှုပ်ရှားခြင်းဖြစ်သည်။

ယေရှုသည် ကျွန်ုပ်တို့အား လွတ်မြောက်စေရန်ကြွလာခဲ့သည်။

**ယော ၈း၃၂ သမ္မာတရားကိုလည်းသိကြသဖြင့်၊ ထိုတရားသည်သင်တို့ကို လွှတ်လိမ့်မည်ဟု၊ ယုံကြည်သောယုဒလူတို့အား မိန့်တော်မူ၏။**

**နိဂုံး**

ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအမှုကို မလုပ်ဆောင်နိုင်ခြင်းသည် ကျွန်ုပ်တို့၌ ဖြေရှင်းရန်လိုအပ်သော အခြေခံကျသည့် ပြဿနာများရှိကြောင်းဖော်ပြသည်။ မိမိ၏ ပြဿနာကို သေချာစွာ သိရှိသည် အထိ ဘုရားသခင်ကို ရှာဖွေ၍ ထိုပြဿနာကို ရိုးသားစွာဖြေရှင်းပါ။ ဘုရားသခင်ကိုချီးမွမ်းရာထဲသို့ သင် မဝင်နိုင်သေးလျှင် ရင့်ကျက်သော ခရစ်ယာန်ညီအစ်ကို မောင်နှမတစ်ဦးထံ သွား၍ သူ၏ အကူအညီကို ရယူပါ။

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁. ချီးမွမ်းခြင်းကို ဆီးတားသောအရာ တစ်ခု၏ အမည်ကို ဖော်ပြ၍ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ရှာဖွေတွေ့ရှိသော ဖြေရှင်းချက်ကို ဖော်ပြပါ။

၂. သင်၏ အသက်တာ၌ သင်ကိုယ်တိုင်ခံစားခဲ့ရသော ချီးမွမ်းခြင်းကို ဆီးတားသည့်အရာတစ်ခုကို ဖော်ပြပါ။ ထိုအရာကို သင်မည်ကဲ့သို့အောင်မြင်ခဲ့သနည်း(သို့မဟုတ်) သင်မည်ကဲ့သို့အောင်မြင်မည်နည်း။

၃. အကယ်၍ ချီးမွမ်းခြင်းကို ဆီးတားသည့်အရာပေါ်၌ သင်ကြိုးစားသည့်အရာအားလုံး မအောင်မြင်ခဲ့လျှင် သင်ဘာလုပ်မည်နည်း။

# သင်ခန်းစာ(၁၀)

# ချီးမွမ်းခြင်းယဇ်ပူဇော်ခြင်း

## ချီးမွမ်းခြင်းနှင့် ချီးမွမ်းခြင်းယဇ်၏ ခြားနားမှု

**ဟေဗြဲ ၁၃း၁၅ ထိုကြောင့်၊ ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ဝန်ခံလျက်၊ နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကို သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့။**

ဘုရားသခင်ကို ချီးမွမ်းခြင်းနှင့် ချီးမွမ်းခြင်းယဇ်တွင် ခြားနားမှု တစ်ခုရှိသည်။

### ချီးမွမ်းခြင်း

ချီးမွမ်းခြင်းမှာ ကျွန်ုပ်တို့ ဘုရားသခင်နှင့် မှန်ကန်သော ရင်းနှီးဆက်နွယ်မှု ရှိ နေသော အခါ လွယ်ကူစွာစီးထွက်လာသည်။ထိုအရာသည်ကျွန်ုပ်တို့အတွက် ကိုယ်တော်ပြုခဲ့သမျှအမှုတို့ကို ဆင်ခြင်သောအခါ၌ အလိုအလျောက် စီးထွက် လာသည့် အရာဖြစ်သည်။

### ချီးမွမ်းခြင်းယဇ်

ချီးမွမ်းခြင်းယဇ်မှာ ကျွန်ုပ်တို့၏ အခြေအနေများဖြစ်သင့်သည့်အတိုင်း မဖြစ် ဘဲ မှားယွင်းနေသောအချိန်၌ပင် ဘုရားသခင်အားပူဇော်သောအရာဖြစ်သည်။ ထိုအရာမှာ

- ➢ *ဖြစ်ပျက်နေသော အခြေအနေအတိုင်း ပူဇော်သောချီးမွမ်းခြင်း*
- ➢ *ယုံကြည်ခြင်း နှင့် နာခံခြင်းဖြင့် ပူဇော်သောချီးမွမ်းခြင်း*
- ➢ *ဘုရားသခင်၏ အဖြစ်တော်( မည်သူဖြစ်သည်) ကြောင့် ပူဇော်သော ချီးမွမ်းခြင်း*

## ချီးမွမ်းခြင်းယဇ်

### စဉ်ဆက်မပြတ်

ချီးမွမ်းခြင်းယဇ်သည် စဉ်ဆက်မပြတ်ချီးမွမ်းခြင်းဖြစ်သည်။

**ဆာလံ ၃၄း၁ ငါသည် ခပ်သိမ်းသောကာလတို့၌ ထာဝရဘုရား ကိုကောင်းကြီးပေးမည်။ ဂုဏ်ကျေးဇူးတော်ကို အစဉ်မပြတ်မြွက်ဆိုမည်။**

### အသံထွက်၍ ချီးမွမ်းခြင်း

ချီးမွမ်းခြင်းယဇ်သည် အသံထွက်၍ ချီးမွမ်းခြင်းတစ်ခုဖြစ်သည်။ ဒါဝိဒ် အကြိမ်ကြိမ်ပြောခဲ့သည်မှာ **ဂုဏ်ကျေးဇူးတော်ကို အစဉ်မပြတ် မြွက်ဆိုမည်။**

### ပေါလုနှင့်သိလ-ဥပမာ

ပေါလု နှင့် သိလတို့ အကျဉ်းထောင်ထဲ၌ ဘုရားသခင်အား သီချင်းအားဖြင့် ချီးမွမ်းခဲ့ပြီး ထိုသို့ချီးမွမ်းသောအခါ နိမိတ်လက္ခဏာများ ဖြစ်ခဲ့သည်။

**တမန်တော် ၁၆း၂၂-၂၆ စုဝေးသောလူတို့သည် သူတို့တဖက်၌ တပြိုင်နက် ထကြ၏။စစ်ကဲမင်းတို့လည်းသူတို့၏အဝတ်ကိုချွတ်၍**

**ကြိမ်လုံးနှင့်ရိုက်စေခြင်းငှာစီရင်ကြ၏။ ရိုက်၍ဒဏ်ချက်များရှိပြီးမှ၊ လုံခြုံစွာ စောင့်စေဟုထောင်မှူးကိုမှာလိုက်၍ထောင်ထဲမှာ လှောင် ထားကြ၏။**

ထိုသို့မှာလိုက်သည့်အတိုင်း ထောင်မှူးသည် အတွင်း ထောင်ထဲမှာ
လှောင်၍ထိတ်ခတ်လျက်ထား၏။ သန်းခေါင်အချိန်၌ ပေါလုနှင့်သိလတို့သည်
ပဌနာပြု၍ဘုရားသခင်ကို ချီးမွမ်းလျက်
သီချင်းဆိုလေ၏။ထောင်ထဲမှာနှောင်ဖွဲ့ခြင်းကိုခံရသောသူတို့သည် နားထောင်ကြ၏။
ထိုခဏခြင်းတွင် မြေကြီးသည်ပြင်းစွာ လှုပ်သော ကြောင့်
ထောင်ခြေရင်းလည်းလှုပ်ရှား၏။ တံခါးရှိသမျှတို့သည် ချက်ခြင်း ပွင့်၍
လူအပေါင်းတို့သည် နှောင်ဖွဲ့ခြင်းနှင့်လွတ်ကြ၏။

## ➢အပြင်ပန်းအခြေအနေ

သူတို့သည်တိုက်ခိုက်ခံခဲ့ရပြီး ညှင်းပန်းနှိပ်စက်ခံထားရသည်။

သူတို့အဝတ်များစုတ်ပြဲနေသည်။

သူတို့ရိုက်နှက်ခံထားရသည်။

သူတို့သည် ထောင်အတွင်းပိုင်း၌ အဆင့်နိမ့်သောရာဇဝတ်သားများနှင့်အတူ အတင်းအကြပ်
အကျဉ်းချထားခြင်းခံရသည်။

သူတို့မလှုပ်ရှားနိုင်အောင် လက်ခြေတို့ကို ထိပ်ခတ်လျက် လှောင်ထားသည်။

## ➢ဝိညာဉ်ရေးရာအခြေအနေ

သူတို့ဆုတောင်း၍ ဓမ္မသီချင်းများသီဆိုနေကြသည်။

သူတို့အောက်ပါအတိုင်းဆုတောင်းပါသလား?

“ ကိုယ်တော့်ကို ကျွန်တော်တို့အစေခံခဲ့တယ်။ ကိုယ်တော်စေလွှတ်တဲ့နေရာကို
ကျွန်တော်တို့သွားခဲ့တယ်။ ကိုယ်တော် ကျွန်တော်တို့ကို ဘာကြောင့် ဒီလိုဒုက္ခ ရောက်စေသလဲ?
”

သူတို့ထိုကဲ့သို့ဆုမတောင်းခဲ့ကြောင်း ကျွန်ုပ်တို့အသိပင်ဖြစ်ပါသည်။ သူတို့ နှစ်ဦး
ချီးမွမ်းခြင်းသီချင်းသီဆို၍ ထိုအသံကို အခြားသောအကျဉ်းသားများ ကြားခဲ့ရကြသည်။

## ➢ရလဒ်

သူတို့သံကြိုးများချည်နှောင်ခြင်းမှ လွတ်၍ အကျဉ်းခန်းများမှ လွတ်မြောက် ကြသည်။

ထောင်မှူးနှင့် အိမ်သားများ ကယ်တင်ခြင်းရသည်။ အကျဉ်းထောင်ထဲ၌
ရှိသောသူတိုင်းယေရှုအကြောင်း ကြားရသည်။

ဖိလိပ္ပိမြို့၌ရှိသောအခြားသောယုံကြည်သူတိုလည်းစိတ်သက်သာရာရကြသည်။

## ➢ယောရှုဖတ်- အခြားသောဥပမာ

ယောရှုဖတ်သည် ဘုရားသခင်၏ မိန့်မှာချက်များကိုလိုက်နာ၍နိမိတ်လက္ခဏာ နှင့်ပြည့်ဝသော
အောင်ပွဲများကို တွေ့ကြုံခဲ့သည်။ သူ၏နာမည် “ ယေဟော” ၏အဓိပ္ပါယ်မှာ
ထာဝရဘုရားအုပ်စိုးသည်ဟုအဓိပ္ပါယ်ရသည်။

## ➢လူတို့အား နှုတ်ကပတ်တော်သင်ပေးခဲ့သည်

၂ရာချုပ် ၁၇း၃-၆ ခမည်းတော်သည် အရင်လိုက်သောလမ်းသို့
ယောရှုဖတ်လိုက်လျက်၊ဗာလဘုရားတို့ကိုမဆည်းကပ်၊ခမည်းတော်၏

ဘုရားသခင်ကိုသာဆည်းကပ်သဖြင့်၊ ဣသရေလအမျိုး၏ ထုံးစံကို ရှောင်၍၊
ပညတ်တရားကိုကျင့်သောကြောင့်၊ ထာဝရဘုရားသည် စောင့်မ၍၊
နိုင်ငံတော်ကိုယောရှုဖတ်လက်၌ တည်စေတော်မူသဖြင့်၊ ယုဒပြည်သားအပေါင်းတို့သည်

လက်ဆောင်များကိုဆောင်ခဲ့ကြ၏။ ဂုဏ်အသရေနှင့် စည်းစိမ်ဥစ္စာ များသော်လည်း၊ ထာဝရဘုရား၏ တရားတော်လမ်း တို့၌ စိတ်စွဲလန်း၍၊ မြင့်သောအရပ်နှင့် အာရရှပင် တို့ကိုယုဒပြည်မှပယ်ရှားတော်မူ၏။

## ➢ဒုက္ခရောက်သောအချိန်၌ဆုတောင်းခဲ့သည်

နှစ်ပေါင်းများစွာ ပတ်ဝန်းကျင်၌ ရှိသောတိုင်းပြည်တို့သည် ယောရှဖတ်ကို ကြောက်၍ ယုဒပြည်ကို မတိုက်ခိုက်ဘဲနေခဲ့ကြသည်။ သို့သော် နောက်ပိုင်း၌ ထိုတိုင်းပြည်တို့သည်စုပေါင်း၍ ယောရှဖတ်ကို တိုက်ခိုက်ရန်ပြင်ဆင်ကြသည်။ ယောရှဖတ်သည် ပရိသတ်စည်းဝေးရာရှေ့၌ လာ၍ဆုတောင်းခဲ့သည်။ သူ၏ ဆုတောင်းချက်မှာ ချီးမွမ်းခြင်းနှင့်အစပြုခဲ့သည်။

၂ရာချုပ် ၂၀း၆-၉ဘိုးဘေးတို့၏ဘုရားသခင်ထာဝရဘုရား၊ကိုယ်တော်သည် ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်ဖြစ်တော်မူသည် မဟုတ်လော။ တပါးအမျိုးသားနေရာတိုင်းနိုင်ငံ ရှိသမျှတို့ကိုအစိုးရတော်မူသည်မဟုတ် လော။ အဘယ်သူမျှမတားဆီးနိုင်အောင် ခွန်အားတန်ခိုးကြီးတော်မူသည် မဟုတ်လော။ ဤပြည်၌ နေဘူးသောသူတို့ကို ဣသရေလအမျိုးရှေ့မှ နှင်ထုတ်၍၊ ကိုယ်တော်၏အဆွေ အာဗြဟံ၏သားမြေးတို့အား၊ဤပြည်ကို အစဉ်ပေးတော်မူသောအကျွန်ုပ်တို့၏ဘုရားသခင်ဖြစ်တော်မူသည်မဟုတ်လော။သူတို့သည် နေရာကျ၍၊နာမတော်အဘို့သန့်ရှင်းရာဌာနတော်ကို တည်ဆောက်ကြသောအခါ၊အကျွန်ုပ်တို့အပေါ်မှာထားဘေး၊ဒဏ်ခတ်ခြင်းဘေး၊ကာလနာဘေး၊မွတ်သိပ်ခြင်းဘေးတစုံတခုရောက်၍၊နာမတော်ဖြင့်သမုတ်သော ဤအိမ်တော်၊အထံတော်သို့အကျွန်ုပ်တို့သည်ချဉ်းကပ်၍၊ ဆင်းရဲဒုက္ခ ကြောင့်အော်ဟစ်ကြသောအခါ၊နားထောင်၍ကယ်မတော်မူပါ ဟု လျှောက်ထားကြပါပြီ။

## ➢ဘုရားသခင်အဖြေပေးခဲ့သည်

ဘုရားသခင်မှ ပရောဖတ်အားဖြင့်အဖြေပေးခဲ့သည်။

၂ရာချုပ် ၂၀း၁၅-၁၈ ထိုသူက၊ အိုယောရှဖတ်မင်းကြီးနှင့်ယုဒပြည်သူ၊ ယေရုရှလင်မြို့သားအပေါင်းတို့၊ နားထောင်ကြလော့။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ထိုအလုံးအရင်းကြောင့် မကြောက်ကြနှင့်။ စိတ် မပျက်ကြနှင့်။ စစ်မှုသည်သင်တို့တာမဟုတ်၊ ဘုရားသခင့်တာဖြစ်၏။ နက်ဖြန်နေ့ သူတို့ရှိရာသို့ ချီသွားကြလော့။ သူတို့သည်ဇိဇမြို့သို့တက်ရာ လမ်းဖြင့်လာကြစဉ်၊ယေရွေလတောစနား၊ချိုင့်ဝမှာ သင်တို့ တွေ့ကြလိမ့် မည်။သို့ရာတွင်၊အိုယုဒပြည်ယေရုရှလင်မြို့သားတို့၊သင်တို့သည်စစ်တိုက် စရာအကြောင်းမရှိသည်ဖြစ်၍၊တည်ကြည်စွာ မတ်တပ်နေလျက်၊ ထာဝရ ဘုရားကယ်တင်တော်မူခြင်းကျေးဇူးကိုကြည့်ရှုကြလော့။မကြောက်ကြနှင့်။ စိတ်မပျက်ကြနှင့်။နက်ဖြန်နေ့ချီသွားကြလော့။ထာဝရဘုရားသည်သင်တို့နှင့်အတူရှိတော်မူ လိမ့်မည်ဟုမြွက်ဆို၏။

## ➢ အားလုံးကိုးကွယ်ခဲ့ကြသည်

ယောရှဖတ်သည် မြေပေါ်မှာ ဦးချ၍ ယုဒပြည်သူ ယေရုရှလင်မြို့သား အပေါင်းတို့သည် ထာဝရဘုရား ရှေ့တော်၌ ပြပ်ဝပ်လျက်၊ ထာဝရဘုရား ကို ကိုးကွယ်ကြ၏။

## ➢ ဘိသိတ်ခံရသော သီချင်းသည်များ

စစ်ပွဲအတွက်ပြင်ဆင်ရာ၌ ယောရှဖတ်သည် ထာဝရဘုရားအား ချီးမွမ်းခြင်း သီချင်းဆိုသောသူတို့ကို ခန့်ထားခဲ့သည်။ ထိုသူတို့သည် တပ်ရှေ့၌ နေရာ ယူကြရသည်။

၂၁-၂၂ လူများနှင့်တိုင်ပင်ပြီးမှ၊ ထာဝရဘုရား၏ ဂရုဏာတော်သည်
အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့ဟု တပ်ရှေ့မှာ
ချီသွားလျက်၊ သန့်ရှင်းခြင်း အသရေကိုချီးမွမ်းရသော သီချင်းသည်
တို့ကိုထာဝရဘုရားအဘို့ခန့်ထားတော်မူ၏။ ထိုသူတို့သည် ချီးမွမ်းရာသီချင်းကို
ဆိုစပြုကြသောအခါ ယုဒပြည်ကိုတိုက်အံ့သောငှါ လာသော၊
စိရတောင်သားတို့ကိုအမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့
တဘက်၌ထာဝရဘုရားချောင်းမြောင်းစေတော်မူသဖြင့်၊အမ္မုန်အမျိုးသား၊
မောဘအမျိုးသားတို့သည် အထိအခိုက်ခံရသောကြောင့်၊

➢ ***အောင်မြင်ခြင်း***

း၂၃ တဖန်စိရတောင်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှါလှန်၍တိုက် သဖြင့်၊
အကုန်အစင်သတ်ပြီးမှ၊ တယောက်ကိုတယောက်တိုက်ခိုက်၍
ပျက်ဆီးခြင်းသို့ရောက်ကြ၏။

း၂၄-၂၆ ယုဒလူတို့သည် တော၌ရှိသော ကင်းမျှော်စင်သို့ရောက်၍၊ ထိုအလုံးအရင်းကို
ကြည့်ရှုသောအခါ၊ထိုလူအပေါင်းတို့သည်တယောက်မျှ
မလွတ်၊မြေပေါ်မှာလဲသောအသေကောင်ဖြစ်ကြ၏။ယောရှဖတ်နှင့် သူ၏ လူတို့ သည်၊
ရန်သူတို့ဥစ္စာကိုလုယူခြင်းငှာလာအခါ၊ အသေကောင်တို့၌ များစွာသောဥစ္စာ၊
အဘိုးထိုက်သော တန်ဆာတို့ကို တွေ့သဖြင့်၊ ထမ်း၍ မသွားနိုင်လောက်အောင်
ချွတ်ယူကြ၏။လက်ရဥစ္စာ အလွန်များသော
ကြောင့်၊သုံးရက်ပတ်လုံးလုယူထုတ်ထားလျက်နေကြ၏။ စတုတ္ထနေ့တွင်
ဗရာခချိုင့်၌စည်းဝေး၍၊ ထာဝရဘုရားကိုကောင်းကြီးပေး ကြ၏။
ထိုကြောင့်၊ယနေ့တိုင်အောင် ထိုအရပ်သည်ဗရာခချိုင့်ဟူ၍တွင်သတည်း။

အကျဉ်းချုပ်

➢ ***အပြင်ပန်းအခြေအနေ***

သူတို့သည် နိုင်ငံသုံးနိုင်ငံမှ စစ်တပ်အလုံးအရင်းများနှင့် တိုက်ခိုက်ခံခဲ့ရသည်။

➢ ***ဝိညာဉ်ရေးရာအခြေအနေ***

သူတို့သည်ဘုရားသခင်၏စကားတော်ပြောထားသည့်အရာကိုသိသည်။သူတို့သည်
ရန်သူရှုံးနိမ့်သည့် အချိန်ရောက်ပြီးမှ ချီးမွမ်းခြင်းမဟုတ်ဘဲ ရန်သူ များစွာ ဝိုင်းရံလျက်
အခြေအနေအားလုံးသည် မျှော်လင့်ခြင်း မရှိ သကဲ့သို့ ဖြစ်နေသော အချိန်၌ပင်
ဘုရားသခင်အားချီးမွမ်းခဲ့ကြသည်။သူတို့ပူဇော်သော အရာမှာ ချီးမွမ်းခြင်းယဇ်ဖြစ်သည်။

➢ ***ရလဒ်***

ရလဒ်မှာ သူတို့၏ရန်သူများ အချင်းချင်း အပြန်အလှန်သတ်ဖြတ်၍၊ အကြွင်းမဲ့ အောင်မြင်ပြီး
ရန်သူ၏ ဥစ္စာများစွာကိုလည်း ရရှိခဲ့သည်။

➢ ***အောင်မြင်ခြင်းသို့ အဆင့်များ***

ယောရှဖတ်၏အဖြစ်အပျက်၌ အောင်မြင်ခြင်းသို့ အဆင့်ငါးဆင့်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။

- ➢ *နှုတ်ကပတ်တော်ကိုသိခြင်း*
- ➢ *ဘုရားသခင်၏မျက်မှောက်တော်ကို ရှာခြင်း*
- ➢ *ဘုရားသခင်ထံမှကြားခြင်း*

- ➢ *စကားတော်ကိုယုံ၍ ဘုရားသခင်ကို ကိုးကွယ်ခြင်း*
- ➢ *ယုံကြည်ခြင်းနှင့်လုပ်ဆောင်ခြင်း (အောင်မြင်ခြင်းကိုမတွေ့ရခင် ဘုရားသခင်ကို ချီးမွမ်းခြင်း )*

# ချီးမွမ်းခြင်းနှင့်တိုက်သောတိုက်ပွဲ

ကြီးမားသော ဝိညာဉ် အခွင့်အာဏာနှင့်တန်ခိုးသည် ဘုရားကိုချီးမွမ်းသော တေးဂီတ၏အရှိန်အဟုန်မှထွက်လာလေ့ရှိသည်။ ကျွန်ုပ်တို့ယခု လေ့လာပြီးခဲ့သောဥပမာ၌ပေါလုနှင့်သိလသီချင်းဆို၍ထိုနောက်မှာကြီးမားသော လျှင် လှုပ်ခြင်းဖြင့် လွတ်မြောက်ခြင်း ရောက်လာခဲ့သည်။

## ချီးမွမ်းခြင်းသည် အောင်မြင်ခြင်း၏ရှေ့၌ရှိသည်

ယောရှဖတ်သည် ဘုရားသခင်ကို သီဆိုချီးမွမ်းရန် သီချင်းသည်များကိုခန့်ထား ၍ တပ်၏ရှေ့၌ သွားစေသောအခါကြီးမားသောအောင်မြင်ခြင်းကိုရရှိခဲ့သည်။ သူတို့ ဘုရားသခင်ကို ချီးမွမ်းခြင်းသည်၊ သူတို့၏ တန်ခိုးကြီးမားသော ဝိညာဉ် လက်နက်ကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး ထိုလက်နက်အားဖြင့် ကြီးမားသောတန်ခိုး နှင့်ဝိညာဉ်အခွင့်အာဏာစီးထွက်စေခဲ့သည်။ကျွန်ုပ်တို့ဘုရားသခင်ကို ချီးမွမ်း သောအခါများတွင်ကိုယ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဝိညာဉ် ရေးရာ တိုက်ပွဲများဆီသို့ ဦးဆောင်သွားလိမ့်မည်။

**ဆာလံ ၁၄၉း၆-၉ တပါးအမျိုးသားတို့အား တရားအတိုင်းအပြစ်ပေး၍၊ လူစုတို့အား ဒဏ်ခတ်ခြင်းငှာရင်း၊ သူတို့၏ရှင်ဘုရင်များကို သံကြိုးနှင့် ချည်နှောင်၍၊ မှူးမတ်များကို သံခြေချင်းခတ်ခြင်းငှာရင်း၊ ကျမ်းစာ၌ မှတ် ထားသော အပြစ်စီရင်ခြင်းကို သူတို့အားပြုခြင်းငှာရင်း၊ သန့်ရှင်းသူ တို့ သည် ဘုရားသခင်၏ဂုဏ်တော်ကိုနှုတ်နှင့်ချီးမွမ်း၍၊ သန်လျက်ကို လက် နှင့် ကိုင်ကြစေ။ ထာဝရဘုရား၏သန့်ရှင်းသူ အပေါင်းတို့ သည် ထိုသို့ သော ဘုန်းနှင့်ဆိုင်ကြ၏။ ဟာလေလုယ။**

ဝိညာဉ်တိုက်ပွဲ၌ အသွားနှစ်ဖက်ရှိသော ဘုရားသခင်၏နှုတ်ကပတ်တော်ဓါးကို ကျွန်ုပ်တို့နှုတ်မှ ပြောဆိုခြင်းအားဖြင့် အောင်မြင်ခြင်းမျှသာမဟုတ်ဘဲ ဘုရား သခင်ကို ချီးမွမ်းသီဆိုခြင်းအားဖြင့်လည်း ဝိညာဉ်နယ်ပယ်ထဲ၌ ကြီးမားသော အောင်မြင်မှုများကို ရရှိသည်။

**ဟေရှာယ ၃၀း၃၁၊၃၂သို့ဖြစ်၍၊အာရှုရိလူသည်ထာဝရဘုရား၏အသံတော် အားဖြင့် လှဲချခြင်း၊ လှံတံတော်အားဖြင့် ဒဏ်ခတ်ခြင်းကို ခံရလိမ့်မည်။ ထာဝရဘုရားစီရင်၍၊သူ၏အပေါ်မှာလေးစွာချထားတော်မူသော လှံတံ သည် ရှောက်သွားရာရာ၌ စောင်း၊ပတ်သာတီးခြင်းနှင့်တကွဖြစ်လိမ့်မည်။ သူ့ကိုပြင်းစွာစစ်တိုက်တော်မူလိမ့်မည်။**

ချီးမွမ်းခြင်း၏တေးဂီတသည် ဝိညာဉ်တိုက်ပွဲတိုင်းကို အောင်မြင်ခြင်း၌ အရေးကြီးသောကဏ္ဍတစ်ခုဖြစ်သည်။

## ကိုးကွယ်ခြင်း- ပရောဖက်ပြုချက်- တိုက်ပွဲ

**ဗျာဒိတ် ၁၉း၆-၈ တဖန်တုံ၊ ဟာလေလုယ။ အနန္တတန်ခိုးနှင့်ပြည့်စုံ တော်မူသော ထာဝရ အရှင်၊ ငါတို့ဘုရားသခင် သည် စိုးစံတော်မူ၏။ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့၊ ဂုဏ်တော်ကိုချီးမွမ်းကြကုန်အံ့**

**အကြောင်းမူကား၊ သိုးသငယ်၏ မင်္ဂလာဆောင်ပွဲကို ခံချိန်ရှိပြီ။ သူ၏ မိန်းမသည် ကိုယ်ကိုတန်ဆာဆင်ပြီ ဟုစည်းဝေးသောသူများတို့၏အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသောမိုးကြိုးသံ ကဲ့သို့ ငါကြား၏။ ထိုမိန်းမသည် စင်ကြယ်ပြောင်လက်သော ပိတ်ချောကို ဝတ်ဆင်ရသောအခွင့်ကိုရ၏။ ထိုပိတ်ချောမူကား၊ သန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းဖြစ်သတည်း။**

## ➢ *ကိုးကွယ်ခြင်း*

ယနေ့အသင်းတော်သို့အသစ်သောချီးမွမ်းခြင်းကိုးကွယ်ခြင်း၏အသံရောက်လာနေပြီဖြစ်သည်။ထိုအသံသည်ကြီးမားသောရေလှိုင်းလုံးစီးသံကဲ့သို့ကျယ်လောင်သောမိုးကြိုးသံကဲ့သို့ ကျယ်လောင်သော စစ်အောင်သံကဲ့သို့ ရောက်လာလေ့ ရှိသည်။ထိုကဲ့သို့ ထစ်ချုန်းကျယ်လောင်သော အသံ၌ ယခင် ဘုရားသခင်၏ သိုးသငယ်အနေနှင့် ဆင်းကြွခဲ့သောယေရှုသည် ယခုအခါ ယုဒအမျိုး၏ခြင်္သေ့ အနေနှင့် ထင်ရှား တော်မူပြီဖြစ်သည်။

တမန်တော်ရှင်ယောဟန်သည် ဤကမ္ဘာမြေပေါ်၌ စာတန်ချည်နှောင်ခံရမည့် ကြီးမားသောနောက်ဆုံးတိုက်ပွဲကို ဖော်ပြခဲ့သည်။

**ဗျာဒိတ် ၁၉း၁၀၊၁၁ ငါသည်ထိုသူကိုကိုးကွယ်ခြင်းငှာ သူ၏ခြေရင်း၌ ပြပ်ဝပ်၏။သူကလည်း၊ မပြုပါနှင့်၊ ငါကားသင်နှင့်လုပ်ဘော်ဆောင်ဘက် ဖြစ်၏။ ယေရှု၏သက်သေခံတော်မူချက်ကိုဆောင်သော သင်၏ညီအစ်ကို တို့ ၏ လုပ်ဘော်ဆောင်ဘက် လည်းဖြစ်၏။ ဘုရားသခင်ကိုကိုးကွယ် လော့။ အကြောင်းမူကား၊ ပရောဖက် ဟောသောစကားချက် သဘော သည် ယေရှု၏သက်သေ ဖြစ်သတည်းဟုငါ့အား ပြောဆို ၏။ ထိုအခါ ကောင်းကင်ဘုံဖွင့်လှစ်လျက်ရှိသည်ကိုငါမြင်လျှင်၊ မြင်းဖြူရှိ၏။ မြင်းစီး သောသူသည် သစ္စာဟူသောအမည်၊ သမ္မာ ဟူသော အမည်ရှိသတည်း။ ထိုသူသည် တရားသဖြင့်စီရင်တတ်၏။ တရားသဖြင့်စစ်တိုက်တတ်၏။**

ထိုကြီးမားသော ဝိညာဉ်တိုက်ပွဲတွင် အရေးကြီးသောကဏ္ဍ သုံးခုရှိသည်။

- ➢ *ကိုးကွယ်ခြင်း*
- ➢ *ပရောဖက်ပြုခြင်း*
- ➢ *တိုက်ပွဲ*

## ➢ *ပရောဖက်ပြုခြင်း*

ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်း၌ မကြာခဏဆိုသလို ပရောဖက်ပြုခြင်း၏ ဝိညာဉ်သည် တိုက်ပွဲနှင့်သက်ဆိုင်သော ဝိညာဉ်သီချင်းထဲ၌ ထင်ရှားလေ့ ရှိသည်။ထိုအမှုအရာဖြစ်လာသည့်အခါတိုင်းဝိညာဉ်နယ်ပယ်ထဲ၌ကြီးမားသော တိုက်ပွဲများအောင်မြင်လေ့ရှိသည်။ထိုအချိန်၌

- ➢ *အထွဋ်အမြတ်များ*
- ➢ *အာဏာစက်များ*
- ➢ *မှောင်မိုက်တန်ခိုးများ*
- ➢ *ချည်နှောင်ခြင်းခံရသည်။*

**ဆာလံ ၁၄၉း၈ သူတို့၏ရှင်ဘုရင်များကို သံကြိုးနှင့်ချည်နှောင်၍၊ မှူးမတ်များကို သံခြေချင်းခတ်ခြင်းငှာရင်း၊**

ဗျာဒိတ် ၁၉ မှ ယေရှုနှင့် ကိုယ်တော်၏သန့်ရှင်းသူများ နတ်ဆိုးနှင့် သူ၏ မှောင်မိုက်တန်ခိုးတို့အပေါ် အောင်ပွဲခံသည့် ထိုကြီးမားသောတိုက်ပွဲသို့ပြန် ကြွ လာမည့် အကြောင်းကိုဆက်၍ဖေါ်ပြထားသည်။

**ဗျာဒိတ် ၁၉း၁၂-၁၆ မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်းတော် ပေါ်၌သရဖူများကိုဆောင်း၏။ ကိုယ်တိုင်မှတပါး၊ အဘယ်သူမျှမသိသော နာမသည် ရေးထားလျက်ရှိ၏။ အသွေး၌ နှစ်ပြီးသောအဝတ်ကိုဝတ်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ဟူသောအမည်ရှိ၏။ ကောင်းကင်ဗိုလ်ခြေ တို့သည်မြင်းဖြူကို စီးလျက် စင်ကြယ်သော ပိတ်ဖြူကိုဝတ်လျက်၊ နောက် တော်သို့လိုက်ကြ၏။လူမျိုးတို့ကိုဒဏ်ခတ်စရာဘို့၊ ထက်သော သံလျက် သည် ခံတွင်းတော်ထဲက ထွက်၏။ သူတို့ကိုလှံတံနှင့်အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏ဒေါသအမျက်တော်၏ စပျစ်သီးနယ်ရာ တန်ဆာကို ဖိနင်းတော်မူမည်။ ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟု ဘွဲ့နာမတော်သည်အဝတ်တော်၌၎င်း၊ပေါင်တော်၌ ၎င်း ရေးထား လျက်ရှိ၏။**

## ယေရှုအားဖြင့်ပူဇော်သောချီးမွမ်းခြင်းယဇ်

ချီးမွမ်းခြင်းယဇ်ကိုယေရှုအားဖြင့်သာပူဇော်နိုင်သည်။

**ဟေဗြဲ ၁၃း၁၅ ထိုကြောင့်၊ ငါတို့သည်ဘုရားသခင်၏ ကျေးဇူးတော် ကိုဝန်ခံလျက်နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကိုသခင် ယေရှု ခရစ်အားဖြင့်ဘုရားသခင်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့။**

ထိုချီးမွမ်းခြင်းယဇ်မှာ ကိုယ်တော်မည်သူဖြစ်ခြင်းနှင့်တကွ ပြုခဲ့သည့်အရာ များ

အတွက် ကိုယ်တော်၏နာမတော်၌ကျေးဇူးတော် ချီးမွမ်းခြင်းပင်ဖြစ်သည်။

**ဧဖက် ၅း၂၀ ခပ်သိမ်းသောအရာတို့၌ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင်ယေရှုခရစ်၏ နာမကိုထောက်၍၊ ခမည်းတော်ဘုရားသခင့် ရှေ့၊ ကာလအစဉ်မပြတ် ဝန်ခံကြလော့။**

ထိုချီးမွမ်းခြင်းယဇ်မှာ ကျွန်ုပ်တို့၏ အခြေအနေကောင်းသော အချိန်၌သာ မဟုတ်ဘဲ ခပ်သိမ်းသောကာလ၌ချီးမွမ်းခြင်းဖြစ်သည်။

**၁သက် ၅း၁၆-၁၈ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။မခြားမလပ် ဆုတောင်း ပဌနာပြုကြလော့။ အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်း ကြ လော့။ အကြောင်းမူကား၊ သင်တို့သည်ထိုသို့ကျင့်စေခြင်းငှာ၊ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။**

ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့အား ကျွန်ုပ်တို့၏ အကျိုး အဖို့ တညီတညွတ်တည်းပြုစုကြောင်းအပြည့်အဝသဘောပေါက်မှသာထိုချီးမွမ်းခြင်း ကို ကျွန်ုပ်တို့ပြုနိုင်လိမ့်မည်။

**ရောမ ၈း၂၈ ဘုရားသခင်ကိုချစ်သောသူတည်းဟူသော ကြံစည်တော် မူခြင်း အတိုင်းခေါ်တော်မူသောသူတို့၏အကျိုးကိုခပ်သိမ်းသောအရာတို့ သည် တညီတညွတ်တည်းပြုစုကြသည်ကို ငါတို့သိကြ၏။**

### ဘုရားသခင်၏ဘုန်းကိုထင်ရှားစေသည်

ထိုချီးမွမ်းခြင်းယဇ်သည်ဘုရားသခင်၏ဘုန်းကိုထင်ရှားစေသည်။

**ဆာလံ ၅၀း၂၃က ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကိုပူဇော်သောသူသည် ငါ၏ဘုန်းကိုထင်ရှားစေသောသူဖြစ်၏။**

## ဆုံးဖြတ်ချက်ချပါ

သင်သည်ဘုရားသခင်အား အခြေအနေတိုင်း အချိန်အခါတိုင်း၌ ချီးမွမ်းမည်ဟု ကြိုတင်၍ ဆုံးဖြတ်ချက်ချပါ။

## ယခုစတင်ပါ

ဘုရားသခင်ကို နေ့စဉ် တနေ့တာလုံး ချီးမွမ်းပါ။

ချီးမွမ်းခြင်း၏ အလေ့အထကို ပြုစုပါ။

## ဒုက္ခကြုံလျှင်

- ➢ *သင်၏ဆုံးဖြတ်ချက်ကိုသတိရပါ။*
- ➢ *သင်၏ချီးမွမ်းခြင်းအလေ့အထအတိုင်း ဆက်လက်အသက်ရှင်ပါ။*
- ➢ *ခက်ခဲသောအချိန်၌ ချီးမွမ်းခြင်းသည် ဘုရားသခင်အား သင့်ဘက်၌ ရပ်တည်လုပ်ဆောင်ရန် အခွင့်ပေးခြင်းဖြစ်ကြောင်းသတိရပါ။*
- ➢ *ဒုက္ခကြုံချိန်၌ ချီးမွမ်းခြင်းသည် အဖ၏ဘုန်းအားထင်ရှားစေသည်။*

ဘုရားသခင်အားချီးမွမ်းချင်စိတ် ကင်းမဲ့သောအချိန်သည် ကျွန်ုပ်တို့ ဘုရားသခင်ကို ချီးမွမ်းသင့်ဆုံး အချိန်ပင် ဖြစ်သည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို နာခံလျှက် ကိုယ်တော်အားချီးမွမ်းစပြုသောအခါ၌၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ စစ်မှန်သော ချီးမွမ်းခြင်း ယဇ်ကိုပူဇော်ခြင်း ဖြစ်၍ ထိုအရာသည် ကိုယ်တော်အားအလွန် ကျေနပ်စေသည်။

## ယုံကြည်ခြင်းဖြင့် အစပြုပါ

ချီးမွမ်းခြင်းယဇ်ကို အစပြုပူဇော်ရန် နည်းလမ်းမှာ ယုံကြည်ခြင်းအားဖြင့်သာ ဖြစ်သည်။ ကိုယ်တော် မည်သူဖြစ်ခြင်းနှင့် ပြုတော်မူသော အမှုများအတွက် ချီးမွမ်းပါ။ ထို့နောက် ရင်ဆိုင်နေရသော အခြေအနေအား သင်နားမလည်နိုင် သော်လည်း ထိုအရာအတွက်ချီးမွမ်းပါ။

ပြဿနာထဲမှ ထွက်ရာလမ်းကို မမြင်နိုင်သော်လည်း လွတ်မြောက်ရာလမ်းကို ပြင်ဆင်ထားခြင်းအတွက် ကိုယ်တော်အားချီးမွမ်းပါ။ ကိုယ်တော်၏ ဘုရား ဖြစ်တော်မူခြင်းကိုချီးမွမ်း၍ ကိုယ်တော်နှင့်တကွ နှုတ်ကပတ်တော်၌ထားတော် မူသော ဂတိတော်တို့အားဆင်ခြင်အောက်မေ့ပါ။

သင်၏ချီးမွမ်းခြင်းယဇ်ကို ဆက်လက်ပူဇော်စပြုသည့်အခါ အောင်မြင်ခြင်း၊ လွတ်မြောက်ခြင်းကိုကြေငြာသော ဘုရားသခင်၏နှုတ်ကပတ်တော်အား

ကျယ်သောအသံဖြင့် ကြွေးကြော်ပါ။

အစပိုင်းတွင် သင်သည်နာခံခြင်းဖြင့်ချီးမွမ်းခြင်းယဇ်အားပူဇော်ပြီး၊ထိုသို့ပြုခြင်း အားဖြင့် သင်သည် အခြေအနေအပေါ်တွင် အာရုံမပြုတော့ဘဲ ဘုရားသခင် ၌သာ မျက်မှောက်ပြုခြင်းရှိလာမည်။သင်သည်ဘုရားသခင်၏ တန်ခိုး တော်၊ ဘုန်းတော်နှင့် သင်၏အခြေအနေကိုယှဉ်၍မြင်လာသောအခါသင်၏ပြဿနာ မည်မျှသေးငယ်သည် ကို တွေ့ရပေလိမ့်မည်။

သင်၏စိတ်နှလုံးတွင် ဘုရားစကားနှင့်ပြည့်လျက်တန်ခိုးတော်နှင့်ဂတိတော်များ အပေါ်သင်မျက်မှောက်ပြုလာသောအခါ ချီးမွမ်းခြင်း၏ဝိညာဉ်သည်သံသယ နှင့် စိုးရိမ်မှုများအစား နေရာယူဝင်ရောက်လာလိမ့်မည်။

ချီးမွမ်းရန်ခက်ခဲသည့်အခါခါတိုင်း၊ ဘုရားသခင်ကိုနာခံ၍ သင် စတင်ချီးမွမ်း သည်နှင့် တပြိုင်နက် ချီးမွမ်းခြင်း၏ ဝိညာဉ်တော်နှင့် ပြည့်လျှံ လွှမ်းခြုံခြင်းကို သင်ခံစားလာရပေလိမ့်မည်။

သင်၏ဝိညာဉ်ကိုချီးမွမ်းခြင်းယဇ်ပူဇော်ခြင်း၌ဆက်၍မွေ့လျော်စေသည့်ခဏ ခြင်း၌ ပင် ကိုယ်တော်၏ပြည့်စုံသောမျက်မှောက်တော်ထဲသို့ဝမ်းမြောက်ခြင်း နှင့် ဝင်ရောက်နေပြီဖြစ်ကြောင်းသင့်ကိုယ်သင် မြင်လာရပေလိမ့်မည်။

➢ *ကိုယ်တော်အားချီးမွမ်းသီချင်းဆိုပါ*

➢ *ရှေ့တော်၌ကခုန်ပါ*

➢ *ဘုန်းတော်နှင့်နာမတော်ကို ချီးမြှောက်ပါ*

➢ *ကိုယ်တော်သည် သင့်အတွက် ကယ်တင်ခြင်းနှင့်လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးပေလိမ့်မည်။*

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁. ဘုရားသခင်ကိုချီးမွမ်းခြင်းနှင့် ချီးမွမ်းခြင်းယဇ်ပူဇော်ခြင်း မည်သို့ကွာခြားသနည်း။

၂. ရှင်ဘုရင်ယောရှဖက် စစ်မြေပြင်၌ ချီးမွမ်းသူများကို တပ်ရှေ့၌ထားသောအခါ မည်သို့ဖြစ်သနည်း။

၃. ရှင်ဘုရင်ယောရှဖက်၏အဖြစ်အပျက်သည် ယနေ့ကျွန်ုပ်အားမည်သို့သောဥပမာဖြစ်စေသနည်း။

# သင်ခန်းစာ(၁၁)

## ချီးမွမ်းခြင်း၌ကျွန်ုပ်တို့၏ယဇ်ပရောဟိတ်အငန်းအတာ

### နိဒါန်း

ကနဦးအသင်းတော်၏ အဓိကအမှုတော်မှာသခင်ဘုရားအား ဝတ်ပြုခြင်း ဖြစ်သည်။

**တမန်တော် ၁၃း၁-၃ အန္တိအုတ်မြို့တွင်ရှိသော အသင်းတော်၌ ဗာနဗ မှစ၍နိဂါဟုခေါ်ဝေါ်သော ရှုမောင်၊ ကုရေနေပြည်သားလုကိ၊ စော်ဘွား ဟေရုဒ်၏သူငယ်ချင်းအရင်း ဖြစ်သော မာနင်နှင့် ရှောလုတည်း ဟူသော ပရောဖက်ပြုသူ၊ဆရာပြုသူရှိကြ၏။ထိုသူတို့သည်သခင်ဘုရားဝတ်ကိုပြု၍ အစာကိုရှောင်ကြစဉ်၊သန့်ရှင်းသောဝိညာဉ်တော်က၊ငါခန့်ထားသောအမှုကို ဆောင်ရွက်စေခြင်းငှာဗာနဗနှင့်ရှောလုတို့ကိုရွေးချယ်ခွဲထားကြလော့ ဟုမိန့်တော်မူသည်အတိုင်း၊အစာရှောင်၍ပဌနာပြုလျက်၊ ထိုသူတို့ခေါင်း ပေါ်မှာ လက်ကိုတင်၍ လွှတ်လိုက်ကြ၏။**

အသင်းတော်သည်ထိုအဓိကအကျဆုံးအမှုတော်ကိုဆောင်ရွက်ခြင်းမှရွေ့လျော့ လာသော အခါ၊ အခြားသော အမှုတော်လုပ်ငန်းများ ပို၍ လိုအပ်လာသည်။ အသင်းတော်မှ ဖျားနာသောသူများကို ဆုတောင်းပေးရန်၊ နတ်ဆိုးများကို နှင်ထုတ်ရန်၊ ဆင်းရဲသားများကို မစရန်၊ ကြေကွဲသူများကို နှစ်သိမ့်ရန်အမှုများ သည် သာ၍လိုအပ်လာသည်။ တိုင်ပင်ခံ နှစ်သိမ့်ခြင်းများကို စိတ်ပိုင်းဆိုင်ရာ ပြဿနာများ၊ အိမ်ထောင်ရေးပြဿနာများ၊ အရက်နှင့်မူးယစ်ဆေးစွဲနေသူများ၊ ပုန်ကန်တတ်သူလူငယ်များနှင့်ညှင်းပန်းစော်ကားခံရသူကလေးငယ်များစသည် တို့အတွက်အစပြု၍လုပ်ဆောင်လာရတော့သည်။ ထိုကဲ့သို့သော အကြောင်း အရာများသည်လည်း ထပ်၍ ထပ်၍ပေါ်လာနေလိမ့်မည်။အိမ်ထောင်ကွဲခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်း၊မတရားသော မေထုန် ပြုခြင်း၊လိင်ပိုင်းဆိုင်ရာ ဒုစရိုက်များတို့သည် အသင်းတော်ကိုဝင်ရောက်တိုက်ခိုက်စပြုလာတော့သည်။

အကယ်၍ ခရစ်တော်၏ကိုယ်ခန္ဓာသည် ၎င်း၏မူလ အမှုတော်တည်းဟူသော ချီးမွမ်းခြင်း နှင့် ကိုးကွယ်ခြင်းသို့ပြန်လည်၍ဦးတည်လာခဲ့လျှင်၊ထိုအခြားသော အမှုတော် လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်မှုသည်သာ၍သာ၍လျော့နည်း လာ လိမ့်မည်လား? အကြိမ်ပေါင်းများစွာ ယုံကြည်သူအစုအဝေးတစ်ခုသည် ဘုရားသခင်အား စစ်မှန်စွာ ချီးမွမ်းကိုးကွယ်လာသောအခါ၊ လူပေါင်းများစွာ ခန္ဓာကိုယ်နှင့်စိတ်ပိုင်းဆိုင်ရာအနာငြိမ်းခြင်းခံစားရသည်သာမက လွတ်မြောက် ခြင်း ကိုလည်း ဘုရားသခင်၏မျက်မှောက်တော်၌ ခံစားခဲ့ရကြသည်။

### ယဇ်ပုရောဟိတ်ကဲ့သို့အမှုဆောင်ခြင်း

ယေရှုခရစ်သည်ကျွန်ုပ်တို့၏ ယဇ်ပရောဟိတ်မင်းဖြစ်သည်နှင့်အမျှ ကျွန်ုပ် တို့ သည် ကိုယ်တော်၏ယဇ်ပရောဟိတ်အရာကို ခံယူကြရသည်။ယုံကြည်သူတိုင်း သည် ဘုရားသခင်၏ ယဇ်ပရောဟိတ်ဖြစ်သည်။

**ဗျာဒိတ် ၁း၆ မိမိခမည်းတော် ဘုရားသခင်ရှေ့၌ ငါတို့ကို ရှင်ဘုရင် အရာ၌ ၎င်း၊ ယဇ်ပရောဟိတ်အရာ၌၎င်း ခန့်ထားတော်မူသောသူသည်၊ ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင်။**

ကျွန်ုပ်တို့၏ တော်ဝင်ယဇ်ပရောဟိတ်အရာသည်မေလခိဇေဒက်တည်းဟူသော ယဇ်ပရောဟိတ်အနေနှင့် ဖော်ပြခြင်းခံရသည်။ ထိုအရာကို နောက်ပိုင်းတွင် ရှင်ဘုရင်ဒါဝိဒ်၏ယဇ်ပရောဟိတ်အမှုတော်၌ဖော်ပြလာသည်။ထိုယဇ်ပရော ဟိတ်အရာနှစ်ခုလုံးသည်လည်းယေရှု၏ယဇ်ပရောဟိတ်အမှုတော်၌ပြီးပြည့်စုံခဲ့သည်။ယေရှုသည်

ထာဝရယဇ်ပရောဟိတ်မင်းဖြစ်ပြီး၊ ကျွန်ုပ်တို့မှာ ကိုယ်တော် ၏ အောက်၌ သို့မဟုတ် ကိုယ်တော့် အထဲမှ လုပ်ဆောင်ရသော ယုံကြည်သူ ယဇ်ပရောဟိတ်များဖြစ်သည်။

စဉ်ဆက်မပြတ် ချီးမွမ်းခြင်းယဇ်ကို ပူဇော်သည့် အခါ ယဇ်ပရောဟိတ်များ အနေနှင့်ကျွန်ုပ်တို့လုပ်ဆောင်ရန်အရာများအတွက် ရှင်းလင်းသောဖွင့်ပြခြင်း ရရှိရန် ဓမ္မဟောင်းခေတ်၏ယဇ်ပရောဟိတ်အရာနှင့်သက်ဆိုင်သော လုပ်ငန်း များကို လေ့လာရန် လိုအပ်သည်။

# တော်ဝင်ယဇ်ပရောဟိတ်

## မေလခိဇေဒက်

က ၁၄း၁၈ အမြင့်ဆုံးသောဘုရား၏ယဇ်ပရောဟိတ်ဖြစ်သော၊ ရှာလင်မင်းကြီးမေလခိဇေဒက်သည်လည်း၊မုန့်နှင့်စပျစ်ရည်ကိုဆောင်ခဲ့ပြီးလျှင်၊

မေလခိဇေဒက်သည် ရှာလင်မြို့( ယနေ့ ယေရုရှလင်မြို့တည်နေရာ) ၏ ရှင်ဘုရင်-ယဇ်ပုရောဟိတ်မင်း ဖြစ်ခဲ့သည်။အာဗြဟံသည် "တရားမင်း"ဟု အဓိပ္ပါယ်ရသော အမည်ရှိသည့် ထိုမင်းအား ဆယ်ဘို့တစ်ဘို့ ပေး လှူခဲ့သည်။ အာရုန် ၏ ယဇ်ပုရောဟိတ်အရာနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက် ၌ မေလခိဇေဒက် မှတ်တမ်းမတွေ့ ခဲ့ရပေ။ သူသည် ဘုရားသခင်ကိုယ်တော်တိုင် ရွေးချယ်ခွဲခန့်သော ယဇ်ပုရောဟိတ် မင်းတစ်ပါး ဖြစ်၍ ပညတ်တရားအားဖြင့် ခွဲခန့်သော ယဇ်ပုရောဟိတ်မင်းတစ်ပါး မဟုတ်ပါ။

ဆာလံကျမ်း ၌ ယေရှုသည်မေလခိဇေဒက်နည်းတူယဇ်ပုရောဟိတ်ဖြစ်ကြောင်း ပရောဖက်ပြုချက် စကားကို ကျွန်ုပ်တို့ တွေ့ရှိရသည်။

ဆာလံ ၁၁ဝး၄ ထာဝရဘုရားက၊သင်သည်မေလခိဇေဒက်နည်းတူထာဝရ ယဇ်ပရောဟိတ် ဖြစ်သည်ဟု ကျိန်ဆို၍၊နောက်တဖန်စိတ်ပြောင်းလဲခြင်း ရှိ တော်မမူ။

ဟေဗြဲ ဩဝါဒစာကို ရေးသောသူက ယေရှု၏ ယဇ်ပုရောဟိတ် အမှုတော် ဆောင်ရခြင်းကို မေလခိဇေဒက် နည်းတူ ထာဝရ တည်မြဲသော တော်ဝင် ရှင်ဘုရင်-ယဇ်ပုရောဟိတ် တစ်ပါး အဖြစ် ဖေါ်ပြခဲ့သည်။

ဟေဗြဲ ၇း၁-၃၊၁၇ မင်းကြီးများကိုလုပ်ကြံရာမှပြန်လာသောအာဗြံဟံကို ခရီးဦးကြိုပြု၍ ကောင်းကြီးပေးပြီးလျှင်၊ အာဗြံဟံ လှူသော လက်ရဉစ္စာ ရှိသမျှကို ဆယ်ဘို့တဘို့ ခံယူသော ထိုရှာလင်မင်းကြီးတည်းဟူသော အမြင့်ဆုံး သောဘုရား၏ ယဇ်ပရောဟိတ် မေလခိဇေဒက်သည်၊နာမရင်း အနက်အားဖြင့် တရားမင်း၊ ထိုမှတပါး၊ ငြိမ်သက်ခြင်းမင်းဟုဆိုလိုသော ရှာလင်မင်း ဖြစ်လျက်၊ အဘမရှိ၊အမိမရှိ၊ အသက် အပိုင်းအခြား မရှိဘဲ၊
ဘုရားသခင်၏သားတော်နှင့်တူ၍၊ယဇ်ပရောဟိတ်အရာ၌အစဉ်အမြဲတည် ၏။အကြောင်းမူကား၊သင်သည်မေလခိဇေဒက်နည်းတူ၊ထာဝရဘုရား၏ ယဇ်ပရောဟိတ်ဖြစ်သည်ဟု သက်သေခံတော်မူသတည်း။

မေလခိဇေဒက် ယဇ်ပုရောဟိတ်အရာ၏ လုပ်ငန်းမှာ "ဘုရားသခင်ထံသို့ ချဉ်းကပ်ခြင်း" ဖြစ်သည်။ ယဇ်ပုရောဟိတ် ဟူသောစကား၏ အဓိပ္ပါယ် မှာ " အနီးသို့ ချဉ်းကပ်ခြင်း " ဖြစ်သည်။

ဟေဗြဲ ၇း၁၉ ရှေးပညတ်တရားဟောင်းသည်၊ အားမရှိ၊အကျိုးကိုမပေး နိုင်သောကြောင့်၊ ပယ်ရှင်းခြင်းသို့ရောက်ရ၏။ သို့သော်လည်း၊ သာ၍ မြတ်သောမြော်လင့်ခြင်းအခွင့်သည်နေရာကျ၏။ထိုမြော်လင့်ခြင်းအားဖြင့် ငါတို့သည်ဘုရားသခင့်အထံတော်သို့ တိုးဝင်ချဉ်းကပ်ရကြ၏။

### ဒါဝိဒ်-ရှင်ဘုရင်/ယဇ်ပုရောဟိတ်

ဒါဝိဒ်သည်ဘုရင်တပါးဖြစ်သကဲ့သို့ယဇ်ပုရောဟိတ်ကဲ့သို့လည်းလုပ်ဆောင်ခဲ့ သည်။သူသည် ဒါဝိဒ် တဲတော်ကို တည်ခဲ့ ပြီး ပဋိညာဉ်သေတ္တာကို ပြန်လည် ယူဆောင်၍ ချီးမွမ်းခြင်း ယဇ်ပူဇော်ခြင်းကို အစပြုခဲ့သည်။ ဒါဝိဒ်သည် မေလခိဇေဒက် ပုံဆောင်သော ယဇ်ပုရောဟိတ်ကဲ့သို့လုပ်ဆောင်ခဲ့သည့်အပြင် ပေါ်ထွန်းလာမည့် ယေရှု၏ ယဇ်ပုရောဟိတ် အမှုတော် ကိုလည်း ပုံဆောင် ခဲ့သည်။ ဒါဝဒ်သည် လူများတို့ကို ချီးမွမ်းခြင်း နှင့်ကိုးကွယ်ခြင်းထဲသို့ဦးဆောင် ခဲ့သည် နှင့် အမျှ သူသည် ထိုသူတို့ အားဘုရားသခင်အနီးအနားချဉ်းကပ်ရန် ဦးဆောင်ခဲ့ခြင်း လည်းဖြစ်သည်။

### ယေရှု၌ပြည့်စုံခြင်း

ယေရှု၏ ယဇ်ပုရောဟိတ် အမှုတော်ဆောင်ခဲ့ခြင်းကြောင့် ယဇ်ပုရောဟိတ် ဖြစ်သော ကျွန်ုပ်တို့လည်းဘုရား သခင်၏ မျက်မှောက်တော်သို့ရဲရင့်စွာတိုးဝင် လျက် ကျွန်ုပ်တို့ ၏ ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအားဖြင့် ကိုယ်တော့် ထံသို့ ချဉ်းကပ်ခွင့် ရခဲ့ပြီ ဖြစ်သည်။

## သန့်ရှင်းသောယဇ်ပုရောဟိတ်အရာ-အာရုန်

အာရုန်သည် ပထမဦးဆုံးယဇ်ပရောဟိတ်မင်းအဖြစ်ခန့်အပ်ခြင်းခံရပြီး သူ၏သားများမှာ ယဇ်ပရောဟိတ်များအဖြစ်ခန့်အပ်ခံရသည်။ သူတို့၏ သားများမှာလည်း ယဇ်ပရောဟိတ်များ ဖြစ်လာလိမ့်မည်။ အာရုန်၏ ယဇ်ပရောဟိတ်အရိုက်အရာကို မိသားစု အစဉ်အဆက် ဆက်ခံခြင်း အားဖြင့်ဆုံးဖြတ်ခဲ့သည်။

**ဝတ်ပြုရာ ၂၁း၁၇၊၂၁ သင်၏အမျိုးအစဉ်အဆက်တွင် ကိုယ်၌ အပြစ် ရှိသောသူသည်၊ မိမိဘုရားသခင်၏ ပွဲတော်ကိုဆက်ကပ်အံ့သောငှာမချဉ်း မကပ်ရ။**

### စုံလင်ခြင်းလိုအပ်သည်

**ယဇ်ပရောဟိတ်အာရုံအမျိုးတွင်၊ ကိုယ်၌အပြစ်ပါသောသူတစုံတယောက် မျှ ထာဝရဘုရားအား မီးဖြင့်ပြုသောပူဇော်သက္ကာကိုဆက်ကပ်အံ့သောငှါ မချဉ်းမကပ်ရ။ကိုယ်၌အပြစ်ပါသောကြောင့်၊မိမိဘုရားသခင်၏မုန့်တော်ကို ဆက်ကပ်အံ့သောငှါ မချဉ်းမကပ်ရ။**

ယဇ်ပရောဟိတ်တို့သည် ယဇ်ပူဇော်သောအခါ သူတို့သည် ယေရှု၏ မြေကြီး ပုံရိပ်သို့မဟုတ် အမျိုးအစားကို ပုံဆောင်သည်။ ယေရှုသည် စုံလင်ခြင်းရှိပြီး၊ အမြဲတမ်းစုံလင်ခြင်းကို ပုံဆောင်သည်။ ထိုကြောင့် ချို့ယွင်းချက်တစုံတခုရှိသူ မည်သူမျှ ထိုပုံရိပ်ကို ပြည့်စုံစွာ ကိုယ်စားပြုရန် မတတ်နိုင်ပေ။

ယနေ့တွင်မူ ယုံကြည်သူတို့သည် ယေရှုခရစ်တော်အထဲ၌ ပြည့်စုံစေရန် လုပ်ဆောင်ပေးခြင်းခံခဲ့ရပြီးဖြစ်သည်။

### အဝတ်

ယဇ်ပရောဟိတ်တို့၏အဝတ်အစားသည်သူတို့အမှုတော်မဆောင်သောအချိန်၌ ပင်လျှင် အခြားသောသူတို့နှင့်မတူဘဲခြားနားမှုရှိသည်။ဘုရားသခင်သည်သူတို့ အမြဲတမ်းမည်ကဲ့သို့ဝတ်စားရမည်ကိုပင်တိကျစွာညွှန်ကြားချက်ပေးခဲ့သည်။ထိုအဝတ်အစား၏အပို င်းအစတစ်ခုစီတိုင်းသည် ကျွန်ုပ်တို့နှင့် ဘုရား သခင်၏ ဆက်နွယ်မှုကို ပုံဆောင်နေသည်။

အမှုတော်ဆောင်သည့် ထိုအဝတ်အစား၌အပိုင်းလေးပိုင်းပါဝင်သည်။

- *ပိတ်ချောဘောင်းဘီ*

- *ချုပ်ရိုးမပါဘဲ အစတစ်စတည်းဖြင့်ရက်လုပ်ထားသောအင်္ကျီ*
- *အရောင်လေးမျိုးရှိသောခါးပန်း*
- *ပိတ်ချောဦးထုပ်*

ပိတ်ချောမှာအမြဲတမ်းဖြောင့်မတ်ခြင်းကိုပုံဆောင်၍ကျွန်ုပ်တို့မှာဘုရားသခင်၏ ဖြောင့်မတ်သူများဖြစ်သည်။

**၂ကော ၅း၂၁ အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့်အပြစ်ရှိသော သူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည်ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။**

သူတို့သည်သိုးမွေးထည်ကို မဝတ်ဆင်ရပါ။ အကြောင်းမှာ ချွေးထွက်စေသော ကြောင့်ဖြစ်သည်။ချွေးထွက်ခြင်းသည်ကျိန်ခြင်းနှင့်မိမိကိုယ်တိုင်ကြိုးစားအား ထုတ်ခြင်း၏ပုံရိပ်ဖြစ်သည်။ သိုးမွေးထည်ကို လုံးဝသန့်စင်သွားအောင်မပြုလုပ် နိုင်ပါ။

ထို့နောက်ယဇ်ပရောဟိတ်များသည် ဆီနှင့်ဘိသိတ်ခံရသည်-ပုံဆောင်ချက်မှာ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။

ယနေ့ ယုံကြည်သူယဇ်ပရောဟိတ်များအထဲ၌သန့်ရှင်းသောဝိညာဉ်တော်တည် လျက်ရှိနေသည်။

## ယဇ်ပုရောဟိတ်လုပ်ဆောင်ရန်အချက်များ

### မီးအစဉ်လောင်နေစေရမည်

ယဇ်ပရောဟိတ်များသည် ယဇ်ပူဇော်သည့်ယဇ်ပလ္လင်မှ မီးကို အစဉ် တောက် လောင်နေစေရသည်။

**ဝတ်ပြုရာ ၆း၉၊၁၃ အာရုန်နှင့်သူ၏သားတို့အား ဆင့်ဆိုရသော မီးရှို့ရာယဇ် ပူဇော်ခြင်း တရားဟူမူကား၊ ယဇ်ကောင်ကို ယဇ်ပလ္လင် ထင်းမီးပေါ်မှာ တညဉ့်လုံး နံနက်တိုင်အောင်ရှိစေ၍၊ ယဇ်ပလ္လင်မီး သည်အစဉ်လောင်ရမည်။ ယဇ်ပလ္လင်မီးသည် အလျှင်းမသေဘဲ အစဉ် မပြတ်လောင်ရမည်။**

ရှင်ပေါလုသည် တိမောသေအား သူ့ဝိညာဉ်အထဲ၌ရှိသော မီးကို အရှိန် မြှင့်တင်ရန် သွန်သင်ညွှန်ကြားခဲ့သည်။

**၂တိ၁း၆ ထိုသို့ဖြစ်၍၊ ငါလက်တင်သောအားဖြင့်၊ သင်၌ ဘုရားသခင် ပေးတော်မူသောဆုကို နှိုးဆော်မည်အကြောင်း၊ ငါသည် သင့်ကိုသတိ ပေး၏။**

သတို့သမီးဆယ်ယောက် ဥပမာတွင် ယေရှုသည် ကျွန်ုပ်တို့၏ အသက်တာ ထဲ၌ မီးအစဉ်တောက်လောင်နေရန် လိုအပ်ကြောင်း သတိပေးခဲ့သည်။

### ပြာကိုရှင်းလင်းရမည်

ယဇ်ပရောဟိတ်များသည် ယဇ်ပလ္လင်မှပြာကို ရှင်းလင်းရမည်။

**ဝတ်ပြုရာ ၆း၁၀-၁၁ ယဇ်ပရောဟိတ်သည်ပိတ်အင်္ကျီ၊ပိတ်ဘောင်းဘီကို ဝတ်လျှက်၊ ယဇ်ပလ္လင်ပေါ်မှာ ကျွမ်းလောင်သော မီးရှို့ရာပြာကိုကျုံး၍ ယဇ်ပလ္လင်နားမှာထားရမည်။ တဖန်အဝတ်ကိုလဲ၍၊ ထိုပြာကို ရှင်းလင်း သော အရပ်သို့ယူသွားရမည်။**

ပြာများကို များပြားလာစေရန်ခွင့်ပြုခဲ့လျှင် မီးသည် ဆက်၍ တောက်လောင် နိုင်ခြင်းမရှိတော့ပေ။ ကျွန်ုပ်တို့သည်လွန်ခဲ့သောနေ့၌ တောက်လောင်ခဲ့သော မီးများ၏တောက်ပခြင်းထဲတွင် အလွန်အဆင်ပြေကျေနပ်လျက် ယနေ့အတွက် ဝိညာဉ်တော်ပြောသော အခြေအနေသို့

ဆက်၍မသွားတော့ဘဲ ရပ်တန့်သော သူများဖြစ်လာနိုင်သည်။ ကျွန်ုပ်တို့သည် အတိတ်အဖြစ်အပျက်များအားဖြင့် မီးအရှိန်ကို ငြိမ်းသွားစေနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင် ယနေ့ ပြုနေသော အမှုများထဲ၌ ဆက်၍ရှိနေရန် အတိတ်၏တွေ့အကြုံများကို ကောင်းသည် ဖြစ်စေ ဆိုးသည်ဖြစ်စေ အတိတ်၌သာထားခဲ့ရန် ဆန္ဒရှိရမည်။

**ဖိလိပ္ပိ ၃း၁၃ ညီအစ်ကိုတို့၊ငါကိုင်မိပြီဟုကိုယ်ကိုကိုယ်မထင်သော်လည်း၊ ငါပြုသောအမှုတခုဟူမူကား၊ နောက်ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ ရှိသောအရာတို့ကို လှမ်းကမ်း၍၊**

## ယဇ်ပူဇော်ရမည်

ယဇ်ပုရောဟိတ်များသည်သာလျှင် ယဇ်ပူဇော်ခွင့်ရှိသည်။

**ထွက်မြောက်ရာ ၂၉း၃၈၊၃၉၊၄၂ ယဇ်ပလ္လင်ပေါ်မှာ ပူဇော်ရသောအရာ ဟူမူကားအခါမလည်သောသိုးသူငယ်နှစ်ကောင်ကိုယူ၍၊ နေ့တိုင်းအစဉ် မပြတ် နံနက်ယံ၌တကောင်၊ ညဦးယံ၌တကောင်ကို ပူဇော်ရမည်။ ထိုသို့ သင်တို့သားစဉ်မြေးဆက်တို့သည် သင်နှင့်ငါတွေ့၍ နှုတ်ဆက်ရာ အရပ်၊ ထာဝရဘုရား ရှေ့တော်၌၊ပရိသတ်စည်းဝေးရာတဲတော်တံခါးနားမှာအစဉ် မပြတ် မီးရှို့သောယဇ်ကိုပူဇော်ကြရမည်။**

ကျွန်ုပ်တို့သည်ချီးမွမ်းခြင်းယဇ်ပူဇော်ရန် မိန့်မှာခြင်းခံရသည်။

## ကောင်းကြီးပေးရမည်

ယဇ်ပုရောဟိတ်များသည် လူများတို့အားကောင်းကြီးပေးရမည်။

**ဝတ်ပြုရာ ၉း၂၂ အာရုန်သည် မိမိလက်ကို လူများရှေ့သို့ချီလျက် ကောင်းကြီးပေး၍၊ အပြစ်ဖြေရာယဇ်၊ မီးရှို့ရာယဇ်၊ မိဿဟာယယဇ်ကို ပူဇော်ရာမှ ဆင်းလေ၏။**

**တောလည်ရာ ၆း၂၃-၂၇ သင်တို့သည်၊ဣသရေလအမျိုးသားတို့အား ကောင်းကြီးပေး၍ မြွက်ရသောစကားဟူမူကား၊ထာဝရဘုရားသည်၊သင့်ကို ကောင်းကြီးပေး၍ စောင့်မတော်မူပါစေသော။ ထာဝရဘုရားသည် သင်၌ မျက်နှာတော်အလင်းကိုလွှတ်၍ဂရုဏာကျေးဇူးပြုတော်မူပါစေသော။ ထာဝရဘုရားသည်သင့်ကိုမြော်ကြည့်၍ချမ်းသာပေးတော်မူပါစေသောဟု၊ ဣသရေလအမျိုးသားတို့ အပေါ်မှာငါ့နာမကိုမြွက်ဆို၍တင်လျှင်၊ ငါသည် ထိုသူတို့ကို ကောင်းကြီးမင်္ဂလာပေးမည်ဟု မိန့်တော်မူ၏။**

ကျွန်ုပ်တို့သည်ဤလောက၏ဆားဖြစ်ကြောင်းယေရှုပြောခဲ့သည်။ ကျွန်ုပ်တို့ သည် မိမိပတ်ဝန်းကျင်၌ရှိသောသူများအတွက် ကောင်းကြီးမင်္ဂလာဖြစ်ရမည်။

**မဿဲ ၅း၁၃ သင်တို့သည်ဤ လောက၏ဆားဖြစ်ကြ၏။ ဆားမူကား၊ အငန်ကင်းပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ ကျော်နင်းခြင်းမှတပါး အဘယ်အသုံးမျှမဝင်။**

## ပူဇော်သက္ကာ

ယဇ်ပုရောဟိတ်များသည် သခင်ဘုရား၏ မျက်မှောက်တော်ထဲသို့ပူဇော်သက္ကာ နှင့်တကွ အမြဲဝင်ရောက်ရမည်။

**၁ရာချုပ် ၁၆း၂၉ထာဝရဘုရား၏နာမတော်သည်ဘုန်းကြီးတော်မူသည်ဟု ဝန်ခံကြလော့။ ပူဇော်သက္ကာကိုဆောင်ခဲ့လျက်ရှေ့တော်သို့ ချဉ်းကပ် ကြလော့။သန့်ရှင်းသောတန်ဆာကိုဆင်၍ထာဝရဘုရားကိုကိုးကွယ်ကြ လော့။**

ထွက်မြောက်ရာ ၂၃း၁၅ ငါ မှာထားခဲ့ပြီးသည်အတိုင်း၊ အဗိဗလ
ချိန်းချက်သော နေ့ရက်အချိန်၌အဇုမပွဲကိုခံ၍၊ခုနှစ်ရက်ပတ်လုံးတဆေး မဲ့
သောမုန့်ကိုစားရမည်။ အကြောင်းမူကား၊ ထိုလတွင် သင်သည်အဲဂုတ္တုပြည်က
ထွက်လာသတည်း။ ထိုပွဲကိုခံစဉ်ငါ့ထံသို့အဘယ်သူမျှလက်ချည်း မပေါ်မလာရ။

ထွက်မြောက်ရာ ၃၄း၂၀ မရွေးလိုလျှင်၊မြည်းသငယ်၏ လည်ပင်းကိုချိုးရ
မည်။သင်၏သားဦးအပေါင်းတို့ကိုရွေးရမည်။ငါ့ထံသို့ အဘယ်သူမျှ လက်
ချည်းမပေါ်မလာရ။

တရားဟောရာ၁၆း၁၇ သင်၏ဘုရားသခင်ထာဝရဘုရားကောင်းကြီးပေး တော်မူ သဖြင့်၊
လူအသီးသီးတို့သည် တတ်နိုင်သည်အတိုင်း ဆက်ရ ကြမည်။

### ယဇ်ပူဇော်သက္ကာ

အာရုံအမျိုးအနွယ်ယဇ်ပုရောဟိတ်များ၏ တာဝန်တစ်ခုမှာ ယဇ်ကို ပူဇော်ရန် ဖြစ်သည်။
ကျွန်ုပ်တို့သည်လည်း ဝိဉာဏယဇ်ကို ပူဇော် နေရဦးမည်ဖြစ်သည်။

၁ပေ၂း၅ အသက်ကျောက်များကဲ့သို့အဆင့်ဆင့်အထပ်ထပ်တည်ဆောက်

လျက်ရှိကြသဖြင့်ဓမ္မတိုက်ဖြစ်ကြ၏။ယေရှုခရစ်အားဖြင့်ဘုရားသခင်နှစ်သက်
တော်မူရာယဇ်ကို ပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်မျိုး လည်းဖြစ်ကြ၏။

ဟေဗြဲ ၁၃း၁၅ ထိုကြောင့် ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ဝန်ခံလျက်၊
နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကို သခင် ယေရှုခရစ်အားဖြင့်
ဘုရားသခင့်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့။

ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ချီးမွမ်းခြင်း၊ ကိုးကွယ်ခြင်း၊ ကြည်ညိုခြင်း၊
ကျေးဇူးတော်ချီးမွမ်းခြင်းများနှင့် လာရန်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ချီးမွမ်းခြင်းကို သီချင်းများ၊
ဝမ်းမြောက်ခြင်း နှင့် ကျွန်ုပ်တို့၏ စိတ်နှလုံးအရင်းခံအတိုင်း ဖော်ပြရန်ဖြစ်သည်။

## အာရုန်အမျိုး ယဇ်ပုရောဟိတ်အရိုက်အရာအတွက်လိုအပ်ချက်များ

ဓမ္မဟောင်းကာလ ယဇ်ပုရောဟိတ်များနှင့်သက်ဆိုင်သော စံ ၄ ချက်ကို နားလည်ရန်
အရေးကြီးသည်။

### သီးသန့်ခွဲထားခြင်း

ယဇ်ပုရောဟိတ်အရာသည်သန့်စင်ခြင်းခံသို့မဟုတ်လောကမှသီးသန့်ခွဲထား ခြင်းဖြစ်သည်။

ထွက်မြောက်ရာ၁၉း၂၂ ထာဝရဘုရားထံသို့ချဉ်းကပ်သောယဇ်ပုရောဟိတ်
တို့သည်လည်း၊ကိုယ့်ကိုကိုယ်သန့်ရှင်းစေရမည်။သို့မဟုတ်ထာဝရဘုရားသည်
ဒဏ်ခတ်တော်မူမည်ဟု မောရှေအား မိန့်တော်မူ၏။

### သန့်ရှင်းခြင်း

ယဇ်ပုရောဟိတ်များသည် သန့်ရှင်းပြီး၊ သခင်ဘုရားထံ အပြည့်အဝအပ်နှံခြင်း
ခံထားသူဖြစ်ရမည်။

တောလည်ရာ ၁၆း၅ တဖန်မောရှေက၊ အဘယ်သူသည်ထာဝရဘုရား၏

လူဖြစ်သည်ကိုငင်း၊ အဘယ်သူသန့်ရှင်းသည်ကိုငင်း၊ အဘယ်သူကိုချဉ်း

ကပ်စေမည်ကိုငင်း၊ နက်ဖြန်နေ့၌ထာဝရဘုရားပြတော်မူမည်။ရွေးကောက်
တော်မူသောသူကိုလည်း အနီးအပါးသို့ ချဉ်းကပ်စေတော်မူမည်။

### ဘိသိတ်ခံ

ယဇ်ပုရောဟိတ်များ၏ အငန်းအတာနှင့် အမှုဆောင်ခြင်းသည် ဘုရားသခင် ၏ အနီးသို့ချဉ်းကပ်ရန်ဖြစ်သည်။ ယဇ်ပုရောဟိတ်သည် လူများကို ကိုယ်စား ပြုပြီး ထိုလူများမှာ-

- *လောကလူများနှင့် သီးခြားခွဲထားခြင်းခံရသည်*
- သန့်ရှင်းသောလူမျိုး ထူးခြားသောလူစု

ဘုရားသခင်၏ယဇ်ပုရောဟိတ်အမျိုး

**ထွက်မြောက်ရာ ၁၉း၄-၆ကငါသည်အဲဂုတ္တုလူတို့၌ပြုသောအကြောင်း၊ သင်တို့ကိုရွှေလင်းတအတောင်တို့ဖြင့် ထမ်း၍ ကိုယ်ဘို့သိမ်းယူသော အကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ ထိုကြောင့် ယခုတွင်သင်တို့ သည် ငါ့စကားကိုအမှန်နားထောင်၍ ငါ့ပဋိညာဉ်ကိုစောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက်သင်တို့သည်ငါပိုင်ထိုက်သော ဘဏ္ဍာ တော်ဖြစ်ရကြလိမ့်မည်။မြေကြီးရှိသမျှသည်ငါ၏ဥစ္စာဖြစ်၏။သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်အမျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည်ဟူသော အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလော့ဟုမိန့်တော်မူ၏။**

## ဆေးကြောခြင်း

ယဇ်ပုရောဟိတ်များသည် အမှုတော်မဆောင်ရွက်မှီ မိမိတို့၏လက်ခြေတို့ကို ဆေးကြောရန်လိုအပ်သည်။

**ထွက်မြောက်ရာ ၃၀း၂၁ သေခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊ မိမိတို့လက်ခြေကိုဆေးရမည်။ ထိုသို့သူတို့နှင့်သူတို့အမျိုးအနွယ်အ**

**စဉ်အဆက်တို့သည် စောင့်ရသောပညတ်တော်ဖြစ်သတည်းဟုမိန့်တော်**

**မူ၏။**

**ထွက်မြောက်ရာ ၄၀း၁၂၊၁၃ အာရုန်နှင့်သူ၏သားတို့ကို၊ပရိတ်သတ် စည်းဝေးရာ တံခါးနားသို့ခေါ်ခဲ့၍ ရေချိုးရမည်။ အာရုန်သည် ငါ့ရှေ့၌၊ ယဇ်ပရောဟိတ်အမှုကိုဆောင်ရွက်မည်အကြောင်း၊သူတို့ကိုခေါ်ခဲ့၍အင်္ကျီ ဝတ်စေလျက်၊ သူတို့အဘကို ဆီလိမ်းသကဲ့သို့၊သူတို့ကို ဆီလိမ်းရမည်။**

## ➢ ယာကုပ်၏မိသားစု

ယာကုပ်သည် မိမိကိုဆင်းရဲဒုက္ခထဲ၌ကယ်နူတ်တော်မူသော ဘုရားသခင်ကို မရှာမှီ သူ၏အိမ်သူအိမ်သား အပေါင်းတို့ကို သန့်ရှင်းစေခဲ့သည်။

**ကမ္ဘာဦး ၃၅း၂၊၃ ထိုအခါ ယာကုပ်သည် အိမ်သူအိမ်သားများနှင့်၊ မိမိ၌ရှိသောသူအပေါင်းတို့ကို ခေါ်၍၊ သင်တို့တွင်ပါသော၊ တပါး အမျိုးသား၏ ဘုရားတို့ကိုပစ်ပယ်ကြလော့။ အဝတ်ကိုလဲ၍ သန့်ရှင်းခြင်း ရှိစေကြလော့။ ယခုထ၍ ဗေသလအရပ်သို့သွားကြစို့။ ငါသည် ဆင်းရဲ ခံရသော ကာလ ငါ့ကိုထူး၍၊ ငါသွားသောလမ်း၌ကြွတော်မူသော ဘုရားသခင်အဘို့ထိုအရပ်၌ ယဇ်ပလ္လင်ကိုငါတည်မည်ဟုဆိုလေ၏။**

## ➢ ဣသရေလလူများ

မောရှေသည် ဣသရေလလူတို့အား မိမိကိုယ်ကိုသန့်ရှင်းစေရန်နှင့် မိမိအဝတ် များကို လျှော်ဖွပ်ထားရန်မှာကြားခဲ့သည်။

**ထွက်မြောက်ရာ ၁၉း၁၀ ထာဝရဘုရားကလည်း၊ လူတို့ရှိရာသို့သွား၍၊**

**ယနေ့နှင့်နက်ဖြန်နေ့၌သူတို့ကို သန့်ရှင်းစေလော့။သူတို့အဝတ်ကိုလျှော်စေ၍၊**

ယနေ့ယုံကြည်သူယဇ်ပုရောဟိတ်ဖြစ်သောကျွန်ုပ်တို့သည်လည်းချီးမွမ်းခြင်း ယဇ်ပူဇော်ရန်မလာမီကျွန်ုပ်တို့အသက်တာ၏ဒုစရိုက်အပြစ်များမှဆေးကြော သန့်ရှင်းခြင်းခံရန် လိုအပ်သည်။

**၁ယော ၁း၉ ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များ**

**ကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ၊ ဘုရားသခင်သည်သစ္စာ တရားနှင့်ဝှင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ဝှင်း ပြည့်စုံတော်မူ၏။**

ကျွန်ုပ်တို့သည် နေ့စဉ် နှုတ်ကပတ်တော်၌ အချိန်ယူရမည်။ဘုရားသခင်၏ စကားတော်ကို ဖတ်ရှုဆင်ခြင်၍ နာခံလိုက်လျှောက်လာသည်နှင့်အမျှကျွန်ုပ်တို့ အတွက်ရှိသောခရစ်တော်၏မေတ္တာတော်သည်ကျွန်ုပ်တို့အားသန့်ရှင်းစေရန်ပြုလုပ်ပေးပေလိမ့်မည်။

**ဧဖက် ၅း၂၅-၂၇ အချင်းယောကျ်ားတို့၊ ခရစ်တော်သည်အသင်းတော်**

**ကိုချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့။ ထို အသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊အညစ် အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့်လွတ်လပ်သဖြင့်၊အသရေ တင့်တယ်လျက်ရှိသောအသင်းတော်ကိုခရစ်တော်သည်မိမိအားဆက်သအံ့သောငှါ၊ နှုတ်ကပတ်တော်ရေ၌ဆေးကြောခြင်းအားဖြင့်စင်ကြယ်သန့်ရှင်း စေမည်အကြောင်း၊ထိုအသင်းတော်အဘို့အလိုငှါကိုယ်ကိုကိုယ်စွန့်တော်မူ၏။**

## သတိပေးချက်

အာရုန်၏သားများဖြစ်သော နာဒပ်နှင့် အဘိဟုတို့သည်နှုတ်ကပတ်တော်နည်း လမ်းအတိုင်း ခန့်အပ်ခံရသော ယဇ်ပုရောဟိတ်များ ဖြစ်ကြသော်လည်း သူတို့ သည် နှုတ်ကပတ်တော်နှင့် မကိုက်ညီသော နည်းလမ်းဖြင့် ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ တိုးဝင်ခဲ့ကြသည်။

**ဝတ်ပြုရာ ၁၀း၁-၃ အာရုန်၏သားနာဒပ်နှင့်အဘိဟုတို့သည်၊ ကိုယ်စီ**

**ဆိုင်သောလင်ပန်းတို့ကိုယူလျက် မီးကိုထည့်၍ လောဗန်ကိုတင်ပြီးလျှင်၊**

**ထာဝရဘုရားမှာထားတော်မူသော မီးမဟုတ်၊ထူးခြားသောမီးကိုရှေ့တော် ၌ ပူဇော်၏။ ထိုအခါထာဝရဘုရားထံတော်မှ မီးထွက်၍၊သူတို့ကိုလောင် သဖြင့်ရှေ့တော်၌သေကြ၏။ထိုအခါမောရှေသည်အာရုန်ကိုခေါ်၍၊ထာဝရဘုရားက၊ငါသည် သန့်ရှင်းခြင်းရှိသည်ဟုငါ့ထံသို့ချဉ်းကပ်သောသူတို့သည်မှတ်ရမည်။လူအပေါင်းတို့သည် ငါ့ဘုန်းကို ချီးမြှင့်ရကြမည်ဟုမိန့်တော်မူ ရာ၌၊ ထိုသို့သောအမှုကိုရည်ဆောင်၍ မိန့်တော်မူသည်ဟုဆိုလျှင်၊အာရုန် သည်တိတ်ဆိတ်စွာနေလေ၏။**

ယဇ်ပုရောဟိတ်ဖြစ်ရခြင်းသည် အကြွင်းမဲ့နာခံခြင်းလိုအပ်သော ဂုဏ်အသရေ နှင့် ပြည့်စုံသည့် အထူးအခွင့်အရေးဖြစ်သည်။

ယုံကြည်သူ-ယဇ်ပုရောဟိတ်များအနေနှင့် ကျွန်ုပ်တို့သည် ကိုယ်တော်အား ချီးမွမ်းခြင်းပေးအပ်ရန် လာသောအခါ ဘုရားသခင်၏ စကားတော်မှ ညွှန်ကြားချက်များကိုသိ၍နာခံလိုက်လျှောက်ရန်အရေးကြီးပေသည်။ကျွန်ုပ် တို့သည် ဘုရားသခင်ကို ချီးမွမ်းရန်လာသောအခါ ဘုရားသခင်၏ ချီးမွမ်းခြင်း အတွက်ထားသော ညွှန်ကြားချက်၊ ပုံစံတို့နှင့် မကိုက်ညီသော ကျွန်ုပ်တို့၏အမှု အမှတ်မဲ့နေခြင်း၊ နာခံမှုမရှိခြင်း၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင် နည်းလမ်း နှင့်ထုံးတမ်း အစဉ်အလာများ အတိုင်းလုပ်ချင်သော ဆန္ဒအစရှိသည်တို့နှင့်လာ၍မရနိုင်ပါ။ ကျွန်ုပ်တို့၏ကိုးကွယ်ခြင်း၌ ဘုရားသခင်အား နာဒပ်နှင့် အဘိဟု ပူဇော်သော “ ထူးခြားသောမီး” ကဲ့သို့ လောကီဆန်သော သီချင်း၊

တေးဂီတ၊လောက၏ပုံစံ သို့မဟုတ် အခြားသော ဘာသာတရားတစ်ခု၏ ထုံးတမ်းအစဉ်အလာများ ဝင်ရောက် ရောနှောလာခြင်း အား အထူး ဂရုပြုရန်လိုအပ်သည်။

**၁ပေ ၂း၉ သင်တို့မူကား၊ မှောင်မိုက်ထဲမှအံ့ဘွယ်သော အလင်းတော်**

**သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဖော်ပြစေခြင်းငှါ၊ ရွေး ချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပရော**

**ဟိတ်အမျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်း ဖြစ်ကြ၏။**

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁. ၁ပေ ၂း၅၊ ဟေဗြဲ ၁၃း၁၅ အရ၊ ယုံကြည်သူယဇ်ပုရောဟိတ်များအနေနှင့် သခင်ဘုရားအား ပူဇော်သောယဇ်များမှာ အဘယ်နည်း။

၂. ဓမ္မဟောင်း ယဇ်ပုရောဟိတ်များသည် ၎င်းတို့၏ ယဇ်များနှင့် သခင်ဘုရားအား အမှုမဆောင်မီ မိမိကိုယ်ကို သန့်ရှင်းစေရမည်။ ၁ယော ၁း၉ နှင့် ဗျာဒိတ် ၅း ၂၅-၂၇ အရ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းနှင့်မလာမီ မိမိကိုယ်ကို မည်ကဲ့သို့ သန့်ရှင်းစေမည်နည်း။

၃. နာဒပ်နှင့် အဘိဟု တို့၏ အတွေ့အကြုံများမှ ကျွန်ုပ်တို့ မည်သည့်သင်ခန်းစာကို သင်ယူနိုင်သနည်း။

# သင်ခန်းစာ (၁၂)

## ယဇ်ပရောဟိတ်များကဲ့သို့အသက်ရှင်ခြင်း

ချီးမွမ်းခြင်းကိုးကွယ်ခြင်း၌သခင်ဘုရားအားအမှုဆောင်မည့်ယုံကြည်သူ ယဇ်ပရောဟိတ်များ အနေနှင့် မိမိတို့အတွက် ဘုရားသခင်၏ခေါ်ခြင်း၊ လျှောက်လှမ်းခြင်း၊ ယူတင်ဝတ်ဆောင်ခြင်း နှင့် ယဇ်များကို တိတိကျကျ သိရန်လိုအပ်သည်။

**၁ပေ ၂း၅၊၉ အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ်တည်**

**ဆောက်လျက်ရှိသဖြင့်ဓမ္မတိုက်ဖြစ်ကြ၏။ယေရှုခရစ်အားဖြင့်ဘုရားသခင် နှစ်သက်တော်မူရာဓမ္မယဇ်ကိုပူဇော်ရသောသန့်ရှင်းသောယဇ်ပရောဟိတ် မျိုးလည်းဖြစ်ကြ၏။**

**သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ခေါ်သွင်း**

**တော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှာ၊ ရွေးချယ် တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသောယဇ်ပရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏။**

### ယဇ်ပုရောဟိတ်အရိုက်အရာအားရွေးချယ်ခြင်း

ယေရှုသည် ယခုအချိန်တွင် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းဖြစ်သည်။

**ဟေဗြဲ ၇း၁၅-၁၇ ထိုမှတပါး၊ မေလခိဇေဒက်နည်းတူအခြားသော**

**ယဇ်ပရောဟိတ်သည် ပေါ်ထွန်းသည်မှန်လျှင်၊ ယဇ်ပုရောဟိတ်အမျိုး ပြောင်းလဲ ပြီဟုသာ၍ထင်ရှား၏။ ထိုယဇ်ပုရောဟိတ်သည်ကိုယ်ခန္ဓာနှင့်**

**စပ်ဆိုင်သောတရား အတိုင်းခန့်ထားလျက်ရှိသည်မဟုတ်။ထာဝရအသက် ၏ တန်ခိုးအာနုဘော်အတိုင်းခန့်ထားလျက်ရှိသတည်း။အကြောင်းမူကား၊ သင်သည် မေလခိဇေဒက်နည်းတူ၊ ထာဝရယဇ်ပရောဟိတ် ဖြစ်သည်ဟု သက်သေ ခံတော်မူ၏။**

**ဟေဗြဲ ၈း၁ ယခုဆိုခဲ့ပြီးသော အကြောင်းအရာတို့၏ အချုပ်အချာ**

**ဟူမူကား၊ထိုသို့သောယဇ်ပရောဟိတ်မင်းသည်ငါတို့၌ရှိ၏။ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ျာဘက်မှာထိုင်နေတော်မူ၏။**

### ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော်

ဣသရေလလူမျိုးများအတွက်ဘုရားသခင်၏ဆန္ဒမှာဧင်းတို့အားယဇ်ပရော ဟိတ်များ၏ နိုင်ငံတော်တစ်ခု ဖြစ်လာစေရန်ဖြစ်သည်။

**ထွက်မြောက်ရာ ၁၉း၆ခ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည်ဟူသောအမိန့် တော်ကို ဣသရေလအမျိုးသားတို့အားဆင့်ဆိုလော့ဟု မိန့်တော်မူ၏။**

ဘုရားသခင်၏ဆန္ဒမှာပြောင်းလဲခြင်း မရှိခဲ့ပေ။ ယုံကြည်သူတိုင်းသည် ယဇ်ပုရောဟိတ်ဖြစ်သည်။ ကျွန်ုပ်တို့ “ခရစ်တော်၌” ရှိပြီးကတည်းက၊ ကိုယ်တော်၏ ယဇ်ပုရောဟိတ်အရာကို ကျွန်ုပ်တို့ဝေမျှ ခံယူကြသည်။

**ဗျာဒိတ် ၁း၆ မိမိခမည်းတော်ဘုရားသခင်ရှေ့၌ ငါတို့ကိုရှင်ဘုရင်အ**

ရာ၌ဋင်းယဇ်ပရောဟိတ်အရာ၌ဋင်းခန့်ထားတော်မူသောသူသည်၊ ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင်။

## ကျွန်ုပ်တို့၏ ခေါ်ခြင်းနှင့် အထိုက်အလျောက် လျှောက်လှမ်းခြင်း

ရှင်ပေါလုမှ ကျွန်ုပ်တို့အား မိမိ၏ခေါ်ခြင်းနှင့် အထိုက်အလျောက် အသက်ရှင်ရန်တိုက်တွန်းအားပေးခဲ့သည်။

**ဧဖက် ၄း၁ ခေါ်တော်မူခြင်းကျေးဇူးကိုသင်တို့သည် ခံရသည်နှင့်အထိုက် အလျောက် ကျင့်ဆောင်မည်အကြောင်း၊ သခင်ဘုရား အတွက်ကြောင့် အကျဉ်းခံရသော ငါသည်သင်တို့ကိုတိုက်တွန်းနှိုးဆော်ပါ၏။**

## သန့်ရှင်းသောလူမျိုး

**ဟေဗြဲ ၁၂း၁၄ လူအပေါင်းတို့နှင့်အသင့်အတင့်နေ၍ ငြိမ်သက်ခြင်း ကိုဋင်း၊ သန့်ရှင်းခြင်းပါရမီကိုဋင်းမှီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်း ပါရမီမရှိလျှင်၊ အဘယ်သူမျှထာဝရဘုရားကိုမဖူးမမြင်ရ။**

**၁ပေ ၁း၁၅-၁၆ သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်**

**မူသည်နည်းတူ၊ကျင့်ကြံပြုမူသမျှတို့၌သန့်ရှင်းခြင်းရှိကြလော့။အကြောင်းမူကား၊ငါသည်သန့်ရှင်းတော်မူသောကြောင့်၊ သင်တို့သည်လည်း သန့်ရှင်း ခြင်းရှိကြလော့ ဟုကျမ်းစာလာသတည်း။**

**ဧဖက် ၅း၂၇ ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်**

**ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့်**

**လွတ်လပ်သဖြင့်၊ အသရေ တင့်တယ်လျက်ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှာ၊ နှုတ်ကပတ်တော်ရေ၌ဆေး**

**ကြောခြင်းအားဖြင့်စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်**

**အဘို့အလို့ငှါ ကိုယ်ကိုကိုယ်စွန့်တော်မူ၏။**

## ကြည်သောသြတပွဲ

ကိုးကွယ်ခြင်းအတွက်လိုအပ်ချက်မှာ ပြောင်းလဲမသွားခဲ့ပါ။ ဘုရားသခင်သည် ယဇ်ပုရောဟိတ်များအား တိကျသောအရာများကို တောင်းဆိုသကဲ့သို့ကျွန်ုပ်တို့ အားလည်း တောင်းဆိုနေသည်။

**ဟေဗြဲ၁ဝး၂၂ ငါတို့သည်သစ္စာနှင့်ပြည့်စုံသောသဘောရှိ၍၊ဝိစိကိစ္ဆာနှင့်**

**ကင်းသော ယုံကြည်ခြင်း၌တည်လျက်၊ စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ်အောင်ဖြန်းခြင်း၊ကိုယ်ကာယကိုလည်းကြည်သာရေဖြင့်ဆေးကြော ခြင်း ရှိပြီးမှ၊ အထံတော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့။**

ယေရှု၏အသွေးတော်အားဖြင့် ကျွန်ုပ်တို့သည်ဘုရားသခင်၏မျက်မှောက်တော် သို့ရဲရင့်စွာ တိုးဝင်ခွင့်ရပြီဖြစ်သည်။

## စေ့စပ်သောနှလုံးသား

**ဆာလံ ၈၆း၁၁ အိုထာဝရဘုရား၊ ကိုယ်တော်၏လမ်းကိုအကျွန်ုပ်အား ပြညွှန်တော်မူပါ။ ကိုယ်တော်၏သမ္မာတရားလမ်းသို့လိုက်သွားပါမည်။ နာမတော်ကိုကြောက်ရွံ့မည်အကြောင်း အကျွန်ုပ်စိတ်နှလုံးကိုစေ့စပ်စေ တော်မူပါ။**

"နာမတော်ကိုကြောက်ရွံ့မည့်အကြောင်းအကျွန်ုပ်၏စိတ်နှလုံးကိုစေ့စပ်တော်မူပါ"ဟူသောအဓိပ္ပါယ်မှာအတွေးအာရုံအားလုံးကိုယူဆောင်၍ကိုးကွယ်ခြင်းထဲ၌ တညီတညွတ်တည်း ရှိစေခြင်းဖြစ်သည်။ကျွန်ုပ်တို့သည် ဘုရားသခင်အား ကိုးကွယ်သယောင်နှင့် တကယ့်လက်တွေ့၌ အခြားအရာများပေါ်တွင် အာရုံ စိုက်နေခြင်းသည် ဘုရားသခင်အားမထီမဲ့မြင်ပြု၍နာကျင်စေခြင်းပင်ဖြစ်သည်။

**ယာကုပ် ၄း၈၊၁၀ ဘုရားသခင်၌ချဉ်းကပ်ကြလော့။ သင်တို့၌ချဉ်းကပ်**

**တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်ကို စင်ကြယ်စေကြ လော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကိုသန့်ရှင်းစေကြလော့။**

**ဘုရားသခင်ရှေ့တော်၌ကိုယ်ကိုကိုယ်နှိမ့်ချကြလော့။သို့ပြုလျှင်၊သင်တို့ကိုချီးမြှောက်တော်မူလိမ့်မည်။**

## ဖြူစင်သောနှလုံး

**ဆာလံ ၂၄း၃-၄ ထာဝရဘုရား၏တောင်တော်ပေါ်သို့အဘယ်သူသည်**

**တက်ရမည်နည်း။ သန့်ရှင်းရာဌာနတော်၌ အဘယ်သူသည်ရပ်နေရမည်**

**နည်းဟူမူကား၊ သန့်ရှင်းသောလက်နှင့်ဖြူစင်သောနှလုံးရှိသောသူ၊ မုသာ**

**ကိုမမှီဝဲ မဆည်းကပ်၊ မမှန်သောကျိန်ဆိုခြင်းကို မပြုသောသူသည်၊**

သန့်ရှင်းသောလက်နှင့် ဖြူစင်သောနှလုံးသည် ကျွန်ုပ်တို့၏စိတ်အခြေအနေကို ဖော်ပြသည်။

ကျွန်ုပ်တို့သည်ကိုးကွယ်ခြင်းကို အခြားသူများမြင်ရန် အလို့ငှာသာ ပြုလုပ်နေ ပါသလား။

ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ချီးမြှောက်ခြင်းနှင့် ကျွန်ုပ်တို့လိုချင်သော အဖြေရရန် အတွက်သာ ကိုးကွယ်နေပါသလား။

ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ မိမိ၏စိတ်နှလုံးအခြေအနေကို စစ်ကြောရန်လိုအပ်သည်။

## ကျိုးပဲ့သောစိတ်

**ဆာလံ ၅၁း၁၇ ဘုရားသခင်နှစ်သက်တော်မူသောယဇ်မူကား၊ ကျိုးပဲ့ သော စိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည်ကျိုးပဲ့ကြေမွ သော နှလုံးကို ငြင်းတော်မမူတတ်ပါ။**

ကျိုးပဲ့သောစိတ်သည် ရိုကျိုးခြင်းနှင့် နာခံခြင်းအား သင်ယူပြီးသောစိတ် ဖြစ် သည်။ ယေရှုအားသခင်အရာကိုလုံးဝပေးအပ်သော စိတ်နှလုံးဖြစ်သည်။

## ဘုရားသခင်အားရိုသေလေးမြတ်ခြင်း

**ဆာလံ ၈၉း၇ ဘုရားသခင်သည်သန့်ရှင်းသူတို့၏ပရိသတ်အလယ်တွင် အလွန်ကြောက်ရွံ့ဖွယ် ဖြစ်တော်မူ၏။ အထံတော်၌ပတ်လည်နေသောသူ အပေါင်းတို့ထက် ရိုသေဖွယ်ဖြစ်တော်မူ၏။**

## လောကနှင့်သီးသန့်ဖြစ်ခြင်း

**ကောလောသဲ ၁း၁၃ မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကို နှုတ်၍ချစ်တော် မူသော သားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏။**

# ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်အဝတ်အစား

## ကယ်တင်ခြင်းကိုယူတင်ဝတ်ဆောင်ခြင်း

ဟေဗြဲ ၁၂း၁၄ လူအပေါင်းတို့နှင့်အသင့်အတင့်နေ၍ငြိမ်သက်ခြင်းကို ငင်း၊ သန့်ရှင်းခြင်းပါရမီကိုငင်း၊ မှီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်း ပါမီမရှိလျှင်၊ အဘယ်သူမျှထာဝရဘုရားကို မဖူးမမြင်ရ။

***➢ချီးမွမ်းခြင်းအဝတ်တန်ဆာ***

ဟေရှာယ ၆၁း၃ စိတ်မသာငြီးတွားသောဇိအုန်မြို့သားတို့အဘို့စီရင်၍၊ ပြာအရာ၌ ပေါင်းသရဖူ၊ ဝမ်းနည်းခြင်းအရာ၌ဝမ်းမြောက်ခြင်းဆီ၊ညှိုးငယ် သောစိတ်သဘောအရာ၌ချီးမွမ်းခြင်းအဝတ်တန်ဆာကိုသူတို့အား ပေးစေ ခြင်းငှာငင်း၊ငါ့ကိုစေလွှတ်တော်မူပြီ။ထိုသူတို့သည်ဖြောင့်မတ်ခြင်းသပိတ် ပင်၊ ဘုန်းအသရေတော်ဘို့ ထာဝရဘုရားစိုက်ပျိုးတော်မူသောအပင်ဟူ၍ သမုတ်ခြင်းကို ခံရလိမ့်မည်။

ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းအဝတ်တန်ဆာကိုဝတ်ဆင်ရန်အလွန်အရေးကြီးသည်။ သာ၍အရေးကြီးသောအချက်ကိုဓမ္မဟောင်းယဇ်ပုရောဟိတ်များ၏အဝတ်များအတွက်ပြောထားသော အရေးကြီးသည့် ကျမ်းချက်များတွင်ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ထဲ၌ ယုံကြည်သူ-ယဇ်ပုရောဟိတ်များဖြစ်၍ကျွန်ုပ်တို့၏ အဝတ်အစားမှာလည်း ဝိညာဉ်ထဲ၌ဖြစ်သည်။

***➢ဖြောင့်မတ်ခြင်းဝတ်လုံ***

ဗျာဒိတ်၇း၉ ထိုနောက်မှငါကြည့်လျှင်၊အသီးအသီးဘာသာစကားကိုပြော သော လူအမျိုးအနွယ် ခပ်သိမ်း တို့အထဲမှ ထွက်၍၊ အဘယ်သူမျှ မရေ တွက်နိုင်အောင်သောလူများအပေါင်းတို့သည်ဖြူသောဝတ်လုံကိုဝတ်ဆင်လျက်၊စွန်ပလွံခက် ကိုကိုင်လျက်၊ပလ္လင်တော်ရှေ့၊သိုးသငယ်ရှေ့မှာရပ်နေ ကြ၏။

ဗျာဒိတ် ၁၉း၈ ထိုမိန်းမသည် စင်ကြယ်ပြောင်လက်သော ပိတ်ချောကို ဝတ်ဆင်ရသော အခွင့်ကိုရ၏။ ထိုပိတ်ချောမူကား၊ သန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းဖြစ်သတည်း။

# ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်ကဲ့သို့ပူဇော်ခြင်း

## ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဂုဏ်တော်ချီးမွမ်းခြင်း

ဓမ္မဟောင်းကာလ ယဇ်ပုရောဟိတ်များ၏ လုပ်ငန်းများနှင့်ရည်ရွယ်ချက်မှာ ဘုရားသခင်အတွက်ပြုသော ပူဇော်ခြင်းများ၌သာ ရှိသည်။ ယနေ့အချိန်တွင် ဘုရားသခင်အား ပေးရန် ကျွန်ုပ်တို့၌ ထူးခြား၍တိကျသော ပူဇော်ခြင်းများ ရှိသည်။

ကျွန်ုပ်တို့သည်ဘုရားသခင်၏မျက်မှောက်တော်သို့ ဂုဏ်တော်ချီးမွမ်းခြင်းနှင့် တိုးဝင်ရန်ဖြစ်သည်။

**ဆာလံ ၁၀၀း ၄ ကျေးဇူးတော် ကြီးပါသည်ဟုဝန်ခံလျက်၊တံခါးတော်တို့ ကိုငင်း၊ ဂုဏ်တော်ကိုချီးမွမ်းလျက် တံတိုင်းတော်တို့ကိုငင်းဝင်ကြလော့။**

**ကျေးဇူး တော်ကို ချီးမွမ်း၍၊ နာမတော်ကို ကောင်းချီးပေးကြလော့။**

## ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများ

ကျွန်ုပ်တို့သည်ဘုရားသခင်၏မျက်မှောက်တော်သို့ပေးလှူပူဇော်ခြင်းများ

ဖြင့်တိုးဝင်ရန်ဖြစ်သည်။

သုတ္တံ ၃း၉-၁၀ သင်သည် ကိုယ်ဥစ္စာနှင့် အဦးသီးသော အသီးအနှံ ရှိသမျှတို့ကို ထာဝရဘုရားအားပူဇော်လော့။ သို့ပြုလျှင်၊ သင်၏စပါးကျီ တို့သည် ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာတန်ဆာတို့ကိုအသစ်သောစပျစ်ရည် လျှံလိမ့်မည်။

## ကျွန်ုပ်တို့ကိုယ်တိုင်

ကျွန်ုပ်တို့သည် မိမိကိုယ်ကို ပူဇော်ရာယဇ်အနေနှင့်ယူဆောင်လာရန်ဖြစ်သည်။

**ရောမ ၁၂း၁ ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်း လက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့် ပြည့်စုံ သော ယဇ်ကို သင်တို့သည်ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆပ်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုမည်အကြောင်း၊ ဘုရားသခင်၏ဂရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကိုငါ တိုက်တွန်း နှိုးဆော်ပေ၏။**

**၁သက် ၅း၂၃ ငြိမ်သက်ခြင်း၏ အရှင်၊ ဘုရားသခင် ကိုယ်တော်တိုင် လည်း၊ သင်တို့ကို အကုန်အစင်သန့်ရှင်းတော်မူ ပါစေသော။ ငါတို့သခင် ယေရှုခရစ် ကြွလာတော်မူသောအခါ၊ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ဝိညာဉ် အပေါင်းကိုအပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှာစောင့်မတော်မူပါစေ သော။**

## ချီးမွမ်းခြင်းယဇ်

**ဟေဗြဲ ၁၃း ၁၅-၁၆ ထိုကြောင့်၊ ငါတို့သည်ဘုရားသခင်၏ကျေးဇူးတော် ကိုဝန်ခံလျက်၊နှုတ်ခမ်းအသီးတည်းဟူသောချီးမွမ်းခြင်းယဇ်ကိုသခင်ယေရှု ခရစ် အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့။**

ချီးမွမ်းခြင်းနှင့်တွဲနေသည့်"ယဇ်"ဟူသောစကားလုံးသည်အမြဲတမ်းလွယ်ကူခြင်း သို့မဟုတ်သက်သာခြင်းမရှိပါ။ထိုယဇ်ကိုပင်စဉ်ဆက်မပြတ်ပူဇော်ရန်ဖြစ်သည်။

# ယဇ်ပုရောဟိတ်များကဲ့သို့အသက်ရှင်ခြင်း သို့မဟုတ် ထုံးစံများကို စွဲကိုင်ထားခြင်း

ကျွန်ုပ်တို့သည် နေ့စဉ်ဆုံးဖြတ်ချက်တစ်ခုနှင့် ရင်ဆိုင်ရသည်။ ကျွန်ုပ်တို့သည် ယဇ်ပုရောဟိတ်များကဲ့သို့ အသက်ရှင်မည်လား သို့မဟုတ် ကျွန်ုပ်တို့ ပြုလေ့ ရှိသော နည်းလမ်း၊ ထုံးတမ်းအစဉ်အလာ များကို စွဲကိုင်ထားမည်လား။

**၁ပေ ၂း၅ အသက်ကျောက်များကဲ့သို့အဆင့်ဆင့်အထပ်ထပ်တည်ဆောက် လျက်ရှိသဖြင့်ဓမ္မတိုက်ဖြစ်ကြ၏။ယေရှုခရစ်အားဖြင့်ဘုရားသခင်နှစ်သက် တော်မူရာဓမ္မယဇ်ကိုပူဇော်ရသောသန့်ရှင်းသောယဇ်ပရောဟိတ်မျိုးလည်းဖြစ်ကြ၏။**

## ယဇ်ပုရောဟိတ်များတိုးဝင်သကဲ့သို့တိုးဝင်ခြင်း

အာရုန်အမျိုးယဇ်ပုရောဟိတ်သည် မောရှေ၏တဲတော်ထဲသို့ (နောက်ပိုင်းတွင်) ရှောလမုန်၏ ဗိမာန်တော်ထဲသို့နေ့စဉ် တိုးဝင်သည်။ ယနေ့တွင်ကျွန်ုပ်တို့သည် လည်း ဘုရားသခင်၏မျက်မှောက်တော်သို့ နေ့စဉ်တိုးဝင်ရန်ဖြစ်သည်။

မောရှေ၏တဲတော်၌ ဝင်းအတွင်းသို့ အဆင့်ဆင့်ဝင်ရန် တံခါးများရှိသည်။ ယဇ်ပုရောဟိတ်များသည် ထိုလမ်းအတိုင်း"သခင်ဘုရားအားအမှုဆောင်ရန်" သန့်ရှင်းရာဌာနထဲသို့ ဝင်ရောက်ရသည်။ ပဋိညာဉ် သေတ္တာထားရှိသော

အသန့်ရှင်းဆုံးဌာနထဲသို့မူ ပုရောဟိတ်မင်းသည် တနှစ်လျှင်တစ်ကြိမ်သာ ဝင်ရောက်ရသည်။

အသန့်ရှင်းဆုံးဌာနသည် ဘုရားသခင်၏ ပလ္လင်တော်ခန်းကို မြေကြီးပေါ်၌ ပုံဆောင်သောနေရာဖြစ်သည်။ ဂရုဏာပလ္လင်နှင့် ဖုံးအုပ်ထားသော ပဋိညာဉ်

သေတ္တာသည်ဘုရားသခင်၏ပလ္လင်တော်ကိုပုံဆောင်သည်။အသန့်ရှင်းဆုံးဌာန ထဲသို့ရောက်ရှိခြင်းသည်ဘုရားသခင်နှင့်အနီးကပ်ဆုံး မျက်မှောက်တော်ထဲသို့ ရောက်ခြင်းဖြစ်သည်။

ကားတိုင်ပေါ်၌ ယေရှုအသေခံသောအခါ သန့်ရှင်းရာဌာနနှင့် အသန့်ရှင်းဆုံး ဌာနကို ပိုင်းခြားထားသော ကန့်လန့်ကာသည် ထူးဆန်းစွာအလိုအလျောက် အထက်မှအောက်သို့ ကွဲစုတ်သွားခဲ့သည်။ လူသားတို့သည် ဘုရားသခင်နှင့် တခြားစီဖြစ်မနေတော့ပေ။ ယခုအခါယေရှု၏အသွေးတော်အားဖြင့်ယုံကြည်သူ တိုင်းသည်ဘုရားသခင်၏မျက်မှောက်တော်ထဲသို့ရဲရင့်စွာတိုးဝင်နိုင်ပြီဖြစ်သည်။

ဓမ္မဟောင်းယဇ်ပုရောဟိတ်များ အတွက် "ဝင်ရောက်ခြင်း"၌ အဆင့်ဆင့် ရှိသကဲ့သို့ပင် ကျွန်ုပ်တို့ဘုရားသခင်၏ မျက်မှောက်တော် ထဲသို့ နေ့စဉ် တိုးဝင်ခြင်း၌လည်း အဆင့်ဆင့်ရှိပေသည်။ ကျွန်ုပ်တို့သည် နေ့စဉ် မိမိ၏ သီးသန့် ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်း၌ မျက်မှောက်တော်ထဲသို့ "ဝင်ရောက်" ရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် အတူတကွစုရုံးသောအခါ၌လည်းတညီတညွတ် တည်း မျက်မှောက်တော်ထဲသို့ ဝင်ရောက်ရန်ဖြစ်သည်။

### ➢ တံခါးတို့ကိုဖြတ်၍

**ဆာလံ ၁၀၀း၄ ကျေးဇူးတော်ကြီးပါသည်ဟုဝန်ခံလျက်တံခါးတော်တို့ကိုဝင်း**

တံခါးများထဲသို့ဝင်ရောက်ရန်နာခံခြင်းလိုအပ်သည်။ကျွန်ုပ်တို့သည်ကျေးဇူး တော်ချီးမွမ်းခြင်းနှင့် လာရန်ဖြစ်ပြီး ကျေးဇူးမဲ့သော နှလုံးသားနှင့် လာရန် မဟုတ်ပါ။ ကျွန်ုပ်တို့၏ ပထမသီချင်းများသည် သခင်ဘုရားအားကျေးဇူးတော် ချီးမွမ်းသည့် နှလုံးသားခံစားချက်ကို ဖော်ပြသော သီချင်းများ ဖြစ်သင့်သည်။ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် အစပြုသည်နှင့်အမျှ ထို့နောက်တွင် ကိုယ်တော် အားဂုဏ်တော်ချီးမွမ်းသောအခါကျွန်ုပ်တို့သည်ဝန်းရံနေသောသဘာဝအခြေအနေ များထဲမှ ဝိညာဉ်နယ်ပယ်ထဲသို့ ရွေ့လျားဝင်ရောက်သွားတော့သည်။

### ➢ တံတိုင်းတော်

**ဂုဏ်တော်ချီးမွမ်းလျက်တံတိုင်းတော်တို့ကိုဝင်ကြလော့။**

ကျွန်ုပ်တို့တံခါးများကို ဖြတ်ပြီးသည့်အခါတံတိုင်းတော်အတွင်းသို့ရောက်သည်။ ထိုတံတိုင်းတော်အတွင်း ချီးမွမ်းခြင်းနှင့် အရင်ဦးဆုံး အချိန်မယူမချင်း အသန့်ရှင်းဆုံးဌာနကိုယ်တော်၏မျက်မှောက်တော်အတွင်းအကျဆုံးအံ့သြဖွယ် ကိုးကွယ်ခြင်းထဲသို့ဝင်ရောက်ရန်ကျွန်ုပ်တို့အဆင်သင့်မဖြစ်သေးပါ။ တံတိုင်း တော် အတွင်းတွင် ကျွန်ုပ်တို့ ဂုဏ်တော်ချီးမွမ်းရန် ညွှန်ကြားခြင်း ခံရသည်။ သခင်ဘုရားထံသို့ ကျွန်ုပ်တို့သည် ဝမ်းမြောက်စွာတေးဂီတ၊သီဆိုခြင်း၊လက်ခုပ် တီးခြင်းနှင့်လက်များမြှောက်ပင့်ခြင်း၊တခါတရံကိုယ်တော်အားဂုဏ်တော်ချီးမွမ်းခြင်းကို ဖော်ပြသည့် ကခုန်ခြင်းတို့ဖြင့် ဝင်ရောက်သွားကြသည်။

### ➢ သန့်ရှင်းရာဌာန

**ကျေးဇူးတော်ကိုချီးမွမ်း၍ နာမတော်ကိုကောင်းကြီးပေးကြလော့။**

ကျွန်ုပ်တို့ ဂုဏ်တော်ချီးမွမ်းခြင်း၏ တံတိုင်းတော်ထဲ၌ မွေ့လျော် လာသည်နှင့် အမျှ ဘုရားသခင်၏မျက်မှောက်တော်ထဲသို့ နီးကပ်လာကြောင်း ကျွန်ုပ်တို့ ခံစားရသည်။ ကိုယ်တော်၏ဘုရားဖြစ်ခြင်းကို ဆင်ခြင်ခြင်းအားဖြင့် ကျွန်ုပ်တို့ အောင်မြင်ခြင်းရှိလာသည်။ ကျွန်ုပ်တို့သည် ဂုဏ်တော်ချီးမွမ်းခြင်း၏ သာ၍ မြင့်သော အဆင့်တစ်ခုသို့ဝင်ရောက်လာသည်။ကျွန်ုပ်တို့သည်သန့်ရှင်းရာဌာန တည်းဟူသော အတွင်းတံတိုင်းထဲသို့ ရောက်လာပြီဖြစ်ကြောင်း မိမိကိုယ်ကို တွေ့လာရပြီဖြစ်သည်။

ကျွန်ုပ်တို့ကခုန်ခြင်း၊ လက်ခုပ်တီးခြင်းများမရှိတော့ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်အား နီးကပ်လွန်းစွာ ခံစားရသောအချိန်ကာလထဲသို့ရောက်ရှိနေလျက်ကိုယ်တော်၏ အံ့သြဖွယ် မြင့်မြတ် ခမ်းနားခြင်းအား လက်များပင့်၍ ဝန်ခံကြသည်။ တေးဂီတများ ဖြေးညှင်းသွား လျက် သို့မဟုတ် ရပ်တန့်သွားကြသည်။ အစီအစဉ်နှင့်ဖြတ်သန်းခဲ့သောအချိန် ကာလသည် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ဘုရားသခင့် မျက်မှောက်တော်၏ သန့်ရှင်းခြင်းသည်အားကြီးစွာလွှမ်းမိုးနေလေပြီ။ ထိုအချိန်၌ကျွန်ုပ်တို့၏ပါးပြင် ပေါ်သို့ မျက်ရည်များကျဆင်းလာလိမ့်မည်။တခါတရံကျွန်ုပ်တို့သည်ထိုသို့သော အချိန်၌ တေးဂီတနှင့်သီဆိုခြင်းများကို ရပ်တန့်၍ ကိုယ်တော်၏သန့်ရှင်းသော မျက်မှောက်တော်၌ငြိမ်သက်တိတ်ဆိတ်နေရန်သာတတ်နိုင်တော့သည်။ ပတ်ဝန်းကျင်ကိုလည်းဂရုမစိုက်မိတော့၊ဘုရားသခင်ကိုသာအကြွင်းမဲ့သိရှိခံစား လျက်နေသည်။ကျွန်ုပ်တို့သည်ရပ်လျက်၊ဒူးထောက်လျက်တခါတရံကိုယ်တော်၏မျက်မှောက်တော်၌ပြပ်ဝပ်လျက်၊ကိုယ်တော်၏ ချစ်ခြင်းမေတ္တာထဲ၌ နစ်မြုပ် သွားကြသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို သတိမထားမိဘဲ ဓမ္မဟောင်း ယဇ်ပုရောဟိတ်မင်း ကဲ့သို့ သန့်ရှင်းရာဌာနကိုဖြတ်၍ အသန့်ရှင်းဆုံး ဌာနထဲ သို့ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။ ရှောလမုန်၏ဗိမာန်တော်ထဲသို့ပဋိညာဉ်သေတ္တာ ကိုယူဆောင်သောအချိန်၌ဘုရားသခင့်မျက်မှောက်တော်၏အံ့သြဖွယ်ကောင်း ခြင်းကို ဥပမာအဖြစ် ကျွန်ုပ်တို့တွေ့နိုင်သည်။

**၃ ဓမ္မ ၈း ၁၀-၁၁ ယဇ်ပရောဟိတ်တို့သည်သန့်ရှင်းရာဌာနထဲကထွက်ကြ သောအခါ၊ ထာဝရဘုရား၏ အိမ်တော်သည် မိုးတိမ်နှင့် ပြည့်၏။ ထိုသို့ ထာဝရဘုရား၏ အိမ်တော်သည် ဘုန်းတော်နှင့်ပြည့်လျက်၊ မိုးတိမ်တော် ကြောင့် ယဇ်ပရောဟိတ်တို့သည် အမှုတော်ကို ဆောင်ရွက်လျက် ရပ်၍ မနေနိုင်ကြ။**

## (သို့မဟုတ်) ဓလေ့ထုံးစံများကို စွဲကိုင်ထားခြင်း

မိမိတို့၏ ဓလေ့ထုံးစံနှင့် ကိုးကွယ်သည့် အသင်းတော်များ၌ရှိသောသူတို့သည် ဓမ္မသီချင်းစာအုပ်ထဲမှ သီချင်းများကို တိုးညှင်းစွာ အရေးတယူပြု၍ ဆိုလေ့ ရှိပြီး၊ ၎င်းတို့၏ချီးမွမ်းခြင်းကို ဖော်ပြခြင်း၌ လွန်စွာအခက်အခဲတွေ့ကြသည်။

များစွာသောသူတို့သည် ဘုရားသခင်အား ချီးမွမ်းခြင်းကို ဖော်ပြခြင်း၌ "အံဝင်ခွင်ကျ" ဖြစ်ရန်အလွန်ခက်ခဲကြသည်။ ဒါဝိဒ်ရေးခဲ့သည်မှာ. . .

**ဆာ ၃၃း၁ ဖြောင့်မတ်သောသူတို့၊ ထာဝရဘုရားကို အမှီပြု၍ ရွှင်လန်းစွာ သီချင်းဆိုကြလော့။ ထောမနာ ပြုခြင်းအကျင့်သည် သဘောဖြောင့်သောသူတို့နှင့် ထိုက်တန်လျောက်ပတ်ပေ၏။**

**ဆာ ၁၄၇း၁ ထာဝရဘုရားကို ချီးမွမ်းကောင်းသည်ဖြစ်၍၊ ချီးမွမ်းကြလော့။ ငါတို့၏ ဘုရားသခင်ကို ထောမနာပြုခြင်းသည် သာယာလျောက်ပတ်သည်ဖြစ်၍၊ ထောမနာသီချင်းဆိုကြလော့။**

ကျွန်ုပ်တို့သည်ဘုရားသခင်ကိုနာခံရန်ရွေးချယ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိထုံးတမ်းစဉ်လာများ၏ သက်သာရာနယ်မြေထဲမှ ထွက်ပြီးနှုတ်ကပတ်တော် ထဲ၌ဖော်ပြသော ဂုဏ်တော် ချီးမွမ်းခြင်းထဲသို့ နှလုံးသားအကြွင်းမဲ့ ဝင်ရောက် လျက်ကျွန်ုပ်တို့အတွက်ဘုရားသခင်ထားရှိသောအရာခပ်သိမ်းကို လက်ခံရမည် ဖြစ်သည်။ဘုရားသခင်၌ကျွန်ုပ်တို့အား ဝမ်းမြောက်ရန်၊ လက်ခုပ်တီးရန်၊ အော် ဟစ်ရန် နှင့် ကခုန်ရန်ပင် ညွှန်ကြားရခြင်း၏ အကြောင်းရင်းရှိသည်။ကျွန်ုပ်တို့၏ချီးမွမ်းခြင်းသည်ကိုယ်တော့်ကို ကျေနပ်စေပြီး၊ ထိုချီးမွမ်းခြင်းကို ကိုယ်တော် အားကျွန်ုပ်တို့ပေးရန်လိုအပ်သည်။ အကျိုးရလဒ်များမှာ ကျွန်ုပ်တို့အတွက်သာ ဖြစ်သည်။

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

**၁။ ခမ္မဟောင်းယဇ်ပုရောဟိတ်များသည်တိကျသောအဝတ်အစားများကိုဝတ်ဆင်ရသည်။ ခမ္မသစ်ယဇ်ပုရောဟိတ်အရာအတွက် ဝတ်စားဆင်ယင်မှုကိုဖော်ပြပါ။**

၂။ ကျွန်ုပ်တို့ဘုရားသခင်အား မည်သည့်ပူဇော်ခြင်းများကို ပေးအပ်ရမည်နည်း။

၃။ ချီးမွမ်းကိုးကွယ်ခြင်းထဲ၌ ကျွန်ုပ်တို့တွေ့ကြုံရမည့် ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ တိုးဝင်ခြင်းအဆင့်များကို ဖော်ပြပါ။

# သင်ခန်းစာ (၁၃)

# ချီးမွမ်းကိုးကွယ်ခြင်းအားဖြင့် အောင်မြင်ခြင်း

## နံဝိညာဉ်ဖြင့်ကိုးကွယ်ခြင်း

ယေရှုက. . .

**ယော ၄း၂၄ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့်ဝင်း၊ သစ္စာနှင့်ဝင်း ကိုးကွယ်ရမည်ဟုမိန့်တော်မူ၏။**

ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ချီးမွမ်းသောအခါ နှလုံးသားအကြွင်းမဲ့ စိတ်နှင့် ခန္ဓာအားဖြင့် ချီးမွမ်းနိုင်သော်လည်း၊ ကိုးကွယ်သောအခါနံဝိညာဉ်အားဖြင့်သာ ကိုးကွယ်နိုင်သည်။

အပြစ်ဖြေရာနေ့ရက်မှ ယဇ်ပုရောဟိတ်မင်းကဲ့သို့ ကျွန်ုပ်တို့သည် ကန့်လန့်ကာ အတွင်းသို့ ဝင်ရောက်သွားခဲ့ပြီဖြစ်သည်။ ထိုအချိန်ကာလသည် အံ့ဩဖွယ်ဖြစ် သည်။ ယဇ်ပုရောဟိတ်မင်းသည် အပြစ်ရှိခဲ့လျှင် ဘုရားသခင်၏သန့်ရှင်းသော မျက်မှောက်တော်ထဲ၌သူသေမည်ကိုကောင်းစွာသိရှိသည်။တံတိုင်းတော်အ တွင်း၌ကျွန်ုပ်တို့တွင်ရှိခဲ့သောအရာများသည်ယခုအချိန်(အသန့်ရှင်းဆုံးဌာန)၌ ကျွန်ုပ်တို့အသက်တာတွင် ဆက်လက်ရှိနေခွင့်မရတော့ပေ။အကယ်၍ရှိခဲ့ လျှင် တမန်တော် ၅ ၌ အာနနိနှင့်ရှဖိရေသည်သန့်ရှင်းသောဝိညာဉ်တော်အား လိမ်ညာသောနေ့ရက်ကဲ့သို့ ဖြစ်ပေလိမ့်မည်။

သစ္စာနှင့်ကိုးကွယ်ခြင်း၏အဓိပ္ပါယ်မှာ"ဖုံးကွယ်မှုမရှိခြင်း"ဖြစ်သည်။ကျွန်ုပ်တို့ သည် ကိုယ်တော်ရှေ့၌ အရှိအတိုင်းပွင့်လင်းစွာ ဖုံးကွယ်ခြင်းအလျင်း မရှိဘဲ ရပ်တည်နေရန်ဖြစ်သည်။ ဓမ္မဟောင်းကာလမှ ယဇ်ပုရောဟိတ်မင်း ကဲ့သို့ ဘုရားသခင်မျက်မှောက်တော်သို့တိုးဝင်သောအခါ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ပြင်ဆင်ရမည်ဖြစ်သည်။ အပြစ်အားလုံးသည် ယေရှု၏ အသွေးတော်အားဖြင့် ခွင့်လွှတ်ခြင်းနှင့် ဆေးကြောခြင်းခံရမည် ဖြစ်သည်။

**၁ယော ၁း၉ ကိုယ်အပြစ်တို့ကိုဘော်ပြတောင်းပန်လျှင်၊ငါတို့အပြစ်များကို လွှတ်၍၊ ဒုစရိုက်ရှိသမျှ နှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည်သစ္စာ တရားနှင့်ဝင်း၊ ဖြောင့်မတ်ခြင်း တရားနှင့်ဝင်းပြည့်စုံတော်မူ၏။**

## ကန့်လန့်ကာအတွင်းသို့ ပြောင်းရွှေ့ရောက်ရှိခြင်း

အပြစ်ဖြေရာနေ့ရက်၌ ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းရာဌာန၌ရပ်၍ ကန့်လန့်ကာအတွင်းသို့ဝင်ရန် အဆင်သင့်ဖြစ်နေသည်။ သူ၏လက်တဖက်၌

မီးခဲတင်ထားသောလင်ပန်း၊ အခြားတဖက်၌ အသွေးထည့်ထားသော ခွက်ကို ကိုင်ထားသည်။ ကန့်လန့်ကာမှာ နံရံတဖက်မှအခြားတဖက်သို့မျက်နှာကျက်မှ

ကြမ်းပြင်တိုင်အောင် ဆွဲ၍ဖြန့်ကာထားသည်။ထိုကန့်လန့်ကာကိုအောက်မှ တွား၍ သော်လည်းကောင်း၊ အပေါ်မှကျော်၍ သော်လည်းကောင်း၊ ဘေးမှ ပတ်၍သော်လည်းကောင်း သွားရန်လမ်းမရှိပါ။ ဝင်ရန်တံခါးမရှိပါ။ ဟေဗြဲ ဩဝါဒစာကို ရေးသားသူက ထိုအကြောင်းအရာနှင့်ပတ်သတ်၍ရေးခဲ့သည်မှာ

**ဟောပြ ၉း၈ ပဌမတဲတော် မပျက်မှီတိုင်အောင်၊ သန့်ရှင်းရာဌာန သို့ သွားသော လမ်းမဖွင့်သေးသော အကြောင်းကို ထိုအမှုအရာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏။**

ယဇ်ပုရောဟိတ်မင်း ကန့်လန့်ကာအတွင်းသို့ ဝင်ရောက်သည့်အခါ ဝိညာဉ် နယ်ပယ်ထဲသို့အကြွင်းမဲ့ဝင်ရောက်ခြင်းဖြစ်သည်။ သူသည် နံဝိညာဉ်နှင့် သစ္စာ အားဖြင့်ကိုးကွယ်ရန် လာခဲ့ခြင်းဖြစ်သည်။ ယဇ်ပုရောဟိတ်မင်းသည် ဖိလိပ္ပူ အဲသရောပိအမတ်အား ဗတ္တိဇံပေးရာ ရေထဲ၌ တမဟုတ်ခြင်း ဝေးကွာသော အာဇုတ်မြို့သို့ပြောင်းရွှေ့ ရောက်ရှိသွားသည့်အတိုင်း ကန့်လန့်ကာအတွင်းသို့ ဝိညာဉ်အား ဖြင့်ဝင်ရောက်သွားခဲ့ပါသလား? ? ?

ကျွန်ုပ်တို့သည် စစ်မှန်သောကိုးကွယ်ခြင်းထဲသို့ဝင်ရောက်ရန် ဝိညာဉ် နယ်ပယ် ထဲသို့ ပြောင်းရွှေ့သွားရမည်ဖြစ်သည်။ ဘုရားသခင်သည် နံဝိညာဉ် ဖြစ်တော် မူ၏။ ယေရှုက ကိုးကွယ်သောသူတို့သည် နံဝိညာဉ်နှင့်သစ္စာအားဖြင့်ကိုးကွယ် ရမည်ဟုပြောခဲ့သည်။

## ဘုရားမျက်မှောက်တော်ထဲ၌ ပျော်မွေ့ခြင်း

ကိုယ်တော်၏မျက်မှောက်တော်ထဲသို့ ကျွန်ုပ်တို့ ဝင်ရောက်သောအခါ ဒါဝိဒ် ကဲ့သို့ "ကိုယ်တော်၏မျက်နှာတော်ကို ရှာလိုသည်" ဟု မိမိနှလုံးသားထဲ၌ပြော နေလိမ့်မည်။ အမြဲတမ်းလိုပင် ကျွန်ုပ်တို့သည် မိမိဇာတိဆန္ဒများ ပြည့်ဖို့ရန် ဘုရား၏ လက်တော်ကိုသာ ရှာခဲ့ကြပေသည်။

အကြိမ်များစွာ ဘုရားသခင်၏ ပြည့်စုံသော မျက်မှောက်တော်ထဲသို့အတူတကွ ကိုးကွယ်သောအချိန်၌ ဝင်ရောက်ခဲ့ကြသည်။ ဘုရားသခင်အံ့သြဘွယ်ဘိသိက် ကို ခံစားရသည့် အခါအချို့တို့သည်အခြားသောဘာသာစကားပြောရန်အနက် ပြန်ရန်သို့မဟုတ်ပရောဖက်ပြုရန်အချိန်ကျပြီဟုတွေးထင်ကာပရိသတ်စည်းဝေးရာတဲတော်တံတိုင်း အပြင်အရပ်သို့ပြန်လှည့်သွားတတ်ကြသည်။မကြာခင်မှာပင် အားကြီးသော ဘုရား၏ဘိသိက်သည်ပြန်၍ပျောက်ကွယ်သွားကာလူများသည် ပြန်ထိုင်ရန် အချိန်ရောက်လာ၍ ထို့နောက်၌ ကျွန်ုပ်တို့ အစီအစဉ် အတိုင်း ဆက်၍ သွားကြသည်။

ကျွန်ုပ်တို့၏ ကောင်းကင် အဖသည် တစ်ပါးတည်း ကျန်ရစ်ခဲ့လေပြီ။ အမှန် စင်စစ် ကိုယ်တော်သည် ကျွန်ုပ်တို့အား သူ့ထံသို့လာ၍ အထံတော်၌အချိန်ယူ ရန် အလွန်ပင် အလိုတော်ရှိလှသည်။

ကျွန်ုပ်တို့သည် ကိုယ်တော်၏ မျက်မှောက်တော်ထဲ၌ ပျော်မွေ့ရန် သင်ယူဖို့ လိုအပ်သည်။

## ကိုယ်တော်၏ပုံသဏ္ဍာန်သို့ပြောင်းလဲခံခြင်း

တံတိုင်းထဲ၌ ဘုရားသခင့်ရှေ့တော်တွင် အစွမ်းသတ္တိ ရှိသမျှနှင့် ကခုန်သော အချိန်၌ ဝိညာဉ်ထဲ၌ ထိုးဖောက်မှု (အတားအဆီးများ ကျိုးပျက်သွားခြင်း) ဖြစ် လာသည်။ဘာသာရေးဓလေ့ထုံးစံများနှင့် ဝိညာဉ်ရေးရာခြားနားမှု အခွံများကွာ ကျသွားသည်။ ကျွန်ုပ်တို့၏နှလုံးသားမြေသည်လည်းအိုးထိန်းလက်၌ ရှိသောရွှံ့ မြေကဲ့သို့ နူးညံ့နွေးထွေးစေရန် ဘုရားသခင်၏ ပြုပြင်တော်မူခြင်းကိုခံရသည်။

ကိုယ်တော်သည် သူနှင့်အနီးဆုံးအထံတော်၌ကျွန်ုပ်တို့အားရှိစေသော အကျွမ်း ဝင်မွေ့လျော်ရာ ကိုးကွယ်ချိန်အတွင်းကြာမြင့်စွာအချိန်ယူလာသည့်အခါကျွန်ုပ် တို့သည် ပုံစံခွက်ထဲ၌ ဖိသွင်းခြင်းခံရသော နူးညံ့ပျော့ပြောင်းသော ရွှံ့မြေကဲ့သို့ သခင်ဘုရား၏ပုံသဏ္ဍာန်နှင့်တူရန်ပြောင်းလဲခြင်းခံရသည်။

ရောမ ၈း၂၉ ဘုရားသခင်၏သားတော်သည်အများသောညီတို့တွင်သားဦး ဖြစ်တော်မူမည်အကြောင်း၊ဘုရားသခင်သည်ရှေးမဆွကသိတော်မူသောသူတို့ကို သားတော်၏ ပုံသဏ္ဍာန်နှင့် တညီတည်းဖြစ်စေခြင်းငှာ ရှေ့မဆွက ခွဲခန့်မှတ်သားတော်မူ၏။

**၂ကော၃း၁၈ ငါတို့ရှိသမျှသည်မျက်နှာဖုံးကိုဖွင့်လျက်မှန်ကိုကြည့်သကဲ့ သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော် တရား၏ အရှင်သည် ရောင်ခြည်တော်ကိုလွှတ်တော်မူသည့်အတိုင်း၊ ငါတို့သည်ဘုန်းအသရေတိုးပွား၍ပုံသဏ္ဌာန်တော်နှင့်အညီပြောင်းလဲခြင်းရှိရကြ၏။**

# ကိုးကွယ်ခြင်းယဇ်ပလ္လင်တည်ခြင်း

**ဓမ္မဟောင်းကျမ်းစာတလျှောက်တွင် ထပ်ခါထပ်ခါဆိုသလို တစ်ဦးတည်း သို့မဟုတ် အုပ်စုလိုက်အားဖြင့် ဘုရားသခင် ပြုခဲ့သော အမှုများအတွက်**

ချီးမွမ်းခြင်းယဇ်ပလင်များတည်ကြသည်။ဟေဗြဲစကားအားဖြင့် "ယဇ်ပလ္လင်"၏

အဓိပ္ပါယ်မှာ"ယဇ်ပူဇော်ရာနေရာ"ဟူ၍ဖြစ်သည်။

ဘုရားသခင်သည် သူ၏လူမျိုးများအား ဝိညာဉ်ယဇ်ပလ္လင်များတည်ရန် စကားပြောနေဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ထိုယဇ်ပလ္လင်တည်ခြင်းအား တစ်ဦးခြင်း သို့မဟုတ် အုပ်စုလိုက် သခင်ဘုရားထံသို့ ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအား ယဇ်ပြုလျက် လာခြင်းအားဖြင့် ပြုနိုင်ပေသည်။

## အာဗြဟံ-မောရိတောင်

သင်ခန်းစာ တစ် အား လေ့လာခဲ့စဉ် "ကိုးကွယ်ခြင်း"ဟူသောစကားလုံးကို ပထမဆုံးတွေ့ရသောအချိန်မှာ အာဗြဟံသည် ဘုရားသခင်၏ အမိန့်တော်ကို နာခံ၍ မိမိသားဣဇက်ကို ယဇ်ပူဇော်ရန် မောရိတောင်သို့သွား၍ ယဇ်ပလ္လင် တည်သောအချိန်၌ ဖြစ်သည်။

**က ၂၂း၅ 	ငယ်သားနှစ်ယောက်တို့အား၊သင်တို့သည်ဤအရပ်၌မြည်းနှင့် အတူနေရစ်ကြလော့။ ငါသည်သားနှင့်အတူ ထိုအရပ်သို့သွား၍၊ ကိုးကွယ်ခြင်းကိုပြုအံ့။ထိုအမှုပြီးမှသင်တို့ဆီသို့ပြန်လာဦးမည်ဟုဆို လေ၏။**

ထို ကိုးကွယ်ခြင်းနှင့်ပတ်သတ်သော "ပထမဆုံးဖော်ပြချက်" မှ ကျွန်ုပ်တို့ သင်ယူရရှိသည်မှာ ကိုးကွယ်ခြင်းသည် ပြင်းထန်၊ မြင့်မားသောယဇ်ကို တောင်းဆိုသည့်အမိန့်တော်အား နာခံခြင်း၏ အပြုအမူတစ်ခုပင်ဖြစ်သည်။

အာဗြဟံ၏ နာခံမှုရှိသောကိုးကွယ်ခြင်းကြောင့် ဘုရားသခင်သည် ဣဇက်အစား ပူဇော်ရန်ယဇ်ကိုပြင်ဆင်ပေးခဲ့သည်။ ဘုရားသခင်သည် မိမိကိုယ်ကို ယေဟောဝါ-ယိရေ ကျွန်ုပ်တို့အား ထောက်ပံ့သောအရှင် အဖြစ် ဖော်ပြခဲ့သည်။

**က ၂၂း၁၃-၁၄ခ 	ထိုအခါ အာဗြဟံသည် မြော်ကြည့်၍၊ မိမိနောက် မှာ ချုံဖုတ်၌ ချိုငြိလျက်ရှိသောသိုးကိုမြင်လေ၏။ထိုသိုးကိုသွား၍ ယူပြီး လျှင်၊ မိမိသားကိုယ်စား မီးရှို့ရာယဇ် ပြု၍ ပူဇော်လေ၏။ ထိုအရပ်ကို ယေဟောဝါယိရေဟုအာဗြဟံသမုတ်လေ၏။ထိုသို့နှင့်အညီ၊တောင်ပေါ်မှာ ထာဝရဘုရားပြင်ဆင်တော်မူမည်ဟု ယနေ့တိုင်အောင်ဆိုလေ့ရှိသတည်း။**

### ➤ *အဘယ်ကြောင့်မောရိတောင်ဖြစ်ရသနည်း?*

ဘုရားသခင်သည်အဘယ်ကြောင့်အာဗြဟံအားမောရိပြည်၌ရှိသောတိကျသော တောင်သို့သွားရန် စေလွှတ်ခဲ့ပါသနည်း? အဘယ်ကြောင့် ထိုနေရာ၌အာဗြဟံ ပြုခဲ့သော ယဇ်ပူဇော်ခြင်းသည်အလွန်အရေးကြီးခဲ့ပါသနည်း?အဘယ်ကြောင့် ဘုရားသခင်သည်အာဗြဟံ၏တစ်ယောက်တည်းသောသားကိုတောင်းဆိုခဲ့ပါသနည်း?

**က ၂၂း၂ သင်သည် အလွန်ချစ်သော တယောက်တည်းသောသား ဣဇာက်ကို ယူ၍၊ မောရိပြည်သို့သွားလော့။ငါပြလတ့ံသော တောင်ပေါ် မှာ၊ သူ့ကိုမီးရှို့ရာယဇ်ပူဇော်လော့ ဟုမိန့်တော်မူ၏။**

များစွာသောသူတို့သည် အာဗြံဟံ နာခံခြင်းနှင့် မိမိသားအား လိုလားစွာ ပေးအပ်ခဲ့သော မောရိတောင်သည် ဘုရားသခင်၏ တပါးတည်းသော သားတော် ယေရှု အသေခံခဲ့သောနေရာဖြစ်ကြောင်း ယုံကြည်ကြသည်။ ထိုနေရာသည် ဘုရားသခင် ကျွန်ုပ်တို့အား ရွေးနှုတ်ခြင်းနှင့် ကျွန်ုပ်တို့ အပြစ်အတွက် သေခြင်းအဖိုးအခကို အစားထိုးခဲ့ရာနေရာဖြစ်သည်။

အာဗြံဟံ ပရောဖက်ပြုချက်များပြည့်စုံရန် စောင့်ဆိုင်းခဲ့သော နှစ်များသည် ထိုတိကျသောနေရာသို့ လာရောက်နိုင်ရန် ယုံကြည်ခြင်း နှင့်နာခံခြင်း၌ ပြည့်စုံသောသူဖြစ်ဖို့အလို့ငှာ ပြင်ဆင်ခြင်းခံသောနှစ်များ ဖြစ်နေပါသလား?

## ကိုးကွယ်ခြင်းနောက်တွင် အကြည့်အရှုကွဲလာခြင်းရှိသည်

အာဗြံဟံ၊ ဣဇက်၊ ယာကုပ်တို့ သွားခဲ့သော နေရာတိုင်း၌ ဘုရားသခင် အားကိုးကွယ်သော ယဇ်ပလ္လင်များကို သူတို့တည်ဆောက် ကြသည်။

ယဇ်ပလ္လင်တစ်ခု တည်ဆောက်ပြီးသည့် အခါတိုင်းထို ယဇ်ပလ္လင်တည်ရာ အရပ် ၌ ကောင်းကင်တမန်များ၏ ထင်ရှားခြင်း သို့မဟုတ် ဘုရားသခင် ကိုယ်တော်တိုင် ထင်ရှားခြင်းအား ကျမ်းစာ၌ အကြိမ်ပေါင်းများစွာ ဖော် ပြထားသည်။

ကျွန်ုပ်တို့ဘုရားသခင်အား နာမ်ဝိညာဉ် နှင့် သစ္စာအားဖြင့်ကိုးကွယ်သောအခါ ကျွန်ုပ်တို့သည် ဝိညာဉ်ယဇ်ပလ္လင်များကို တည်ဆောက်နေ ခြင်းဖြစ်သည်။

## အာဗြံဟံ၊ ဣဇက်၊ ဗေသလ

ကမ္ဘာဦး ၁၂ ၌ အာဗြံဟံသည်ဗေသလအရပ်၌ယဇ်ပလ္လင်တစ်ခုတည်ခဲ့ကြောင်း ကျွန်ုပ်တို့သိရှိခဲ့သည်။ နှစ်ပေါင်းများစွာ ကြာသောအခါယာကုပ်သည်ဗေသလ သို့ရောက်လာခဲ့၍ ဝိညာဉ်နယ်ပယ်ထဲ၌ ဖြစ်ပျက်နေသော အရာကို အိပ်မက် တစ်ခု မြင်မက်ခဲ့သည်။

**က ၂၈း၁၂-၁၃ခ မြင်ရသောအိပ်မက်ဟူမူကား၊မြေကြီးပေါ်၌လှေကား ထောင်လျက်အဖျားသည်မိုယ်းကောင်းကင်တိုင်အောင်မှီ၏။ဘုရားသခင်၏ကောင်းကင်တမ န်တို့သည်၊ထိုလှေကားဖြင့်ဆင်းလျက်တက်လျက်ရှိကြ၏။ ထာဝရဘုရားသည် လှေကားထက်၌ ရပ်တော်မူလျက်၊**

ထိုဗေသလ၌ပင် ဣဇက်အား ဘုရားသခင် ထင်ရှား၍ စကားပြော ခဲ့သည်။ ကျွန်ုပ်တို့ ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအားဖြင့် ထိုးဖောက်မှုဖြစ်ခဲ့သောအရပ် များတွင် ဝိညာဉ်နယ်ပယ်ထဲ၌ အံ့သြဖွယ်ရာအဖြစ်အပျက်များဖြစ်လေ့ရှိသည်။

## ကိုးကွယ်ခြင်းသည်တံခါးများကိုပွင့်စေသည်

**က ၂၈း၁၆-၁၇ ယာကုပ်သည် အိပ်ပျော်ရာမှ နိုးလျှင်၊ အကယ် စင်စစ် ထာဝရဘုရားသည် ဤအရပ်၌ရှိတော်မူ၏။ ရှိတော်မူကြောင်းကို ငါမသိ။ ဤအရပ်ကား၊ အဘယ်မျှလောက် ကြောက်မက်ဘွယ်ဖြစ်သည် တကား။ဤအရပ်ကား၊အခြားမဟုတ်၊ဘုရားသခင်၏ဘုံဗိမာန်၊ကောင်းကင် တံခါးဝဖြစ်သည် တကားဟု၊ ကြောက်ရွံ့ခြင်း သို့ရောက်၍ဆို၏။**

ကိုးကွယ်ခြင်းအားဖြင့် ကောင်းကင်တံခါးဝပွင့်သွားခဲ့သည်။

**ဆာလံ ၂၄း၇ အချင်းတံခါးတို့၊ တံခါးမုတ်ကို ကြွလိုက်ကြ။အချင်းထာဝရ တံခါးတို့၊ ကိုယ်ကို ကြွလိုက်ကြ။ဘုန်းကြီးသော ရှင်ဘုရင်ဝင်တော်မူမည်။**

## ဒါဝိဒ်- သိုးထိန်း၏ ကွင်းပြင်

ဒါဝိဒ်သည် သိုးထိန်းဖြစ်ခဲ့စဉ်အခါက ဗက်လင်မြို့၏ အပြင်ဖက် ကွင်းပြင်ထဲ၌ ဘုရားသခင်အား နာရီပေါင်းများစွာ ချီးမွမ်းခဲ့ခြင်းသည်တိုက်ဆိုင်မှုတစ်ခုဖြစ်ခဲ့

ပါသလား? သို့မဟုတ်သူသည် ဘုရားသခင်အား ကိုးကွယ်ခြင်းအားဖြင့် ကောင်းကင်၏ တံခါးကို ဖွင့်ခဲ့ပါသလား?

ထိုနေရာ၌ပင် နှစ်ရာပေါင်းများစွာကြာ သောအခါ ယေရှု မွေးဖွားချိန်၌ ကောင်းကင်တမန်များ သိုးထိန်းတို့ထံသို့ထင်ရှား၍ သီချင်းဆိုခဲ့လေသည်။

**လုကာ ၂း၁၄ ကောင်းကင်ဘဝဂ်ဝယ်၊ ဘုရားသခင်သည် ဘုန်းကြီး တော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်းဟု ဘုရားသခင်ကို ချီးမွမ်း မြွတ်ဆိုကြ၏။**

# ချီးမွမ်းခြင်းသည် ဖုံးအုပ်သောကန့်လန့်ကာကို ပွင့်လှစ်စေသည်

## မှောင်မိုက်ကန့်လန့်ကာ

လူစီဖာသည် ဖုံးလွှမ်းသော ဘိသိတ်ခံ ခေရုဗိမ် ဖြစ်ခဲ့သည်။ သူ၏သဘာဝမှာ ဖုံးလွှမ်းခြင်းဖြစ်သည်။ သို့သော်ယခု၌ သူသည်ကောင်းကင်ပလ္လင်အားဘုန်းနှင့် ပြည့်သော ချီးမွမ်းကိုးကွယ်ခြင်း နှင့်ဖုံးလွှမ်းရမည့်အစားမြေကြီးအားမှောင်မိုက် ကန့်လန့်ကာဖြင့် ဖုံးလွှမ်းနေသည်။

**ဟေရှာယ၆၀း၂ ကြည့်ရှုလော့။မှောင်မိုက်သည်မြေကြီးကိုဖုံးလွှမ်းလိမ့် မည်။ ထူထပ်သော မှောင်မိုက်သည် လူများကို ဖုံးလွှမ်း လိမ့်မည်။ သို့သော်လည်း၊ သင်၏အပေါ်မှာ ထာဝရဘုရားသည်ပေါ်ထွန်းတော်မူ၍၊ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှား လျက်ရှိလိမ့်မည်။**

စာတန်သည် သူ၏နယ်မြေများအပေါ်၌ အုပ်စိုးရန် မှောင်မိုက်၌ အစိုးရသော မင်း တန်ခိုးအာဏာစက်များကို ခန့်ထားသည်။

**ဧဖက် ၆း၁၂ အကြောင်းမူကား၊ သင်တို့သည်အသွေးအသားရှိသောရန်သူ တို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာ စက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်း တို၌အစိုးတရပြုလုပ်သောမင်းတို့နှင့်၎င်း၊မိုဃ်းကောင်းကင်၌နေသောနတ်ဆိုး တို့နှင့်၎င်း၊ဆိုင်ပြိုင်တိုက်လှန်ရကြ၏။**

မှောင်မိုက်ကန့်လန့်ကာ၏ ရည်ရွယ်ချက်မှာ လူသားအားလုံးမျက်စိကန်းစေ၍ ဘုရားသခင်၏ ဘုန်းတော်ကို မမြင်စေရန်ဖြစ်သည်။

**၂ကော ၄း၃-၄ ငါတို့ဟောပြောသော ဧဝံဂေလိတရားသည် ဖုံးအုပ်လျက် ရှိလျှင် ၊ဆုံးရှုံးခြင်းသို့ ရောက်သောသူတို့အားသာဖုံးအုပ်လျှက်ရှိ၏။ထိုသို့ မယုံကြည်သောသူတို့ကား ဘုရားသခင်၏ ပုံသဏ္ဍာန်တော်တည်းဟူသော ခရစ်တော်၏ ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား၏ အရောင် သည် အလင်းကိုမပေးစေခြင်းငှါ ဤလောကကို အစိုးရသောဘုရားသည် သူတို့၏ ဉာဏ်မျက်စိကို ကွယ်စေ၏။**

## တန်ခိုးပါသောတိုက်ပွဲ

ကျွန်ုပ်တို့ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းယဇ်ပလ္လင်ကို တည်သောအခါ တန်ခိုး ပါသော အရာများဖြစ်လာသည်။ ဝိညာဉ်ကို မှောင်မိုက်စေသော ကန့်လန့်ကာ

၏"ခြံ့ထည်"သည်တစစီဖြဲဆုတ်ဖျက်ဆီးခံရသည်။ ထိုနယ်မြေအပေါ် အုပ်စိုး သော မှောင်မိုက်ကို အစိုးရသောမင်း သည်လည်း ရှုံးနိမ့်သွားသည်။

**ဟေရှာ ၂၅း၇ လူခပ်သိမ်းကို ဖုံးသောမျက်နှာဖုံးကိုငှင်း၊ ခပ်သိမ်းသော**

**လူမျိုးတို့ကို ဖုံးလွှမ်းသော တင်းတိမ်ကိုငှင်း၊ ဤတောင်ပေါ်မှာပယ်တော် မူလိမ့်မည်။**

ချီးမွမ်းကိုးကွယ်ခြင်းအားဖြင့် ကျွန်ုပ်တို့ကောင်းကင်ကို ပွင့်လှစ်စေသောအခါ ကောင်းကင်တမန်များထင်ရှားလာနိုင်သည်၊ဘုရားသခင် ကိုယ်တော်တိုင် ရောက်လာ နိုင်သည်၊ ကိုယ်တော်၏ မျက်မှောက်တော်ကို ခံစားလာရမည် ဖြစ်သည်။

## ဒံယေလဥပမာ

ဒံယေလ အခန်းကြီး ၁၀ တွင်ဒံယေလ၏စကားအတွက်အဖြေကိုသယ်ဆောင် လာသူ ကောင်းကင်တမန်သည် ၂၁ ရက်တိုင်တိုင်ပေရသိနိုင်ငံကိုအစိုးရသော မင်း၏ ဆီးတားခြင်းကို ခံရသည်။ဝိညာဉ်တိုက်ပွဲများကောင်းကင်၌ဖြစ်ခဲ့သည်။ ထိုကောင်းကင်တမန်သည် ကောင်းကင်တမန်မင်း မိက္ခေလလာ၍ မကူမီတိုင် အောင် ပေရသိပြည်ကို အစိုးရသောမှောင်မိုက်နယ်ပယ်၏မင်းမှတားဆီးခြင်း ကို ခံရသည်။ ဒံယေလ၏စကားအတွက် အဖြေပေးသောအချိန်တွင်မှောင်မိုက် ကန့်လန့်ကာပွင့်လှစ်သွားခဲ့ပြီးကောင်းကင်တမန်လည်းထိုနယ်မြေကိုထိုးဖောက် ဖြတ်သန်းနိုင်ခဲ့သည်။

## ယောရှဖက်၏အောင်မြင်ခြင်း

ယောရှဖက်၏အောင်ပွဲသည် ချီးမွမ်းကိုးကွယ်ခြင်းအားဖြင့်အောင်မြင်ခဲ့သော ကြီးမားသည့် ဥပမာများထဲမှ တစ်ခုဖြစ်သည်။ ထိုအကြောင်းအရာအား သင်ခန်းစာ ၁၀ တွင် အသေးစိတ်လေ့လာခဲ့ပြီးဖြစ်သည်။

ယုဒပြည်သည် တိုင်းပြည်သုံးပြည်၏စစ်တပ်များဖြင့် တိုက်ခိုက်ခံရသောအခါ မိမိတို့၏ အင်အားသည် မျှော်လင့်ချက် မရှိလောက်အောင်ပင် နည်းပါးနေ ကြောင်း တွေ့ခဲ့ရသည်။သို့သော် ယောရှဖက်မင်းနှင့်ယုဒပြည်သူပြည်သားတို့

သည်ဘာလုပ်ရမည်ကိုကောင်းစွာသိခဲ့သည်။သူတို့ဘုရားသခင်၏မျက်နှာတော်ကိုရှာခဲ့ကြသည်။

**၂ရာချုပ် ၂၀း၁၅ ထိုသူက အိုယောရှဖတ်မင်းကြီးနှင့် ယုဒပြည်သူ ယေရုရှလင်မြို့သားအပေါင်းကိုနားထောင်ကြလော့။ထာဝရဘုရားမိန့်**

**တော်မူသည်ကား ထိုအလုံးအရင်းကြီးကြောင့် မကြောက်ကြနှင့်။ စိတ် မပျက် ကြနှင့်။ စစ်မှုသည်သင်တို့တာမဟုတ်၊ဘုရားသခင့်တာဖြစ်၏။**

## သင့်ကိုယ်သင် နေရာချပါ

**း၁၇-၁၈ သို့ရာတွင် အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့ သင်တို့သည် စစ်တိုက်စရာအကြောင်းမရှိသည်ဖြစ်၍၊ တည်ကြည်စွာမတ်တတ်နေလျှက် ထာဝရဘုရားကယ်တင်တော်မူခြင်းကျေးဇူးကိုကြည့်ရှုကြလော့။မကြောက် ကြနှင့်၊စိတ်မပျက်ကြနှင့်။ နက်ဖြန်နေ့ချီသွားကြလော့။ထာဝရဘုရားသည် သင်တို့နှင့်အတူရှိတော်မူလိမ့်မည်ဟုမြွက်ဆို၏။ယောရှဖတ်သည်မြေပေါ်မှာဦးချ၍ယုဒပြ ည်သူယေရုရှလင်မြို့သားအပေါင်းတို့သည်ထာဝရဘုရား ရှေ့တော်၌ ပြပ်ဝပ်လျက် ထာဝရဘုရားကို ကိုးကွယ်ကြ၏။**

"သူတို့ကိုယ်သူတို့နေရာချရန်"ဘုရားသခင်၏စကား သူတို့ထံသို့ ရောက်လာ၍ သူတို့သည်လည်း ကိုးကွယ်လျက်နာခံခဲ့ကြသည်။

**း၁၉ လေဝိအမျိုးကောဟအနွယ်သားနှင့် ကောရအနွယ်သားတို့သည်**

ကာလသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားကို ကျယ်သောအသံနှင့် ချီးမွမ်းခြင်းငှါ ရပ်နေကြ၏။

## သီချင်းသည်များကို ရှေ့တွင်ထားခြင်း

**း၂၀-၂၂ လူများနှင့်တိုင်ပင်ပြီးမှ ထာဝရဘုရား၏ ဂရုဏာတော်သည် အစဉ်အမြဲ တည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့**

**ဟု တပ်ရှေ့မှာ ချီသွားလျက် သန့်ရှင်းခြင်းအသရေ ချီးမွမ်းရသော သီချင်းသည် တို့ကို ထာဝရဘုရားအဖို့ ခန့်ထားတော်မူ၏။**

**ထိုသူတို့သည် ချီးမွမ်းရာ သီချင်းကို ဆိုစပြုကြသောအခါ ယုဒပြည်ကို တိုက်အံ့သောငှါ လာသော စိရတောင်သားတို့ကို အမ္မုန်အမျိုးသား ၊ မောဘအမျိုးသားတို့တဘက်၌ ထာဝရဘုရား ချောင်းမြောင်းစေတော်မူ သဖြင့် အမ္မုန်အမျိုးသား မောဘအမျိုးသားတို့သည်အထိအခိုက်ခံရသော ကြောင့်**

## ရန်သူများ တယောက်ကို တယောက်တိုက်ခိုက်ခဲ့ကြသည်

**း၂၃-၂၄ တဖန်စိရတောင်သား တို့ကိုသုတ်သင်ဖယ်ရှားခြင်းငှါ လုန် ၍တိုက်သဖြင့် အကုန်အစင်သတ်ပြီးမှ တယောက်ကို တယောက်တိုက်**

**ခိုက်၍ပျက်စီးခြင်း သို့ရောက်ကြ၏။ ယုဒလူတို့သည် တော၌ရှိသောကင်း မျှော်စင်သို့ရောက်၍ထိုအလုံးအရင်းကိုကြည့်ရှုသောအခါထိုလူအပေါင်းတို့သည်တစ်ယောက်မျှမလွတ်၊မြေပေါ်မှာလဲသောအသေကောင်ဖြစ်ကြ ၏။**

ရန်သူသည် ကျွန်ုပ်တို့ထက်သာ၍များပြားသောအင်အားနှင့်ဝန်းရံနေသော အချိန်၌ပင်ကျွန်ုပ်တို့သည်မိမိကိုယ်ကိုသခင်ဘုရား၌နေရာချ၍ကိုယ်တော်အား ချီးမွမ်းကိုးကွယ်ခြင်းကိုအစပြုခဲ့လျှင်ဝိညာဉ်နယ်ပယ်ထဲ၌ထိုးဖောက်အောင်မြင်မှုရရှိလာမည်။

ဘုရားသခင်သည် မိမိသန့်ရှင်းသူတို့၏ ချီးမွမ်းခြင်း၌ ကျိန်းဝပ်တော် မူ၏။

# ချီးမွမ်းခြင်းအားဖြင့် တိုက်သောတိုက်ပွဲ

တချိန်က ကောင်းကင်ပေါ်တွင်ချီးမွမ်းသူဖြစ်ခဲ့ဖူးသော ကျွန်ုပ်တို့၏ ရန်သူများ သည် ချီးမွမ်းခြင်း၏ အသံကို မခံရပ်နိုင်ပေ။ ဘုရားသခင် စေလွှတ်တော် မူ သောကောင်းကင်တမန်စစ်သည်များသည် နတ်ဆိုးအင်အားစုများကို အလျှင် အမြန် တိုက်ခိုက်ပေလိမ့်မည်။ ကျွန်ုပ်တို့ ဘုရားသခင်အား ချီးမွမ်းခြင်းကို အစပြုသောအခါ ရန်သူတို့သည် အာရုံထွေပြား၍ အချင်းချင်းတယောက်ကို တယောက်တိုက်ခိုက်ကာ ရှုံးနိမ့်သွားပေလိမ့်မည်။

များစွာသောသူတို့သည် ရန်သူနှင့်စစ်တိုက်နေရကြောင်းကို သိရသော အခါ မိမိတို့၏အချိန်များစွာကိုနတ်ဆိုးနှင့်သူ၏မကောင်းဆိုးဝါးများအားအော်ဟစ် ခြင်း၌ အသုံးပြုလေ့ရှိကြ၏။ သူတို့သည်ရန်သူအပေါ်၌အာရုံစိုက်နေကြသည်။

ယနေ့အချိန်၌တိုက်ပွဲဝင်တေးဂီတအတွက်နေရာတစ်ခုရှိနေပြီဖြစ်သည်။ ထို အရာ သည် ကျွန်ုပ်တို့၏ ရန်သူအပေါ် အောင်မြင်ခြင်းနှင့် စပ်ဆိုင်သော အခွင့်အာဏာကို အမှတ်ရစေ၍ ရန်သူအားလည်း ၎င်းသည် ရှုံးနိမ့်ပြီးသူဖြစ် ကြောင်းအမှတ်ရစေသည်။ အောင်မြင်သောတိုက်ပွဲဆိုသည်မှာ ရန်သူအား အော်ဟစ်နေခြင်းမဟုတ်ဘဲ ချီးမွမ်းခြင်းကို ဇဟိုပြုခြင်းဖြစ်သည်။ထိုချီးမွမ်းခြင်း သည် ကျွန်ုပ်တို့ဘုရားသခင်၏ ကြီးမြတ်ခြင်းကိုသာ အာရုံစိုက် ၍လုပ်ဆောင် ခြင်းဖြစ်သည်။

**ဆာလံ ၁၄၉း၆-၉ တပါးအမျိုးသားတို့အား တရားအတိုင်းအပြစ်ပေး၍ လူစုတို့အား ဒဏ်ခတ်ခြင်းငှါ ၎င်း၊ သူတို့၏ ရှင်ဘုရင်များကို သံကြိုးနှင့် ချည်နှောင်၍ မှူးမတ်များကို**

**သံခြေချင်းခတ်ခြင်းငှါ၄င်း၊ ကျမ်းစာ၌မှတ် သားသော အပြစ်စီရင်ခြင်း ကို သူတို့အားလွတ်ခြင်းငှါ၄င်း၊ သန့်ရှင်းသူ တို့သည် ဘုရားသခင်၏ဂုဏ်တော်ကိုနှုတ်နှင့်ချီးမွမ်း၍သန်လျှက်ကိုလက် နှင့် ကိုင်ကြစေ။ ထာဝရဘုရား၏သန့်ရှင်းသူအပေါင်းတို့သည်ထိုသို့သော ဘုန်းနှင့်ဆိုင်ကြ၏။ ဟာလေလုယာ။**

**ဟောရှာ ၃၂း၂ ထိုမင်းတို့သည် လေလုံ၍ မိုယ်းသက်မုန်တိုင်းကွယ်ရာအ**

**ရပ်ကဲ့သို့၄င်း၊ သွေ့ခြောက်သောမြေ၌ စီးသော ချောင်းရေကဲ့သို့၄င်း၊ နေ ပူသော အရပ် ကျောက်လုံးကြီး၏ အရိပ်ကဲ့သို့ ဖြစ်ကြလိမ့်မည်။**

ယောရှဖတ်၏ တပ်ရှေ့၌ ချီသွားရသောသီချင်းသည်တို့သည် နတ်ဆိုးအား တိုက်ရိုက်တိုက်ခိုက်သောသီချင်းများကို သီဆိုနေခဲ့ခြင်း မဟုတ်ပေ။ သူတို့ သည် **သန့်ရှင်းခြင်း၏ အသရေကို ချီးမွမ်းခြင်း ကိုယ်တော်၏ ဂရုဏာ တော် အစဉ်အမြဲ တည်သောကြောင့် ထာဝရဘုရား အားချီးမွမ်းခြင်း**

သီချင်း များကို သီဆို ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်ကို ကိုးကွယ်နေကြ ခြင်း သာဖြစ်သည်။

## ပေါလုနှင့် သိလ

ပေါလုနှင့် သိလတို့သည်အဝတ်ချွတ်ခြင်း၊ရိုက်နှက်ခြင်းကိုခံ၍ထောင်အတွင်း၌ ၎င်းတို့၏ ခြေများကို ထိပ်တုံးခတ်ကာ အကျဉ်းချ ခြင်းခံခဲ့ရသည်။

**တမန်တော် ၁၆း၂၅-၂၆ သန်းခေါင်အချိန်၌ ပေါလုနှင့် သိလတို့သည် ပဌာနာပြု၍ ဘုရားသခင်ကို ချီးမွမ်းလျက် သီချင်းဆိုလေ၏။ ထောင်ထဲ မှာ နှောင်ဖွဲ့ခြင်းကို ခံရသော သူတို့သည် နားထောင်ကြ၏။ထိုခဏခြင်း တွင် မြေကြီးသည်ပြင်းစွာ လှုပ်သောကြောင့် ထောင်ခြေရင်လည်းလှုပ်**

**ရှား၏။ တံခါးရှိသမျှတို့သည် ချက်ချင်းပွင့်၍ လူအပေါင်းတို့သည် နှောင် ဖွဲ့ခြင်းနှင့်လွတ်ကြ၏။**

ကျွန်ုပ်တို့သည် မည်မျှပင် မဖြစ်နိုင်သော အခြေအနေများကို တွေ့ရစေကာမူ ချီးမွမ်းခြင်းယဇ်ကိုအဆက်မပြတ်ပူဇော်ရမည်။ထိုကဲ့သို့ပြုသောအခါတန်ခိုးပါ သောရလဒ်များကို အမြဲတမ်းတွေ့ရမည်ဖြစ်သည်။ အောင်မြင်ခြင်းသည်အမြင့် ဆုံးသောချီးမွမ်းခြင်းနှင့်အကျွမ်းဝင်ဆုံး ကိုးကွယ်ခြင်းအားဖြင့်သာ ရောက်လာ နိုင်သည်။ ကျွန်ုပ်တို့သည် ဒါဝိဒ် အောက်ပါဆာလံကို ရေးသောအခါ သူနှင့် သဘောတူနိုင်ပေသည်။

**ဆာ ၆၈း၁ (က) ဘုရားသခင်ထတော်မူ၍ ရန်သူတို့သည် အရပ်ရပ်သို့ ကွဲပြားကြပါစေသော။ ဘုရားသခင်ကို မုန်းသောသူတို့သည် အထံတော် က ပြေးကြပါစေသော။**

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁. ကိုးကွယ်ခြင်းအားဖြင့် ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ ကျွန်ုပ်တို့ မည်ကဲ့သို့“ ဝင်ရောက်” မည်နည်း။

၂. ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုးကွယ်လာသောအခါ ဖြစ်ပေါ်လာသော “ထိုးဖောက်မှု” ကို ဖော်ပြပါ။

၃. ရှင်ဘုရင် ယောရှဖတ်၏ လက်အောက်၌ရှိသော ယုဒစစ်တပ်များသည် ဝန်းရံထားသောရန်သူများတစ်ဖက်၌နေ၍ မည်ကဲ့သို့ ထိုးဖောက်ခြင်းကို ရရှိခဲ့သနည်း။

# သင်ခန်းစာ (၁၄)
# ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်း ကိုဦးဆောင်ခြင်း

ကျွန်ုပ်တို့သည် ချီးမွမ်းခြင်း နှင့် ကိုးကွယ်ခြင်းအစီအစဉ် အပေါ်ဘုရားသခင် ၏ ဘိသိတ်ခြင်းကို မျှော်လင့်လျှင် အသင်းတော်၌ ဘုရားသခင်သတ်မှတ်ထား သော အစီအစဉ်နှင့် ပုံစံကို လိုက်နာကြရမည်။

## သင်းအုပ်ဆရာနှင့် အခြားသော အမှုဆောင်လူကြီးများ

## ဝိညာဉ်ရေးရာ ဦးဆောင်မှု

အသင်းတော်၏ သင်းအုပ်ဆရာနှင့် အခြားအမှုဆောင်လူကြီးများသည် အသင်းတော်၌ ထိရောက်သော ချီးမွမ်းကိုးကွယ်ခြင်း အမှုတော်တစ်ခုရှိရန် အတွက် ဝိညာဉ်ရေးရာ ဦးဆောင်မှု၊ အခွင့်အာဏာ၊ ညွှန်ကြားချက် နှင့် ပုံစံများကို ထောက်ပံ့ပေးရမည်။

**၁ပေ ၅း၂-၃ သင်တို့နှင့်အတူရှိသော ဘုရားသခင် ၏သိုးတော်စုကိုထိန်း ခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်။ မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့်မဟုတ်ဘဲအလိုလိုစေတနာရှိ၍ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးသီးအုပ်သော အသင်းတော်တို့ကိုအာဏာအစိုးတရပြုသည် မဟုတ်ဘဲ သိုးတော်စုရှေ့မှာ ပုံသက်သေပြသောသူဖြစ် ကြလော့။**

## တက်ကြွသော ပါဝင်လုပ်ဆောင်မှု

သင်းအုပ်ဆရာနှင့် အခြားအမှုဆောင်လူကြီးများသည် ချီးမွမ်းကိုးကွယ်ခြင်း အစီအစဉ်အားလုံးကို စတင်သည့် အချိန်မှစ၍တက်ကြွစွာပါဝင်သင့်ပေသည်။

**၁တိ ၄း၁၂ သင်၏အရွယ် နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင် မပြုစေ နှင့်။ စကားပြောခြင်း၊ကျင့်ကြံပြုမူခြင်း ၊သူတပါးကိုချစ်ခြင်း၊ သစ္စာစောင့် ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အား ပုံသက်သေကို ပြ လော့။**

## ကောင်းသော ပုံသက်သေ

အကယ်၍ အမှုဆောင်များနောက်ကျ၍လာခဲ့လျှင် သူတို့၏အပြုအမူအားဖြင့် သူတို့သည်အသင်းတော်၏ဝတ်ပြုခြင်းအစီအစဉ်၌ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်း အချိန်အပေါ်အလေးအနက်မထားသကဲ့သို့ ထင်မြင်စရာရှိပြီး၊ ယုံကြည်သူများ သည်လည်း ထိုကဲ့သို့ စိတ်ထားများ ရှိလာနိုင်သည်။

**၁ကော ၁၁း၁ ငါသည် ခရစ်တော်၏ နည်းတူ ကျင့်သကဲ့သို့သင်တို့လည်း ငါနည်းတူ ကျင့်ကြလော့။**

## အမှုတော်ဆောင်ရန်ပြင်ဆင်ခြင်း

သင်းအုပ်ဆရာနှင့်အခြားအမှုတော်ဆောင်များသည်လည်းလူများအတွက်ထိ ရောက် သောအမှုဆောင်ခြင်းပြုနိုင်ရန်အလို့ငှာ ဘိသိတ်စီးထွက်ခြင်းအတွက်

မိမိတို့၏ နှလုံးသားများကို ချီးမွမ်းကိုးကွယ်ခြင်း အချိန်တွင်စနစ်ကျသေချာစွာ ပြင်ဆင်ရန်လိုအပ်သည်။

**တမန် ၆း၂ ထိုအခါတကျိပ်နှစ်ပါးသောတမန်တော်တို့သည်တပည့်တော် အပေါင်းတို့ကို ခေါ်ပြီးလျှင် ငါတို့သည် ဘုရားသခင်၏နှုတ်ကပတ်တရား တော်ကိုထား၍ စားပွဲ၌ လုပ်ကျွေးမှုကို မဆောင်သင့်။**

## ဝိညာဉ်တော်၏ အလေ့အလာကို ပိုင်းခြားသိခြင်း

အမှုတော်မြတ်ငါးခု၌ပါဝင်သောသူတို့သည်အခြားသောအာရုံထွေပြားမှုများကို ရှောင်ကြဉ်၍လူများအားထိုအချိန်၌ အမှုတော်ဆောင်ခြင်းအတွက် သန့်ရှင်း သော ဝိညာဉ်တော်၏ လှုပ်ရှားခြင်း နှင့် အလေ့အလာကိုအကြွင်းမဲ့ ပိုင်းခြား နိုင်ရန် မိမိကိုယ်ကိုပြင်ဆင်ရန်လည်း အလွန်အရေးကြီးသည်။

## ကိုးကွယ်ခြင်းကို ဦးဆောင်သူများအားခန့်ထားခြင်း

တီးမှုတ်သူများနှင့် ကိုးကွယ်ခြင်းကို ဦးဆောင်သူများသည်အသင်းတော်၏အမှု တော်ဆောင်လူကြီးများအားဖြင့် ခန့်ထားခြင်းခံရန်ဖြစ်ပြီး ၎င်းတို့၏ အခွင့် အာဏာ အောက်၌ အမှုတော်ဆောင်ရန်ဖြစ်သည်။ ဖြစ်နိုင်လျှင် ချီးမွမ်း ကိုးကွယ်ခြင်းသည် သင်းအုပ်ဆရာ၊ ပရောဖက်များထဲမှ တယောက်ယောက် သို့မဟုတ် ထိုအမှုအရာများ၌ ဆုကျေးဇူးရှိသော အမှုတော်ဆောင် လူကြီးများ ထဲမှ တယောက်ယောက်အားဖြင့် ဦးဆောင်မှုရှိရန်ဖြစ်သည်။

ထိုအမှုအရာနှင့်ပတ်သတ်သော ကျမ်းစာထဲမှ ဥပမာရှင်ဘုရင်ဒါဝိဒ်သည် တချို့ သော လေဝိမျိုးနွယ်များအား သခင်ဘုရားရှေ့တော်၌ အမှုတော် ဆောင်ရန် တီးမှုတ်သူများအဖြစ်ခန့်ထားခြင်း၌ တွေ့ရသည်။

**၁ရာချုပ် ၁၆း၄ တဖန် ထာဝရဘုရား၏ သေတ္တာတော်ရှေ့မှာ အမှုတော် ကို ဆောင်ရွက်၍ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား၏ဂုဏ် ကျေးဇူးတော်ကို အလှည့်အတိုင်း ချီးမွမ်းစေခြင်းငှါ ခန့်ထားတော်မူသော လေဝိသားများ ဟူမူကား၊**

# ဒါဝိဒ်အားဖြင့်ခန့်အပ်ခြင်းခံရသော ကိုးကွယ်ခြင်းအဖွဲ့

ဒါဝိဒ်အားဖြင့် ခန့်အပ်ခြင်းခံရသောအမှုတော်ဆောင်အဖွဲ့ငယ်တစ်ခုရှိခဲ့သည်။

## ကိုးကွယ်ခြင်းကို ဦးဆောင်သူ

အာသပ်သည် တီးမှုတ်သူတို့၏အကြီးအကဲအဖြစ်ဦးဆောင်မှုအခွင့်အာဏာကို ပေးအပ်ခြင်းခံရသည်။

**၁ရာချုပ် ၁၆း၅ ခွက်ကွင်းတီးသော အကြီးအကဲအာသပ်၊ သူ့နောက် စောင်းတယောတီးသော ဇာခရိ၊ ယေလ၊ ရှေမိ၊ ရာမုတ်၊ ယေဟေလ၊ မတ္တိသိ၊ ဧလျာဘ၊ ဗေနာယ၊ ဩဗဒေဒုံ၊ ယေလတစုနှင့်-၊**

## သီချင်းဦးဆောင်သူ

သီချင်းဦးဆောင်သူ တစ်ယောက်အားလည်း ခန့်အပ်ထားခဲ့သည်။

**၁ရာချုပ် ၁၅း၂၂ လေဝိသားအကြီးအကဲ၊ဖြစ်သောခေနနိသည်သီချင်း အတတ် ၌ လေ့ကျက်သောကြောင့် သီချင်းဆရာကြီးဖြစ်၏။**

**၁ရာချုပ်၁၅း၂၇ခ ဒါဝိဒ်နှင့်သေတ္တာထမ်းသောလေဝိသားများ၊သီချင်း ဆရာ ခေနနိနှင့် သီချင်းဆိုသူများတို့သည် ပိတ်ချောကို ဝတ်ကြ၏။ ဒါဝိဒ်သည် ပိတ်သင်တိုင်းကို လည်းထပ်၍ဝတ်၏။**

## တူရိယာတီးမှုတ်သူများ

တူရိယာတီးမှုတ်သူများအားလည်း ဝတ်ပြုခြင်းအတွက် ခန့်ထားခဲ့သည်။

**၁ရာချုပ် ၂၅း၆-၇ ထိုသားအပေါင်းတို့သည်အာသပ်၊ယေဒုသုန်၊ဟေမာန် တို့ကို ရှင်ဘုရင်စီရင်သည့်အတိုင်း အဘဟေမာန်၌ တပည့်ဖြစ်၍ထာဝရ ဘုရားအရှင် ဘုရားသခင်၏ အိမ်တော်၌ခွက်ကွင်း၊ စောင်း၊ တယော ကို တီးလျက် သီချင်းဆို၍ အမှုတော်ကိုဆောင်ရွက်ရကြ၏။ထိုသူတို့နှင့်တကွ ထာဝရဘုရား၏သီချင်းကိုသင်၍လေ့ကျက်သောညီအစ်ကိုပေါင်းကားနှစ်ရာရှစ်ကျိပ်ရှစ်ေယာက်တည်း။**

## ကိုးကွယ်ခြင်းဦးဆောင်သူများ-သူတို့၏ အမှုတော်ဆောင်ဆုကျေးဇူးများနှင့် သင်တန်းများ

### ပရောဖက်များကဲ့သို့လုပ်ဆောင်ခြင်း

မကြာခဏဆိုသလို ကိုးကွယ်ခြင်းဦးဆောင်သူများအဖြစ် ဘုရားသခင်ရွေးချယ်သောသူတို့သည်ပရောဖက်တယောက်၏"ဆုကျေးဇူး"ကိုရရှိလာတတ်ကြသည်။ တေးဂီတသည်လည်းမကြာခဏဆိုသလို ပရောဖက်ပြုခြင်း၏ ဝိညာဉ်အား အလုပ်လုပ်ရန် အသုံးပြုခြင်းခံရသည်။

**၁ရာချုပ် ၂၅း၁ ထိုမှတပါး အာသပ်၊ဟေမာန်၊ ယေဒုသုန်သားတို့နှင့်အတူ ဝိုင်း၍ စောင်း၊ သယော ၊ခွက်ကွင်းကို တီးမှုတ်လျက် ကိုးကွယ်ခြင်းအမှုကို ဆောင်ရွက်စရာဘို့ ဒါဝိဒ်နှင့် ပရိတ်သတ်ဘိုခြေ အကြီးအကဲတို့သည် ခွဲခန့်သောသူတို့စာရင်း ဟူမူကား ။**

**၁ရာချုပ် ၂၅း၃ ယေဒုသုန်သားဂေဒလိ၊ဇေရိ၊ရှိမိ၊ယေရှာယ၊ဟုရှဘိ၊ မတ္တိသိပေါင်းခြောက်ယောက် ၊သူတို့သည် အဘယေဒုသုန်၌တပည့်ဖြစ် ၍ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ဘော်ပြချီးမွမ်းခြင်းငှါ စောင်း တီးလျက် ကိုးကွယ်ခြင်းအမှုကို ဆောင်ရွက်ရကြ၏။**

### တေးဂီတ၌ လေ့ကျင့်သင်ကြားခံယူခြင်း

သခင်ဘုရားအားတေးဂီတနှင့် အမှုတော်ဆောင်ရန် အတွက် ခေါ်သံနှင့် ဝန်တာ ကို ဘယ်သောအခါမျှပေါ့ဆစွာ သဘောမထားသင့်ပေ။ သီဆိုသူ သို့မဟုတ်တီးမှုတ်သူအစရှိသည့်ချီးမွမ်းခြင်းကိုဦးဆောင်သူများသည်ကျွမ်းကျင် သောဂီတပညာရှင်များဖြစ်လာရန်ဂရုတစိုက်သင်ကြားခြင်းကိုခံယူ၍ လေ့ကျင့် ရန် လိုအပ်ပေသည်။

**၁ရာချုပ်၂၅း၆၇ ထိုသားအပေါင်းတို့သည်အာသပ်၊ ယေဒုသုန်ဟေမာန် တို့ကို ရှင်ဘုရင်စီရင်သည့်အတိုင်း အဘဟေမာန်၌ တပည့် ဖြစ် ၍ ထာဝရဘုရားအရှင် ဘုရားသခင်၏အိမ်တော်၌ခွက်ကွင်း၊စောင်း၊တယော ကိုတီးလျက်သီချင်းဆို၍အမှုတော်ကိုဆောင်ရွက်ရကြ၏။ထိုသူတို့နှင့်တကွ ထာဝရဘုရား၏သီချင်းကိုသင်၍လေ့ကျက်သောညီအစ်ကိုပေါင်းကားနှစ်ရာရှစ်ကျိပ်ရှစ်ေယာက်တည်း။**

➢ ***ဘုရားသခင်၏ ဘိသိတ်ခံ***

ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းကို ဦးဆောင်သောသူတစ်ယောက်သည် အသင်း တော်၌ ထိုကဲ့သို့ထူးကဲ၍ အရေးကြီးသည့် အမှုတော်ကို ဆောင်ရွက်ရန်ဘုရား သခင်၏ ဘိသိတ်ပေးခြင်းကို ခံရသူဖြစ်ရမည်။ ထိုအရာသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ အလေးထား၍ ပြုစုပျိုးထောင်ရန်လိုအပ်သောဆုကျေးဇူးနှင့် ခေါ်သံဖြစ်သည်။

**၁ယော ၂း၂၀ ၊ း၂၇ သင်တို့သည် သန့်ရှင်းတော်မူသောဘုရား၏ လက်မှ ဘိက်သိက် ကျေးဇူးတော်ကို ခံရ၍ ခပ်သိမ်းသောအရာတို့ကို သိကြ၏။**

**သို့သော်လည်း သန့်ရှင်းတော်မူသော ဘုရား၏ လက်မှသင်တို့ ခံရသော ဘိသိက်ကျေးဇူးတော်သည် သင်တို့၌ ရှိသည်ဖြစ်၍ အဘယ်သူမျှ သင် တို့ကို ဆုံးမ ဩဝါဒပေးစရာ အကြောင်းမရှိ၊ ထိုဘိသိက်ကျေးဇူးတော် သည် ဖြစ်ယောင်ဆောင်သည်မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသော အရာတို့ကို သင်တို့အားသွန်သင်တော် မူသည်အတိုင်း သင်တို့သည် သား တော်၌ တည်နေကြလော့။**

➢ ***ကိုးကွယ်သောသူ***

ချီးမွမ်းခြင်းကို ဦးဆောင်သူများသည် မိမိကိုယ်တိုင်အသက်တာ၌ မလျှောက် လှမ်းသောအရာကိုလူများအားဦးဆောင်ရန်မဖြစ်နိုင်ပေ။ပြင်းပြသော ချီးမွမ်း ခြင်းနှင့် ကိုးကွယ်ခြင်းသည်ထိုဦးဆောင်သူ၏နေ့စဉ် ကိုယ်ပိုင်အသက်တာ နှင့် ဆက်ကပ်ခြင်းထဲ၌ရှိနေရမည်။

**ယော ၄း၂၃ -၂၄ ကိုးကွယ်သောသူ မှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၄င်း၊ သစ္စာတရားနှင့် ၄င်းကိုးကွယ်ရမည့်အချိန် ကာလသည် လာ၍ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကားထိုသို့ကိုးကွယ်သောသူ တို့သည်ခမည်းတော်သည်အလိုရှိတော်မူ၏။ဘုရားသခင်သည်နံဝိညာဉ် ဖြစ်တော်မူ၏။ ဘုရားသခင်ကိုကိုးကွယ်သော သူတို့သည် နံဝိညာဉ်နှင့် ၄င်း၊သစ္စာနှင့်၄င်း ကိုးကွယ်ရမည် ဟုမိန့်တော်မူ၏။**

➢ ***ဝိညာဉ်ရေးရာရင့်ကျက်သူ***

ခရစ်တော်၏ ကိုယ်ခန္ဓာထဲ၌ ခေါင်းဆောင်တစ်ယောက်ဖြစ်ရန် ထိုသူသည် ရင့်ကျက်သောယုံကြည်သူ သို့မဟုတ် သူမ၏ပညာ အတွေ့အကြုံနှင့် လိမ္မာ ပါးနပ်သော ဝိညာဉ်ရေးရာဦးဆောင်မှုသည် ကိုယ်ခန္ဓာ၏ ပါဝင်ခြင်းအား လွန်စွာခွန်အားဖြစ်စေလိမ့်မည်။

**ဧဖက် ၄း၁၂ -၁၃ ဓမ္မဆရာ၏အမှုကို ပြုတတ်မည့်အကြောင်း သန့်ရှင်း သူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ ထိုသခင်သည် လူအချို့တို့ကို တမန်တော် အရာ၌၄င်း ၊အချို့တို့ကို ပရောဖက်အရာ၌၄င်း ၊အချို့တို့ကို သာသနာပြု အရာ၌၄င်း ၊အချို့တို့ကို သင်းအုပ်ဆရာ၊ဆရာအရာ၌၄င်း ခန့်ထားတော် မူ၏။ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၄င်း၊ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၄င်း၊တညီတညွတ်တည်းရောက်၍ခရစ်တော်၏ပြည့်စုံခြင်း ပမာဏ အရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ရောက်ကြသည် တိုင်အောင် ဖြစ်သတည်း။**

➢ ***ခေါင်းဆောင်နိုင်မှုအရည်အသွေးများ***

သူတို့သည် လူများအားလုံ့ဆော်၍ ဦးဆောင်နိုင်သောသူဖြစ်ရမည်။

၁ကော ၁၁း၁ ငါသည် ခရစ်တော်၏ နည်းတူ ကျင့်သကဲ့သို့ သင်တို့ လည်းငါနည်းတူ ကျင့်ကြလော့။

➢ *ဝိညာဉ်ရေးရာအကင်းပါးခြင်း*

သူတို့သည် အသင်းတော်ယုံကြည်သူများ၏တုံပြန်မှုပေါ်၌နိုးကြား၍၊အကင်းပါး လျက်တချိန်တည်းမှာပင်သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိတ်နှင့်ဦးဆောင်မှု နောက်သို့ အကင်းပါးစွာလိုက်သောသူ ဖြစ်ရမည်။

**ဆာလံ၇၈း၇၂ ထိုသူသည်ဖြောင့်မတ်သောသဘောရှိသည့်အတိုင်းကျွေး မွေး ၍ လိမ္မာသောလက်နှင့်ပို့ဆောင်လေ၏။**

➢ **ဝန်ခံခြင်းရှိသူ**

သူတို့သည် အသင်းတော်ထဲ၌ သင်းအုပ်ဆရာနှင့် အခြားသောဝိညာဉ်ရေးရာ ကြီးရင့်မှုများကိုအသိအမှတ်ပြု၍ဝန်ခံရမည်။

**၁ပေ ၅း၅ ထိုနည်းတူ အသက်ပျိုသောသူတို့ အသက်ကြီးသောသူတို့ ၏ စကားကိုနားထောင်ကြလော့။ ထိုမျှမကအချင်းတယောက်အောက် တယောက် နှိမ့်ချလျက်နေ၍ နှိမ့်ချခြင်းတန်ဆာကို ဆင်ကြလော့။အ
ကြောင်းမူကားထောင်လွှားစော်ကားသောသူတို့ကိုဘုရားသခင်ဆီးတား တော်မူ၏။ စိတ်နှိမ့်ချသောသူတို့အားး ကျေးဇူး ပြုတော်မူ၏။**

➢ **သန့်ရှင်းဖြောင့်မတ်နှိမ့်ချသူ**

ကိုးကွယ်ခြင်းကို ဦးဆောင်သူသည်အကျင့်စာရိတ္တထင်ရှားကောင်းမွန်သူအပြစ်တင်ခွင့်ကင်းလွတ်လျက်ဖြောင့်မတ်သောအသက်တာရှိသူဖြစ်ရမည်။ ဘုရား သခင်၏နှိမ့်ချသောအစေခံဖြစ်သည်နှင့်အမျှ သူ၏ အပြုအမူများသည်ဘုရား

သခင်အား အာရုံစိုက်စေရန် ဖြစ်၍ မိမိကိုယ်ကိုထင်ရှားကျော်ကြားရန်ကြိုးစား သောသူမဖြစ်ရပေ။

**၁ပေ ၅း၆ ထို့ကြောင့် ကာလ အချိန်တန်လျှင် ဘုရားသခင်သည် သင် တို့ကိုချီးမြှောက်တော်မူမည် အကြောင်း တန်ခိုးကြီးသောလက်တော် အောက်၌ ကိုယ်ကိုကိုယ်နှိမ့်ချကြလော့။**

➢ **အပ်နှံခြင်း နှင့် သစ္စာရှိသောသူ**

ထိုသူသည် ဘုရားသခင်ပေးသောဝန်တာကို ပြီးပြည့်စုံရန် အချိန်ကျသည့်အထိသစ္စာရှိသောသူဖြစ်ရမည်။

**၁ကော ၄း၂ ထိုမှတပါး ဘဏ္ဍာစိုးမည်သည်ကား သစ္စာရှိရမည်။**

**တူရိယာတီးခတ်သူများ**

## ကျွမ်းကျင်သောဂီတပညာရှင်များအဖြစ်ရွေးချယ်ခံရခြင်း

ကိုးကွယ်ခြင်းအဖွဲ့တွင် တိကျသောတူရိယာကိုတီးခတ်ရန်ဘုရားသခင်ခေါ်ခြင်းခံရသောသူတို့သည် အမြဲတစေထိုတူရိယာကိုတီးခတ်ရာ၌သဘာဝထက်လွန်ကဲသောအစွမ်းကိုပေးအပ်ခြင်းခံရသည်။ထိုအရာသည်သေးငယ်သောအရာမဟုတ်ပေ။မည်သို့ပင်ဖြစ်စေကာမူမိမိ၏ခေါ်ခြင်းနှင့်ထိုက်တန်သောသူအဖြစ်လိုအပ် သောကျွမ်းကျင်မှုအတွက်သင်ကြားခြင်းနှင့်လေ့ကျင့်ခြင်းအား သစ္စာရှိစွာ ခံယူ ကြိုးစားရန်မှာ မိမိ၏ဝန်တာပင် ဖြစ်သည်။

**၁ရာချုပ် ၂၅း၆-၇ ထိုသားအပေါင်းတို့သည် အာသပ်၊ ယေဒုသုန်**

**ဟေမာန်တို့ကို ရှင်ဘုရင်စီရင်သည့်အတိုင်း အဘဟေမာန်၌ တပည့် ဖြစ် ၍ ထာဝရဘုရားအရှင် ဘုရားသခင်၏ အိမ်တော်၌ခွက်ကွင်း၊ စောင်း၊ သယောကို တီးလျက် သီချင်းဆို၍ အမှုတော်ကိုဆောင်ရွက်ရကြ၏။ထိုသူ တို့နှင့်တကွ ထာဝရဘုရား၏သီချင်းကိုသင်၍ လေ့ကျက်သော ညီအစ်ကို ပေါင်းကားနှစ်ရာရှစ်ကျိပ်ရှစ်ယောက်တည်း။**

## တူရိယာများ

ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်းတွင် တူရိယာသုံးမျိုးစလုံး ( ကြိုးတပ်၊ လေမှုတ်၊ ရိုက်ခတ် ) အား အသုံးပြုသည်။

**ဆာလံ ၁၅၀း၃-၅ တံပိုးမှုတ်လျက်ဘုရားသခင်ကို ချီးမွမ်းကြလော့။ သယောနှင့် စောင်းကိုတီးလျက် ချီမွမ်းကြလော့။ ပတ်သာတီးလျက် က ခုန်လျက်နှင့်ချီးမွမ်းကြလော့။ကြိုးနှင့်ပြည့်စုံသောတူရိယာကို တီးလျက် ၊ နှဲခရာကိုမှုတ်လျက်ချီးမွမ်းကြလော့။အသံကျယ်သောသံလွင်ကိုတီးလျက် ချီးမွမ်းကြလော့။အကြီးဆုံးသောလင်းကွင်းကိုလည်းတီးလျက်ချီးမွမ်းကြ လော့။**

ဓမ္မဟောင်းကျမ်းထဲတွင်မှတ်တမ်းတင်ထားခဲ့သော ချီးမွမ်း ကိုးကွယ်ခြင်းပင် လျှင်ဘုရားသခင်သည် တတ်ကျွမ်းမှု၊ တူရိယာနှင့် နေရာကိုပြင်ဆင်ပေးလာ သည် နှင့်အမျှ တူရိယာအသစ်များကို ချီးမွမ်းခြင်းနှင့် ကိုးကွယ် ဝတ်ပြုခြင်း၏ အမြင် နှင့်အရည်အသွေးများတွင်ထပ်၍ဖြည့်ဆွတ်လာခဲ့သည်ကိုတွေ့ရသည်။

ဦးဆောင်သူသည် ခန်းမအကျယ်အဝန်းနှင့် တူရိယာအမျိုးအစားတို့၏ အချိုး ကို ဆင်ခြင်၍ လက်တွေ့ကျကျ တူရိယာများကို လိုသလောက်ထပ်၍ရွေးချယ် ဖြည့်စွက်နိုင်သည်။

## တလုံးတဝတည်းဖြစ်ခြင်း၊ညီညွတ်ခြင်း၊ အသံအကျယ်

တူရိယာတီးခတ်သူသည် ဦးဆောင်သူ၏ ညွှန်ကြားချက်အတွက် နိုးကြားလျက် အကင်းပါးရမည်။ တလုံးတဝတည်းဖြစ်ခြင်း၊ ညီညာခြင်း၊ အခြားသောတူရိယာ များ နှင့် မျှတခြင်းတို့အတွက် များစွာသောလေ့ကျင့်ခြင်းလိုအပ်သည်။တူရိယာ များသည်မိမိတို့အသံအပေါ်ပို၍အာရုံရောက်စေရန်သို့မဟုတ်ကိုးကွယ်သူတို့၏ အသံကိုနစ်မြုပ်သွားစေရန် မပြုဘဲ မိမိတို့၏ အသံသည် စာသားများအား အထောက်အကူဖြစ်စေရမည်။

## ဝိညာဉ်တော်ကို အကင်းပါးခြင်း

တူရိယာတီးခတ်သူများသည် “ကျွမ်းကျင်သောဂီတပညာရှင်များ” ကဲ့သို့သော သန့်ရှင်းသောဝိညာဉ်တော်၏ လှုပ်ရှားမှုကို အကင်းပါးရမည်။ ထိုသို့ပြုခြင်း

အားဖြင့် သူတို့သည်ချီးမွမ်းကိုးကွယ်ဝတ်ပြုနေစဉ် ဘုရားသခင်၏ ဘိသိတ်မှ တဆင့် ဝိညာဉ်တော်၏ ထင်ရှားသောလုပ်ဆောင်မှု ဖြစ်လာစေပေလိမ့်မည်။

တူရိယာတီးခတ်သူများသည် တစ်သံတည်းစီးဆင်းရန်အတွက် အသံ၏ တလုံး တဝတည်းဖြစ်ခြင်းနှင့် ညီညွတ်မျှတခြင်းရှိရန် အကင်းပါးရမည်။

**၂ရာချုပ် ၃၄း၁၂ လုပ်ဆောင်သောသူတို့သည် သစ္စာစောင့်ကြ၏။ လေဝိအမျိုး မေရာရိအနွယ် ယာဟတ်နှင့် ဩဗဒိ၊ကောဟတ်အနွယ် ဇာခရိနှင့် မေရှုလံအစရှိသော တူရိယာမျိုးကိုတီးမှုတ်လျက် သီချင်း ဆို တတ်သော လေဝိသားအပေါင်းတို့သည် ကြည့်ရှုနိုးဆော်ကြ၏။**

ချီးမွမ်းကိုးကွယ်ဝတ်ပြုခြင်း၌ အပြည့်အဝပါဝင်ရခြင်းမှာ ယုံကြည်သူတိုင်း၏
အထူးအခွင့်အရေးနှင့် တာဝန်ဖြစ်သည်။

**ဟေဗြဲ ၂း၁၂ သိတင်းတော်ကို အကျွန်ုပ်ညီအစ်ကိုတို့အား အကျွန်ုပ် ကြားပြောပါမည်။ ပရိတ်သတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်း၍ သီချင်းဆိုပါမည်ဟု လာသတည်း။**

## ကြိုတင်ပြင်ဆင်ခြင်း

အယောက်စီတိုင်းသည် အသင်းတော်သို့မဟုတ် ယုံကြည်သူအစုအဝေးဆီသို့ ရောက်ချိန်၌
မိမိနှလုံးသားကို ပြင်ဆင်၍ ချီးမွမ်းကိုးကွယ်ခြင်း၏ စိတ်ထားနှင့် ပါဝင်ရန်ဖြစ်သည်။

## စောင့်မျှော်ပြင်ဆင်ခြင်း

စောင့်မျှော်ပြင်ဆင်ခြင်းနှင့် မျှော်လင့်တတ်သောစိတ်ထားသည် ကျွန်ုပ်တို့အား
ချီးမွမ်းကိုးကွယ်ဝတ်ပြုခြင်းသို့ဆွဲခေါ် သွားပေလိမ့်မည်။

## တိကျသောအချိန်

အချိန်တိကျခြင်းသည်ဘုရားသခင်အားကျွန်ုပ်တို့၏လေးစားခြင်းနှင့်ချစ်ခြင်းကို
ပြသသည်။ကျွန်ုပ်တို့သခင်ဘုရား၏မျက်မှောက်တော်၌ရှိနေမည့်အချိန်တပိုင်းတစကိုမျှ
လက်လွတ်မခံသင့်ပေ။

ထိုနေရာ၌ တံခါးများမှ တံတိုင်းများ၊ အပြင်မှအတွင်းတံတိုင်းများသို့ “ဝင်ရောက်ခြင်း”
ဝင်ရောက်ခြင်းအဆင့်ဆင့်ရှိသည်နှင့်အမျှ ကျွန်ုပ်တို့ တစ်လှမ်းပြီးတစ်လှမ်း သခင်ဘုရား၏
မျက်မှောက်တော်သို့ ရွှေ့လျားရန် အချိန်မယူမခြင်း စစ်မှန်သောကိုးကွယ်ခြင်း၏ ပြည့်ဝသော
အတွေ့အကြုံကို မခံစားရဘဲ နောက်ကျန်ရစ်ခဲ့ပေလိမ့်မည်။ ကျွန်ုပ်တို့သည် သခင်ဘုရားအား
အပြည့်ဝဆုံး တွေ့ကြုံခံစားခြင်းနှင့် ချီးမွမ်းကိုးကွယ်ခြင်းကို ဖော်ပြရန် စောစီး
စွာလာရောက်ဖို့အလို့ငှာ စီစဉ်လျက်ရောက်လာသည့်အခါ ကျွန်ုပ်တို့၏ဝိညာဉ်

အား ဆုတောင်းဆက်ကပ်ခြင်းနှင့် ငြိမ်ဝပ်လျက် အဆင်သင့်ဖြစ်ရန် ပြင်ဆင် သင့် ပေသည်။

များစွာသောသူတို့သည် ချီးမွမ်းကိုးကွယ်ဝတ်ပြုခြင်း မစတင်မီ ဆုတောင်း ခြင်း အချိန်၏
ကြီးမားသောတန်ဖိုးကို တွေ့ကြုံခံစားကြရသည်။

ကျွန်ုပ်တို့သည် တေးဂီတ၏ ပထမဆုံးသံစဉ်မှ စ၍ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံ
သောမျှော်လင့်ခြင်းစိတ်ထားရှိသင့်ပေသည်။ဘုရားသခင်၏မျက်မှောက်တော်ကို တွေ့ကြုံခံစားရန်
မည့်သည့်အခါကမျှ မရှိခဲ့ဖူးသည့် အားကြီးသော ဝိညာဉ် နှင့် မျှော်လင့်ခြင်း ရှိနေသင့်ပေသည်။

ကျွန်ုပ်တို့သည် မိမိ၏ ဝိညာဉ်၊စိတ်၊ခန္ဓာ အလုံးစုံကို ဘုရားသခင်အားသီဆို၍ ချီးမွမ်းရန်
ဝိညာဉ်ထဲ၌အားထုတ်ရမည်။ ဘုရားသခင်၏ မျက်မှောက်တော် ထဲ ၌မိမိကိုယ်ကို
နစ်မြုပ်ထားရန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့ ဘုရားသခင်ကို ချစ်ခြင်း အား မိမိ၏
အစွမ်းအသံ၊ခန္ဓာနှင့် စိတ်နှလုံးအကြွင်းမဲ့ရှိသမျှနှင့်ကိုယ်တော့်ကို ကိုးကွယ်ခြင်းအားဖြင့်
ဖော်ပြသင့်သည်။

**ဆာ ၁၃၈း၁ အိုထာဝရဘုရား ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့အကျွန်ုပ် ချီးမွမ်းပါမည်။ အခြားတပါးသောဘုရားတို့ရှေ့မှာကိုယ်တော်ကိုထောမနာ သီချင်းဆိုပါမည်။**

## ကိုးကွယ်ခြင်းဦးဆောင်သူနောက်သို့လိုက်ခြင်း

ကျွန်ုပ်တို့သည် ဘုရားသခင်ခန့်အပ်သော ချီးမွမ်းကိုးကွယ်ခြင်းဦးဆောင်သူ၏
စီးဆင်းမှုနောက်သို့မလိုက်ဘဲ ဝိညာဉ်ထဲ၌ နစ်မြုပ်ပျောက်ဆုံး မနေသင့်ပေ။ ကျွန်ုပ်တို့သည်

သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိတ်နှင့်အတူစီးဆင်းလှုပ်ရှား ရန် အတွက် အကင်းပါးနေရပေမည်။

## နှောက်ယှက်ခြင်းများကို မေ့ထားပါ

သင်၏အတွေးများ သို့မဟုတ် အခြားသူများ၏ အပြုအမူများအားဖြင့် သင့်အား အနှောက်အယှက်မဖြစ်ပါစေနှင့်။

သီချင်းစာအုပ် သို့မဟုတ် ပိတ်ကားပေါ်၌ထိုးပြထားသောစာသားများမှာ ကျွန်ုပ်တို့ အတူတကွ စာသားများကိုသိ၍ သီဆိုရန် အထောက်အကူ

မျှသာဖြစ်သည်။ ထိုစာသားများကို သိလာသည့်အခါ၌မူ သင်သည်မလိုအပ် တော့သော ထိုအရာများပေါ်သို့ ဆက်လက်အာရုံစိုက်ထားရန် မဟုတ်ပေ။

တခါတရံ အခြားအရာအားလုံးကို လုံးဝမေ့ထား၍ သခင်ဘုရားပေါ်၌ အာရုံစိုက်နိုင်ရန်အတွက် သင်၏မျက်လုံးများကို မှိတ်ထားခြင်း သို့မဟုတ် မျက်နှာကျက်ကိုသာရှေ့ရှုကြည့်ခြင်းတို့သည် အထောက်အကူဖြစ်နိုင်ပါသည်။ (ကိုးကွယ်ခြင်းဦးဆောင်သူများ ထိုသို့မလုပ်ရပါ )

## ဝိညာဉ်၌သီချင်းသီဆိုခြင်း

ကိုးကွယ်ခြင်းဦးဆောင်သူနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှု နောက်သို့ လိုက်ခြင်းအားဖြင့် ချီးမွမ်းခြင်းတေးဂီတ၏ အချိန်နှင့်အတူ "အခြားသောဘာသာစကား"နှင့် ချီးမွမ်းလာသည့် အချိန်များ ကိုတွေ့ကြုံ လာရပေမည်။ ထိုအချိန်တွင် ကျွန်ုပ်တို့ "ဝိညာဉ်ထဲ၌" သီဆိုခြင်းနှင့်အတူ ကောင်းကင်တမန်များ အတူတကွ လိုက်၍သီဆိုခြင်းကို ခံစားသိမြင်လာရ ပေလိမ့်မည်။

**၁ကော ၁၄း၁၅ သို့ဖြစ်လျှင် အဘယ်သို့ပြုရမည်နည်း။ စိတ်နှလုံးနှင့် ၄င်း ဉာဏ်နှင့်၄င်း ဆုတောင်းရမည်။ စိတ်နှလုံးနှင့်၄င်း ၊ဉာဏ်နှင့်၄င်း သီချင်းဆိုရမည်။**

ထိုသို့ဖြစ်လာသောအခါ"ကောင်းကင်ဘာသာစကား"၏စီးဆင်းမှုထဲသို့သင့် ကိုယ်သင် လွတ်လပ်စွာ စီးမျောလိုက်ရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ အလေ့အလာကို အကင်းပါးစွာ သိလျှင် ဝိညာဉ်တော်ဘုရားသည်သူ၏စကားသာမကသံစဉ်ကိုလည်းပေးတော် မူလိမ့်မည်။

## ဝိညာဉ်သီချင်း

သန့်ရှင်းသောဝိညာဉ်တော်၏ အလေ့အလာကို အကင်းပါးစွာသိတတ်ပါစေ။ သန့်ရှင်းသောဝိညာဉ်တော်၏ဆန္ဒမှာ အမြဲဆိုသလို ခရစ်တော်၏ ကိုယ်ခန္ဓာ အား "ဝိညာဉ်သီချင်း" ကိုပေးရန်ဖြစ်သည်။ ဘုရားသခင်သည် ထိုနည်းလမ်း အတိုင်း သင့်အားဖြင့် အမှုဆောင်လိုသောအခါ၊ ထိုအမှုအရာကိုမလုပ်ဆောင် မှီခေါင်းဆောင်သူများထံမှလိုအပ်သောမည်သည့်အခွင့်အာဏာကိုမဆိုတောင်း ခံပါ။

ထိုအမှုအရာသည် အခြားသောဘာသာစကားပြောခြင်းမှ စတင်၍ ထို့နောက် တွင်သင်၏နားလည်ခြင်းအဖြစ်ကူးပြောင်းရောက်ရှိသွားလိမ့်မည်။ ထိုအရာ သည် ပရောဖက်ပြုချက်ကဲ့သို့ရောက်လာနိုင်သည်။ဘုရားသခင်သည်စကားလုံး များနှင့်သံစဉ်ကိုလည်းပေးတော်မူလိမ့်မည်။အသစ်သောချီးမွမ်းခြင်းသီချင်းများသည်ခရစ်တော်၏ ကိုယ်ခန္ဓာအား ထိုကဲ့သို့သောအချိန်များ၌ ပေးအပ်ခြင်းခံရ လေ့ရှိသည်။

**ဧဖက် ၅း၁၉ ဆာလံသီချင်းမှစသောဓမ္မသီချင်းအမျိုးမျိုးတို့ကိုအချင်းချင်း ပြောဆိုဘတ်ရွတ်၍ နူးညွတ်သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူးဧ၍ သီချင်းဆိုကြလော့။**

**ကောလောသဲ ၃း၁၆ ခရစ်တော်၏ နှုတ်ကပတ်တရားသည်ပညာအမျိုးမျိုး နှင့်သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍ သင်တို့သည် ဆာလံသီချင်းမှ**

**စသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကိုဆုံးမသွန်သင်ခြင်း သတိပေးခြင်းကိုပြု၍နူးညွတ်သောစိတ်နှလုံးနှင့်ဘုရားသခင့်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့။**

## သန့်ရှင်းသောဝိညာဉ်တော်၏စကားပြောခြင်းဆုကျေးဇူးများ

တခါတရံ ချီးမွမ်းခြင်းအချိန်ထဲတွင် သီချင်းတစ်ပုဒ်၏ အဆုံး၌ အခြားသော ဘာသာစကားအားဖြင့်ပြောသော သတင်းစကား၊ ထိုစကားကိုအနက်ပြန်ခြင်း သို့မဟုတ် ပရောဖက်ပြုချက်တို့ကို အခွင့်ပေးသော ခဏတာရပ်တန့်မှု ရှိတတ်သည်။

သင့်ကို ဘုရားသခင်ပေးသော သတင်းစကားကို မပြောခင်ခေါင်းဆောင် သူများထံမှ လိုအပ်သော မည်သည့်အခွင့်အာဏာနှင့် အသိအမှတ် ပြုခြင်း ကိုမဆို ခံယူပါ။ ထိုသတင်းစကားသည် ဝတ်ပြုသူလူထုအားလုံး ရှင်းလင်းစွာ ကြား၍နားလည်နိုင်သည့်နည်းလမ်းဖြင့် ဝေငှသင့်ပေသည်။

## တိတ်ဆိတ်ခြင်းကို အလေးအနက်ထားပါ

ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအချိန်ထဲ၌ရှိသော ရပ်တန့်မှုသို့မဟုတ်တိတ်ဆိတ် မှုတိုင်းသည်လည်း သတင်းစကားပြောရန် သင့်တော်သည့် အချက်ပြခြင်းမျိုး လည်းမဟုတ်ပြန်ပေ။သန့်ရှင်းသောဝိညာဉ်တော်၏အလေ့အလာကိုအကင်းပါး စွာနားလည်တတ်ပါစေ။

ကိုယ်တော့်အား ကိုးကွယ်ခြင်းထဲသို့ တဖြည်းဖြည်းဝင်ရောက်လာသည်နှင့်အမျှ ဘုရားသခင်၏ပြင်းထန်သောမျက်မှောက်တော်ကြောင့်လည်း တိတ်ဆိတ်ခြင်း ဖြစ်လာနိုင်ပါသည်။ ထိုအချိန်မျိုး၌ စကားပြောခြင်းသည် ဘုရားသခင် ဖြစ်စေ ချင်သည့် အရာကိုနှောက်ယှက်သော အရာတစ်ခုသာ ဖြစ်လာနိုင်သည်။

**ဟဗက္ကုတ် ၂း၂၀ ထာဝရဘုရားမူကား သန့်ရှင်းသောဗိမာန်တော်၌ ရှိ တော်မူ၏။ မြေကြီးသားအပေါင်းတို့ ရှေ့တော်၌ ငြိမ်ဝပ်စွာနေကြလော့။**

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁. ကိုးကွယ်ခြင်းဦးဆောင်သူများ၏ လုပ်ငန်းနှင့် ကျမ်းစာမှပြောသည့် လိုအပ်သောအရည်အချင်းများကို ဖော်ပြ

၂. တူရိယာတီးခတ်သူများ၏ ကျမ်းစာမှ ပြောသော လိုအပ်သည့် အရည်အချင်းများကို ဖော်ပြပါ။

၃. ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်း၌ ကိုးကွယ်သူလူများ၏တာဝန်မှာ အဘယ်နည်း။

# သင်ခန်းစာ (၁၅)

# ကိုးကွယ်ခြင်း ဦးဆောင်သူ၏အမှုဆောင်ခြင်း

## ပြင်ဆင်ခြင်း

ဘိသိတ်ခံရပြီး အောင်မြင်သော ကိုးကွယ်ခြင်းအစီအစဉ် တစ်ခုသည် အလို အလျောက်ဖြစ်မလာပါ။ ထိုကိုးကွယ်ခြင်းအစီအစဉ် မစမှီ ဆုတောင်းခြင်းနှင့် ပြည့်သော ပြင်ဆင်ခြင်းနာရီပေါင်းများစွာ လိုအပ်သည်။

ဖော်ပြခဲ့သော ထူးကဲသည့်ဝတ်ပြုခြင်းပုံစံအတိုင်း နောက်တကြိမ် ဝတ်ပြုခြင်း တွင်တူညီသောပုံစံ ရှိရန် မလိုအပ်ပါ။ ဘုရားသခင်သည် မတူညီသော အရာ များကို ဖြစ်စေသည့်ဘုရားဖြစ်သည်။ကိုးကွယ်ဝတ်ပြုခြင်းတစ်ခုစီတိုင်းအတွက် ဆုတောင်းလျက် သခင်ဘုရား၏ ဦးဆောင်ခြင်းကို ခံယူပါ။ ဘုရားသခင်၏ ဝိညာဉ်တော်ဦးဆောင်မှုနောက်သို့လိုက်၍သခင်ဘုရား၏ဘိသိတ်သွန်းလောင်း ခြင်းကို သိနိုင်ရန် အကင်းပါးခြင်းရှိပါ။

**မြည်တမ်း ၃း၂၂-၂၃ ထာဝရဘုရားသည် သနားတော်မူ၍ ဂရုဏာတော် သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲနေကြ၏။ နံနက်တိုင်းဂရုဏာတော်အသစ်ကိုခံရကြ၏။သစ္စာတော်သည်ကြီးမြတ်ပါ၏။**

တချို့သော ချီးမွမ်းကိုးကွယ်ခြင်းအစီအစဉ်များတွင် အချိန်အားလုံးနီးပါးသည် ဘုရားသခင်အားဝမ်းမြောက်စွာ ချီးမွမ်းခြင်းဖြစ်နေနိုင်ပါသည်။ အခြားတဖက် ၌လည်း ဝတ်ပြုခြင်းသည် ပြင်းပြသောကိုးကွယ်ခြင်းအချိန်အတွင်းသို့ လျှင်မြန်စွာဝင်ရောက်သွားခြင်းမျိုးလည်း ရှိနေပေလိမ့်မည်။

## သီချင်းရွေးချယ်ခြင်း

ဖြစ်နိုင်လျှင် ဝတ်ပြုခြင်းအတွက် ပြင်ဆင်ထားသောသတင်းစကား၏ခေါင်းစဉ် ကိုသိထားရန်အရေးကြီးပါသည်။ထိုနောက်ရွေးချယ်ထားသောသီချင်းများသည် မကြာခင်တွင်သွန်သင်မည့် နှုတ်ကပတ်တော်နှင့်အတူစီးဆင်း၍ဝိညာဉ်ရေးရာ အခြေခံအုတ်မြစ်ကိုလုပ်ဆောင်ပြီးဖြစ်ပေလိမ့်မည်။

ချီးမွမ်းခြင်းနှင့်ကိုးကွယ်ဝတ်ပြုခြင်းတွင်အသုံးပြုမည့်သီချင်းများကိုဆုတောင်း ခြင်း နှင့် ရွေးချယ်ရန် အချိန်ယူပါ။

ဝတ်ပြုကိုးကွယ်သူအားလုံးအဆင်ပြေစွာသီဆိုနိုင်သောသီချင်းများကိုရွေးချယ်ပါ။

တခါတရံ သီချင်းများကို အကြိမ်ကြိမ်ထပ်၍သီဆိုခြင်းသည် ကိုးကွယ်သူ၏ အတွေးနှင့် ဆန္ဒများကို ဖြစ်ပေါ်စေသော စာသားနှင့် သတင်းစကားများ ဖြစ်လာပေလိမ့်မည်။

## သီချင်းများကိုစီစဉ်ခြင်း

သီချင်းများကို ကျေးဇူးတော်ချီးမွမ်းခြင်းသီချင်း၊ ကိုယ်ခန္ဓာနှင့် သီဆိုသော အသံကို သာ၍သာ၍မြင့်မားလာစေသော၊ဘုရားသခင်၏ဘိသိတ်နှင့်လူတို့ အား ချီးမွမ်းခြင်း၌ စီးမျောသွားစေသော ဂုဏ်တော် ချီးမွမ်းခြင်းသီချင်း၊ နောက်ဆုံးတွင် ယုံကြည်သူများအား ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ အနီးဆုံးရောက်ရှိသွားစေသောကိုးကွယ်ခြင်းသီချင်းစသည်ဖြင့် "ဝင်ရောက် ခြင်း" အဆင့်ဆင့်ပုံစံအတိုင်း စီစဉ်ပါ။

သီချင်းများသည် ကိုးကွယ်သောသူများ ကိုးကွယ်ခြင်းသီချင်းနှင့် ချီးမွမ်းခြင်း သီချင်း နှစ်မျိုးရောထွေး၍အလှည့်လှည့်ဖြစ်စေသောနည်းလမ်းမျိုးနှင့်တွဲမထား သင့်ဘဲ

တည်ငြိမ်စွာဖြင့်ကိုးကွယ်ခြင်းအဆင့်တိုင်အောင်သာ၍သာ၍မြင့်တက် သွားသော နည်းလမ်းဖြင့် စီစဉ်ထားရမည်ဖြစ်သည်။

သီချင်းများအား အုပ်စုလိုက်တူညီသော အကြောင်းအရာကို အတူတကွ သီဆိုနိုင်ရန် ကီးများကို ဂရုစိုက်စွာရွေးချယ်ပါ။

သီဆိုမည့် သီချင်းများ၏ အစီအစဉ်နှင့် ကီးများကို ဖော်ပြသောစာရင်းအား တူရိယာတီးခတ်သူများနှင့် ပရိုဂျက်တာသုံးလျှင် ထို စာသားထိုးပေးသော သူတို့ အား ပေးထားသင့်ပေသည်။ တူရိယာတီးခတ်သူများအား သင်သည် တေးဂီတသံပုံ သို့မဟုတ် ကိုးကွယ်ခြင်းသီချင်း သံပုံစာအုပ်ထဲတွင်ရှိသော စာမျက်နှာကိုပြရန် လိုအပ်ကောင်းလိုအပ်ပေလိမ့်မည်။ သီချင်းများတစ်ခုနှင့် တစ်ခုကြားတွင် တေးဂီတသည်အဆက်မပြတ်စီးဆင်းသွားရန်အတွက်တူရိယာ တီးခတ်သူများအား ကီးအပြောင်းအလဲများတွင် အသုံးပြုသောလက်ကွက်များ ကိုလည်း အသိပေးရမည်။

သီချင်းအသစ်များဆိုရန် ပြင်ဆင်လျှင် ပရိုဂျက်တာတွင် အသုံးပြုမည့် စာသား ရေးထားသော ဖလင်ကိုပြင်ဆင်ရန်လည်း လိုအပ်မည်ဖြစ်သည်။

**ဆာလံ ၃၃း၃ ရှေ့တော်၌အသစ်သောသီချင်းကို ဆိုကြလော့။ တံပိုး မှုတ်ခြင်းနှင့် တကွ သာယာစွာတီးကြလော့။**

ပရိုဂျက်တာထိုးမည့်သူသည် အသုံးပြုမည့်ဖလင်များကို သီဆိုမည့် အစီအစဉ် အလိုက် ပြင်ဆင်ထားရန်လိုအပ်သည်။

သီချင်းများသည် တစ်ပုဒ်မှတစ်ပုဒ် ရပ်နားခြင်းမရှိဘဲ ကူးပြောင်းခြင်းအားဖြင့် တည်ငြိမ်သေသပ်၍ဝိညာဉ်တော်၏ စီးမျောမှုကိုလည်း ကြုံတွေ့ရလိမ့်မည်။

## ဝိညာဉ်ရေးရာပြင်ဆင်မှု

ခေါင်းဆောင်ကောင်းတစ်ယောက်သည်ဘယ်သောအခါမျှ "အေးစက်ခြင်း" နှင့် ကိုးကွယ် ဝတ်ပြုခြင်းသို့လာလေ့မရှိပါ။ အစည်းအဝေး မစတင်မီ ကိုးကွယ်ဝတ်ပြုခြင်းအတွက်ဝိညာဉ်တော်၏ဖော်ပြလိုသောအကြောင်းအရာကိုသိနားလည်နိုင်ရန် ဆုတောင်းခြင်းနှင့်တကွသီးသန့်ကိုယ်တိုင်ချီးမွမ်း ကိုးကွယ် ခြင်း အချိန်များယူ၍ ပြင်ဆင်မှု ရှိရမည်။ ထို့နောက် မှ သူသည် "တိကျသော ရည်ရွယ်ချက် " ရှိသည့်ပထမဆုံးထပ်ဆိုရန်အပိုဒ်ကို စတင်နိုင်လိမ့်မည်။

ဦးဆောင်သူသည် ကိုးကွယ်ဝတ်ပြုခြင်း၏မိနစ်တိုင်းကို ဝိညာဉ်တော်၏စီးဆင်း မှုထဲ၌ရှိနေရန်ကိုယ်တိုင် ဘုရားသခင်အား စစ်မှန်သောချီးမွမ်းကိုးကွယ်ခြင်း အချိန်များ ထဲမှသာ ရယူနိုင်သည်။

## အပြင်ပန်းပြင်ဆင်မှု

ဝတ်ပြုခြင်းအစည်းအဝေးအတွက် သပ်ရပ်စွာဝတ်ဆင်ပါ။ သင်၏ အပြင်ပန်း အခြေအနေသည်ကိုးကွယ်သောသူများ၏အာရုံကိုအနှောက်အယှက်မဖြစ်ပါ စေနှင့်။ သင်သည်လူများရှေ့၌ဘုရားသခင်အားကိုယ်စားပြုနေသည့်အချိန်တွင် သင်၏စည်းကမ်းရှိခြင်း၊ သန့်ရှင်းခြင်း၊ သပ်ရပ်ခြင်း တို့သည်လည်း အရေးကြီး သောအရာများဖြစ်သည်။

**က ၄၁း၁၄ ထိုအခါ ဖာရောမင်းသည် လူကိုစေလွှတ်၍ ယောသပ်ကို ခေါ်တော်မူ၏။ ယောသပ်သည် ထောင်ထဲက အလျင်အမြန်ထွက်ရ၍ မုတ်ဆိတ်ညှပ်ခြင်း၊ အဝတ်လဲခြင်းကို ပြုပြီးမှ အထံတော်သို့ ဝင်ရ၏။**

### ကိုးကွယ်ခြင်းအဖွဲ့၊ သီချင်းသည်၊ တီးခတ်သူများကိုဦးဆောင်ခြင်း

ကိုးကွယ်ခြင်းအဖွဲ့အတွက်အဖွဲ့ဝင်အယောက်စီတိုင်းကိုသေချာစွာဆုတောင်း၍ ရွေးချယ်ပါ။ ဝိညာဉ်ရေးရာနာခံမှုနှင့် ၎င်းတို့၌ဖြစ်လာနိုင်သည့် ပြစ်မှားမှုနှင့် စာရိတ္တပြဿနာရှိသမျှအား မေတ္တာဖြင့်သို့သော်တိကျပြတ်သားမှုဖြင့်ပြောကြား ရှင်းလင်းထားရမည်။

ဝိညာဉ်ရေးရာဦးဆောင်မှု၏မြင့်မားသော အဆင့်တစ်ခုကို ပုံသက်သေပြ၍ ခွန်အားပေးလျက် တစ်ယောက်စီတိုင်း၏တတ်ကျွမ်းမှုများကို ပျိုးထောင်ပါ။ ထူးခြားကောင်းမွန်ခြင်းအတွက် မြင့်မားသောစံချိန်ကို သတ်မှတ်၍အယောက် စီတိုင်းအား ၎င်းတို့၏ပါဝင်သည့် ကဏ္ဍများအတွက် လိုလားကျေနပ်ကြောင်း ပြပါ။ သစ္စာရှိခြင်း၊ ဝန်ခံအပ်နှံခြင်းနှင့် တလုံးတဝတည်းဖြစ်ခြင်းဝိညာဉ် လိုအပ်သည်။

ကိုးကွယ်ခြင်းအဖွဲ့သည် ကိုးကွယ်ဝတ်ပြုခြင်းမတိုင်မီ အတူတကွဆုတောင်း ရမည်။

## လက်တွေ့ညွှန်ကြားချက်များ

### ဘုရားသခင်၏ဘုန်းကို ထင်ရှားစေခြင်း

လူအများသင့်ကို အာရုံစိုက်လာစေရန် မလုပ်ပါနှင့်။ ကိုးကွယ်ဝတ်ပြုရန် လာသော ယုံကြည်သူများသည် ယေရှုအားမြင်တွေ့ဖို့နှင့် ကိုယ်တော်နှင့် ခမည်းတော်ကို ကိုးကွယ်ရန်သာလာခြင်းဖြစ်သည်။

**မဿဲ ၁၇း၈ သူတို့သည်ကြည့်မျှော်သဖြင့်ယေရှုတယောက်တည်းမှတပါး အဘယ်သူကိုမျှမမြင်ကြ။**

### အကင်းပါးမှုရှိပါ

ဦးဆောင်သူသည် ကိုးကွယ်ဝတ်ပြုခြင်းအချိန်အတွင်းဖြစ်ပျက်နေသော အရာများအပေါ်၌ အကင်းပါးမှုရှိရမည်။

- *ဘုရားသခင်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်ခြင်း*
- *အစီအစဉ်၌ ပါဝင်သောခေါင်းဆောင်ငယ်များ၏ အခြေအနေ*
- *တူရိယာတီးခတ်သူများ*
- *အသင်းလူကြီးများ၏ ဦးဆောင်မှုနှင့် ပညာရှိခြင်း*
- *ကိုးကွယ်ဝတ်ပြုသောလူများအားလုံး*

### စိတ်ချမှုရှိပါ

သင်၏ခေါ်ခြင်းနှင့်အရည်အချင်းအပေါ်တွင်စိတ်ချမှုရှိပါ။ကိုးကွယ်ဝတ်ပြုခြင်း အစီအစဉ်ကိုဦးဆောင်ရန်အမှန်တကယ်သခင်ဘုရားသည်သင့်အားဘိသိတ် ပေးခဲ့ပါလျှင်၊နှိမ့်ချခြင်းဖြင့်ဘုန်းကြီးခြင်းအားလုံးကိုဘုရားသခင်အားပေးရန် သာဖြစ်သည်။ ထိုအခါ ဘုရားသခင်သည်သင့်အားထူးကဲစွာလုပ်ဆောင်နိုင်ရန် အရည်အချင်းကို ပေးပေလိမ့်မည်။

**ဖိ ၄း၁၃ ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။**

## လူတို့အားဦးဆောင်ခေါ်ယူပါ

လူတို့အား ၎င်းတို့ရှိနေသည့် နေရာမှ ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ ဦးဆောင်ခေါ်ယူသွားရမည်။ သင်ရှိနေသည့်နေရာမှလူတို့အားဦးဆောင်ရမည် မဟုတ်ဘဲ ၎င်းတို့ရှိနေသည့် နေရာမှ ကိုယ်ခန္ဓာတစ်ခုတည်းအဖြစ်ဝိညာဉ်ထဲ၌ ပေါင်းစည်းခြင်းသို့ လိမ္မာပါးနပ်စွာ ဦးဆောင်သွားရမည်။

ကိုးကွယ်ဝတ်ပြုသူများနှင့် အမြန်ဆုံးပေါင်းစည်းမှုရရန် နည်းလမ်းရှာဖွေပါ။ သင်၏ဦးဆောင်မှု၌လူများ၏ယုံကြည်မှုကိုတည်ဆောက်ရန်နှင့်ချီးမွမ်းခြင်းထဲသို့ ၎င်းတို့အလျင်အမြန်ရောက်ရှိသွားစေရန် လုပ်ဆောင်ရမည်။

လူများကို ခန္ဓာကိုယ်တစ်ခုတည်းအဖြစ် ဘုရားသခင်၏မျက်မှောက်တော် ခံစားရစေရန် မျှော်လင့်ပြင်ဆင်ခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် "တံခါးများ" အတွင်းသို့ ဝင်ရောက်ရန် တိကျသေချာသော သီချင်းများ နှင့်

ဝိညာဉ်ရေးရာ နည်းစနစ်များ ရှိနေပါသည်။ ကိုးကွယ်ခြင်းဦးဆောင်သူ သည် ဘုရားသခင်၏ဘိသိတ်ကို ၎င်းအားဘုရားသခင် ပေးထားသောကျွမ်းကျင်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ်ထိုအရည်အချင်းများကိုတိုးတက်အောင်ပြုစုပျိုး ထောင်ရမည်။

## အကယ်၍သူတို့မဝင်ရောက်ခဲ့ပါလျှင်

သခင်ဘုရား၏ မျက်မှောက်တော်အတွင်းသို့ လူများသည် ခန္ဓာကိုယ် တစ်ခုတည်းအနေဖြင့် ရွေ့လျားခြင်းနှင့် တလုံးတဝတည်းအဖြစ် "ဝင်ရောက် နေသည်" ကို အလျင်အမြန်သတိပြုမိရမည်။ အကယ်၍မဟုတ်ပါက၊ ၎င်းကို အဟန့်အတားဖြစ်စေသော မည်သည့် အရာကိုမဆို အဘယ်ကဲ့သို့ ကျော်လွှား

နိုင်ရန်နှင့် ရှေ့သို့လျင်မြန်စွာ ဆက်လက်ရွေ့လျားနိုင်ရန် ဘုရားသခင်ထံမှ ဉာဏ်ပညာကို တောင်းခံရမည်။

ဘုရားသခင်၏မျက်မှောက်တော်ထဲသို့ဝင်ရောက်ရာတွင် အပြစ်စီရင်ခြင်း မပြုမိစေရန် သတိပြု၍၎င်းတို့ကို လှုံ့ဆော်ပါ။ မည်ကဲ့သို့ဝင်ရောက်ရမည်ကို ၎င်းတို့အား မေတ္တာနှင့် သွန်သင်ပါ။ ဝိညာဉ်တော်၏ စီးဆင်းမှုကို အဟန့် အတား ဖြစ်စေနိုင်သော မည်သည့်ဝိညာဉ်ကိုမဆို ချည်နှောင်ရမည်။ လိုအပ်လျှင် အခြားသီချင်းတစ်ပုဒ်ပြောင်း၍ ဆိုပါ။

## မဝင်ရောက်သောသူများ

ကျွန်ုပ်တို့သည် အချို့သောသူများ ချီးမွမ်းကိုးကွယ်ခြင်းထဲသို့ အတူတကွ မပါဝင်နိုင်သည့်အကြောင်းရင်းကိုသတိပြုမိရန်လိုအပ်သည်။ တချို့မှာ မယုံကြည်သူများဖြစ်နေနိုင်သည်။ တချို့မှာ ဘုရားသခင်အား နာခံခြင်း ကင်းမဲ့သည့် ပုန်ကန်ခြင်းအသက်တာထဲတွင်အသက်ရှင်နေသော ယုံကြည်သူ များဖြစ်နေနိုင်သည်။ ကျန်သောသူများမှာလည်း ရန်သူ၏ပြစ်တင်စွပ်စွဲခြင်း အောက်၌ရှိနေသောသူ သို့မဟုတ် ကိစ္စများစွာ၏ဝန်ထုပ်များအောက်တွင် ရောက်နေသောသူများ ဖြစ်နေနိုင်ပေသည်။ တချို့သောသူများမှာ မည်သို့ တိုးဝင်ရမည်ကို မသိသောသူများလည်းဖြစ်နေနိုင်ပါသည်။

သင်သည်ကိုးကွယ်ခြင်းကို ဦးဆောင်သူတစ်ယောက်အနေနှင့် ပါဝင်ကိုးကွယ် ခြင်းမရှိသောသူများကြောင့် မိမိကိုယ်ကို စိတ်အနှောင့်အယှက် အဖြစ်မခံရပါ။ လူများအားလုံးသည် စိတ်နှလုံးတလုံးတဝတည်း ပါဝင်ကိုးကွယ်လာခြင်းသည် အလွန်ပင်ဝမ်းမြောက် အားရဖွယ်ကောင်းပေသည်။ မည်သို့ပင်ဖြစ်စေကာမူ တခါတရံတွင် ပါဝင်ကိုးကွယ်ခြင်းမရှိသောသူများကိုအာရုံပြုမနေဘဲအတူတကွ ကိုးကွယ်နေသောယုံကြည်သူများအပေါ်၌သာအပြည့်အဝအာရုံထားရပေမည်။ တခါတရံတွင်ပါဝင်ခြင်းမရှိသော ထိုသူများအားသီးသန့် တစ်ဦးချင်း အချိန်ယူ လျက်

တဖြည်းဖြည်း သွန်သင်ခြင်းတိုက်တွန်း ခင်းအားဖြင့်သာ၍ကြီးမားသော ပါဝင်မှုအဆင့်သို့ ဆွဲခေါ်ရပေမည်။

## မျက်လုံးများဖွင့်ထားပါ

သင်မျက်လုံးများပိတ်ထားလျှင် ကိုးကွယ်ခြင်းထဲသို့ သင်ဦးဆောင် နေသော လူများအားလည်းပိတ်ထားခြင်းဖြစ်ပေသည်။ ဦးဆောင်သောသူသည် ချီးမွမ်း ဝတ်ပြုခြင်းအချိန်အတွင်း လူများရောက်ရှိနေသော ဝိညာဉ်ရေးရာအခြေအနေ နှင့် မည်သည့်အရာများဖြစ်နေသည်ကို ဂရုထားရပေမည်။ ဦးဆောင်သော သူသည်သူသို့မဟုတ်သူမဦးဆောင်နေသောသူများနှင့်ဆက်သွယ်မှုပျက်သွား လောက်သည်အထိ "ဝိညာဉ်ထဲ၌နစ်မြုပ် ပျောက်ဆုံးနေသောသူ"မဖြစ်ရပေ။ ဦးဆောင်သောသူသည် ထိုကဲ့သို့ ဝိညာဉ်ထဲ၌ နစ်မြုပ်ရမည့် အချိန်မှာ မိမိ၏ ကိုယ်ပိုင်ကိုးကွယ်သောအချိန် သို့မဟုတ် အခြားသူတစ်ယောက်ယောက်ဦး ဆောင်နေသော အချိန်ဖြစ်သည်။

လူများအားအကြည့်ခြင်းဆက်သွယ်၍ဦးဆောင်လျက်ခွန်အားပေးပါ။ ကိုးကွယ် ခြင်းကိုဦးဆောင်သူတစ်ယောက်၏ဆုကျေးဇူးတစ်ခုမှာကိုးကွယ်ဝတ်ပြုသူများကို လော့လာဂရုပြုနေသည့် တချိန်တည်းမှာပင် စစ်မှန်သောကိုးကွယ်ခြင်းထဲသို့ ဝင်ရောက်ခြင်းဖြစ်သည်။

## တရားမဟောပါနှင့်

ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအချိန်သည် ရပ်တန့်၍"တရားဟောရန်" အချိန် မဟုတ်ပါ။ အနည်းငယ်သော တိုက်တွန်းလှုံ့ဆော်ခြင်းများသည် လူများအား ချီးမွမ်းခြင်း၏ မြင့်မားသောအဆင့်သို့ဆွဲခေါ်ရန်အထောက်အကူဖြစ်ပေသည်။

ကိုးကွယ်ဝတ်ပြုခြင်း၏ စီးဆင်းမှုကို မဖျက်ဆီးပါနှင့်၊ တနည်းအားဖြင့်တန်ဖိုးရှိ သောအချိန်ကိုချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်းထဲ၌စီးဆင်းနေသောသန့်ရှင်းသောဝိညာဉ်တော်၏ အရှိန်ကို အထောက်အကူ မဖြစ်သည့်စကားများပြော၍အလွဲ မသုံးပါနှင့်။

## အမှားများကိုဖြေရှင်းခြင်း

ကျွန်ုပ်တို့အားလုံးသည် "သင်ယူနေသူများ" ဖြစ်၍အမှားပြုမိခြင်းသည်လည်း သင်ယူသည့်အရာများထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကို သတိရပါ။ သင့်ကိုယ်သင် ပြစ်တင်စွပ်စွဲခြင်းအောက်တွင် မရှိပါစေနှင့်။ သင်သည် ဘုရား သခင်၏ လမ်းမှလွဲသွားလျှင် လူများအားရိုးသားစွာဝန်ခံ၍ ဘုရားသခင် ဦးဆောင်နေသော လမ်းညွှန်မှုထဲ၌ဆက်၍သွားပါ။

တခါတရံ ဝတ်ပြုခြင်းပြီးသွားချိန်၌ ဘုရားသခင်နှင့် တစ်ဦးချင်းအချိန်ယူ၍ ထိုအရာကို ပြောပြပါ။ ကိုယ်တော်အား သင်မည်သည့်နေရာတွင် ကျဆုံးသည် ဟုခံစားရကြောင်းပြောပြပါ။ နောက်တကြိမ်ထိုကဲ့သို့ အခြေအနေမျိုးထပ်၍ ကြုံလာခဲ့လျှင် ကျွမ်းကျင်စွာကိုင်တွယ်ဖြေရှင်းနိုင်သော ဉာဏ်ပညာကို တောင်းခံပါ။

အရေးအကြီးဆုံးမှာ သခင်ဘုရားအား သင့်ကိုစကားပြော၍ သင်မှန်ကန်စွာ လုပ်ဆောင်ခဲ့သောအရာများအားဖြင့် ခွန်အားပေးရန် အခွင့်ပေးပါ။ သင့်အား ဝိညာဉ်တော်၏ နည်းလမ်းများထဲ၌ သခင်ဘုရားသည် မေတ္တာနှင့်ညွှန်ပြပါစေ။ ရန်သူထံမှ ပြစ်တင်စွပ်စွဲခြင်းအားလုံးကို ငြင်းပယ်သည့် တချိန်ထဲမှာပင် ကိုယ်တော်၏ လမ်းညွှန်မှုကိုလက်ခံပါ။

**ရော ၈း၁ ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ တည်၍ ဇာတိပကတိအတိုင်း မကျင့် ၊ဝိညာဉ်ပကတိအတိုင်းကျင့်သောသူ တို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။**

လိုအပ်လျှင်သင်းအုပ်ဆရာသို့မဟုတ်အမှုဆောင်လူကြီးများ၏နှစ်သိမ့်အ ကြံပေးမှုကို ရှာဖွေ၍တောင်းခံပါ။

## ကိုးကွယ်ဝတ်ပြုခြင်းအစီအစဉ်

### လူများအားလှုံ့ဆော်ပါ

လူများကိုဘုရားသခင်အား ချီးမွမ်းသီဆိုရန် တိုက်တွန်းလှုံ့ဆော်သင့်ပေသည်။

သူတို့သည် ထုံးစံကြောင့် သို့မဟုတ် မိမိစိတ်ရွှင်လန်းမှုသက်သက် အတွက် သီဆိုခြင်းမပြုသင့်ပေ။ ထိုသူတို့သည် သခင်ဘုရားကိုသာ ချီးမွမ်းသီဆိုလျက် စစ်မှန်သောကိုးကွယ်ခြင်းအားဖြင့် ကိုယ်တော်၏မျက်မှောက်တော်ထဲသို့ လုံးဝ

ဝင်ရောက်သွားရမည်ဖြစ်သည်။

### ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်အစပြုပါ

ကျွန်ုပ်တို့သည် ဘုရားသခင်၏ဂုဏ်တော်ကို အပြည့်အဝ မချီးမွမ်းနိုင်မှီ ဂုဏ်တော်ချီးမွမ်းရာနေရာသို့ ဦးစွာဝင်ရောက်ရမည်ဖြစ်သည်။

**ဆာ ၁၀၀း၄ ကျေးဇူးတော်ကြီးပါသည်ဟု ဝန်ခံလျက် တံခါးတော်တို့ကို ၄င်း၊ ဂုဏ်တော်ကို ချီးမွမ်းလျက် တန်တိုင်းတော်တို့ကို၄င်း ဝင်ကြလော့။ ကျေးဇူးတော်ကိုချီးမွမ်း၍နာမတော်ကို ကောင်းကြီးပေးကြလော့။**

### ဂုဏ်တော်ချီးမွမ်းခြင်းထဲသို့ဆက်၍တိုးဝင်ပါ

ချီးမွမ်းကိုးကွယ်ရာအချိန်အတွင်း၌ အချိန်အများစုသည် တံတိုင်းများအတွင်း ထဲတွင်သာအသုံးပြု ကုန်ဆုံးလေ့ရှိသည်။ ထိုနေရာသည်ပင် အယောက်စီတိုင်း မိမိတို့၏ ကိုယ်ခန္ဓာနှင့် အသံအားဖြင့်ဘုရားသခင်အား ကိုယ်တော်၏ အံ့သြ ဖွယ်ရာကောင်းကြီးမင်္ဂလာများအားလုံးအတွက် စစ်မှန်သော ချီးမွမ်းခြင်းကို ပြုရမည့်နေရာဖြစ်သည်။

### ကိုးကွယ်ခြင်းထဲသို့ဆက်၍စီးဝင်ပါ

သန့်ရှင်းသောဝိညာဉ်တော်၏ အချိန်ကို အကင်းပါးစွာ ဘုရားသခင်၏ ဘုရားဖြစ်တော်မူခြင်းအတွက် စစ်မှန်သော နက်နဲသည့် အကျွမ်းဝင်ရာ ကိုးကွယ်ခြင်းထဲသို့လူများအား ဆွဲခေါ်ပါ။

### ဘိသိတ်ခြင်းနှင့်အတူသွားပါ

သင်သည်ပြင်ဆင်မှုအတွက် အချိန်များစွာယူခဲ့ပြီးသော်လည်းသင့်၏အစီအစဉ် များကိုလိုအပ်လျှင်ပြင်းပယ်ရန်ဆန္ဒထားရှိပါ။သင်သည်သီချင်းတချို့အတွက်

အချိန်ပို၍ကြာရှည်စွာယူနေစဉ် အချို့သော သီချင်းများ ကိုချန်ထားကောင်း

ချန်ထားခဲ့ရပေလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်၏ အားကြီးသောဘိသိတ်စ၍စီးဆင်းလာသော အခါတွင် သီချင်းနောက်တပုဒ်သို့ အလျင်စလို အပြောင်းပါနှင့်။ ထိုနေရာ ၌ပင်ဘိသိတ်သာ၍အားကြီးလာသည်နှင့် အမျှ အချိန်ယူပါ။ ဝိညာဉ်တော် သည် လူစုအားလုံးကို သာ၍မြင့်သောချီးမွမ်းခြင်းထဲသို့ ခေါ်သွင်းခြင်း သို့မဟုတ် ကိုးကွယ်ခြင်းထဲ၌ကိုယ်တော်၏မျက်မှောက်တော်သို့ သာ၍နီးစပ် သည်အထိဆွဲခေါ်သော လုပ်ဆောင်မှုမပြည့်စုံမခြင်း ထိုသီချင်းကို ထပ်၍ ထပ်၍သီဆိုပါ။

## အသံဆုကျေးဇူးများ

ကိုးကွယ်နေသောသူများအကြား၌ သန့်ရှင်းသောဝိညာဉ်တော်၏ အသံဆု ကျေးဇူးများဖြင့် လွတ်လပ်စွာအလိုအလျောက်စီးဆင်းလှုပ်ရှားနိုင်ရန် အားပေး လှုံ့ဆော်ပါ။ တခါတရံ အချို့သောနေရာများ၌ ခေတ္တရပ်နားလျက် ဘုရား သခင်သည်မိမိလူများအား အခြားသောဘာသာစကားပြောခြင်းနှင့် အနက် ပြန်ခြင်း သို့မဟုတ် ပရောဖက်ပြုခြင်းများအားဖြင့် စကားပြောရန် အခွင့် ပေး ရသော အချိန်ရှိပေလိမ့်မည်။

**၁ကော ၁၂း၇-၁၀ ကောင်းသောအကျိုးအလို့ငှါသာ ဝိညာဉ်တော်ကို လူအသီးအသီး တို့အား ထင်ရှားစွာပေးတော်မူလျက်ရှိ၏။အဘယ်သို့ နည်းဟူမူကား ဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ပညာ တရားကိုပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက် သောသူ အားထိုးထွင်းခြင်းတရားကိုပေးတော်မူ၏။ ထိုဝိညာဉ်တော်အား ဖြင့် တစ် ယောက် သောသူအားယုံကြည်ခြင်းကိုပေးတော်မူ၏။ထိုဝိညာဉ်တော်အား ဖြင့်တစ်ယောက်သောသူအား အနာရောဂါကို ငြိမ်း စေနိုင်သောအခွင့်ကို ပေးတော်မူ၏။ တစ်ယော က်သောသူအား တန်ခိုးကိုပြနိုင်သောအခွင့်ကို**

**ငှင်း၊တစ်ယောက်သောသူအားပရောဖက်ပြုနိုင်သောအခွင့်ကိုငှင်း၊တစ် ယောက်သောသူအားစိတ်ဝိညာဉ်တို့ကိုပိုင်းခြား၍သိနိုင်သောအခွင့်ကို ငှင်း၊တစ်ယောက်သောသူအားအမျိုးမျိုးသောဘာသာစကားကိုပြောနိုင် သောအခွင့်ကိုငှင်း၊ တစ်ယောက်သောသူအား ထိုဘာသာစကား၏ အနက်ကို ဖော်ပြနိုင်သောအခွင့်ကိုငှင်း ပေးတော်မူ၏။**

တစုံတယောက်၌ တိုက်တွန်းလှုံ့ဆော်သောစကားတစ်ခွန်း၊ ကျမ်းပိုဒ်တစ်ခု သို့မဟုတ် ဝိညာဉ်သီချင်းတစ်ပုဒ်ရှိနေနိုင်ပေသည်။

**ဆာ ၄၀း၃ ထိုသို့ငါတို့ ဘုရားသခင်ကိုချီးမွမ်းရာ သီချင်းကိုငါမြွက်ဆို စေခြင်းငှါ အခွင့်ပေးတော်မူ၏။ လူများတို့သည်သိမြင်၍ကြောက်ရွံ့သော စိတ်နှင့် ထာဝရဘုရားကို ကိုးစားကြလိမ့်မည်။**

ကိုးကွယ်ခြင်းဦးဆောင်သူသည် ကိုးကွယ်ဝတ်ပြုခြင်းအပေါ်၌ ဝိညာဉ် ရေးရာ အခွင့်အာဏာကို အချိန်ပြည့် ရှိနေစေရမည်။ ကြီးမားသော လူစုလူဝေးများ၌ ထိုအရာသည် တစုံတယောက်မှ သတင်းစကားကို မပြောမီ အသိအမှတ်ပြုရန် အတွက် မိမိလက်ကို မြှောက်၍သော်လည်း ကောင်း သို့မဟုတ်အသင်းလူကြီး တယောက်ထံလာ၍သော်လည်းကောင်းအခွင့်တောင်းခံရန်ဖြစ်စေပေလိမ့်မည်။

သတင်းစကားသည်လည်း လူများအားလုံးကြားနိုင်စေရန် လုံလောက်သော အသံ သို့မဟုတ် အသံချဲ့စက်ကိုအသုံးပြု၍ ပြောစေရမည်။

## နည်းလမ်းကျခြင်း

အမှုအရာအားလုံးသည်သေချာသောသွန်သင်မှုဖြင့်နည်းလမ်းတကျလုပ်ဆောင် ပြီးစီးသင့်ပေသည်။ နှုတ်ကပတ်တော်နှင့် ပတ်သတ်သောဖွင့်ပြချက်တိုင်းသည် နည်းလမ်းမှန်စွာတော်လျော်သောအကြောင်းရှိလျှက်လုပ်ဆောင်မှုတိုင်းသည်လည်း စုရုံးလာသူအားလုံးအတွက် နည်းလမ်းတကျ ဖြစ်စေသင့်ပေသည်။

**၁ကော ၁၄း၂၆ ညီအစ်ကိုတို့ အဘယ်သို့နည်း။ သင်တို့စည်းဝေးကြသော အခါ ဆာလံသီချင်းကို ရသောသူ၊ဆုံးမဩဝါဒစကားကို ရသောသူအခြား သောဘာသာစကားကိုရသောသူ၊ဗျာဒိတ်တော်ကိုရသောသူ၊အနက်ဖော်ပြ ရာကိုရသောသူ၊အသီးအသီးရှိကြသည်ဖြစ်၍ခပ်သိမ်းသောအမှုတို့ကို တည်ဆောက်ခြင်းအလိုငှါ စီရင်ကြလော့။**

## ရှုပ်ထွေးမှုကို ရှောင်ကြဉ်ပါ

ဘုရားသခင်သည် ရှုပ်ထွေးမှုကိုဖြစ်စေသူမဟုတ်ပါ။

**၁ကော ၁၄း၃၃ ဘုရားသခင်သည်ရုန်းရင်းခတ်သောအမှုကိုပြုစုတော် မမူ။ သန့်ရှင်းသူတို့၏ အသင်းတော်အပေါင်းတို့၌ ဖြစ်သကဲ့သို့ အသင့်အတင့်ငြိမ်ဝပ်ခြင်းကိုပြုစုတော်မူ၏။**

ကိုးကွယ်ဝတ်ပြုခြင်းသည် စတင်၍ရှုပ်ထွေးမှုဖြစ်လာလျှင် တာဝန်ယူ၍ ရှုပ်ထွေးမှုထဲမှ ပြန်၍ရှင်းလင်းစေရန် ဦးဆောင်ပါ။ လိုအပ်လျှင် ခေတ္တရပ်၍ ဖြစ်ပျက်နေသည့် အခြေအနေကို မြင်သာရန်ရှင်းပြပါ။ ထိုအချိန်များကို ဝိညာဉ်တော်ထဲ၌မှန်ကန်သော နည်းလမ်းနှင့်ရွေ့လျားတတ်ရန် သွန်သင်ခြင်း အတွက်အသုံးပြုပါ။

## နှောက်ယှက်မှုနှင့် ကြားဖြတ်မှုများကို ရှောင်ကြဉ်ပါ

ထိုအချိန်တွင်သန့်ရှင်းသောဝိညာဉ်တော်၏လှုပ်ရှားစီးဆင်းမှုကို နှောက်ယှက်မှု ရှိခဲ့လျှင် ဦးဆောင်သူသည် ပိုင်းခြားနားလည်ရန်နှင့် ထိုစီးဆင်းမှုကို ပို၍ မပြတ်စေဘဲ အခြေအနေကိုထိန်းသိမ်းနိုင်ရန် လုံလောက်သော ရင့်ကျက်မှု ရှိရမည်။

ဆုတောင်းလျက် “ ဝိညာဉ်များအတွင်း၌ပြေငြိမ်းခြင်း” ဝိညာဉ်ဆုကျေးဇူးကို အသုံးပြုပါ။ ဘုရားသခင်၏အချိန်ကို အကင်းပါးခြင်းရှိရန် နားလည်ပါ။ ထိုနှောက်ယှက်မှုသည်ပင်လျှင် ဘုရားသခင်၏ အချိန်ကိုက်မစသော လှုပသည့် သန့်ရှင်းသောဝိညာဉ်တော်၏ အသံဆုကျေးဇူးတစ်ခု သို့မဟုတ် ဝိညာဉ်သီချင်းတစ်ပုဒ်ဖြစ်နေနိုင်ပေသည်။

ကိုးကွယ်ခြင်းကို ဦးဆောင်သူသည် ယုံကြည်ခြင်း၊ ရဲရင့်ခြင်း၊ ထူးခြားသော အရည်အချင်းရှိခြင်း၊ ပညာရှိခြင်း၊ ကျေးဇူးတော် နှင့် ကျွမ်းကျင်စွာ၊ ညင်သာ စွာနှင့် မေတ္တာဖြင့် သန့်ရှင်းသော ဝိညာဉ်တော်စီးဆင်းခြင်း၏ဘိသိတ်ခြင်း ထဲသို့ ကိုးကွယ်ဝတ်ပြုခြင်းအား ပြန်လည်ဦးဆောင်သွားရမည်။

## ဝိညာဉ်တော်၏ တလုံးတဝဖြစ်ခြင်း

ကျွမ်းကျင်လိမ္မာသော ကိုးကွယ်ခြင်းဦးဆောင်သူသည် မိမိနှင့် ကိုးကွယ်ဝတ်ပြု သူများ သို့မဟုတ် တစ်ယောက်ခြင်းစီတိုင်း၊ အသင်းတော် နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့ကြားတွင် တလုံးတဝတည်းဖြစ်ခြင်းကို ပြုစုတတ်သူဖြစ်သည်။ ဝိညာဉ်တော်၏ တလုံးတဝတည်းဖြစ်ခြင်းသာ၍သာ၍အားကြီးလာသောအခါ တွင် စစ်မှန်သောကိုးကွယ်ခြင်းသည် သာ၍သာ၍ကြီးမားသော အတိုင်း အတာနှင့်ဘုရားသခင်ထံသို့စတင်စီးဆင်းသွားပေလိမ့်မည်။

## အချိန်

ကိုးကွယ်ခြင်းဦးဆောင်သူသည်သင်းအုပ်ဆရာနှင့်အသင်းလူကြီးများသတ်မှတ် ပေးထားသော အချိန်အတွင်းတွင် လုပ်ဆောင်ရန်သတိမပြတ်ရှိရမည်။အကယ်၍ဝိညာဉ်တော်လှုပ်ရှားမှုသည်ချီးမွမ်းကိုးကွယ်ခြင်းအချိန်အားဆက်လက်ပြု လုပ်ရန်ဦးဆောင်ခဲ့ပါလျှင်၊ဆက်လက်မပြုလုပ်မီ သင်၏ဝိညာဉ်နှင့် အခွင့်အာဏာအားဆက်လက်၍ အခွင့်ပေးရန် အစည်းအဝေး၏ ဝိညာဉ်ရေးရာခေါင်း ဆောင်သူများဖြစ်သော သင်းအုပ်ဆရာ သို့မဟုတ် အသင်းလူကြီး တစ်ဦးဦး ထံမှ အချက်ပြခြင်းဖြင့် အတည်ပြုမှု ရယူပါ။

## နိဂုံးချုပ်ခြင်း

ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်း အစီအစဉ်၏ အဆုံးတွင် ဘုရားသခင်၏ မျက်မှောက်တော်ထဲ၌ ကိုးကွယ်သောသူတယောက်စီတိုင်းကို ညင်သာစွာ ချန်ထားခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလေ့အလာကို အကင်းပါးနားလည်ပါ။

ကိုးကွယ်ဝတ်ပြုသူများအား ကျွမ်းကျင်လိမ္မာစွာ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် တံခါးတို့ကိုဖြတ်စေ၍ ကြီးမားသော တံတိုင်း တော်အတွင်းချီးမွမ်းခြင်း၏ အတွေ့အကြုံမှ အံ့ဩဖွယ်ရာနှင့် အရင်းနှီးဆုံး ဘုရားသခင်၏ မျက်မှောက်တော်ထဲသို့ စစ်မှန်သော နှလုံးသားမှ ကိုးကွယ် ခြင်းဖြင့် ညင်သာစွာခေါ်ဆောင်လျှက် ကိုယ်တော်၏ ရင်ခွင်တော်ထဲသို့ ၎င်းတို့ကို သင်သည်အရောက်ဦးဆောင်နိုင်ပေလိမ့်မည်။

ထိုထူးခြားသောအချိန်အတွင်း၌ယုံကြည်သူအယောက်စီတိုင်း၏ အသက် တာနှင့် ဝိညာဉ်များတွင်ဖြစ်နေသောအရာများအား မနှောက်ယှက်မိစေရန် ဂရုစိုက်လျက်၊ ကိုးကွယ်ခြင်း၏ အဆုံးသို့ရောက်လာသည်နှင့်အမျှတစ်ယောက် စီတိုင်းသည် ကိုယ်တော့်မျက်မှောက်တော်၏ ဘုန်းတော်ထဲတွင် တိတ်ဆိတ်စွာ အချိန်ယူပါစေ။

သင့်အခန်းကဏ္ဍပြီးဆုံးသွားသည့် အခါတွင် သင်သည်ကျွမ်းကျင်လိမ္မာစွာ ယုံကြည်သူတို့အား ဘုရားသခင်ကိုယ်တော်တိုင်ကျေနပ်သော ချီးမွမ်းကိုးကွယ် ခြင်းအစစ်အမှန်၏ ပြောပြ၍မရနိုင်သည့် အတွေ့အကြုံအတွင်းသို့ ဦးဆောင် သွားလျက် လူတို့၏ အသက်တာများသည် ထိုကိုးကွယ်ဝတ်ပြုခြင်းထဲ၌ ပြောင်းလဲခြင်းခံခဲ့ရကြောင်းသင်သိရပေလိမ့်မည်။

## ပြန်လှန်လေ့ကျင့်ရန်မေးခွန်းများ

၁. ချီးမွမ်းကိုးကွယ်ခြင်းမစတင်မီ ကျွမ်းကျင်သော ကိုးကွယ်ခြင်းဦးဆောင်သူပြုလုပ်သင့်သည့် ပြင်ဆင်မှုအချို့ကို ဖော်ပြပါ။

၂. ကိုးကွယ်ခြင်းဦးဆောင်သူတစ်ယောက်သည် ချီးမွမ်းကိုးကွယ်ခြင်း၏ ကြီးမားသောအမြင်များထဲ၌ လူများအား မည်သို့ပိုမိုထိရောက်စွာ ဦးဆောင်သွားနိုင်ကြောင်းဥပမာတစ်ခု ဖော်ပြပါ။

၃. ချီးမွမ်းကိုးကွယ်နေစဉ်အတွင်း “ ဘိသိတ်ခြင်းနှင့်အတူသွားခြင်း” ၏ဆိုလိုရင်းကိုရှင်းပြပါ။